LAW
Myanmar Legal Aid Network

EMR

# ကြောက်ရွံ့မှုနှင့် မျှော်လင့်ချက်တို့ ကြားကာလ

## မြန်မာနိုင်ငံတွင် တရားဥပဒေစိုးမိုးရေးနှင့် တရားမျှတမှုကို လက်လှမ်းမီစေရေးအတွက် စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများ

၂၀၁၄ ခုနှစ် စက်တင်ဘာလ

# ကြောက်ရွံ့မှုနှင့် မျှော်လင့်ချက်တို့ ကြားကာလ -

# မြန်မာနိုင်ငံတွင်

## တရားဥပဒေစိုးမိုးရေးနှင့် တရားမျှတမှုကို လက်လှမ်းမီစေရေးအတွက်

## စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများ

၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ

# အကျဉ်းချုပ်

ဒေသခံများ၏အမြင်ကိုအခြေခံသော မြေပုံရေးဆွဲလေ့လာခြင်းသုတေသနလုပ်ငန်းတစ်ခုကို ရန်ကုန်တိုင်းဒေသကြီး နှင့် မွန်ပြည်နယ်တို့တွင် ၂၀၁၄ ခုနှစ်၊ မတ်လမှ ဧပြီလအတွင်း ဆောင်ရွက်ခဲ့ပါသည်။ ယင်းလုပ်ငန်း၏ ရည်ရွယ်ချက်မှာ ထိုတိုင်းဒေသကြီး/ပြည်နယ် နှစ်ခုတို့တွင် တရားဥပဒေစိုးမိုးရေးနှင့် တရားမျှတမှုကို လက်လှမ်းမီစေရေးတို့အား ပိုမိုခိုင်မာစေရန်အတွက် အခွင့်အလမ်းများနှင့် စိန်ခေါ်မှုများကို သတ်မှတ်ဖော်ထုတ်ရန် ဖြစ်ပါသည်။ ဤလုပ်ငန်းသည် သဘာဝအားဖြင့် အရည်အသွေးပြသုတေသန(Qulatative Research) လုပ်ငန်းဖြစ်ပြီး၊ ရည်ရွယ်ချက်ရှိရှိ ရွေးချယ်ထား သော တုန့်ပြန်ဖြေကြားသူများအပေါ်တွင် မူတည်ထားပါသည်။ သို့ဖြစ်၍ သုတေသနတွေ့ရှိချက်များမှာ စာရင်းအင်းပညာရပ်အရ ကိုယ်စားပြုနိုင်စွမ်းနည်းပါးသော်လည်း၊ တရားစီရင်ရေး၊ နိုင်ငံအဆင့်ပြုပြင် ပြောင်းလဲရေး လုပ်ငန်းများနှင့်ပတ်သက်၍ ဒေသခံ ပါဝင်ဆောင်ရွက်သူများ၏ အသိအမြင်များ၊ အတွေ့အကြုံများစွာတို့ကို ကျယ်ပြန့်စွာ ထင်ဟပ်ပေါ်လွင်စေပါသည်။ ဤအစီရင်ခံစာတွင် ပါဝင်သော တွေ့ရှိချက်များသည် တရားဥပဒေစိုးမိုးရေးနှင့် တရားမျှတမှုကို လက်လှမ်းမီရေးတို့ ပိုမိုခိုင်မာစေရေး အတွက် မြန်မာနိုင်ငံ၏သိမ်မွေ့သော အပြောင်းအလဲကာလတွင် တစ်စိတ်တစ်ပိုင်းအနေဖြင့် ပါဝင်လမ်းညွှန် ပေးနိုင်မည်ဟုမျှော်လင့်ပါသည်။

ယနေ့အချိန်အထိ မြန်မာနိုင်ငံသည် နိုင်ငံတော်သမ္မတဦးသိန်းစိန်ဦးဆောင်သော နိုင်ငံပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်၏ အစောပိုင်းအဆင့်များတွင်သာ ရှိနေပါသေးသည်။ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများတွင် ပါတီစုံနိုင်ငံရေးကို စတင်ဆောင်ရွက်ခြင်း၊ ဘဏ္ဍာရေး၊ အုပ်ချုပ်ရေးနှင့် နိုင်ငံရေးတို့တွင် ဗဟိုချုပ်ကိုင်မှုလျှော့ချခြင်း၊ စီးပွါးရေးကို လွတ်လပ်စွာဆောင်ရွက်ခွင့်ပြုခြင်း၊ ပြည်သူ့ရေးရာ အုပ်ချုပ်မှု ယန္တယား(Governance) နှင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေး အစပျိုးလုပ်ငန်းများဆောင်ရွက်ခြင်းတို့အပြင် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ပါဝင်ပါသည်။ ဤပြုပြင်ပြောင်းလဲရေးလုပ်ငန်းများသည် `အချက် (၇)ချက်ပါသော လမ်းပြမြေပုံ၏ နောက်ဆုံးအဆင့်´ဖြစ်သည့် စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်သို့ပြောင်းလဲရေးကို မျှော်မှန်းထားခြင်းဖြစ်ပါသည်။ [i] ဒီမိုကရက်တစ်အုပ်ချုပ်မှုစနစ်ရှုထောင့်မှကြည့်ပါက ထိုပြုပြင်ပြောင်းလဲရေးအစပျိုးလုပ်ငန်းများသည် လွန်ခဲ့သော သုံးနှစ်ခွဲကာလအတွင်း သိသာထင်ရှားသော စည်းမျဉ်းစည်းကမ်းဆိုင်ရာပြုပြင် ပြောင်းလဲမှုများကို ဖြစ်ပေါ်စေခဲ့ပါသည်။ ထိုပြောင်းလဲမှုများတွင် နိုင်ငံရေးအကျဉ်းသားများအားလွှတ်ပေးခြင်း၊ ၂၀၁၂ ခုနှစ်၊ဧပြီလတွင် ကြားဖြတ်ရွေးကောက်ပွဲပြုလုပ်ပေးခြင်း၊ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးအတွက် ဆွေးနွေးပွဲများစတင်ခြင်း၊ နိုင်ငံတော်မှ ချုပ်ကိုင်ထားသည့် ဆင်ဆာဘုတ်အဖွဲ့ကို တရားဝင်ဖျက်သိမ်းခြင်း၊ ရပ်ကွက်နှင့်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများအတွက် ဒေသန္တရအဆင့်ရွေးကောက်ပွဲများပြုလုပ်ပေးခြင်း၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေး ဥပဒေပြဌာန်းခြင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်တစ်ရပ်ဖွဲ့စည်းခြင်းစသည်တို့ ပါဝင်ပါသည်။ သို့ရာတွင် ထိုကဲ့သို့ အပြုသဘောဆောင်သည့် ပြောင်းလဲမှုများနှင့်အပြိုင်ပင်၊ အဆင်မပြေမှုများလည်း ပိုမိုများပြားလာကြောင်းတွေ့ရှိရပါသည်။ လူမှုအစုအဖွဲ့များအချင်းချင်း တင်းမာမှုများကြောင့် ပိုင်ဆိုင်မှုများ ဖျက်ဆီးခံရခြင်း၊ အစုအဖွဲ့များရွှေ့ ပြောင်းခံရခြင်းနှင့်အသက်ဆုံးရှုံးခြင်းများ ဖြစ်ပေါ်ခဲ့ပါသည်။[ii]အရပ်ဖက်လူမှုရေး လှုပ်ရှားဆောင်ရွက်သူများသည် ပြုပြင်ပြောင်းလဲမှု အမျိုးမျိုးအတွက် စုစည်းဆောင်ရွက်ရန် ကြိုးစားရာတွင် ခြိမ်းခြောက်ခံရခြင်း၊ အရှက်ခွဲခံရခြင်းတို့ကို ရင်ဆိုင်နေရ ပြီး၊[iii] ဂျာနယ်လစ်များသည်လည်း သတင်းများ၊ ထင်မြင်ချက်များကို ရေးသားခြင်းအတွက် ခြိမ်းခြောက်ခံရခြင်း၊ အဖမ်းခံရခြင်းနှင့် တရားစွဲခံရခြင်းတို့ကို ကြုံတွေ့နေရပါသည်။[iv] ထိုကဲ့သို့ ပုဂ္ဂိုလ်ရေးလုံခြုံမှု၊ လွတ်လပ်စွာ စုဝေးခြင်းနှင့် ဆန္ဒပြခြင်းတို့ကို ခြိမ်းခြောက်မှုများ ရှိနေကြောင်း အစီရင်ခံမှုများ ဆက်လက်ရှိနေဆဲဖြစ်ပါသည်။

မြန်မာနိုင်ငံ၏ လူ့အဖွဲ့အစည်းကို အာဏာရှင်စနစ်၊ အမိန့်ပေးစနစ်နှင့် ထိန်းချုပ်မှုအောက်ရှိ လူနေမှုဘဝမှသည် ပိုမိုလွတ်လပ်ပြီး၊ ပွင့်လင်းမြင်သာ၍ နိုင်ငံသားများပူးပေါင်းပါဝင်မှုရှိသည့် လူနေမှုဘဝသို့ ချိန်ညှိပြောင်းလဲနေသည့်

အတွက် အထက်တွင် မီးမောင်းထိုးပြထားသော တင်းမာမှုများ၊ ဤအစီရင်ခံစာတွင် ဖော်ပြချက်များသည် နိုင်ငံတော်နှင့် လူမှုအသိုက်အဝန်းတို့အကြားဆက်သွယ်မှုများတွင် စည်းမျဉ်းစည်းကမ်း ဆိုင်ရာပြောင်းလဲမှုများကြောင့် အရွေ့ များ ဖြစ်ပေါ်တိုးတက်နေကြောင်း အတိုင်းအတာတစ်ခုအထိ ထင်ဟပ်နေပါသည်။

သာတူညီမျှခြင်း (Equality) ဆိုသည်မှာ ဖွဲ့စည်းတည်ဆောက်မှုနှင့်ယဉ်ကျေးမှုအရ ထိခိုက်လွယ်သော ပြောင်းလဲမှုများနှင့်ပတ်သက်သည့် ဆွေးနွေးပွဲများတွင် အမြဲတမ်းပါရှိနေသော ဥပဒေဆိုင်ရာနှင့်စာရိတ္တဆိုင်ရာ အဓိက စံနှုန်းတစ်ခုဖြစ်ပါသည်။ သာတူညီမျှခြင်းကို ၂၀၀၈ ခုနှစ်၊ အခြေခံဖွဲ့စည်းပုံဥပဒေတွင်ʼအလေးထားဖော်ပြထားပြီး၊ တရား ဥပဒေစိုးမိုးရေးအခြေအနေအတွက် မှတ်ကျောက်တစ်ခုလည်း ဖြစ်ပါသည်။ သာတူညီမျှမှု မရှိပါက ဒီမိုကရေစီဆိုသည်မှာ သာမန်လူများအတွက် ထူးခြားသော အဓိပ္ပါယ်ဖြစ်စေလိမ့်မည်မဟုတ်ပါ။ "သာတူညီမျှခြင်း"ဆိုသည် အခြားသော တန်ဖိုးများစွာရှိသည့်အနက်တိုင်းရင်းသားလူမျိုး စုံလင်စွာရှိသည့် မြန်မာနိုင်ငံ၏ အခြေအနေတွင်မူ အရေးပါသော "စံ" တစ်ခုအနေဖြင့်လည်းကောင်း "ဥပဒေ၏ ဘောင်အတွင်းအားလုံးသာတူညီမျှရှိစေရမည်"ဟူသော စည်းမျဉ်းအရလည်းကောင်း မြန်မာနိုင်ငံ၏ ပြုပြင် ပြောင်းလဲရေးကို အားလုံးအကျိုးရှိစေသော အပြောင်းအလဲတစ်ရပ်ဖြစ်စေရန် လမ်းညွှန်မှုပေးနေသော တန်ဖိုးတစ်ရပ်အဖြစ် တည်ရှိနေသည်။ နိုင်ငံအဆင့်တွင် မိတ်ဆက်ဆောင်ရွက်နေသည့် နက်ရှိုင်းသော ပြောင်းလဲမှုများအရ၊ မြေပုံရေးဆွဲခြင်း သုတေသနလုပ်ငန်းသည် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်၏ အဓိက ရှုထောင့်များဖြစ်သည့် တရားမျှတခြင်းနှင့် ညီမျှခြင်း၏ တန်ဖိုးများကို ဒေသခံပြည်သူများက မည်သို့ ရှုမြင်ကြောင်းကို အခြေပြုဆောင်ရွက်ထားပါသည်။ ဤသုတေသနကို ယေဘုယျအားဖြင့်မေးခွန်း (၃) ခုဖြင့် တည်ဆောက်ထားပါသည်။ ယင်းတို့မှာ `ဒေသတွင်း တရားမျှတမှုဆိုင်ရာ အဓိကအကျဆုံး ပြဿနာများမှာ အဘယ်နည်း၊`ထိုပြဿနာများကို မည်သို့ ဖြေရှင်းပါသနည်း နှင့်´၊ `တရားမျှတမှုကိုရရှိစေရန် မည်သည့် အတားအဆီးများ ရှိပါသနည်း´ တို့ဖြစ်ပါသည်။

ကွင်းဆင်းလေ့လာမှုအတွင်း ရရှိသေ ဒေသခံများ၏ ဖြေဆိုမှုများကို လေ့လာရာတွင် အဓိကနောက်ခံအခြေအနေ (၅) ရပ်ကို တွေ့ရှိရသည်။ ယင်းတို့မှာ ယခင်စစ်အစိုးရပုံစံ ဆက်လက်တည်ရှိနေခြင်း၊ လက်နက်ကိုင်ပဋိပက္ခများ၏ နောက်ဆက်တွဲအမွေများ၊ ပြန့်နှံ့နေသော အဂတိ လိုက်စားမှု၊ ထိခိုက်လွယ်သော လူနည်းစုအုပ်စုများအပေါ် ဆက်ဆံပုံနှင့် သဘောထားများ၊ ပုဂ္ဂလိကရေး၊ အဆက်အသွယ်နှင့် ကွန်ယက်များ၏ လွှမ်းမိုးမှုတို့ ဖြစ်ပါသည်။ (အခန်း -၂ တွင် အသေးစိတ်ဖော်ပြထားပါသည်။)။ ထိုနောက်ခံအကြောင်းအရာ (၅)ရပ်သည် တရား မျှတမှု ဆိုင်ရာ ပြဿနာများ ပေါ်ပေါက်စေသောနောက်ခံအခြေအနေများဖြစ်သည့်အပြင် တရားမျှတမှုရရှိရန် ကြိုးစားသော တစ်ဦးချင်းနှင့်အစုအဖွဲ့များ၏ ၄င်းတို့ရင်ဆိုင်နေရသော ပြဿနာများကို ဖြေရှင်းရန် အကူအညီရှာဖွေသော နည်းလမ်းများကို လွှမ်းမိုးနေပါသည်။ ၄င်းတို့၏ တရားမျှတမှုကိုရှာဖွေသော နည်းလမ်းများကိုဆန်းစစ်ကြည့်ပါက ကြောက်ရွံ့မှုနှင့် မယုံကြည်မှုဟူသည့် ခံစားချက်ကို ်တွေ့ရလေ့ရှိပါသည်။ ယင်းခံစားချက်တွင် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်ဆက်လက်ဖြစ်ပေါ်ကာ သိသာထင်ရှား၍ သာတူညီမျှရှိသော ပြောင်းလဲမှုများ ရရှိနိုင်မည်ဟူသော မျှော်လင့်ချက်လည်း အရောင်သမ်းလျှက်ရှိပါသည်။

မြန်မာနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ပတ်သက်၍ ဤအစီရင်ခံစာ၏ အခန်း (၃) တွင် သုတေသနအဖွဲ့ သွားရောက်လေ့လာခဲ့သည့် မြို့နယ် (၈) မြို့နယ်မှ ဒေသခံများက ထုတ်ဖေခဲ့သည့် တရားမျှတမှုဆိုင်ရာ ဦးစားပေး ပြဿနာ (၄) ရပ်ကို အသေးစိတ်ဖော်ပြထားပါသည်။ ယင်းတို့မှာ မြေယာနှင့်ပတ်သက်သည့် ပြဿနာများ (အိမ်ရာများ၊ မြေယာနှင့် ပိုင်ဆိုင်မှုဆိုင်ရာပြဿနာများ ကျယ်ပြန့်စွာပါဝင်ပါသည်)၊ ခွဲခြားဆက်ဆံခြင်းဆိုင်ရာ ပြဿနာများ၊ အမျိုးသမီးများနှင့် ကလေးများအား ဥပဒေဖြင့် ကာကွယ်ပေးခြင်းဆိုင်ရာ ပြဿနာများနှင့် အများပြည်သူ လုံခြုံရေးဆိုင်ရာ ပြဿနာများဖြစ်ကြပါသည်။ အားလုံးခြုံငုံကြည့်ပါက ထိုပြဿနာများအားလုံးတို့ သည် ဥပဒေ၏ ညီမျှသော အကာအကွယ်ပေးမှုကိုလည်းကောင်း၊ ဥပဒေအရ တရားမျှတ၍ သာတူညီမျှသော ဆက်ဆံခံရမှုကိုလည်းကောင်း လိုလားသော တစ်ဦးချင်းစီနှင့် အစုအဖွဲ့များ၏ ဆန္ဒများကို ထင်ဟပ်နေပါသည်။

ဤအစီရင်ခံစာ၏ အခန်း(၃)တွင် တင်ပြထားသော တွေ့ရှိချက်များသည် အချို့သော အစိုးရအရာရှိများ (ပြည်သူ့ဝန်ထမ်းများ)၏ အခန်းကဏ္ဍများကိုလည်း အလေးပေး၍ဖော်ပြထားသည်။ မြေယာနှင့် ခွဲခြား ဆက်ဆံခံရခြင်းနှင့်ပတ်သက်သည့် တရားမျှတမှုဆိုင်ရာ ပြဿနာများက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြေစာရင်းဦးစီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေး ဦးစီးဌာနတို့မှ အရာရှိများသည် တရားရုံးကဲ့သို့ ဆုံးဖြတ်ချက် ချမှတ်နိုင်သော အခန်းကဏ္ဍတွင်ရှိနေကြောင်း မီးမောင်းထိုးပြနေပါသည်။ ပြည်သူများကဘက်လိုက်မှုကင်းသော တရားစီရင်ရေးကို မည်သို့ပင်ဖြစ်စေ ရပိုင်ခွင့်ရှိသော်လည်းထိုသို့ အုပ်ချုပ်ရေးပိုင်း၏ တရားရေးဆိုင်ရာ ကိစ္စရပ်များအပေါ် စီရင်မှု အာဏာအားသုံးနေခြင်းကို လွတ်လပ်သောစီရင်သုံးသပ်မှု့များ ပြုလုပ်ခြင်းပင် မပြုလုပ်ကြပါ။ အများပြည်သူ လုံခြုံရေးနှင့် အမျိုးသမီးများနှင့် ကလေးများအား ကာကွယ်ပေးခြင်းဆိုင်ရာ ပြဿနာများနှင့်ပတ်သက်ပါက ရဲတပ်ဖွဲ့ကို ကြောက်ရွံ့ခြင်းနှင့် မယုံကြည်ခြင်းတို့အပြင်၊ ရဲတပ်ဖွဲ့၏ ဝန်ဆောင်မှုများကို အများဆုံးလိုအပ်နေသူများအား ကာကွယ် ပေးရာတွင် အားနည်းသော၊ ထိရောက်မှုမရှိသော၊ ဂရုမစိုက်သော၊ စွမ်းဆောင်ရည်မရှိသော အဖွဲ့အဖြစ် ပိုမို ရှုမြင်လာကြပါသည်။

နိုင်ငံတော်၏ အဖွဲ့အစည်းများသည် ဒီမိုကရေစီအရအားနည်းပြီး၊ ဥပဒေအရ တာဝန်ခံမှု နည်းပါးသည်ဟု ပြည်သူများက ထင်မြင်ယူဆကြောင်း ဤအစီရင်ခံစာ၏ အခန်း(၂)နှင့် (၃)တို့တွင် ဖော်ပြထားသည်။ ရလာဒ်အနေဖြင့် ထိခိုက်လွယ်သော လူနည်းစုအုပ်စုများသည် အားနည်း၍ တာဝန်ခံမှုမရှိသော အုပ်ချုပ်မှုစနစ်၏ အပိုဝန်ထုပ်ဝန်ပိုးများကို မညီမျှမှုနှင့် မမျှတမှုပုံစံများဖြင့် ထမ်းဆောင်နေရပါသည်။

ဤအစီရင်ခံစာ၏ အခန်း (၄)တွင် သုတေသနပြုလုပ်ခဲ့သော နေရာများ၌ "အာဏာ" ၏ ပြောင်းလဲနေသော ပုံစံများနှင့် ဒေသခံများ၏ တရားမျှတမှုတောင်းဆိုသော အပြုအမူပုံစံ (၄) ခုတို့ကို စူးစမ်းတင်ပြထားပါသည်။ ပြောင်းလဲလာသော အာဏာပုံစံ များကိုအသုံးချဆောင်ရွက်နေသော ဇာတ်ကောင်များအလိုက် (၄) မျိုးခွဲ၍ တွေ့ရသည်။ နိုင်ငံတော်အဖွဲ့အစည်းနှင့် ပြည်သူ့ရေးရာဝန်ထမ်းများ (အစိုးရဝန်ထမ်း)၊ အသစ်ပေါ်ထွက် လာသော ပါတီဝင်များ လွှတ်တော်ကိုယ်စားလှယ်များအပါအဝင် နိုင်ငံသားအရေး၊ လူမှုရေးနှင့် နိုင်ငံရေး လှုပ်ရှားဆောင်ရွက်နေသူများ ဘာသာရေးဆိုင်ရာအာဏာပိုင်များနှင့် ဒေသခံများ၏ ကိုယ်အားကိုယ်ကိုး ဖြေရှင်းမှုများ ဟူ၍ဖြစ်သည်။ ဤအခန်း (၄) တွင် နိုင်ငံအဆင့်ပြုပြင်ပြောင်းလဲရေး လုပ်ငန်းများ၏ အပြုသဘော ဆောင်သော ပြောင်းလဲမှုအချို့ကိုတင်ပြထားသည်။ အဆိုပါပြောင်းလဲမှုများတွင် ဒေသန္တရအဆင့် မရင့်ကျက်သေး သော ပြောင်းလဲလာသည့် နိုင်ငံရေးနှင့် အရပ်ဖက်အဖွဲ့အစည်းများ၏ အခန်းကဏ္ဍနှင့် တရားမျှတရေး ရှာဖွေမှုပုံစံအသစ်များကိုတွေ့ရသည်။ဤအစီရင်ခံစာ၏ နောက်ဆုံးအခန်းဖြစ်သည့် အခန်း(၅)တွင် မြေပုံ ရေးဆွဲခြင်းသုတေသနလုပ်ငန်း၏ တွေ့ရှိချက်များကို ခြုံငုံသုံးသပ်ဖော်ပြထားပြီး၊ အကြံပြုချက်များဖြင့် နိဂုံးချုပ်ထားပါသည်။ အကြံပြုချက်များတွင် အရ နိုင်ငံရေး ပါဝင်မှုအခင်းအကျင်းကို လူ့မလိုင်အတန်းအစား ထက်ကျော်လွန်၍ ထိခိုက် လွယ်သော အပယ်ခံအုပ်စုများ (၎င်းတို့တွင်လည်း ၎င်းတို့၏ ဘဝတိုးတက်ရေးအတွက် တူညီသော တောင်းဆိုမှုများ ရှိကြပါသည်) အထိ ကျယ်ကျယ်ပြန့်ရှိစေရေးကိုအဆိုပြုထားသည်။ ပြုပြင်ပြောင်း လဲရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များမှာပဋိပက္ခဖြစ်ပွါးလွယ်သော အထိအခိုက်မခံသည့် ကိစ္စရပ်များကို မည်သို့ နားလည်းကိုင်တွယ်ဖြေရှင်းနိုင်သည်ဆိုသည့် အချက်ပေါ်တွင် မူတည်နေသည်။ ဒေသန္တရအကြောင်း အချက်များကို အပြည့်အဝထည့်သွင်းစဉ်းစား၍ အမြဲမပြတ်စောင့်ကြည့်နေမှသာ သိသာထင်ရှားသော တိုးတက်မှုများကို ဆယ်စုနှစ်များစွာ သို့မဟုတ် မျိုးဆက် များစွာကြာမှ တွေ့နိုင်ဖွယ်ရှိပါသည်။

လိုအပ်သော ပြောင်းလဲမှုများအတွက် ဆောင်ရွက်ရမည့် ဒီဇိုင်းပုံစံ (Blueprint) မရှိသကဲ့သို့၊ ထိုကဲ့သို့သော ဒီဇိုင်းပုံစံများ ရရှိနိုင်သော မျှော်လင့်ချက်များလည်း မရှိပါ။ သို့ဖြစ်၍ အကြံပြုချက်များတွင် သတင်းအချက်အလက် အခြေခံသည့် မဟာဗျူဟာများကို အဆိုပြုထားပြီး၊[vi]ထိုမဟာဗျူဟာများကို အကောင်အထည်ဖော်ဆောင်ရွက်ရန် လိုအပ်မည့် စွမ်းဆောင်ရည်များကို မှတ်ချက်ပြုထားပါသည်။ အထူးသဖြင့် ကြားကာလစည်းမျဉ်းမူ ဘောင်ရေးဆွဲခြင်းကို အလေးထားဆောင်ရွက်ရန် အကြံပြုထားပြီး အဆိုပါစည်းမျဉ်းများအရ နိုင်ငံရေးအသွင်ကူး

ပြောင်းမှုအရှိန်ရလာသည်နှင့်အမျှ ထောက်ခံအားပေးသင့်သော ပြုပြင်ပြောင်းလဲမှုများထပ်မံပေါ်ထွန်း လာနိုင်မည်ဖြစ်သည်။

---

[i] ၂၀၁၁ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့တွင် နိုင်ငံတော်သမ္မတဦးသိန်းစိန်က ပြည်ထောင်စုအစိုးရအဖွဲ့ဝင်များနှင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းအကြီးအကဲများအား ပြောကြားသည့် မိန့်ခွန်း (http://www.president-office.gov.mm/en/?q=briefing-room/ news/ 2011/04/01/id-1802 -၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၂၉ ရက်နေ့တွင် လေ့လာသည်) တွင်လည်းကောင်း၊ ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ (၄) ရက်နေ့၊ (၆၄) ကြိမ်မြောက်လွတ်လပ်ရေးနေ့အခမ်းအနားတွင် နိုင်ငံတော်သမ္မတဦးသိန်းစိန်ပြောကြားသည့်မိန့်ခွန်း (http://www. president-office.gov.mm/en/?q=briefing-room/news/2012/01/04/id-464 -၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၃၀ ရက်နေ့တွင် လေ့လာသည်) တွင်လည်းကောင်း၊ ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ (၂၀)ရက်နေ့တွင် နိုင်ငံတော်သမ္မတဦးသိန်းစိန်အား ဂါရှင်တန်ပို့စ်သတင်းစာမှ Ms. Elizabeth Graham Weymouth က တွေ့ဆုံမေးမြန်းခြင်း (http://www.president-office.gov.mm/en/?q=briefing-room/news/ 2012/01/20/id-479 -၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၃၀ ရက်နေ့တွင် လေ့လာသည်) တွင်လည်းကောင်း ကြည့်ပါ။

[ii] International Crisis Group မှ ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့တွင် ထုတ်ဝေသော The Dark Side of Transition: Violence against Muslims in Myannmar တွင်ကြည့်ပါ။ နောက်ဆုံးအထိကရုန်းဖြစ်စဉ်မှာ ၂၀၁၄ ခုနှစ်၊ ဇူလိုင်လတွင် မန္တလေးမြို့၌ ဖြစ်ပွါးခဲ့ပြီး၊ လူ (၂)ဦးသေဆုံးခဲ့ပါသည်။

[iii] မြေယာနှင့်ပတ်သက်သည့် ပြဿနာများကို လှုပ်ရှားဆောင်ရွက်နေသော အရပ်ဖက်လူမှုအဖွဲ့အစည်းဝင်များအပြင်၊ ဘာသာခြားများနှင့် လက်ထပ်ထိမ်းမြားခြင်းဥပဒေကို လူသိရှင်ကြားကန့်ကွက်ကြသော အရပ်ဖက်လူမှုအဖွဲ့အစည်းကိုယ်စားလှယ်များသည်လည်း ယခုလက်ရှိတွင် အပြင်းထန်ဆုံးရှုတ်ချခံနေကြရပါသည်။

[iv] David Scott Mathieson ၏ Dispatches: Burma Backsliding on Media Freedom (http://www.hrw.org/ news/2014/ 0630/dispatches-burma-backsliding-media-freedom - ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၃၀ရက်နေပတွင် လေ့လာသည်) ကိုကြည့်ပါ။ ယခုလက်ရှိအဖြစ်အပျက်မှာ ယူနတီဂျာနယ်မှ သတင်းထောက် (၄)ဦးနှင့် အမှုဆောင်ချုပ်တို့ကို ၂၀၁၄ ခုနှစ်ဇူလိုင်လအတွင်းက စစ်ဘက်ဆိုင်ရာစက်ရုံတစ်ခုကို ဓါတုလက်နက်များထုတ်လုပ်ရန် အသုံးပြုနေကြောင်း ရေးသားခဲ့သည့်အတွက် နိုင်ငံတော်လျှို့ဝှက်ချက်ဥပဒေဖြင့် တရားစွဲဆိုခဲ့ပြီး၊ အလုပ်ကြမ်းဖြင့် ထောင်ဒဏ် (၁၀)နှစ်ချမှတ်ခဲ့ခြင်းဖြစ်ပါသည်။

[v] ပြည်ထောင်စုမြန်မာနိုင်ငံတော်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)၊ ပုဒ်မ ၆(င)၊ ၂၁(က)နှင့် ၃၄၈။

[vi] ထိုမဟာဗျူဟာများကို ၂၀၀၉ ခုနှစ်၊ မတ်လတွင် ထုတ်ဝေသည့် Adler, Sage and Woolcock, Interim Institutions and the Development Process: Opening Spaces for reform in Cambodia andIndonesia (Brooks World Poverty Institute Working Paper 86) စာအုပ်မှ ထုတ်နုတ်မွမ်းမံထားခြင်းဖြစ်ပါသည်။

မာတိကာ


| | | | |
|---|---|---|---|
| **အကျဉ်းချုပ်** | | | |
| **ဝေါဟာရအဓိပ္ပါယ်များ** | | | |
| **၁။** | **နိဒါန်းနှင့် သုတေသနနည်းစနစ်** | | |
| | (က) | သုတေသနမေးခွန်းများ | ၉ |
| | (ခ) | သုတေသနဥပဒေသနှင့် ချဉ်းကပ်မှုနည်းလမ်း | ၁၀ |
| | (ဂ) | သုတေသနအဖွဲ့ | ၁၁ |
| | (ဃ) | ပထဝီဂင်အနေအထားအရ ပါဂင်မှုနှင့် ကွင်းဆင်းလုပ်ငန်းများ | ၁၁ |
| **၂။** | **တွေ့ရှိချက်များ - မြန်မာနိုင်ငံတွင် ဥပဒေစိုးမိုးရေးအတွက် အဖွဲ့အစည်းဆိုင်ရာ အကြောင်းအရာ** | | ၁၂ |
| | (က) | ယခင်ကာလ ပုံစံများဆက်လက်တည်ရှိနေခြင်း | ၁၃ |
| | | (၁) ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်အပေါ် သက်ရောက်မှု | ၁၃ |
| | | (၂) ကြောက်ရွံ့မှုနှင့် မယုံကြည်မှု | ၁၅ |
| | (ခ) | လက်နက်ကိုင်ပဋိပက္ခများ၏ ပွဲတင်သံများ | ၁၈ |
| | | (၁) တိုင်းရင်းသားပဋိပက္ခအပေါ် အမြင်များ | ၁၈ |
| | | (၂) အပစ်အခတ်ရပ်စဲရေးအခြေအနေ | ၂၀ |
| | (ဂ) | အဂတိလိုက်စားမှု | ၂၂ |
| | | (၁) အခြေခံလစာကွာဟမှု | ၂၂ |
| | | (၂) ပြုပြင်ရန်မလွယ်ကူသော အလေ့အထများ | ၂၄ |
| | (ဃ) | ထိခိုက်လွယ်သော လူနည်းစုအုပ်စုများအပေါ် သဘောထားများ | ၂၆ |
| | | (၁) အမျိုးသမီးများ | ၂၇ |
| | | (၂) ကလေးများ | ၂၈ |
| | | (၃) မသန်စွမ်းသူများ | ၂၉ |
| | | (၄) ဘာသာရေးလူနည်းစုများ | ၂၉ |
| | | (၅) ရွှေ့ပြောင်းနေထိုင်သူများ | ၃၁ |
| | (င) | ပုဂ္ဂိုလ်ရေးအရည်အသွေးများ၊ အဆက်အသွယ်များ၊ ကွန်ယက်များ | ၃၂ |
| | (စ) | ဝေဖန်ချက်များ၏ အကျဉ်းချုပ် | ၃၄ |
| **၃။** | **တွေ့ရှိချက်များ - တရားမျှတမှုဆိုင်ရာ ပြဿနာများ** | | ၃၅ |
| | (က) | မြေယာ | ၃၆ |
| | | (၁) မြေယာကို မတရားသဖြင့် ရယူခြင်း | ၃၇ |
| | | (၂) ပုဂ္ဂလိကပိုင်မြေယာအငြင်းပွါးမှုများ | ၄၀ |
| | | (၃) မြေယာ အမျိုးအစား (ပြန်လည်)သတ်မှတ်ခြင်းနှင့် ရောင်းချခြင်း | ၄၄ |
| | | (၄) ဆင်ခြေဖုံးရပ်ကွက်များနှင့် ကျူးကျော်ဂင်ရောက်နေထိုင်သူများ | ၄၄ |
| | | (၅) အများပြည်သူပိုင်နေရာများကို အပြိုင်အဆိုင်အသုံးပြုခြင်း | ၄၅ |
| | | (၆) အစိုးရမဟုတ်သော လက်နက်ကိုင်အဖွဲ့များပါဂင်နေသည့် မြေယာပြဿနာများ | ၄၆ |
| | (ခ) | ခွဲခြားဆက်ဆံခြင်း | ၄၇ |
| | | (၁) နိုင်ငံသားအဖြစ်မှတ်တမ်းတင်ခြင်း | ၄၈ |
| | | (၂) အသက်မွေးဂမ်းကြောင်းစနစ်၊ ပညာရေးနှင့် ကျန်းမာရေးကျင်မှုအခွင့်အလမ်းများ | ၅၃ |
| | | (၃) လွတ်လပ်စွာ သွားလာခွင့် | ၅၃ |

| | | | |
|---|---|---|---|
| | (ဂ) | အမျိုးသမီးများနှင့် ကလေးများအား ဥပဒေဖြင့် ကာကွယ်ပေးခြင်း | ၅၄ |
| | | (၁) လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခြင်း | ၅၆ |
| | | (၂) ဒေသတွင်း အကြမ်းဖက်ခြင်း | ၅၉ |
| | | (၃) လူကုန်ကူးခြင်း | ၆၃ |
| | | (၄) လိင်လုပ်သားအဖြစ်စေခိုင်းခြင်း | ၆၅ |
| | | (၅) ကလေးများနှင့် ဥပဒေ | ၆၆ |
| | (ဃ) | အများပြည်သူ လုံခြုံမှုမရှိခြင်း | ၆၉ |
| | | (၁) အစိုးရမဟုတ်သော လက်နက်ကိုင်အဖွဲ့များက ကျူးလွန်သည့် ဥပဒေနှင့်မညီသော ရာဇဝတ်မှုများ | ၇၂ |
| | | (၂) မူးယစ်ဆေးဝါး | ၇၂ |
| | (င) | ဝေဖန်ချက်များ၏ အကျဉ်းချုပ် | ၇၃ |
| **၄။** | **တွေ့ရှိချက်များ - တရားမျှတမှုကို တောင်းဆိုသည့် အပြုအမူများ** | | **၇၄** |
| | (က) | လုပ်ပိုင်ခွင့်ပုံစံများနှင့် တရားမျှတမှုတောင်းဆိုသည့် အပြုအမူ | ၇၄ |
| | | (၁) ပထမပုံစံ - နိုင်ငံတော်သို့ တရားမျှတစွာ ဖြေရှင်းပေးရန် တောင်းဆိုခြင်း | ၇၆ |
| | | (၂) ဒုတိယပုံစံ - အသစ်ထွက်ပေါ်လာသော နိုင်ငံသား၊ လူမှုရေးနှင့် နိုင်ငံရေးခေါင်းဆောင်မှု | ၇၇ |
| | | (၃) တတိယပုံစံ - ဘာသာရေးခေါင်းဆောင်များမှတစ်ဆင့် တရားမျှတစွာဖြေရှင်းပေးရန် တောင်းဆိုခြင်း | ၇၉ |
| | | (၄) စတုတ္ထပုံစံ - ကိုယ့်အားကိုယ်ကိုးဆောင်ရွက်ခြင်း | ၈၀ |
| | (ခ) | လွှတ်တော်ကိုယ်စားလှယ်များနှင့် နိုင်ငံရေးပါတီများ၏ အခန်းကဏ္ဍ | ၈၁ |
| | | (၁) ဆက်သွယ်ပေးခြင်းနှင့် ပေါင်းကူးဆောင်ရွက်ပေးခြင်း | ၈၁ |
| | | (၂) လွှတ်တော်ကိုယ်စားလှယ်များနှင့် နိုင်ငံရေးပါတီများ၏ ဥပဒေပြုမှုအခန်းကဏ္ဍ | ၈၅ |
| | (ဂ) | ဝေဖန်ချက်များ၏ အကျဉ်းချုပ် | ၈၈ |
| ၅။ | ‌ပြန်လှန်သုံးသပ်ချက်များနှင့် အကြံပြုချက်များ | | ၈၈ |
| | (က) | ပြန်လှန်သုံးသပ်ချက်များ | ၈၉ |
| | | (၁) အာဏာနှင့်လုပ်ပိုင်ခွင့်ဆိုင်ရာ သဘောတရားများ | ၉၀ |
| | | (၂) လူမှုဆိုင်ရာ ဆက်သွယ်မှုများ | ၉၃ |
| | (ခ) | အကြံပြုချက်များ | ၉၅ |
| နောက်ဆက်တွဲ (၁) – UNDP မှဆောင်ရွက်သော မြေပုံရေးဆွဲခြင်းလုပ်ငန်းနည်းစနစ်နှင့် နှိုင်းယှဉ်ဖော်ပြခြင်း | | | ၉၈ |

## ဝေါဟာရအဓိပ္ပါယ်များ

| | |
|---|---|
| Amyotha Hluttaw | အမျိုးသားလွှတ်တော် (အထက်လွှတ်တော်) |
| CEDAW | အမျိုးသမီးများအား ခွဲခြားဆက်ဆံသည့် ပုံစံအားလုံးကို ဖယ်ရှားရေးဆိုင်ရာ ကွန်ဗင်းရှင်း (Convention on the Elimination of All Forms of Discrimination against Women) |
| CRC | ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကွန်ဗင်းရှင်း (Convention on the Rights of the Child) |
| CSG | ဒေသခံပြည်သူ အထောက်အကူပြု အုပ်စု (Community Support Group) |
| DG | ညွှန်ကြားရေးမှူးချုပ်(Director general) |
| DKBA | တက်ကြွသော ဒီမိုကရက်တစ် ကရင်အမျိုးသားတပ်ဦး (Democratic Karen Benevolent Army) (ယခင် ဒီမိုကရက်တစ် ကရင်ဗုဒ္ဓဘာသာတပ်ဦး) |
| GAD | ပြည်ထဲရေးဝန်ကြီးဌာနလက်အောက်ရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (General Administration Department) |
| MP | လွှတ်တော်ကိုယ်စားလှယ် (Member of Parliament) |
| MWAF | မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် (Myanmar Women's Affairs Federation) |
| NLD | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (Nation League for Democracy) |
| NMSP | မွန်ပြည်သစ်ပါတီ (New Mon State Party) |
| NSAG | အစိုးရမဟုတ်သော လက်နက်ကိုင်အဖွဲ့များ (Non-State Armed Groups) |
| NUP | အမျိုးသားညီညွတ်ရေးပါတီ (National Unity Party) |
| Pyithu Hluttaw | ပြည်သူ့လွှတ်တော် (အောက်လွှတ်တော်) |
| Pyidaungsu Hluttaw | ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့ပါဝင်သော ပြည်ထောင်စုလွှတ်တော် |
| SLORC | နိုင်ငံ့ တော်ငြိမ်ဝပ်ပိပြားရေးအဖွဲ့ (State Law and Order Restoration Council) |
| SLRD | စိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနလက်အောက်ရှိ ကြေးဒိုင်နှင့် မြေစာရင်းဦးစီးဌာန (Settlement and Land Record Department) |
| SPDC | နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (State Peace and Development Council) |
| USDA | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း(Union Solidarity and Development Association) |
| USDP | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ(Union Solidarity and Development Party) |

## ၁။ နိဒါန်းနှင့်သုတေသနနည်းစနစ်

Myanmar Legal Aid Network (MLAW) သည် ၎င်း၏ကွန်ယက်အဖွဲ့ဝင် အဖွဲ့အစည်းနစ်ခု စီမံကိန်းအကောင်အထည်ဖော်လျက်ရှိသော ရန်ကုန်တိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့ရှိ ရွေးချယ်ထားသော နေရာများတွင် ၂၀၁၄ ခုနှစ်၊ မတ်လမှ ဧပြီလအတွင်းတွင် သိမြင်မှုအခြေခံသော မြေပုံရေးဆွဲခြင်းသုတေသနလုပ်ငန်းတစ်ခုကို ဆောင်ရွက်ခဲ့ပါသည်။ လက်ရှိအခြေအနေတွင် ပျိုးပင်အစီအစဉ်သည် ရန်ကုန်နှင့် မွန်ပြည်နယ်တို့တွင် တရားရေး ဌာနနှစ်ခုကို ထောက်ပံ့ပေးထားပြီး၊ ဒေသခံပြည်သူများအတွက် ဥပဒေရေးရာအကူအညီနှင့် အကြံဉာဏ်များ ပံ့ပိုးပေးလျှက်ရှိပါသည်။ ဤသုတေသနလုပ်ငန်း၏ ရည်ရွယ်ချက်မှာ မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်း အစောပိုင်းအဆင့်အတွင်း ထိုတိုင်းဒေသကြီး/ပြည်နယ် နှစ်ခုတို့တွင် တရားဥပဒေစိုးမိုးရေးနှင့် တရားမျှတမှုကို လက်လှမ်းမီစေရေးတို့အား ပိုမိုခိုင်မာစေရန်အတွက် အခွင့်အလမ်းများနှင့် စိန်ခေါ်မှုများကို သတ်မှတ်ဖော်ထုတ်ရန် ဖြစ်ပါသည်။ ဤအစီရင်ခံစာတွင် ပါဝင်သည့် တွေ့ရှိချက်များသည် မြန်မာနိုင်ငံ၏ တရားဥပဒေစိုးမိုးရေး ဆိုင်ရာပြဿနာများအပေါ် အသိပညာနှင့် နားလည်မှုပိုမိုလာစေမည်ဟု မျှော်လင့်ထားပါသည်။[1]

ဤမြေပုံရေးဆွဲရေးသုတေသနလုပ်ငန်း၏ အဓိကထူးခြားချက်မှာ သုတေသနတွင် ပါဝင်မည့်သူများကို ရည်ရွယ်ချက်ရှိရှိဖြင့် ရွေးချယ်ထားခြင်းဖြစ်ပြီး၊ သဘာဝအားဖြင့် အရည်အသွေးပြ လေ့လာမှုတစ်ခုဖြစ်ပါသည်။ ဤလေ့လာမှုတွင် အဓိကအားဖြင့် တုန့်ပြန်ဖြေကြားသူများ၏ အမြင်များနှင့် အတွေ့အကြုံများကို ဦးတည်ထားပါသည်။ တွေ့ရှိချက်များသည် စာရင်းအင်းပညာရှုထောင့်အရ ကိုယ်စားပြုသည်ဟု မဆိုနိုင်သော်လည်း၊ ဥပဒေစိုးမိုးရေးနှင့် တရားမျှတမှုလက်လှမ်းမီရေးဆိုင်ရာ စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများအတွက် အရေးကြီးသော ဖော်ပြချက်များကို ထောက်ပံ့ပေးထားပါသည်။[2]

### (က) သုတေသနမေးခွန်းများ

ဤမြေပုံရေးဆွဲခြင်း သုတေသနလုပ်ငန်းတွင် အောက်ပါ ယေဘုယျမေးခွန်း (၃) ခုအတွက် အဖြေများကို မေးမြန်းခဲ့ပါသည်။

(၁) ဒေသတွင်း တရားမျှတမှုဆိုင်ရာ အဓိကအကျဆုံး ပြဿနာများမှာ အဘယ်နည်း။

(၂) ထိုပြဿနာများကို မည်သို့ ဖြေရှင်းပါသနည်း။

(၃) တရားမျှတမှုကို ရရှိစေရန် မည်သည့်အတားအဆီးများ ရှိပါသနည်း။

---

[1] မြန်မာနိုင်ငံ၏ ဥပဒေစိုးမိုးရေးပြဿနာများကို ဦးတည်လေ့လာထားသော လက်ရှိ အစီရင်ခံစာများတွင် ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလတွင်ထုတ်ဝေသည့် International Bar Association, *The Rule of Law in Myanmar: Challenges and Prospects* စာတမ်း၊ ၂၀၁၃ ခုနှစ်မတ်လတွင် ထုတ်ဝေသည့် DLA Piper, *et al.,Myanmar Rule of Law Assessment* စာတမ်းနှင့် ၂၀၁၃ ခုနှစ်၊ ဖွန်လတွင် ထုတ်ဝေသည့် United States Institute of Peace, *USIP Burma/MyanmarRule of Law Trip Report* တို့လည်း ပါဝင်ပါသည်။ လက်ရှိ ထူးခြားသော လုပ်ငန်းတစ်ခုမှာ UNWomen အစီအစဉ်၏ ဒေသဆိုင်ရာ လေ့လာမှုအစိတ်အပိုင်းတစ်ခုအဖြစ် ဆောင်ရွက်နေသော `မြန်မာနိုင်ငံတွင် အမျိုးသမီးများနှင့် ပတ်သက်နေသည့် ဥပဒေစနစ်များကို သုတေသနပြုလုပ်ခြင်း´ လုပ်ငန်းဖြစ်ပါသည်။

[2] ဤမြေပုံရေးဆွဲခြင်းသုတေသနလုပ်ငန်းသည် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်မှ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့ရှိ ရွေးချယ်ထားသော ဧရိယာများတွင် ၂၀၁၃ ခုနှစ်က ပြုလုပ်ခဲ့သည့် သုတေသနလုပ်ငန်းနည်းစနစ်နှင့် ချဉ်းကပ်နည်းများကို (လိုအပ်သောနေရာများတွင် သင့်တော်သကဲ့သို့ ပြောင်းလဲပြီး) အသုံးပြုခဲ့ပါသည်။

ရပ်ကွက်အဆင့်နှင့်ကျေးရွာအဆင့်ရှိ ဒေသခံပြည်သူများအား နောက်ဆက်တွဲမေးခွန်းများမေးမြန်းခြင်းဖြင့် စီးပွါးရေးအခြေအနေ၊ နိုင်ငံရေးတွင်ပါဝင်မှု၊ ယဉ်ကျေးမှုအမှတ်အသား၊ ကျား/မတန်းတူညီမျှမှု၊ လက်နက်ကိုင်ပဋိပက္ခများနှင့် အခြားသော အချက်များက ၎င်းတို့တွေ့ကြုံနေရသည့် တရားမျှတမှုဆိုင်ရာပြဿနာ(များ)၏ သဘာဝကိုလည်းကောင်း၊ တရားမျှတမှုကိုရရှိရေးနှင့် လက်လှမ်းမီရေးအတွက် လမ်းကြောင်းများကိုလည်းကောင်း၊ ၎င်းတို့တွေ့ကြုံရသည့် အတားအဆီးများ၏ သဘာဝကိုလည်းကောင်း မည်သို့ အကျိုးသက်ရောက်နေကြောင်းကို လေ့လာခဲ့ပါသည်။

မြို့နယ်အဆင့်နှင့် တိုင်းဒေသကြီး/ပြည်နယ်အဆင့်တို့တွင် အရပ်ဖက်လူမှုအဖွဲ့အစည်းဝင်များ၊ ဘာသာရေးခေါင်းဆောင်များ၊ နိုင်ငံရေးပါတီများမှကိုယ်စားလှယ်များ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဆွေးနွေးပွဲများ ပြုလုပ်ခဲ့ရာ၊ အထက်ပါမေးခွန်းများကို ဗဟိုပြု၍ မေးမြန်းဆွေးနွေးခဲ့ပြီး၊ အထူးသဖြင့် ၎င်းတို့၏ အဖွဲ့အစည်းဆိုင်ရာ ခေါင်းဆောင်မှုအခန်းကဏ္ဍများကို ဦးတည်သည့် အောက်ပါမေးခွန်းများကိုလည်း မေးမြန်းခဲ့ပါသည် -

(၁) အဖွဲ့အစည်း/ဥပဒေပြုအဖွဲ့အစည်း ရှုထောင့်မှ အမြင်အရ ဒေသတွင်း တရားမျှတမှုဆိုင်ရာ ဦးစားပေး ပြဿနာများသည် ဘာဖြစ်ပါသလဲ။

(၂) ထိုပြဿနာများကို မည်သို့ ဖော်ထုတ်ဖြေရှင်းပါသလဲ။

(၃) ထိုပြဿနာများကို ဖော်ထုတ်ဖြေရှင်းရာတွင် အဖွဲ့အစည်း/ဥပဒေပြုအဖွဲ့အစည်းသည် မည်သည့် အခန်းကဏ္ဍမှ ပါဝင်ပါသလဲ။

ဥပဒေစိုးမိုးရေးနှင့်ပတ်သက်၍ လွန်ခဲ့သော နှစ်အနည်းငယ်အတွင်း ပြောင်းလဲမှုများ၊ ဒေသတွင်း နားလည်မှုပုံစံများ၊ တရားမျှတမှုဆိုင်ရာ ပြဿနာများကို အဖွဲ့အစည်းများအနေဖြင့် ပိုမိုကျယ်ပြန့်စွာ တုန့်ပြန်မှုများကို စူးစမ်းဖော်ထုတ်နိုင်ရန်အတွက် အထက်ပါ ပုဂ္ဂိုလ် များအား နောက်ဆက်တွဲမေးခွန်းများကိုလည်း မေးမြန်းခဲ့ပါသည်။

### (ခ) သုတေသနဥပဒေသနှင့် ချဉ်းကပ်မှုနည်းလမ်း

`ဥပဒေစိုးမိုးရေး´နှင့် `တရားမျှတမှု´ နှင့်ပတ်သက်သော မေးခွန်းများသည် ဒေသတွင်း အထိခိုက်မခံသော သတိထားရမည့် အကြောင်းအရာများဖြစ်သောကြောင့် အပြန်အလှန်ဆက်သွယ်ဆောင်ရွက်မှုတိုင်းအတွက် အခြေခံအချက်မှာ သုတေသနလုပ်ငန်းတွင် ပူးပေါင်းပါဝင်သူ (များ)နှင့် သုတေသနပညာရှင်များ၏ ဘေးကင်းလုံခြုံမှုကို ဦးစားပေးခြင်းဖြစ်ပါသည်။ သုတေသနကွင်းဆင်းလုပ်ငန်းများသည် မြန်မာနိုင်ငံတွင် နှစ်ပေါင်း (၃၀)အတွင်းပထမအကြိမ်ပြုလုပ်သည့်သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းများနှင့် တစ်ချိန်တည်းဖြစ်နေသောကြောင့်လည်းသုတေသနပြုလုပ်သများမှပိုမိုသတိထားဆောင်ရွက်ခဲ့ရသည်။[3]ကနဦးအပြန်အလှန်ဆက်သွယ်ဆောင်ရွက်မှုတိုင်းအတွက် ဦးစားပေးအလုပ်မှာ သုတေသနလုပ်ငန်းတွင် ပူးပေါင်းပါဝင်သူများနှင့်သာမက၊ ဒေသခံပြည်သူများနှင့်ပါ ယုံကြည်မှုတည်ဆောက်၍ ထိန်းသိမ်းထားရန် ဖြစ်ပါသည်။ မေးခွန်းတုန့်ပြန်ဖြေကြားသူများ၏ သတင်းအချက်အလက်များကို လျှို့ဝှက်ထားပြီး၊ ပူးပေါင်း ပါဝင်သူများအနေဖြင့် ဆွေးနွေးပွဲများ၊ တွေ့ဆုံမေးမြန်းခြင်းများမှ အချိန်မရွေး လွတ်လပ်စွာ နုတ်ထွက်နိုင်ပါသည်။ ပူးပေါင်းပါဝင်သူများ၏ ယုံကြည်မှုကို ပျက်ပြားစေမည့် သို့မဟုတ် ၎င်းတို့အား အကျပ်အတည်းဖြစ်စေမည့် မေးခွန်းများ၊ ခေါင်းစဉ်များကို ရှောင်ရှားကြရန် သုတေသနအဖွဲ့ဝင်အားလုံးသို့ ရှင်းလင်းတိကျစွာ ညွှန်ကြားထားပါသည်။

[3]တစ်နိုင်ငံလုံးသန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းကို ၂၀၁၄ ခုနှစ်၊ မတ်လ ၂၉ ရက်မှ ဧပြီလ ၁၀ ရက်နေ့အထိ ဆောင်ရွက်ခဲ့ပါသည်။ သန်းခေါင်စာရင်းကောက်ယူသည့် ရက်သတ္တပတ်မတိုင်ခင်အထိရခိုင်ပြည်နယ်တွင် မြန်မာနိုင်ငံသားအဖြစ် စာရင်းကောက်ယူမည့်ကိစ္စအပေါ် အငြင်းပွါးမှုများထွက်ပေါ်ခဲ့ပါသည်။

ထိုသို့သော ဥပဒေသလမ်းညွှန်ချက်များ၊ `မည်သူ့ကိုမှ မထိခိုက်စေခြင်း´စည်းမျဉ်းများကြောင့် သုတေသန ချဉ်းကပ်နည်းများကို အဆက်မပြတ်မွမ်းမံပြောင်းလဲခဲ့ရပါသည်။ သုတေသနအဖွဲ့ဝင်များက ယုံကြည်စိတ်ချရပြီး၊ သက်တောင့်သက်သာရှိသော နေရာများတွင် ဒေသတွင်းတရားမျှတမှုဆိုင်ရာပြဿနာများအပေါ် ဒေသခံများ၏ ထင်မြင်ချက်များနှင့် အသိအမြင်များကို တိုက်ရိုက်မေးမြန်းခြင်းအားဖြင့် မြေပုံရေးဆွဲခြင်းသုတေသနကို သတ်မှတ်ထားသော လမ်းကြောင်းအတိုင်း ဆက်လက်ဆောင်ရွက်နိုင်ခဲ့ပါသည်။ သုတေသနအဖွဲ့ဝင်များက ယုံကြည်စိတ်ချမှုမရှိသော နေရာများတွင် ပိုမိုကျယ်ပြန့်သောလူမှုစီးပွါးရေးဖွံ့ဖြိုးမှုဆိုင်ရာခေါင်းစဉ်များကို ဦးတည်မေးမြန်းသော ယေဘုယျ ချဉ်းကပ်နည်းကို အသုံးပြုခဲ့ပြီး၊ ပွင့်လင်းမှုနည်းပါး၍ လိုက်လံမှုမရှိသောနေရာများတွင် ဈေးကွက် ဆိုင်ရာစာရင်းကောက်ခြင်းနည်းလမ်းကို အသုံးပြုခဲ့ပါသည်။ ဤသုတေသန၏ အဓိကချဉ်းကပ်နည်းမှာ သုတေသန အဖွဲ့ဝင်များအား စာရင်းပြုလုပ်ထားသော မေးခွန်းများကို မေးမြန်းစေခြင်းထက် သုတေသနမှုဘောင်နှင့် စုံစမ်းရမည့်အကြောင်းအရာများကို ရှင်းလင်းတိကျစွာ နားလည်အောင် ပြုလုပ်ထားသည့်အတွက် ထိုပြောင်းလဲ မှုများသည် တွေ့ရှိချက်များ၏ အရည်အသွေးကို ထိခိုက်ခြင်းမရှိပါ။ သုတေသနအဖွဲ့ဝင်များအနေဖြင့် ထိုချဉ်း ကပ်နည်းကြောင့် ဒေသတွင်း အခြေအနေများနှင့် လိုက်လျောညီထွေ တုန့်ပြန်နိုင်ခဲ့ပါသည်။

### (ဂ) သုတေသနအဖွဲ့

ကွင်းဆင်းလုပ်ငန်းများကို နိုင်ငံတကာအကြံပေးပုဂ္ဂိုလ်တစ်ဦး[4]က ဦးဆောင်၍ ပညာအလင်းပွင့်သုတေသန အဖွဲ့(EMR) [5]မှ သုတေသီများအပါအဝင် သုတေသနအဖွဲ့ဝင် (၁၃)ဦးဖြင့် ဆောင်ရွက်ခဲ့ပါသည်။

ဖေဖော်ဝါရီလနှောင်းပိုင်းတွင် EMR အဖွဲ့မှသုတေသီများအား တစ်ပတ်ကြာသင်တန်းတစ်ခု တက်ရောက်စေ၍ ကျား/မတန်းတူညီမျှမှု၊ ကလေးသူငယ်များ၊ မြေယာပဋိပက္ခများနှင့်ပတ်သက်သည့် ပြဿနာများအတွက် တိကျသော လမ်းညွှန်ချက်များအပါအဝင် တရားဥပဒေစိုးမိုးရေးနှင့် တရားမျှတမှုလက်လှမ်းမီရေးဆိုင်ရာ သဘောတရားများ၊ အဓိကဥပဒေသများကို မိတ်ဆက်ရှင်းပြခဲ့ပါသည်။ သင်တန်းတက်ရောက်ပြီးနောက်တွင် သုတေသနအဖွဲ့သည် သုတေသနနည်းစနစ်များကို နောက်ထပ်တစ်ပတ်ကြာ စမ်းသပ်လေ့ကျင့်ခဲ့ကြပါသည်။

### (ဃ) ပထဝီဝင်အနေအထားအရ ပါဝင်မှုနှင့် ကွင်းဆင်းလုပ်ငန်းများ

မြေပုံရေးဆွဲခြင်းအတွက် ကွင်းဆင်းလုပ်ငန်းကို ရန်ကုန်တိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် ဒေသခံများအား ဥပဒေဆိုင်ရာ အကူအညီများနှင့် အကြံဉာဏ်များကို အခမဲ့ထောက်ပံ့ပေးနေသည့် MLAW ကွန်ယက်အဖွဲ့ဝင် အဖွဲ့အစည်းနှစ်ခု၏ ဥပဒေအကြံပေးစင်တာ (Justice Center) နှစ်ခုတည်ရှိသော နေရာများတွင် ဆောင်ရွက်ခဲ့ပါသည်။ မြို့နယ်များ၊ ရပ်ကွက်များနှင့် ကျေးရွာများကို အောက်ပါ စံသတ်မှတ်ချက်များအရ ရွေးချယ်ခဲ့ပါသည်။

(၁) လက်ရှိ (ပျိုးပင်အစီအစဉ်မှထောက်ပံ့ထားသော) ဥပဒေအကြံပေးစင်တာများက လုပ်ငန်း ဆောင်ရွက်နေသည့် အကြောင်းအရာများကို ပိုမိုနားလည်စေနိုင်သော နယ်မြေများပါဝင်ရန်။
(၂) အနာဂတ်ကာလတွင် တရားရေးဌာနများက လုပ်ငန်းဆောင်ရွက်ရန် အလားအလာရှိသည့် အကြောင်းအရာများကို ပိုမိုနားလည်စေနိုင်သော နယ်မြေများပါဝင်ရန်။
(၃) လူဦးရေ၊ လူမှုစီးပွါးရေးနှင့် ပထဝီဝင်အနေအထားမျိုးစုံလင်မှုနှင့် ကျယ်ပြန့်သော တရားမျှတမှု ဆိုင်ရာပြဿနာများကို တတ်နိုင်သမျှ ပါဝင်ရရှိနိုင်စေရန်။

[4]၂၀၁၃ ခုနှစ်တွင် UNDP မှဆောင်ရွက်သော တရားဥပဒေစိုးမိုးရေးနှင့် တရားမျှတမှုလက်လှမ်းမီရေး မြေပုံရေးဆွဲခြင်းလုပ်ငန်းကို ပူးတွဲဦးဆောင်ခဲ့သူဖြစ်ပါသည်။
[5]ယခင်က မြန်မာ့ဖွံ့ဖြိုးရေးသုတေသနအဖွဲ့ (MDR) ဖြစ်ပါသည်။

၂၀၁၄ ခုနှစ်၊ မတ်လ ၁၀ ရက်မှ ဧပြီလ ၇ ရက်အတွင်းတွင် သုတေသီ (၄) ဦးစီပါဝင်သော အဖွဲ့ငယ် (၃)ဖွဲ့ဖြင့် ရန်ကုန်တိုင်းဒေသကြီး (လှိုင်သာယာ၊ မင်္ဂလာတောင်ညွန့်၊ ကြည့်မြင်တိုင်နှင့် ခရမ်းမြို့နယ်များ)နှင့် မွန်ပြည်နယ် (သထုံ၊ မော်လမြိုင်၊ ကျိုက်မရောနှင့် သံဖြူဇရပ်မြို့နယ်များ) ရှိ မြို့နယ် (၈) မြို့နယ်တို့တွင် ကွင်းဆင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြပါသည်။ သုတေသနအဖွဲ့ငယ်များသည် မြို့နယ်တစ်မြို့နယ်စီတွင် ရပ်ကွက်/ကျေးရွာ (၃) ခု၌ နှစ်ရက်ခွဲကြာ လုပ်ငန်းဆောင်ရွက်ခဲ့ပါသည်။ (စုစုပေါင်း ၂၄ ရပ်ကွက်/ကျေးရွာဖြစ်ပါသည်)။ ဒေသခံပြည်သူအဆင့်အတွက် ပြင်ဆင်ထားသော အဓိက သုတေသနနည်းစနစ်များမှာ ပူးပေါင်း ပါဝင်သူများအား မျက်မြင်အကဲဖြတလေ့လာခြင်း(Participant observation)၊ အလွှာမျိုးစုံပါဝင်သော ဦးတည်အုပ်စုအလိုက် ဆွေးနွေးခြင်း (Focus group discussions)နှင့်၊ အဓိကသတင်းပေးသူများအား တွေ့ဆုံမေးမြန်းခြင်း (Key informant interview) တို့ဖြစ်ပါသည်။

ရပ်ကွက်/ကျေးရွာအဆင့် သုတေသနလုပ်ငန်းများနှင့် တစ်ပြိုင်နက်တည်းတွင်၊ EMR မှ သုတေသန ညွှန်ကြားရေးမှူးနှင့် နိုင်ငံတကာအကြံပေးပုဂ္ဂိုလ်တို့က မြို့နယ်အဆင့်နှင့် ပြည်နယ်/တိုင်းဒေသကြီးအဆင့်တို့တွင် အရပ်ဖက်လူမှုအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ၊ ဘာသာရေးခေါင်းဆောင်များ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ လွှတ်တော်ကိုယ်စားလှယ်များကို တွေ့ဆုံမေးမြန်းခဲ့ပါသည်။ သုတေသနအဖွဲ့သည် ရန်ကုန်တိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် စုစုပေါင်းအားဖြင့်ဦးတည်အုပ်စုလိုက်ဆွေးနွေးခြင်း (၇၅) ကြိမ်၊ အဓိကသတင်းပေးသူများအား တွေ့ဆုံမေးမြန်းခြင်း (၂၂၄)ကြိမ်တို့ကို ပြုလုပ်ခဲ့ပါသည်။

မြေပုံရေးဆွဲခြင်းကာလတစ်လျှောက်လုံးတွင် သုတေသနအဖွဲ့ဝင်အားလုံးတို့သည် တစ်မြို့နယ်၌ ပျမ်းမျှအားဖြင့် (၂) ကြိမ်တွေ့ဆုံ၍ ဘေးကင်းလုံခြုံမှုနှင့် ထိခိုက်နိုင်မှုအလားအလာများကို ဆန်းစစ်ခြင်း၊ ဆောင်ရွက်ပြီးလုပ်ငန်းများကို မေးမြန်းရှင်းလင်းခြင်း၊ အစီအစဉ်ရေးဆွဲခြင်းတို့ကို ဆောင်ရွက်ခဲ့ကြပါသည်။

## ၂။ <u>တွေ့ရှိချက်များ - မြန်မာနိုင်ငံတွင်တရားဥပဒေစိုးမိုးရေးအတွက်အဖွဲ့အစည်းဆိုင်ရာအကြောင်းအရာ</u>

ဤအခန်းတွင် မြန်မာနိုင်ငံ၏ ယေဘုယျနောက်ခံအခြေအနေကိုပုံဖော်ရန်နှင့် ပြည်သူတို့ ရင်ဆိုင်ကြုံတွေ့နေရသော တရားမျှတမှုရရှိရန် လိုအပ်နေသော အကြောင်းတရားများနှင့် ၎င်းတို့လိုအပ်သော တရားမျှတမှုကို ရရှိရန် မည်သည့်နည်းလမ်းများကို မည်သည့်အကြောင်းကြောင့် ရွေးချယ်သည်ကို နားလည်သဘောပေါက်စေရန်ရည်ရွယ်သည်။ အထက်တွင် သတ်မှတ်ထားသည့် အဓိက သုတေသနမေးခွန်းများနှင့်ပတ်သက်၍ ပူးပေါင်းပါဝင်သူများက ၎င်းတို့၏ အတွေ့အကြုံများနှင့် အသိအမြင်များကို မျှဝေပြီး ပြန်လည်ဖြေဆိုခဲ့ကြပါသည်။ ဤအခန်းတွင် ထိုအတွေ့အကြုံနှင့် အသိအမြင်များကို ဖြစ်ရပ်ဇာတ်ကြောင်းများဖြင့် ခေါင်းစဉ် (၅) ခုခွဲခြား တင်ပြထားပါသည်။ ၎င်းတို့မှာ (၁) ယခင်ကာလပုံစံများဆက်လက်တည်ရှိနေခြင်း (၂) လက်နက်ကိုင်ပဋိပက္ခများ၏ သက်ရောက်မှုများ (၃)အဂတိလိုက်စားမှု (၄)ထိခိုက်လွယ်သော လူနည်းစုအုပ်စုများအပေါ် ဆက်ဆံပုံသဘောထားများနှင့် (၅) ပုဂ္ဂိုလ်ရေးအရည်အသွေးများ၊ အဆက်အသွယ်များ၊ ကွန်ယက်များရှိခြင်း တို့ဖြစ်ပါသည်။

အောက်တွင် အစီရင်ခံထားသော အတွေ့အကြုံများနှင့် အသိအမြင်များသည် သီးခြားဖော်ပြထားခြင်းမရှိပါက မြို့နယ်အဆင့်၊ တိုင်းဒေသကြီး/ပြည်နယ်အဆင့်၊ ပြည်ထောင်စုအဆင့်တို့တွင် ဤသုတေသနလုပ်ငန်း၌ ပူးပေါင်းပါဝင်ကြသူများက အဓိကအားဖြင့် မျှဝေထုတ်ဖော်ပြောထားခြင်းဖြစ်ပါသည်။ ထိုပူးပေါင်းပါဝင်သူများသည် ယခုစူးစမ်းဖော်ပြထားသော ခေါင်းစဉ် (၅) ခုအတွက် ကျွမ်းကျင်သူ/ကိုယ်စားလှယ်များ မဟုတ်ကြသောကြောင့်၊ အကြောင်းအရာတစ်ခုချင်းစီကို လွှမ်းခြုံဖော်ပြနိုင်သည့် အမြင်များကို ထောက်ပံ့ပေးနိုင်ခြင်းမရှိပါ။ ဤအစီရင်ခံစာတွင် ခေါင်းစဉ် (၅) ခုကို သီးခြားစီ ခွဲခြားတင်ပြထားသော်လည်း၊ ၎င်းတို့အချင်းချင်းသည်လည်း မဖော်ပြနိုင်သော

ရှုပ်ထွေးသည့် နည်းလမ်းများဖြင့် အပြန်အလှန်ဆက်သွယ်နေကြကြောင်း အသိအမှတ်ပြုထားရန် အရေးကြီးပါသည်။

### (က) ယခင်ကာလပုံစံများဆက်လက်တည်ရှိနေခြင်း

မြေပုံရေးဆွဲခြင်းလုပ်ငန်းစဉ်တစ်လျှောက်လုံးတွင် သုတေသနပူးပေါင်းပါဝင်ကြသူများက ယခင်ကာလပုံစံများ ဆက်လက်တည်ရှိနေကြောင်း ရည်ညွှန်းခဲ့ပါသည်။ ယင်းသို့ဆက်လက်တည်ရှိနေခြင်းက လက်ရှိ နိုင်ငံအဆင့် ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်ကို (အထူးသဖြင့် အဆင့်ပိုမြင့်သော တိုင်းဒေသကြီး/ပြည်နယ်အဆင့်နှင့် ပြည်ထောင်စု အဆင့်များကို) ပုံဖော်ပေးနေပြီး၊ ပြည်သူများက နိုင်ငံအာဏာပိုင်များ (အထူးသဖြင့် ပုံစံတကျ ဖွဲ့စည်းထားသော တရားမျှတရေးဥပဒေပြုအဖွဲ့အစည်းများ) နှင့် ချိတ်ဆက်ဆောင်ရွက်သည့် နည်းလမ်းများကို ဆက်လက်လွှမ်းမိုးနေဆဲဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။ ဤအခန်း၏ ပထမအပိုင်းငယ်တွင် သုတေသနတွင် ပူးပေါင်းပါဝင်သူများက အစိုးရဌာနအမျိုးမျိုးတို့၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့်ပတ်သက်၍ ၎င်းတို့တွေ့ရှိထားသည့်ယခင်ကာလနှင့် ချိတ်ဆက်နေသော ဖွဲ့စည်းတည်ဆောက်မှုဆိုင်ရာ ရှုထောင့်များကို ထုတ်ဖော်တင်ပြထားပါသည်။ ဤအခန်း၏ ဒုတိယအပိုင်းငယ်တွင် အုပ်ချုပ်သူများနှင့်အုပ်ချုပ်ခံရသူများအကြား ဆက်သွယ်မှုများဖြင့် သမိုင်းတစ်လျှောက်ပုံဖော်လာခဲ့သည့် နိုင်ငံရေးယဉ်ကျေးမှု (အထူးသဖြင့် သာမန်ပြည်သူများခံစားနေရသည့် အစိုးရ အဖွဲ့အစည်းများနှင့် ဂန်ထမ်းများအား ကြောက်ရွံ့မှုနှင့် မယုံကြည်မှု) ၏ရှုထောင့်တစ်ခုကို ဖော်ပြထားပါ သည်။

### (က-၁) ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်အပေါ် သက်ရောက်မှု

မြို့နယ်အဆင့်နှင့်အထက်တွင် သုတေသန၌ ပူးပေါင်းပါဝင်သူများ၏ ယေဘုယျမှတ်ချက်များအရ နိုင်ငံရေးယဉ်ကျေးမှုသည် ယခင်အစိုးရများ၏ အမွေအနှစ်တစ်ခုအနေဖြင့် အာဏာရှင်စနစ်၊ အထက်မှအောက်သို့ အမိန့်ပေးစနစ်တွင်သာ နစ်မျောနေသေးကြောင်း ဖော်ပြနေပါသည်။ အခြားပူးပေါင်းပါဝင်သူများက သီးခြားထုတ်ဖော် မပြောသော်လည်း၊ နိုင်ငံရေးပါတီကိုယ်စားလှယ်များနှင့် လွှတ်တော်ကိုယ်စားလှယ်များက ပိုမိုကျယ်လောင်စွာ ဆန့်ကျင်ပြောဆိုသည့်အချက်မှာ တပ်မတော်သည် ပြည်ထောင်စုလွှတ်တော်တွင် ၂၅% အုပ်စုတစ်စု ရယူထားပြီး၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှတစ်ဆင့်လည်း အစိုးရအဖွဲ့တွင် သိသာထင်ရှားသော အခန်း ကဏ္ဍတစ်ရပ်ကို ဆက်လက်ယူထားကြောင်းပင်ဖြစ်ပါသည်။ ယင်းသို့ လွှတ်တော်တွင် ကိုယ်စားလှယ်အများစု ယူထားသည့်အတွက် မူဝါဒချမှတ်သည့် အချိန်များတွင် အတိုက်အခံပါတီများအတွက် စိန်ခေါ်မှုများဖြစ်ပေါ်စေကြောင်း၊ ထို့အပြင်ဥပဒေပြုရေးနှင့် အုပ်ချုပ်ရေးမဏ္ဍိုင်တို့ကို လုံလောက်စွာ မခွဲထုတ်နိုင်သည့်အတွက်၊ အပြန် အလှန်စစ်ဆေးထိန်းညှိခြင်း (Checks and balances) ကို အားနည်းစေကြောင်း အချို့သော ပူးပေါင်းပါဝင်သူများက ရှင်းပြခဲ့ကြပါသည်။ အခြားပူးပေါင်းပါဝင်သူများကမူ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်ကို အားလုံးပါဝင်၍ စည်းကမ်းတကျ ဆက်လက်ဆောင်ရွက်နိုင်ရေးအတွက် ပြည်သူလူထု ပူးပေါင်းပါဝင်ရန်နှင့် မြန်မာနိုင်ငံ၏ အတိတ် ကာလနှင့်သမိုင်းကြောင်းတို့ကို နားလည်ထားရန်အရေးကြီးကြောင်း ပြောကြားခဲ့ပါသည်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက လွှတ်တော်ကော်မတီများစွာရှိသည့်အနက် ဥပဒေကြမ်းကော်မတီများသည် အလုပ်အရှုပ်ဆုံးဖြစ်ကြောင်း ရှင်းပြခဲ့ပါသည်။ လွှတ်တော်အတွင်းတွင် လွတ်လပ်စွာပြောဆိုခွင့်ကို ကန့်သတ်ထားခြင်းမရှိဘဲ၊ ပွင့်လင်းလွတ်လပ်သော ဆွေးနွေးမှုများရှိနေသော်လည်း၊ ဥပဒေကြမ်း ကော်မတီများအတွက် ပြဿနာမှာ `ကာကွယ်ရေးဦးစီးချုပ်က ကြားတွင် ရှိနေသည့်အတွက် ဆုံးဖြတ်ချက်များ မချနိုင်ခြင်း´ ဖြစ်ပါသည်။ အဆိုပါ လွှတ်တော်ကိုယ်စားလှယ်ကပင် မူဝါဒချမှတ်ရာတွင် အထက်မှအောက်သို့သွားသည့် ယဉ်ကျေးမှု (Top-down culture) ရှိနေကြောင်းနှင့် အတိုက်အခံများအတွက် စိန်ခေါ်မှုများဖြစ်စေကြောင်း ဖော်ပြခဲ့ပါသည်။

နောက်ဆုံးပြုလုပ်ခဲ့သည့် လွှတ်တော်အစည်းအဝေးများတွင် ကြားနာရာ၌ (ဂန်ကြီးဌာန အမျိုးမျိုးမှ) ညွှန်ကြားရေးမှူးအဆင့်များသာ တက်ရောက်နားထောင်ခဲ့ပြီး၊ ၄င်းတို့တွင် ဆုံးဖြတ်ချက်ချပိုင်ခွင့်မရှိပါ။ လွှတ်လပ်၍ ပွင့်လင်းသော ဆွေးနွေးခြင်းများရှိသော်လည်း လွှတ်တော်တွင် အဆိုပြုချက်များ တင်သွင်းသောအခါ (တင်သွင်းသောပါတီသည်) တပ်မတော်ကိုယ်စားလှယ် ၂၅% နှင့် နှိုင်းယှဉ်ပါက အနည်းစုသာဖြစ်သည့်အတွက် မကြာခဏ ရှုံးနိမ့်ကြရပါသည်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးက အုပ်ချုပ်ရေးမဏ္ဍိုင်နှင့် ဥပဒေပြုရေးမဏ္ဍိုင်တို့အကြား ဆက်သွယ်ချက်ကို `အပြန်အလှန်စစ်ဆေးထိန်းညှိမှု (Checks and balances)´ မရှိကြောင်းနှင့် `ပြဿနာမှာ အစိုးရနှင့်လွှတ်တော်တို့သည် တစ်ဖွဲ့တည်းဖြစ်နေကြောင်း´ဖော်ပြခဲ့ပါသည်။ ထိုကိုယ်စားလှယ်ကပင် လွှတ်တော်အတွင်း မူဂါဒချမှတ်ရာ၌ အခက်အခဲများဖြစ်စေသည့် အကြောင်းရင်း (၂) ချက်ကို အသေးစိတ်ပြောကြားခဲ့ပါသည်။

ပထမအချက်မှာ အတိုက်အခံ (ပါတီ) များ အားနည်းပြီး၊ လက်ရှိ အာဏာရပါတီနှင့် ပူးပေါင်းဆောင်ရွက်ရပါသည်။ အာဏာရပါတီမှ ဂန်ကြီးများနှင့် လွှတ်တော်ကိုယ်စားလှယ်များကို မိမိဘက်ပါအောင်ပြောဆိုရန်ခက်ခဲပါသည်။ ဒုတိယအချက်မှာ ဥပဒေသစ်များကို အကောင်အထည်ဖော်ရာတွင် စိန်ခေါ်မှုများရှိနေခြင်းဖြစ်ပါသည်။ တစ်ဖက်တွင် သက်ဆိုင်ရာ ဂန်ကြီးဌာနများ၌ ရင်းမြစ်များမရှိဘဲ၊ အခြားတစ်ဖက်တွင်မူ ပြည်သူများသို့ ဂန်ဆောင်မှုပေးရမည်ဟူသည့် သဘောတရား မရှိကြပါ။ --- နိုင်ငံရေးစိတ်ဆန္ဒ (political will) လည်းမရှိကြပါ။ အချို့သောဂန်ကြီးများက ပြောင်းလဲလိုသော်လည်း၊ မပြောင်းလဲလိုသူကပိုများပါသည်။

ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကလက်ရှိလွှမ်းမိုးနေသောစနစ်မှာ အမိန့်ပေးခြင်းနှင့် အမိန့်ကိုနာခံခြင်းပုံစံဖြစ်နေကြောင်းဆိုပါသည်။ ၄င်းကအစိုးရကို စောင့်ကြည့်စစ်ဆေးမှုရှိရန် ပြည်သူများ၏ အသိအမြင်ကို မြှင့်တင်ပေးရန်လိုအပ်ကြောင်းအကြံပြုပါသည်။

အစိုးရဆိုတာ ပြည်သူတွေရဲ့ လိုအပ်ချက်တွေကို ဖြည့်ဆည်းပေးရမှာဖြစ်တဲ့အတွက် ကျွန်တော်တို့ကလည်း (ကျွန်တော်တို့မဲဆန္ဒနယ်အတွက်) အကြံပြုတောင်းဆိုရမှာပဲ။ ပြဿနာက ကျွန်တော်တို့အနေနဲ့ ဒီအထက်က အောက်ကို သွားတဲ့စနစ် (top-down system) နဲ့ စနစ်ဟောင်းမှာ နှစ်ပေါင်းများစွာ နေလာခဲ့ပြီးပြီ။ အောက် ခြေကနေ အထက်ကို သွားတဲ့စနစ် (bottom-up system) က လွန်ခဲ့တဲ့ နှစ်နှစ်၊ သုံးနှစ်လောက်ကမှ စခဲ့တာ။ အစိုးရအဖွဲ့မှာပါတဲ့ လူတော်တော်များများက အမိန့်နဲ့ပတ်သက်လာရင် `ငါပြောသလိုလုပ်´ဆိုတဲ့ အရင်စိတ်ထားဟောင်းတွေ ရှိနေတုန်းပဲ။ လက်ရှိအခြေအနေမှာတော့ ပြည်သူတွေက အောက်ခြေကနေ အထက်ကိုသွားတဲ့စနစ် (bottom-up system) ကို နားမလည်ကြသေးဘူး။ တာဂန်ခံမှုနဲ့ ပွင့်လင်းမြင်သာမှု (တိုးတက်ဖို့)အတွက်ဆိုရင် ပြည်သူတွေစုစည်းမှုရှိပြီး၊ အသိနိုးကြားဖို့ လိုအပ်ပါတယ်။

အရပ်ဖက်လူမှုအဖွဲ့အစည်းကိုယ်စားလှယ်တစ်ဦးက ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်တွင် ပြည်သူများ၏ ပူးပေါင်းပါဂင်မှု အရေးကြီးကြောင်း မီးမောင်းထိုးပြခဲ့ပါသည်။

ဥပဒေစိုးမိုးရေးသည် အသွင်ကူးပြောင်းရေး၏ ဦးတည်ချက်မဟုတ်ပါ။ သို့ရာတွင် ပြည်သူများအနေဖြင့် ဥပဒေစိုးမိုးမှုမရှိဘဲ၊ ငြိမ်းချမ်းရေးနှင့် လုံခြုံမှုတို့ကို ခံစားနိုင်မည်မဟုတ်ပါ။ ယင်းအတွက် ရဲတပ်ဖွဲ့နှင့် တပ်မတော်တို့တွင် လက်နက်များရှိသောကြောင့် ၄င်းတို့တွင် တာဂန်ရှိပါသည်။ အတိတ်ကာလက လက်နက်ရှိသော လူများအမြဲမှန်ခဲ့ပါသည်။ ပြည်သူများအနေဖြင့် ဥပဒေ စိုးမိုးမှုဆိုသည်ကို မသိရှိကြပါ။ သို့ရာတွင် ပြည်သူများ ကြောက်လန့်မှုမရှိဘဲနေထိုင်နိုင်၍ အပြောင်းအလဲများတွင် ပူးပေါင်းပါဂင်ခဲ့လျှင် ပြောင်းလဲမှုများ ချောမွေ့နိုင်ပါလိမ့်မည်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက လက်ရှိအုပ်ချုပ်မှုစနစ်အတွင်း အလုပ်လုပ်ရခြင်းကို ထောက်ခံအားပေးပြီး၊ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရန် မကြိုးစားမီတွင် လုပ်ထုံးများနှင့် လုပ်ငန်းစဉ်များကို တည်ငြိမ်အောင်ဆောင်ရွက်ရန် ပြောကြားခဲ့ပါသည်။ မွန်ပြည်နယ်မှ အတွေးအခေါ်ကောင်း၍ ရှင်းလင်းစွာပြောဆို တတ်သော အရပ်ဖက်လူမှုအဖွဲ့အစည်းကိုယ်စားလှယ်တစ်ဦးက အစိုးရနှင့် ချိတ်ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းများကို ပြောဆိုခဲ့ပြီး၊ မြန်မာနိုင်ငံ၏ အတိတ်ကာလနှင့်သမိုင်းကြောင်းတို့ကို နားလည်ထားရန် အရေးကြီးကြောင်း။ သို့မှသာ မည်သည့်ဒီမိုကရေစီလုပ်ငန်းစဉ်မဆို ရှေ့သို့တိုးတက်နိုင်စွမ်းရှိမည်ဖြစ်ကြောင်း၊ အလေးအနက်ပြောခဲ့ပါသည်။ အဆိုပါပုဂ္ဂိုလ်ကပင် ထုံးစံအတိုင်းပြုလုပ်နေသော ရွေးကောက်ပွဲများထက် တရားမျှတမှု၊ ညီမျှမှုနှင့် တရားစီရင်မှုတို့၏ အရေးကြီးပုံနှင့်ပတ်သက်၍ အခြားပူးပေါင်းပါဝင်သူများ၏ အမြင်များနှင့် တူညီသောအဆိုကို အောက်ပါအတိုင်း တင်ပြခဲ့သည်။ ။

> လူအများစုက ဒီမိုကရေစီကို ရွေးကောက်ပွဲများပါဝင်သော စနစ်တစ်ခုအဖြစ် နားလည်ထားကြတယ်။ ဒါပေမဲ့ ကျွန်တော့်အနေနဲ့တော့ ဒီမိုကရေစီဆိုတာ တရားမျှတမှုနဲ့ တန်းတူညီမျှမှုတွေ အကောင်းဆုံး ဖြစ်ထွန်းနေတဲ့ အခြေအနေတစ်ခုလို့ နားလည်ထားပါတယ်။ ဥပမာ - ရိုဟင်ဂျာတွေကို ဆက်ဆံတာနဲ့ ပတ်သက်ပြီးတော့ လူအများစုက အခုဆိုရင် စံနှုန်းနှစ်ခုနဲ့ လုပ်နေကြတယ်။ --- စစ်အုပ်ချုပ်ရေးစနစ်ကနေ ဒီမိုကရေစီစနစ်ကို ကူးပြောင်းနေတဲ့အချိန်မှာ ကျွန်တော်တို့ ဘယ်ကိုသွားနေကြလဲ နားလည်ကြပါသလား။ မြန်မာ့သမိုင်းကြောင်းကို ပြန်ကြည့်လိုက်ပါ။ ဘုရင်တွေရှိခဲ့ပြီး၊ ပဒေသရာဇ်စနစ်ကိုလည်း မငြင်းပယ်ခဲ့ပါဘူး။ ဗြိတိသျှတွေရောက်လာတော့ ဘုရင်စနစ်ကို ဖျက်သိမ်းပြီး၊ ဥပဒေစနစ်အသစ်တစ်ခုနဲ့ အစားထိုးခဲ့တယ်။ နောက်စနစ်အသစ်တစ်ခုကို မပြောင်းခင်မှာ ယခင်က စနစ်တွေကိုလည်း ကျွန်တော်တို့နားလည်ဖို့လိုတယ်။ အခုအချိန်မှာ ကျွန်တော်တို့ အရင်စနစ်တွေကို နားမလည်ကြဘူး။ ကိစ္စရပ်တွေကလည်း အပိုင်းပိုင်းဖြစ်နေကြတယ်။ ကျွန်တော်တို့ ဘယ်နေရာကို သွားနေလဲဆိုတာရယ်၊ စနစ်တစ်ခုမှာရှိတဲ့ တရားမျှတမှု၊ သာတူညီမျှမှုတန်ဖိုးတွေအတွက်ရယ် သဘောတရားတစ်ချို့လိုအပ်ပါတယ်။ ဒီမှာ အမျိုးမျိုးကွဲပြားနေတဲ့အတွက် ဖက်ဒရယ်နိုင်ငံရေးစနစ်ကသာ တန်းတူညီမျှမှုကို အာမခံနိုင်ပါလိမ့်မယ်။ မွန်ပြည်နယ်အစိုးရဟာ (အရပ်ဖက်လူမှုအဖွဲ့အစည်းတွေနဲ့) ချိတ်ဆက်ဆောင်ရွက်တာကြောင့် အခြားတိုင်းဒေသကြီး/ပြည်နယ်အစိုးရတွေထက် ပိုမိုပျော့ပျောင်းပါတယ်။ ကျွန်တော်တို့ အခုလုပ်နေတာက (အစိုးရကို) ဖြုတ်ချဖို့မဟုတ်ပါဘူး။ဒါပေမဲ့ စနစ်ကို အလုပ်ဖြစ်လာအောင် ကြိုးစားလုပ်နေတာပါ။ အပြောင်းအလဲတွေရှိမလား၊ မရှိဘူးလားဆိုတာက နောက်ထပ်ပြဿနာတစ်ခုဖြစ်ပါတယ်။ ၂၀၁၀ မတိုင်ခင်ကဆို စနစ်နဲ့ ပြည်သူတွေက အတူတူဖြစ်ပါတယ်။ ၂၀၁၀ နောက်ပိုင်းမှာတော့ စနစ်တစ်ခုဖြစ်လာပြီး၊ ပြည်သူတွေက ဒီစနစ်ထဲကို မလိုက်နိုင်ကြဘူး။ ကျွန်တော်တို့က (ပြည်သူတွေ) ချိတ်ဆက်ပါဝင်စေဖို့ဆိုရင် ဒီခြားနားချက်ကို မြင်ဖို့လိုတယ်။

ဤတုန့်ပြန်ဖြေကြားသူကပင် သုတေသနအဖွဲ့ဝင်များက တွေ့ဆုံမေးမြန်းခဲ့သော အာဏာရပါတီမှ လွှတ်တော်ကိုယ်စားလှယ်များ မဖော်ပြခဲ့သည့်အခြေအနေကို ရှင်းလင်းစွာပြောကြားခဲ့ပါသည်။ ထိုလွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ၄င်းတို့ကိုယ်၄င်းတို့ ယခင်တပ်မတော်အစိုးရမှ ခွဲထုတ်ထားပြီး၊ ယခုအုပ်ချုပ်မှုစနစ်အသစ်တွင် ဥပဒေနှင့်အညီ ပူးပေါင်းပါဝင်သူများအနေဖြင့် ရှုမြင်ကြပါသည်။

## (က-၂) ကြောက်ရွံ့မှုနှင့် မယုံကြည်မှု

သုတေသနတွင် ပူးပေါင်းပါဝင်သူများက ယခင်အစိုးရသည် သာမန်ပြည်သူများအကြားတွင် နိုင်ငံတော်ကို ကြောက်ရွံ့ခြင်းဟူသည့် အမွေအနှစ်ကို လက်ဆင့်ကမ်းပေးခဲ့ကြောင်း မှတ်ချက်ပြုခဲ့ကြပါသည်။ အရပ်ဖက်လူမှုအဖွဲ့အစည်းမှ ကိုယ်စားလှယ်တစ်ဦးက ဤဖြစ်စဉ်မှာ အစိုးရအာဏာကို ကိုင်တွယ်သုံးစွဲသူများက တာဝန်ခံမှုမရှိခြင်း၏ အကျိုးဆက်တစ်ခုဖြစ်ကြောင်း ရှင်းပြခဲ့ပါသည်။

လူများသည် တာဝန်ယူမှု သို့မဟုတ် တာဝန်ခံမှုမရှိပါက တရားဥပဒေစိုးမိုးရေးကို ရရှိနိုင်မည်မဟုတ်ပါ။ ကျွန်တော်တို့၏ လူ့အဖွဲ့အစည်းတွင် တာဝန်ခံမှု မရှိခြင်းသည် ပုံမှန်ယဉ်ကျေးမှုတစ်ခုဖြစ်နေပြီး၊ အခြေခံလူတန်းစားမှသည် ပြည်ထောင်စုအဆင့်အထိ ထိုစိတ်ဓါတ်ကို ပြောင်းလဲရန် လိုအပ်ပါသည်။ အုပ်ချုပ်သူနှင့် အုပ်ချုပ်ခံရသူတို့အကြားတွင် နှစ်ပေါင်းများစွာကြာမျှ ကျယ်ပြန့်စွာ ကွာဟခဲ့သောကြောင့် ယုံကြည်မှုလည်း မရှိကြပါ။ အုပ်ချုပ်သူများအနေဖြင့် ၄င်းတို့အလိုရှိပါက မည်သည့်အရာမဆိုလုပ်နိုင်သည်ဟု ထင်ကြပါသည်။ အုပ်ချုပ်ခံရသူများကလည်း ပြည်သူများတွင်လုပ်ပိုင်ခွင့်ရှိပါက ထိုလုပ်ငန်းများကို လက်ခံမည် မဟုတ်သော်လည်း၊ ကြောက်ရွံ့မှုကြောင့် လုပ်ဆောင်ရန် တွန်းအားပေးခံရသည်ဟု တွေးကြပါသည်။ ထို့ကြောင့် ပြည်သူများသည် အကျိုးဆက်များကို ကြောက်ရွံ့သည့်အတွက် (ထိုလုပ်ငန်းများကို) လစ်လျူရှုရပါသည်။ ဤဖြစ်စဉ်ကို နေရာတိုင်းနီးပါးတွင်တွေ့နိုင်ပါသည်။ ဥပဒေများကလည်း လုပ်ပိုင်ခွင့်ရှိသူများကို မျက်နှာသာ ပေးပြီး၊ အုပ်ချုပ်ခံရသူများကို ကာကွယ်ပေးခြင်းမရှိပါ။

အခြားအရပ်ဖက်လူမှုအဖွဲ့အစည်းမှပုဂ္ဂိုလ် တစ်ဦးကလည်း၊ ထိုကဲ့သို့သော ကြောက်ရွံ့မှုမျိုးရှိနေကြောင်းကို ၁၉၆ဝ ပြည့်နှစ်လွန်နှစ်များတွင် အထက်အရာရှိများက လက်အောက်ငယ်သားများအပေါ်၄င်းတို့အာဏာကိုသုံး၍ ပြမဆောင်ရွက်သော ကိစ္စရပ်များကို ရည်ညွှန်းကိုးကား၍ ဖော်ပြခဲ့ပါသည်။ ထိုအကြောင်းအရာများမှာ အထက်မှအောက်သို့ အမိန့်ပေးစနစ်ကိုထင်ဟပ်စေသော ပုံရိပ်များအဖြစ် ယနေ့အထိ ထင်ရှားလျှက်ရှိပါသည်။

၁၉၆၂ ခုနှစ်တွင် လူတစ်ဦးသည် (အရာရှိတစ်ဦးက) သူ့အား မေးခွန်းတစ်ခုမမေးမီတွင် (၃) ချက်အရိုက်ခံရပါသည်။ ထိုမေးခွန်းကို ဖြေပြီးသောအခါတွင်လည်း နောက်ထပ် (၃) ချက်အရိုက်ခံရပါသည်။

အချို့သော ပူးပေါင်းပါဝင်သူများက ထိုကြောက်ရွံ့မှုအမွေမှာ သက်ဦးဆံပိုင် ပဒေသရာဇ်ခေတ်ကတည်းကပင် ဆင့်ကဲတည်ရှိနေခဲ့သည်ဟု ထင်မြင်ကြောင်း ပြောကြားခဲ့ကြပါသည်။ နိုင်ငံရေးပါတီကိုယ်စားလှယ်တစ်ဦးက အောက်ပါအတိုင်းဖော်ပြခဲ့ပါသည်။

ကျွန်တော်တို့က မြေလွတ်၊ မြေလပ်၊ မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေနှင့်ပတ်သက်၍ တောင်သူ လယ်သမားများနှင့် ဆွေးနွေးရန် ကျေးရွာများသို့ သွားခဲ့ပါသည်။ လူများက ကြောက်ရွံ့နေဆဲဖြစ်ပြီး၊ ထိုကဲ့သို့သော ဆွေးနွေးမှုများ မလိုအပ်တော့ဟု ထင်နေကြပါသည်။ အုပ်ချုပ်သူများအား ကြောက်ရွံ့သည့် ဖြစ်စဉ်သည် ပဒေသရာဇ်ခေတ်ကတည်းကပင်ရှိနေခဲ့ပြီး၊ ဗြိတိသျှကိုလိုနီခေတ်တွင်လည်းဆက်လက်တည်ရှိနေခဲ့ပါသည်။

အစိုးရ၏ တရားစီရင်ရေးစနစ်တွင် ယုံကြည်မှုရှိမရှိကို တိကျစွာမေးမြန်းသောအခါတွင် ပူးပေါင်းပါဝင်သူအများစု၏ တုန့်ပြန်ဖြေဆိုမှုမှာ ကြောက်ရွံ့မှုနှင့် မယုံကြည်မှုတစ်ခုတည်းသာဖြစ်ပါသည်။ အချို့သော အရပ်ဖက်လူမှု အဖွဲ့အစည်း ကိုယ်စားလှယ်များနှင့် ရှေ့နေများက ထိုကဲ့သို့ ကြောက်ရွံ့မှုနှင့် မယုံကြည်မှုခံစားချက်များဖြစ်ရသည့် အကြောင်းရင်းတစ်ခုမှာ အသိပညာမရှိခြင်းကြောင့်ဖြစ်ကြောင်း ထောက်ပြကြသော်လည်း၊ ဥပဒေများကို ယေဘုယျအားဖြင့် `ရှုပ်ထွေးသော´၊ `ခြိမ်းခြောက်သော´၊ `ကန့်သတ်ထားသော´၊ `အလျော့အတင်းရှိသော´ ဥပဒေများအဖြစ် အမျိုးမျိုးဖော်ပြကြပါသည်။ ထိုကဲ့သို့သော ဖော်ပြချက်များသည် ဥပဒေ၏ သဘာဝကို အစိုးရ အာဏာပိုင်များ၏ အသုံးချခံပစ္စည်းကိရိယာတစ်ခုအနေဖြင့် ဝေဖန်နေသော်လည်း၊ ပူးပေါင်းပါဝင်သူအားလုံးက ဥပဒေများတွင် တာဝန်ခံမှုထည့်သွင်းခြင်းဖြင့် ယုံကြည်မှုတည်ဆောက်နိုင်ရန်ကို အားပေးထောက်ခံခြင်းမရှိကြပါ။ ဥပမာအားဖြင့် အရပ်ဖက်လူမှုအဖွဲ့အစည်းကိုယ်စားလှယ်တစ်ဦး၏ အမြင်အရ ပြည်သူများကို ဥပဒေအား လေးစားတတ်စေရန် သင်ပေး၍ မရနိုင်သော်လည်း၊ ဥပဒေကို ကြောက်ရွံ့စေရန် သင်ပေးနိုင်ကြောင်း ပြောကြားခဲ့ပါသည်။

လူတွေကတကယ်တော့ အမိန့်ဘဲကြောက်ကြတာ ဥပဒေဆိုရင် ဘယ်လိုအခွင့်ကောင်းယူလို့ ရမလဲဘဲ တွေးနေကြတာ သူတို့လိုလူတွေနဲ့ တင်းတင်းကြပ်ကြပ်အမိန့်ပေးအုပ်ချုပ်တာနဲ့ဘဲတန်တယ် လူတွေက ပညာနဲ့ စည်းကမ်းမရှိတဲ့အတွက် ဥပဒေကောင်းတွေနဲ့မထိုက်တန်ဘူး

ဥပဒေကို အစိုးရအာဏာပိုင်များ၏ ပစ္စည်းကိရိယာတစ်ခုအနေဖြင့် ရည်ညွှန်းခဲ့ကြသည့်အပြင်၊ အချို့သော ပူးပေါင်းပါဝင်သူများက ဥပဒေနှင့် တရားစီရင်ရေးစနစ်အပေါ် ပြည်သူများ၏ ယုံကြည်မှုကို အကျိုးသက်ရောက် စေသည့် အခြားအချက်များကိုလည်း ပြောကြားခဲ့ကြပါသည်။ ဥပမာအားဖြင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် တစ်ဦးက အစိုးရက ဥပဒေများပြဌာန်းခြင်း၊ ရဲတပ်ဖွဲ့ကအသုံးချခြင်း၊ တရားသူကြီးများက အဓိပ္ပါယ်ဖွင့်ဆိုခြင်း တို့တွင် အများပြည်သူများက သိမြင်ထားချက်များနှင့် ညီညွတ်မှုမရှိခြင်းကို ဖေဖန်ခဲ့ပါသည်။

ပထမအချက်မှာ၊ တရားသူကြီးများသည် ဥပဒေများကို အဓိပ္ပါယ်ဖွင့်ဆိုခြင်းနှင့် ဆုံးဖြတ်ချက်ချမှတ်ရခြင်း ကြောင့် အရေးကြီးပါသည်။ သို့ရာတွင် တရားရုံးများနှင့် ဥပဒေရုံးများသည် အဂတိအလိုက်စားဆုံးသော နေရာများဖြစ်နေကြပါသည်။ ဒုတိယအချက်မှာရဲတပ်ဖွဲ့(နှင့်အစိုးရအရာရှိများ)က ဥပဒေကို မသိခြင်းဖြစ် ပါသည်။ -- ရဲများကလည်း လုပ်ထုံးလုပ်နည်းများကို မလိုက်နာကြပါ။ -- တတိယအချက်မှာ ပြည်သူများက ဥပဒေကိုမသိခြင်း ဖြစ်ပါသည်။ ၎င်းတို့က ဥပဒေအပေါ်ယုံကြည်မှုမရှိကြဘဲ၊ ဥပဒေကို လိုက်နာရာ တွင်လည်းအားနည်းကြပါသည်။ ပြည်သူများက ဥပဒေများသည် ၎င်းတို့၏ အကျိုးစီးပွါးများကို မကာကွယ်ပေးနိုင်ဟု ခံယူသိမြင်ထားပါသည်။ ဥပဒေများသည် ပြည်သူများကို သာတူညီမျှစွာ ပြုမူသင့်ပါ သည်။ --- (အဆင့်တစ်ဆင့်တွင်) ဥပဒေတည်ရှိနေသော်လည်း၊ ဥပဒေသက်ရောက်မှုကို အခြားနည်းလမ်း တစ်ခုဖြင့် ဆောင်ရွက်နေပြီး၊ ဆုံးဖြတ်ချက်များကိုလည်း မတူညီသော နည်းလမ်းများဖြင့် ချမှတ်နေပါသည်။ ထိုသုံးခုတွင် အချင်းချင်းဆက်သွယ်မှုလည်း မရှိကြပါ။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တစ်ဦးကလည်း လာဘ်ပေးလာဘ်ယူမှုနှင့် အာဏာပိုင်များ၏ အလွဲသုံးစား လုပ်မှု ပြဿနာများကို ပိုမိုအလေးအနက်ထားခြင်းအားဖြင့် ဤထင်မြင်ချက်ကို ထပ်မံဖြည့်စွက်ခဲ့ပါသည်။

ကျွန်တော်တို့က တရားစီရင်ရေးစနစ်ကို အရင်ကတည်းက အယုံအကြည်မရှိဘူး။ ဒီစနစ်က ၁၉၆၂ ခုနစ်ကစပြီး၊ ယိုယွင်းပျက်စီးလာတာ၊ ၁၉၈၈ခုနှစ်နောက်ပိုင်းမှာ ပိုဆိုးလာတယ်။ ပြည်သူတွေကို အကာအကွယ်မပေးနိုင်ဘူး။ ကျွန်တော်တို့ နိုင်ငံရေးသမားတွေအနေနဲ့ ဘယ်အချိန်အဖမ်းခံရမလဲ၊ ဘယ် အချိန်ပြန်လွှတ်မလဲ၊ ဘာအတွက်ဖမ်းတာလဲ၊ ဒါတွေကို မသိခဲ့ရဘူး။ --- လူတွေမှာ ငွေရှိရင် အမှု နိုင်နိုင်တယ်။ ငွေရှိတဲ့လူတွေက တရားရုံးကို သွားကြတယ်၊ ဘာကြောင့်လဲဆိုတော့ သူတို့လိုချင်တဲ့ ရလာဒ် ကို ရနိုင်တယ်လေ။ ငွေမရှိရင် တခါတလေ တရားလိုက တရားခံဖြစ်သွားနိုင်တယ်။ သက်သေတွေကိုလည်း ဖျောက်ဖျက်ပစ်လို့ရတယ်။

မွန်ပြည်နယ်ရှိ အရပ်ဖက်လူမှုအဖွဲ့အစည်းမှ actor တစ်ဦးကလည်းအလားတူ ဝေဖန်ချက်ပေးခဲ့ပါသည်။

မွန်ပြည်နယ်ကသူငှတွေက အာဏာပိုင်တွေနဲ့ ဆက်ဆံရမှာကြောက်ကြတယ်။ တရားရုံးတွေ၊ ရဲတွေကို လည်းကြောက်ကြတယ်။ ပုံမှန်လမ်းကြောင်းကတော့ ရဲကိုငွေပေးဖို့ပဲ။ အမှုသိပ်ကြီးရင် တရားရုံး မသွားတော့ဘဲ၊ ထိုင်းနိုင်ငံဘက်ကို ထွက်ပြေးကြတယ်။ အကြောင်းရင်းကတော့ အစိုးရတရားရေး စနစ်တွေမှာ အနည်းဆုံး တော့ ဘာသာစကားအခက်အခဲရှိနေလို့၊ အထူးသဖြင့် ကျေးလက်ဒေသတွေမှာ ပိုဆိုးတယ်။ ရဲနဲ့ဆက်ဆံရ တဲ့အခါတိုင်း ပြည်သူတွေက အရှုံးဘက်ကချည်းဘဲဖြစ်နေတော့ ယုံကြည်မှုလည်း မရှိတော့ဘူး။ (ကျွန်တော့်) အမြင်ကတော့ ရဲတပ်ဖွဲ့က ပြည်သူကို ကိုယ်စားမပြုနိုင်ဘူး။

ရှေ့နေတစ်ဦးက ဤအခြေအနေကို `ယေဘုယျအားဖြင့်တော့ ဘယ်သူမှ တရားရုံးမသွားချင်ကြဘူး၊ ဥပဒေအရ တရားစွဲတယ်ဆိုတာ တစ်ခြားရွေးစရာနည်းလမ်းမရှိတော့မှ လုပ်ကြတာ´ဟု အကျဉ်းချုပ် မှတ်ချက်ပြုခဲ့ပါသည်။

ဤအခန်းတွင် တွေ့ရှိချက်များအရ ယခင်အတိတ်ကာလက အာဏာရှင်စနစ်သည် ဆက်လက်လွှမ်းမိုးနေဆဲဖြစ်ပြီး၊ လက်ရှိ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်ကို နည်းလမ်းအမျိုးမျိုးဖြင့် အကျိုးသက်ရောက်နေကြောင်းနှင့် (အထူးသဖြင့် ဥပဒေနှင့် အစိုးရအဖွဲ့အစည်းများကို အာဏာပိုင်များ၏ အသုံးချခံ လက်နက် ႏကိရိယာတစ်ခုအဖြစ် အသုံးချ နေခြင်းနှင့်ပတ်သက်၍) ပြည်သူများက နိုင်ငံတော်အပေါ် ကြောက်ရွံ့မှုနှင့် မယုံကြည်မှုတို့ ရှိနေသေးကြောင်း ထင်ရှားပေါ်လွင်နေပါသည်။

## (ခ) လက်နက်ကိုင်ပဋိပက္ခများ၏ သက်ရောက်မှုများ

မြန်မာနိုင်ငံသည် ၁၉၄၈ ခုနှစ်တွင် လွတ်လပ်ရေးရပြီးကာစမှ စ၍ နိုင်ငံတွင်း ပဋိပက္ခများဖြင့် ဒုက္ခပေးခြင်းခံနေရပါသည်။ သုတေသနအဖွဲ့က သွားရောက်လေ့လာခဲ့သည့် ပြည်နယ်/တိုင်းဒေသကြီးနှစ်ခုတို့တွင် တုန့်ပြန်ဖြေကြားသူများက မွန်ပြည်နယ်ရှိ တိုင်းရင်းသားပဋိပက္ခများ၊ အတိတ်ကာလက လက်နက်ကိုင်ပဋိပက္ခများ၏ အကျိုးသက်ရောက်မှု၊ အစိုးရမဟုတ်သော လက်နက်ကိုင်အုပ်စု (NSAG) များ၏ လက်ရှိ လှုပ်ရှားမှုများနှင့်ပတ်သက်သည့် ၎င်းတို့၏ အမြင်များကို မျှဝေခဲ့ကြပါသည်။ မွန်ပြည်နယ်ရှိ သုတေသနနေရာများတွင် ယခင်က အစိုးရနှင့် NSAG တို့နှစ်ဘက်လုံးက ထိန်းချုပ်ထားသော နေရာများ၊ အပစ်အခတ်ရပ်စဲပြီးနောက်ပိုင်းတွင် NSAG လှုပ်ရှားမှုအချို့ ရှိနေသေးသော နေရာများလည်း ပါဝင်ပါသည်။

ပထမအပိုင်းငယ်တွင် ပြည်ထောင်စုနှင့် ပြည်နယ်/တိုင်းဒေသကြီးအစိုးရတို့အကြား ဆက်သွယ်မှုနှင့်ပတ်သက်သည့် နိုင်ငံရေးပြဿနာများအပေါ် အမြင်များကို အစီရင်ခံထားပြီး၊ ဒုတိယအပိုင်းငယ်တွင် အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ရရှိပြီးနောက်ပိုင်း NSAG များ၏ လှုပ်ရှားမှုများဆက်လက်ရှိနေခြင်းအပေါ် ပြည်သူများ၏ အမြင်များကို ဖော်ပြထားပါသည်။

### (ခ-၁) တိုင်းရင်းသားပဋိပက္ခအပေါ် အမြင်များ

ပူးပေါင်းပါဝင်ဖြေဆိုသူအချို့တို့က နိုင်ငံရေးပြဿနာကို တိုက်ရိုက်ထုတ်ဖော်ပြောခဲ့ပါသည်။ မြန်မာနိုင်ငံအကြောင်း ကြာမြင့်စွာလေ့လာခဲ့သူများကလည်း ယင်းပြဿနာကို `နိုင်ငံ၏ အလယ်ဗဟိုမှ နိုင်ငံတော်အာဏာ (လက်ရှိတွင် ဗမာလူမျိုးအများစုက လွှမ်းမိုးထားပါသည်) ကို တိုင်းရင်းသားလူနည်းစုများစွာတို့က လွှမ်းမိုးထားသော အစွန်အဖျားဒေသများနှင့် မည်သို့ဆက်သွယ်မည်ဆိုခြင်းသည် မြန်မာနိုင်ငံ၏ နိုင်ငံရေးသဘာဝဖြစ်ပါသည်´ဟု မှတ်ချက်ပြုဆိုထားပါသည်။[6] အောက်တွင်ဖော်ပြထားသော အမြင်များသည် ပြဿနာအားလုံးကို ကိုယ်စားပြု ခြင်းမရှိသော်လည်း၊ ထင်မြင်ချက်များသည် ကြီးမားစွာကွဲပြားများပြားနေကြောင်းကို ညွှန်ပြနေပါသည်။ နိုင်ငံရေးပြဿနာသည် ဤမြေပုံရေးဆွဲခြင်းသုတေသနလုပ်ငန်းနယ်ပယ်၏ အဓိကဦးတည်ချက်မဟုတ် သောကြောင့် ဤအစီရင်ခံစာတွင် အသေးစိတ်ဖော်ပြထားခြင်းမရှိပါ။ ဤနေရာတွင် မြန်မာနိုင်ငံ ဥပဒေစိုးမိုးရေး၏ အခြားသောရှုထောင့်များကို ပုံဖော်ပေးနေသော သိသာထင်ရှားသည့် အချက်တစ်ချက်အဖြစ် အကျဉ်းချုပ်လေ့လာတင်ပြခြင်းဖြစ်ပါသည်။

လူအများ၏ လေးစားမှုခံရသော မွန်ပြည်နယ်ခေါင်းဆောင်တစ်ဦးက တိုင်းရင်းသားလူမျိုးစုများအားလုံးအတွက် သာတူညီမျှမှုကိုအခြေခံသည့် ဖက်ဒရယ်ပြည်ထောင်စုစနစ်ကို ထောက်ခံကြောင်း ခံစားမှုပြင်းစွာဖြင့် ဖော်ပြခဲ့ပါသည်။

---

[6] Kramer, Ending 50 years of military rule? Prospects for peace, democracy and development in Burma (November 2012) p.3. Kramer က ဒုတိယအကြိမ်ဖြစ်ပေါ်သော ပဋိပက္ခကို `နိုင်ငံတော်ကို အုပ်ချုပ်ရာတွင် အုပ်ချုပ်ရေး၊ ဥပဒေပြုရေးနှင့် တရားစီရင်ရေးတို့တွင် လက်ရှိအချိန်အထိ တပ်မတော်က အပြည့်အဝထိန်းချုပ်ထားခြင်းကြောင့် ရှုန်းကန်နေရခြင်း´ဖြစ်သည်ဟု ဖော်ပြခဲ့ပါသည်။

ဒီနိုင်ငံမှာ ၁၉၄၈ ခုနှစ်ကတည်းက လက်နက်ကိုင်ပဋိပက္ခတွေဖြစ်နေခဲ့တာ၊ ဒီရွာမှာဆိုရင် အရင်က အိမ်ထောင်စု (၄၅၀၀) နဲ့ ဘုန်းကြီးကျောင်း (၅) ကျောင်းရှိခဲ့တယ်။ ဒီပြည်နယ်ရဲ့ တခြားဒေသတွေလိုပဲ၊ ဒီရွာမှာ ရှိတဲ့ အိမ်အားလုံးကို ဗမာတွေက မီးရှို့ပစ်တော့ ကျွန်တော်တို့ တောထဲကို သွားနေကြရတယ်။ ကျွန်တော် (၁၀) နှစ်သားတုန်းက ဒီကိစ္စကို ကျွန်တော့်မျက်စိနဲ့ကို မြင်ခဲ့ရတာ။ မွန်လူမျိုးတွေက အခုအချိန်အထိ နလံမထူနိုင်သေးဘူး။ ဦးခင်ညွန့်နဲ့ ညှိနှိုင်းလို့ရခဲ့တဲ့ ၁၉၉၅ ခုနှစ် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ကလည်း ပဋိပက္ခကို ရပ်ဖို့ ရည်ရွယ်ချက် မရှိခဲ့ဘူး။ တကယ့်ရည်ရွယ်ချက်က နိုင်ငံခြား ပိတ်ဆို့မှုတွေ ဖယ်ရှားဖို့ဘဲ။ မြန်မာနိုင်ငံမှာ လက်ကိုင်ကိုင်ပဋိပက္ခတွေက တကယ်တော့ နိုင်ငံရေးပြဿနာဖြစ်တယ်၊ ဒါကြောင့် အပစ်အခတ်ရပ်စဲရုံလောက်နဲ့ ဘာမှအဓိပ္ပါယ်မရှိဘူး။ ဒီအပစ်အခတ်ရပ်စဲရေးက (၁၇) နှစ်ကြာခဲ့ပြီ။ ဦးအောင်မင်းနဲ့ ဦးအုန်းမြင့်တို့က NMSP နဲ့အပစ်အခတ်ရပ်စဲပြီး ခြောက်လကြာတာနဲ့ နိုင်ငံရေးဆွေးနွေးပွဲတွေစမယ်လို့ (၂၀၁၂ ခုနှစ်မှာ) ကတိပေးခဲ့တယ်။ အခု နှစ်နှစ်ကြာပြီးတဲ့အထိ ဘာဆွေးနွေးပွဲမှ မလုပ်နိုင်ဘူး။ သူတို့ရော၊ ဒီအစိုးရရော၊ စစ်အစိုးရရော ကတိမတည်ကြဘူး။ ကျွန်တော်တို့က တိုင်းရင်းသား/လူမျိုးစုတွေကို အခြေခံတဲ့ ဖက်ဒရယ်ပြည်ထောင်စုစနစ်ကို ထောက်ခံတယ်။ ဗမာအစိုးရက တိုင်းရင်းသားတွေ သာတူညီမျှမှုကို လက်ခံရမယ်။ ကျွန်တော်တို့က မြန်မာနိုင်ငံကနေ ခွဲမထွက်ပါဘူး။ ကျွန်တော်တို့ ညီညီညွတ်ညွတ်နဲ့ ငြိမ်းငြိမ်းချမ်းချမ်း အတူနေချင်ပါတယ်။ နိုင်ငံတကာအဖွဲ့အစည်းတွေ မြန်မာနိုင်ငံကို ဒီမိုကရေစီရရှိရေးကိုပဲ အဓိကထားဆောင်ရွက်နေကြတယ်။ ဒီတလမ်းထဲကိုဘဲ သုံးနေကြတယ်။ တကယ်ကတိုင်းရင်းသားတွေ ဘယ်လိုသာတူညီမျှမှု ရှိအောင်လုပ်ရမလဲဆိုတာက အဓိက သူတို့မြန်မာနိုင်ငံသားတွေကို ကိုယ့်ကြမ္မာ ကိုယ်ဖန်တီးခွင့်ရရေးနဲ့ ဗဟိုချုပ်ကိုင်မှုလျှော့ချရေးကို ရောပြီးမြင်အောင်မလုပ်သင့်ဘူး။ ဗဟိုချုပ်ကိုင်မှုလျှော့ကျသွားတာ တစ်ခုတည်းနဲ့ ပြဿနာကို ဖြေရှင်းလို့ မရဘူး။

အခြားတစ်ဖက်တွင်လည်း မွန်ပြည်နယ်ရှိ ဗမာလူမျိုး နိုင်ငံရေးပါတီကိုယ်စားလှယ်တစ်ဦးက တိုင်းရင်းသား လက်နက်ကိုင်အုပ်စုများ၏ တောင်းဆိုချက်များမှာ `အလွန်များပြီး၊ ရည်မှန်းချက်အလွန်ကြီးမားကြောင်း´ ၄င်း၏ ထင်မြင်ချက်ကို ဖော်ပြခဲ့ပါသည်။

ကျွန်တော်တို့လိုချင်တာက လက်နက်ကိုင်ပဋိပက္ခတွေ ပြီးဆုံးဖို့နဲ့ ငြိမ်းချမ်းရေးရဖို့ပါ။ -- လက်ရှိ ဆွေးနွေးပွဲတွေမှာ လက်နက်ကိုင်အုပ်စုတွေရဲ့ တောင်းဆိုချက်တွေကက အရမ်းများပြီး၊ သိပ်ရည်မှန်းချက်ကြီးလွန်းနေတယ်။ သူတို့ သိထားရမှာက တစ်ရက်တည်းနဲ့ အားလုံးကို ပြန်မရနိုင်ဘူး။ -- မွန်ပြည်နယ်မှာရှိတဲ့ လူတွေက ဗမာတွေ ကောင်းကြောင်းမပြောကြဘူး။[7] တိုင်းရင်းသားတွေကလည်း စစ်တပ်ကို မယုံကြည်ကြဘူး။ စစ်တပ်မှ မဟုတ်ဘူး၊ ဗမာတွေအားလုံးကို မယုံကြတာ။-- မွန်ပြည်သူတွေက ကိုယ်ပိုင်ဘာသာစကားနဲ့ ကိုယ်ပိုင်အစိုးရတည်ထောင်ဖို့ ကြိုးစားနေကြတာ။ သူတို့ကိုသူတို့ ဒီနိုင်ငံရဲ့ အစိတ်အပိုင်းတစ်ခုလို့ မမြင်ကြဘူး။ ကျွန်တော့်အသက် (၆၅)နှစ်ရှိပြီ။ ကျွန်တော့်တစ်သက်လုံး ဒီလက်နက်ကိုင်ပဋိပက္ခတွေ ဖြစ်ခဲ့ကြတယ်။ ကျွန်တော်တော့ ဒီပဋိပက္ခတွေကို ပြီးဆုံးစေချင်ပြီ။ ပြဿနာရဲ့ အခုအခြေအနေကတော့ မိုင်းပုံးနားမှာ မီးခြစ်ထားသလိုဘဲ။ ဒီပြဿနာကို ဖြေရှင်းဖို့ နည်းလမ်း (၂)ခုရှိတယ်၊ ပထမနည်းလမ်းက တိုင်းရင်းသား လက်နက်ကိုင်အုပ်စုတွေက သူတို့ရဲ့ တောင်းဆိုချက်တွေကို လျှော့ပေးဖို့နဲ့၊ ဒုတိယ တစ်ချက်က ပြည်သူတွေအတွက် ပိုင်ရှင်ဖြစ်စိတ် (ownership) ခံစားရအောင်လို့ (အာဏာကို) ပြည်ထောင်စုကနေ ပြည်နယ်တွေကို ခွဲဝေပေးဖို့ဖြစ်ပါတယ်။

[7] တုန့်ပြန်ဖြေဆိုသူများက ရည်ညွှန်းပြောဆိုသည့် `ဗမာ´ ဆိုသည်မှာ တိုင်းရင်းသားလူမျိုးတစ်မျိုးဖြစ်သည့် `ဗမာလူမျိုး´ကို ဆိုလိုခြင်းဖြစ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက တစ်နိုင်ငံလုံး၏ ပြုပြင်ပြောင်းလဲရေးအစီအစဉ်တွင် ပေါ်ပေါက်နေသော လူမှုရေး၊ စီးပွါးရေးနှင့် နိုင်ငံရေးပြဿနာများအား ခြုံငုံသုံးသပ်ပြောဆိုရာတွင်၊ တိုင်းရင်းသား လက်နက်ကိုင်အုပ်စုများနှင့် အပစ်အခတ်ရပ်စဲရေးဆွေးနွေးပွဲများ၏ နိုင်ငံရေးရှုထောင့်များနှင့်ပတ်သက်သည့် ထင်မြင်ချက်များကို မျှဝေပြောကြားခဲ့ပါသည်။

> အစိုးရက ဦးဆောင်ပြီးတော့ အပေါ်ပိုင်းအဆင့်မှာ လုပ်တဲ့ ငြိမ်းချမ်းရေးဆွေးနွေးပွဲတွေမှာ ပွင့်လင်းမြင်သာမှု မရှိဘူး။ လက်နက်ကိုင်အုပ်စုတွေနဲ့ ယုံကြည်မှုတည်ဆောက်ရမဲ့အစား လူ့စွမ်းအားအရင်းအမြစ်တွေနဲ့ ငွေကို ငြိမ်းချမ်းရေးတည်ဆောက်နေတာပါ။ ပထမဦးဆုံးက ယုံကြည်မှုတည်ဆောက်ရမယ်၊ ပြီးမှ သယံဇာတတွေ ကို ခွဲဝေတာ လုပ်ကြရမှာ။ အစိုးရကလည်း အာဏာနဲ့ သယံဇာတတွေကို မျှမျှတတ ခွဲဝေပေးထားတဲ့ ဖက်ဒရယ်စနစ်ကို သွားဖို့ ဆွေးနွေးသင့်တယ်။ ပြည်နယ်/တိုင်းဒေသကြီးအစိုးရတွေကို အာဏာ သုံးပုံနှစ်ပုံ လောက် ခွဲဝေပေးမယ်ဆိုရင် လက်ခံနိုင်လောက်တယ်။

မွန်ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးတစ်ဦးကလည်း ပြည်ထောင်စုအစိုးရမှ ပြည်နယ်/တိုင်းဒေသကြီးအစိုးရများသို့ ပိုမိုခွဲဝေပေးရန် ထောက်ခံအားပေးခဲ့ပါသည်။

## (ခ-၂) အပစ်အခတ်ရပ်စဲမှုနှင့်သက်ဆိုင်သောစီးပွားရေးအခြေအနေ

သုတေသနအဖွဲ့က သွားရောက်လေ့လာခဲ့သည့် နေရာများသည် ယခင်က အစိုးရနှင့် NSAG နှစ်ဖွဲ့လုံးက ထိန်းချုပ်ထားသည်ဟု သတ်မှတ်ထားသော နေရာများဖြစ်ကြပါသည်။[8] ထိုဒေသများရှိ ဒေသခံအချို့နှင့် အရပ်ဖက် လူမှုအဖွဲ့အစည်းကိုယ်စားလှယ်အချို့တို့က အပစ်အခတ်ရပ်စဲရေးသဘောတူညီချက် ရရှိပြီးသည့်အချိန်မှစ၍ လုံခြုံရေး အခြေအနေ ပိုကောင်းလာခြင်း၊ အလုပ်အကိုင်နှင့် စီးပွါးရေး အခွင့်အလမ်းသစ်များကို ပိုမို မျှော်မှန်းလာနိုင်ခြင်း၊ အထမ်းလုပ်သားများ/အဓမ္မလုပ်သား (porters/ forced labors) များအဖြစ် အဖမ်းခံရရန် ကြောက်လန့်နေရမှုနည်းလာခြင်း၊ ခရီးသွားခြင်းနှင့် ရွှေ့ပြောင်းရာတွင်ပိုမိုလွယ်ကူလာခြင်းတို့ကို မှတ်ချက်ပြု ပြောကြားခဲ့ကြပါသည်။ သိသာသောဥပမာတစ်ခုမှာ အစိုးရမဟုတ်သော လက်နက်ကိုင်အဖွဲ့များ (NSAG) က တပ်သားသစ်များစုဆောင်းရန် စိတ်ဝင်စားကြောင်းကိုသာ ဖော်ပြခဲ့သော်လည်း၊ ၎င်းတို့သည် လူကုန်ကူးခံရသူများ ပြန်လည်ရောက်ရှိရေးအတွက် အကူအညီပေးခဲ့ကြောင်း ပြောကြားခဲ့ကြပါသည်။

သို့ရာတွင် အခြားသော ပူးပေါင်းပါဝင်သူများကမူ NSAG များသည် လုံခြုံမှုကိုထိခိုက်စေ လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်နေကြောင်း ဝေဖန်ခဲ့ကြပါသည်။[9] အရပ်ဖက်လူမှုအဖွဲ့အစည်းကိုယ်စားလှယ်တစ်ဦးက ထိုပြဿနာကို အောက်ပါအတိုင်းတင်ပြခဲ့ပါသည်။

> လက်နက်ကိုင်အုပ်စုတွေရှိနေတော့ ပြည်သူတွေက လုံခြုံနေပြီလို့ ဘယ်လိုလုပ် ခံစားရမလဲ။ ပြည်သူတွေက သူတို့ (လက်နက်ကိုင်အဖွဲ့တွေ) ဘယ်သူတွေမှန်းလဲ မသိကြဘူး။

ဒေသခံအုပ်ချုပ်ရေးမှူးတစ်ဦးကလည်း အောက်ပါအတိုင်းအသေးစိတ် ပြောကြားခဲ့ပါသည် -

---

[8] သုတေသနပြုလုပ်ခဲ့သည့်နေရာများတွင် မွန်ပြည်သစ်ပါတီ (NMSP) နှင့် တက်ကြွသော ဒီမိုက်ရက်တစ် ကရင်အမျိုးသားတပ်ဦး (DKBA) (ယခင်က တက်ကြွသောကရင်ဗုဒ္ဓဘာသာတပ်ဦး)တို့၏ လှုပ်ရှားမှုအချို့ရှိနေသော နေရာများပါဝင်ပါသည်။ တပ်မတော်အစိုးရနှင့် မွန်ပြည်သစ်ပါတီတို့သည် ၁၉၉၅ ခုနှစ်တွင် ပထမအကြိမ်အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ရရှိခဲ့ပါသည်။ ထို့အတူ DKBA နှင့် လည်း ၁၉၉၄ ခုနှစ်နှောင်းပိုင်း/၁၉၉၅ ခုနှစ်အစောပိုင်းတွင် သဘောတူညီချက်ရရှိခဲ့ပါသည်။

[9] ဤအစီရင်ခံစာတွင် တိုက်ရိုက်သုံးနှုန်းဖော်ပြထားခြင်းမရှိပါက တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ ကို (မွန်ပြည်သစ်ပါတီ၊ KNU, စသည်ဖြင့်) နှင့် ခွဲထွက်အဖွဲ့များ (DKBA စသည်ဖြင့်) ကို သီးခြားစီ ခွဲထုတ်ရေးသားမည်မဟုတ်ပါ။

လက်နက်ကိုင်အုပ်စုတွေနဲ့ ဆက်ဆံရတာ မလွယ်ဘူး။ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် မရခင်က ဆိုရင် (ဒီအဖွဲ့တွေ) ရွာထဲကို ဒီလိုပုံစံနဲ့ အဝင်အထွက်မလုပ်ရဲဘူး။ အပစ်ရပ်ပြီးတဲ့နောက်ပိုင်းမှာ (ရွာတွေနဲ့ NSAG တွေကြားမှာ) ဆက်ဆံရေးပိုဆိုးလာတယ်။ ဒီဇရိယာကို စစ်တပ်က စောင့်ကြည့်နေတဲ့အချိန်ကဆိုရင် ကျွန်တော်တို့နဲ့ အနီးအနားက လူတွေရဲ့လုံခြုံရေးကို တာဝန်ယူတယ်။ အခုကျွန်တော်တို့ NSAG တွေနဲ့ အလုပ်လုပ်တဲ့အခါမှာ အရမ်းသတိထားရတယ်။ သူတို့နဲ့ ဘယ်လိုဆက်ဆံရမှန်းကို မသိတော့ဘူး။ သူတို့ ပြောသမျှ၊ လုပ်သမျှတွေမှာ ခြိမ်းခြောက်မှုတွေပါနေတယ်။ ပြဿနာတစ်ခုခုဖြစ်ရင် အဲဒါ ကျွန်တော်တို့ (ရွာသားတွေ) တာဝန်ယူရတယ်။ သူတို့လဲ ဥပဒေနဲ့အညီနေသင့်တယ်။ သူတို့မှာ ဥပဒေရှိလားမရှိလား ကျွန်တော်လဲ မသိဘူး။ အမှန်ဆိုရင်၊ အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်အရ သူတို့လဲ ကျွန်တော်တို့ ဥပဒေတွေ၊ စည်းကမ်းတွေကို လိုက်နာသင့်တယ်။ ဒီဒေသတွေမှာက ပြဿနာတွေကို ဖြေရှင်းဖို့အတွက် NSAG တွေနဲ့ ပုဂ္ဂိုလ်ရေးအဆက်အသွယ်ရှိတဲ့ လူတွေကို အားကိုးနေရတယ်။

နိုင်ငံရေးပါတီကိုယ်စားလှယ်များနှင့် အရပ်ဖက်လူမှုအဖွဲ့အစည်းတွင် ပါဝင်သူ ပုဂ္ဂိုလ် များက NSAG အဖွဲ့များအား တရားမဝင်အခွန်ကောက်ခြင်း၊ မူးယစ်ဆေးဝါးထုတ်လုပ်/သယ်ဆောင်ခြင်း၊ တရားမဝင်မော်တော်ယာဉ်များ တင်သွင်းခြင်း၊ တရားမဝင်ကျွန်ုအကုန်သွယ်ခြင်းတို့တွင် ပါဝင်နေကြောင်း ပြောဆိုခဲ့ကြပါသည်။ အရပ်ဖက်လူမှုအဖွဲ့အစည်းတွင် ပါဝင်သူ ပုဂ္ဂိုလ် တစ်ဦးက အောက်ပါထင်မြင်ချက်ကို ဖော်ပြခဲ့ပါသည်။

ဒီမှာက ပြဿနာတွေ အများကြီးရှိတယ်။ ဥပမာ- မူးယစ်ဆေးဝါးနဲ့ တရားမဝင်ကားတင်သွင်းတာတွေ။ ဘယ်သူတွေက ဒါတွေကို လုပ်နေတယ်ဆိုတာ ကျွန်တော်တို့ စဉ်းစားကြည့်နိုင်ပါတယ်။ ဒါပေမဲ့ ဘယ်သူမှ အရေးမယူကြဘူး။ တာဝန်လဲ မယူကြဘူး။ ဖြစ်နိုင်တာကတော့ အစိုးရနဲ့ နားလည်မှုယူထားပြီး၊ အစိုးရက မျက်စိမှိတ်ထားပေးတာပဲဖြစ်ရမယ်။ သာမန်လူတွေကတော့ ဒီအကျိုးဆက်တွေကို ခံစားနေကြရတယ်။

နောက်ထပ် အရပ်ဖက်လူမှုအဖွဲ့ အစည်းတွင် ပါဝင်သူ ပုဂ္ဂိုလ် တစ်ဦးကနိုင်ငံတော် အာဏာသက်ရောက်မှု အားနည်းသည့် ဒေသများ၏ အခြေအနေကို အောက်ပါအတိုင်း အသေးစိတ်ပြောကြားခဲ့ပါသည်။

မြစ်ရဲ့ ဟိုဘက်ကမ်းမှာ ရဲစခန်းမရှိဘူး။ (မွန်နဲ့ ကရင်) လက်နက်ကိုင်အဖွဲ့တွေနဲ့ ပြည်သူ့စစ်အဖွဲ့တွေပဲ ရှိတယ်။ ထိုင်းနိုင်ငံဘက်က ကားတွေသွင်းလာပြီးတော့ ဒေသခံတွေကို ရောင်းကြတယ်။ ဒီကားတွေက လိုင်စင်မရှိတော့ လက်နက်ကိုင်အဖွဲ့တွေကို ပိုက်ဆံ ၅၀၀၀၀ (ကျပ်) ပေးပြီးမှ ပြည်နယ်ထဲမှာ ခရီးသွား တာတို့၊ လုပ်ငန်းသုံးတာတို့ လုပ်လို့ရတယ်။ ကားဈေးတွေက တကယ်ပေါက်ဈေးထက် (၅) ဆလောက်နည်း တယ်။ ဒါတွေက တရားဝင်သဘောတူထားတာ မဟုတ်ဘူး။ လက်နက်ကိုင်အဖွဲ့တွေနဲ့ ပြည်နယ်အစိုးရ ကြားမှာ ဖွင့်မပြောတဲ့ သဘောတူညီချက်တွေ ရှိနေတယ်။ ပြည်သူတွေက သေနတ်တွေကို ကြောက်ကြ တယ်။ ဒီမှာက အဖွဲ့တွေ အများကြီး ရှိနေတော့ တရားဥပဒေစိုးမိုးမှုလည်း မရှိတော့ဘူး။ အနည်းဆုံး မွန်အုပ်စု (၃) စုနဲ့ ကရင်အုပ်စု (၃) စုလောက်ရှိတယ်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တစ်ဦးကလည်း NSAG များ၏ တရားမဝင်အခွန်ကောက်ခံသည့် ဖြစ်စဉ်ကို ရှင်း ပြခဲ့ပါသည်။

ပြည်သူတွေက NSAG တွေ ထုံးစံမဟုတ်တဲ့ အခွန်တွေ ကောက်နေတယ်လို့ စောဒကတက်နေကြတယ်။ ဒီနေရာမှာတော့ ဒါတွေက ဖြစ်နေအုံးမှာပဲ၊ ဘာကြောင့်လဲဆိုတော့ (NSAG အဖွဲ့ဝင်တွေက) အသက်မွေး ဝမ်းကြောင်းလုပ်ဖို့ အခက်အခဲတွေရှိနေတယ်။

အရပ်ဖက်လူမှုအဖွဲ့အစည်းမှ ပုဂ္ဂိုလ်တစ်ဦးက အပစ်အခတ်ရပ်စဲရေးတွင် ဥပဒေစိုးမိုးရေးရှိသင့်ကြောင်းကို အထူးပြု၍ ဂေဖန်ခဲ့ပါသည်။

> အပစ်ရပ်အဖွဲ့တွေထဲက အဖွဲ့ဝင်တချို့က လက်နက်တွေ ကိုင်ထားကြပြီး၊ သူတို့ကိုယ်သူတို့ (ဒီလက်နက်တွေနဲ့) ဥပဒေကို စောင့်ရှောက်နေတယ်လို့ ထင်နေကြတယ်။ သူတို့က အခွန်တွေလည်း ကောက်သေးတယ်။ အပစ်အခတ်ရပ်စဲရေးမှာ အပစ်ရပ်အုပ်စုတွေက ဥပဒေသက်ရောက်ရေးလုပ်ဖို့ လုပ်ပိုင်ခွင့်ပေးထားလား။ နိုင်ငံရေးအရ အဖြေမရှာခင်မှာ ပထမဆုံးအနေနဲ့ ဥပဒေစိုးမိုးဖို့ လိုအပ်တယ်။

ဤအပိုင်းတွင် ဖော်ပြထားသည့် တွေ့ရှိချက်များသည် အများအားဖြင့် အငြင်းပွါးစရာမရှိဘဲ၊ ကျေနပ်ဖွယ်ဖြစ်ပါသည်။ တိုင်းရင်းသားပဋိပက္ခများကြောင့် အကျိုးသက်ရောက်ခံနေရသည့် ဤဒေသများတွင် ဥပဒေစိုးမိုးရေး ခိုင်မာစေရန်နှင့် တရားမျှတမှုကို ပိုမိုလက်လှမ်းမီစေရန်အတွက် (ယင်းပဋိပက္ခဒဏ် မခံစားရသည့် အခြားသောဒေသများနှင့် နှိုင်းယှဉ်ပါက) နိုင်ငံရေးနှင့် အဖွဲ့အစည်းဆိုင်ရာရှုပ်ထွေးမှုများ၊ ထိခိုက်လွယ်မှုများရှိနေပြီး၊ အများပြည်သူများ၏ ယုံကြည်မှုပိုမိုရရှိရေးကို တည်ဆောက်ရာတွင် စိန်ခေါ်မှုများလည်း ရှိနေပါသည်။ ဤပြဿနာကို အသေးစိတ်ချိတ်ဆက်လေ့လာခြင်းသည် ဤအစီရင်ခံစာ၏ အဓိကရည်ရွယ်ချက် မဟုတ်သော်လည်း၊ ဤအစီရင်ခံစာပါ အခြားသော တွေ့ရှိချက်များအား တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက် သက်ရောက်နေသော ပြဿနာတစ်ခုဖြစ်နေ ကြောင်း မှတ်ချက်ပြုလိုပါသည်။

## (ဂ) အဂတိလိုက်စားမှု

လာဘ်ပေးလာဘ်ယူမှုနှင့် ရာထူး/လုပ်ပိုင်ခွင့် အလွဲသုံးစားလုပ်မှု နှစ်ခုလုံးပါဝင်သော အဂတိလိုက်စားမှုသည် သုတေသနတွင် ပူးပေါင်းပါဝင်ပြောဆိုကြသော အလွှာမျိုးစုံမှပုဂ္ဂိုလ်များက (အနိမ့်ဆုံးကျေးရွာအဆင့်ရှိ ဒေသခံများမှသည် ပြည်ထောင်စုအဆင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ်များအထိ) တညီတညွတ်တည်း ပြောကြားကြသော ခေါင်းစဉ်တစ်ခုဖြစ်ပါသည်။ ပူးပေါင်းပါဝင်သူအချို့က အဂတိလိုက်စားမှုသည် စီးပွါးရေး လိုအပ်ချက်များကြောင့် ဖြစ်ကြောင်း ပြောကြားခဲ့ပြီး၊ အများစုကမူ ထိုကိစ္စအတွက် ရှင်းလင်းချက် သို့မဟုတ် အကြောင်းပြချက် မပေးခဲ့ ကြပါ။ သို့ရာတွင် အဂတိလိုက်စားမှုသည် မြန်မာနိုင်ငံ လူ့အသိုက်အဝန်းတွင် အမြစ်တွယ်နေသော ပြဿနာ တစ်ခုဖြစ်ကြောင်း ရိုးရှင်းစွာ အသိအမှတ်ပြုခဲ့ကြပါသည်။ အခြားသူများကမူ အထူးသဖြင့် တရားစီရင်ရေးစနစ်နှင့် ပတ်သက်လာပါက ဤပြဿနာကို ပိုမိုအဆိုးမြင်ကြောင်းနှင့် အဆင့်မြင့် အာဏာပိုင်များက တရားရေးစနစ်ကို ကိုင်တွယ်ထိန်းချုပ်ထားခြင်းကြောင့်ဖြစ်ကြောင်း ဖော်ပြခဲ့ကြပါသည်။

ပထမအပိုင်းငယ်တွင် အစိုးရဝန်ထမ်းများအား နေထိုင်စရိတ်နှင့်နှိုင်းယှဉ်ပါက လစာ မလုံမလောက် ပေးထားသည် ဟူသော ပြဿနာအား သုတေသနပူးပေါင်းပါဝင်သူများက ဖွဲ့စည်းတည်ဆောက်ပုံရှုထောင့်မှ မည်သို့ဖော်ပြကြကြောင်းကို အစီရင်ခံထားပါသည်။ ဒုတိယအပိုင်းငယ်တွင် အဂတိလိုက်စားမှုကို အဖွဲ့အစည်းနှင့် ယဉ်ကျေးမှု ရှုထောင့်များမှ ထုတ်ဖော်ပြထားပြီး၊ အထူးသဖြင့် ပညာရေးနှင့် တရားစီရင်ရေးစနစ်များတွင် အဂတိ လိုက်စားမှု အမြစ်တွယ်နေသည့် သဘာဝကို မှတ်ချက်ပြုထားပါသည်။

### (ဂ - ၁) အခြေခံလစာကွာဟမှု

သုတေသနတွင် ပူးပေါင်းပါဝင်သူအချို့က အစိုးရဝန်ထမ်းများသည် လစာနည်းပါးကြောင်းနှင့် ထိုသို့ ငွေကြေး မဖူလုံမှုက အဂတိလိုက်စားမှုကိုဖြစ်စေသော အကြောင်းအရင်းတစ်ရပ်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။ ရန်ကုန်တိုင်း ဒေသကြီး လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက အောက်ပါအတိုင်း ဖော်ပြခဲ့ပါသည်။

> ဆင်းရဲနွမ်းပါးမှုလျှော့ချဖို့နဲ့ အဂတိလိုက်စားမှုကို တိုက်ဖျက်ဖို့ကို ရည်မှန်းထားရင် အစိုးရဝန်ထမ်းတွေရဲ့ သက်သာချောင်ချိရေးကို ဦးတည်သင့်တယ်။ သူတို့တွေ လုံလုံလောက်လောက် မရဘူးဆိုရင် အဂတိလိုက်စားကြမှာဘဲ။

နောက်ထပ် ပူးပေါင်းပါဝင်သူတစ်ဦးကလည်း အစိုးရဝန်ထမ်းများ၏ (လစဉ်) လစာငွေများကို ဥပမာအနည်း ငယ်ဖြင့် ပြောကြားခဲ့ရာ အထက်တန်းကျောင်းအုပ်တစ်ဦးသည် အမေရိကန်ဒေါ်လာ (၁၄၅)၊ မူလတန်းဆရာ/မ တစ်ဦးသည် အမေရိကန်ဒေါ်လာ (၁၀၀)၊ အစိုးရဆေးရုံတွင် အလုပ်လုပ်သော ဆရာဝန်တစ်ဦးသည် အမေရိကန် ဒေါ်လာ(၁၀၀)ရရှိကြောင်း သတင်းအချက်အလက်မျှဝေခဲ့ပါသည်။ ပူးပေါင်းပါဝင်သူအချို့ကလည်း မြင့်တက်နေ သော နေထိုင်မှုစရိတ်များနှင့် ပုံမှန်ငွေဖေါင်းပွမှုများကို ရည်ညွှန်းခဲ့ကြပြီး၊ (မှီခိုသူမပါဝင်သော) လူတစ်ဦးသည် ဘဂတွင်ဂုဏ်ရှိစွာနေထိုင်နိုင်ရန်အတွက် လက်ရှိဝင်ငွေထက် အနည်းဆုံးနှစ်ဆ လိုအပ်ကြောင်း ခန့်မှန်းခဲ့ကြ ပါသည်။ နိုင်ငံရေးပါတီကိုယ်စားလှယ်တစ်ဦးက အစိုးရဝန်ထမ်းများအနေဖြင့် အထက်အရာရှိများ လာရောက်သည့် အခါ ဧည့်ခံစရိတ်များကို ကျခံကြရကြောင်း ဥပမာတစ်ခုကို ပြောကြားခဲ့ပါသည်။

**Box – (၁)**

မြို့နယ် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန ဝန်ထမ်းတွေက ပြည်သူတွေဆီက လာဘ်ငွေတွေကို ပွင့်ပွင့်လင်းလင်း တောင်းနေကြတယ်။ ကျွန်တော်က ဒီလိုတောင်းတာ အဂတိလိုက်စားမှုထဲမှာ ပါတယ်လို့ ရှင်းပြတော့ ဝန်ထမ်း တွေက ဒုတိယဝန်ကြီးလာရင် သူတို့ ဧည့်ခံရမယ်၊ ဒီခရီးစဉ်အတွက် ကုန်ကျစရိတ်ကလည်း များတယ်လို့ ပြန်ပြောပါတယ်။ ဝန်ထမ်းတွေ နောက်ထပ်ရှင်းပြတာကတော့ သူတို့တွေမှာ အကြွေးတွေတင်နေတယ်၊ ဝင်ငွေကလည်း မလုံလောက်ဘူး၊ နိုင်ငံတော်အဆင့် လူကြီးတွေလာရင် သူတို့ရဲ့ ကိုယ်ပိုင်ငွေကြေးကို သုံးကြရတယ်။ ဒါနဲ့ ကျွန်တော်က ပြည်သူတွေဆီက ငွေတောင်းတာထက်၊ ပြည်သူတွေ လုပ်ပေးနိုင်တဲ့ ကိစ္စရပ်တွေကို အကူအညီ တောင်းသင့်တယ်။ ဒါမှ ဆင်းရဲတဲ့သူတွေက နည်းနည်းပဲပေးရမှာလို့ သူတို့ကို အကြံပြုခဲ့တယ်။ ဒါက လက်ရှိဝန်ထမ်းတွေ လုပ်နေရတဲ့ အခြေအနေကို ပြောပြတာပါ။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကလည်း ပုဂ္ဂလိကရေးအရ ပါဝင်ပတ်သက်မှုများစွာ ရှိနေသည့် ကျယ်ပြန့်စွာ အမြစ်တွယ်နေသော အဂတိလိုက်စားမှုပြဿနာကို ကိုယ်တွယ်ဖြေရှင်းရန် လန့်မိကြောင်း ဤသို့မှတ်ချက်ချပြောကြားခဲ့သည်။

> အခြေခံအဆင့်တွင်ရှိနေသည့် အစိုးရဝန်ထမ်းများသည် ၄င်းတို့၏ စိတ်နေစိတ်ထားကို မပြောင်းလဲကြပါ။ အဘယ်ကြောင့်ဆိုသော် ၄င်းတို့သည် သင့်တော်သော ဝင်ငွေ သို့မဟုတ် ပံ့ပိုးမှု မရရှိကြသောကြောင့် ဖြစ်ပါ သည်။ ၄င်းတို့သည် ၁၉၇၄ ခုနှစ်ကတည်းကစ၍ လွန်ခဲ့သော နှစ် (၄၀) အတွင်း ဤစနစ်နှင့် ကျင့်သားရ နေခဲ့ကြပါသည်။ ၄င်းတို့၏ ရှင်သန်နေထိုင်ရေးအတွက် မိမိကိုယ်ကိုသာ အားကိုးကြရပါသည်။ ၁၉၈၈ ခုနှစ် နောက်ပိုင်းတွင် အစိုးရက အခြေခံလိုအပ်ချက်များကိုပင် မထောက်ပံ့ပေးတော့ပါ။ ဥပမာအားဖြင့် တရား သူကြီးများသည် နေစရာအိမ် သို့မဟုတ် သယ်ယူပို့ဆောင်ရေးယာဉ်များ မရကြပါ။ လူများက အဂတိ လိုက်စားလာကြပြီး၊ ယခုအခါ ထိုပြဿနာကို ဖြေရှင်းရန် ကြောက်ရွံ့နေကြပါသည်။ ဝန်ထမ်းငယ်များသည် လာဘ်ငွေများ ရယူနေဆဲဖြစ်ပြီး၊ ပြည်သူများအား ဝန်ဆောင်မှုပေးရန် စိတ်ဆန္ဒမရှိကြတော့ပါ။

အခြားသောအရပ်ဖက်လူမှုအဖွဲ့အစည်းကိုယ်စားလှယ်တစ်ဦးကလည်း ပုဂ္ဂလိကရေးအဆင့်အထိ အမြစ်တွယ် နေသော လာဘ်ပေးလာဘ်ယူမှုနှင့် အဂတိလိုက်စားမှုများကြောင့်လည်းကောင်း၊ ကန့်သတ်ချုပ်ချယ်သော အဖွဲ့အစည်းဆိုင်ရာ လုပ်ပိုင်ခွင့်နှင့်အာဏာများကို ကြောက်ရွံ့သောကြောင့်လည်းကောင်း၊ အစိုးရ၏ ဗျူရိုကရေစီစနစ်သည် နိုင်ငံအဆင့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်အတွက် အကြီးမားဆုံးသော စိန်ခေါ်မှု ဖြစ်နေကြောင်း ဆင်တူသော အမြင်တစ်ခုကို ဖော်ပြခဲ့ပါသည်။

### (၈-၂) ပြုပြင်ရန်မလွယ်ကူသော အလေ့အထများ

သုတေသနတွင် ပူးပေါင်းပါဝင်ကြသူများက ယေဘုယျအားဖြင့် အဂတိလိုက်စားမှုသည် နေရာအနှံ့တွင် ကျယ်ပြန့်စွာပြန့်နှံ့နေသော ပြဿနာတစ်ခုဖြစ်ကြောင်း အဂတိလိုက်စားမှုအပေါ် ၎င်းတို့၏အမြင်ကို ဖော်ပြခဲ့ပါသည်။ ဒေသခံ ခေါင်းဆောင်တစ်ဦးကလည်း အစိုးရဝန်ထမ်းများအနေဖြင့် လစာများတိုးမြှင့်ရရှိသည့် တိုင်အောင်၊ `ခေါက်ရိုးကျိုးနေပြီဖြစ်သဖြင့်´ အမြစ်တွယ်နေပြီဖြစ်သော အဂတိလိုက်စားမကို ဆက်လက်ပြုလုပ် ကြမည်ဖြစ်ကြောင်း ၎င်း၏အမြင်ကို ဖော်ပြခဲ့ပါသည်။ ဤအဂတိလိုက်စားမှုအလေ့အထသည် `အဆိပ်ပင် ရေလောင်းသကဲ့သို့´ဖြစ်နေသော်လည်း၊ လူများ၏ စိတ်သဘောထားကို ပြောင်းလဲရန် မျိုးဆက်တစ်ဆက်ခန့် ကြာမြင့်နိုင်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့ပါသည်။

မြေပုံရေးဆွဲသည့် သုတေသနလုပ်ငန်းစဉ်တစ်လျှောက်လုံးတွင် သုတေသနအဖွဲ့သည် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ အရာရှိများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ တရားရေးကဏ္ဍမှ ပုဂ္ဂိုလ်များ၊ ကျောင်းအုပ်ကြီးများနှင့် ဆရာ/မများ၊ လူဝင်မှုကြီးကြပ်ရေးဌာနဝန်ထမ်းများ၊ ဒေသန္တရလျှပ်စစ်မီးလင်းရေးကော်မတီများ၊ နိုင်ငံရေးပါတီဝင် များ၊ စသည့် actor အမျိုးမျိုး ပါဝင်နေသည့် အဂတိလိုက်စားမှု ဖြစ်ရပ်များစွာတို့ကို ကြားခဲ့ရပါသည်။ အထက်တွင် ဖော်ပြခဲ့သည့်အတိုင်းပင် ထိုတွေ့ရှိချက်များသည် ပြဿနာ၏ အတိုင်းအတာနှင့်နှိုင်းယှဉ်ပါက စာရင်းအင်း ပညာအရ ကိုယ်စားပြုနိုင်ခြင်းမရှိပါ။ သို့ရာတွင် အဂတိလိုက်စားမှုနှင့် ပတ်သက်သည့် စိန်ခေါ်မှုအမျိုးမျိုးကို Qualitative indicatior များကိုသုံး၍ ဖောပြပေးနိုင်ပါသည်။

### (၈-၂-၁) ပညာရေးစနစ်

အချို့သော ကိစ္စရပ်များတွင် ကျောင်းသားများနှင့် ၎င်းတို့၏ မိဘများအနေဖြင့် ကျောင်းအုပ်ကြီးများနှင့် ဆရာ/မများအား ငွေပေးရမည့်သူများအဖြစ် သတ်မှတ်ထားကြပါသည်။ အပိုချိန်များအတွက် ကျူရှင်ကြေးများ အသွင်ဖြင့်လည်းကောင်း၊ ငွေပေးရန် တရားဝင်သတ်မှတ်ထားခြင်းမရှိသော်လည်း ပုံမှန်မရှိသော ကျောင်းအပ်နံ့ကြေးများ အသွင်ဖြင့်လည်းကောင်း၊ မိဘများက ငွေမပေးသောအခါ ကျောင်းသားများအား ရိုက်နက် ဆုံးမခြင်းကြောင့် ထိခိုက်ခံစားရသော အချိန်များတွင်လည်းကောင်း ငွေပေးကြရပါသည်။ နိုင်ငံရေးပါတီ ကိုယ်စားလှယ်လည်းဖြစ်၊ ယခင်ကကျောင်းဆရာလည်း ဖြစ်ခဲ့သူတစ်ဦးက အောက်ပါအတိုင်း အသေးစိတ် ပြောကြားခဲ့ပါသည်။

> အတန်းတင်စာမေးပွဲတွေမှာဆိုရင် ဆရာ/မတွေက ကျောင်းသားတွေရဲ့ စွမ်းရည်ကို မကြည့်တော့ဘဲ အခွင့်ကောင်းယူပြီး အမှတ်တွေပေးကြတယ်။ အတန်းထဲမှာ စာသင်တုန်းကတော့ (ကျောင်းသားတွေကို) ဂရုမစိုက်ကြဘဲ ကိုယ်ပိုင်ကျူရှင်ကျမှ အလေးပေးပြီးသင်ကြတယ်။ ကျူရှင်တက်တဲ့ ကျောင်းသားတွေက အမှတ်ကောင်းတွေရပြီး၊ ကလေးက စာတော်ပေမဲ့ (ကျူရှင်မတက်နိုင်ခဲ့ရင်) ကျူရှင်မတက်တဲ့ကလေး တွေက အမှတ်တွေနည်းကြတယ်။ ကလေးတစ်ယောက်က ကျူရှင်မယူရင် စာမလိုက်နိုင်တော့ဘူး။

### (၈-၂-၂) တရားစီရင်ရေးစနစ်

သုတေသနတွင် ပူးပေါင်းပါဝင်သူများက တရားရေးကဏ္ဍရှိ အဖွဲ့အစည်းများနှင့်ပတ်သက်၍ စီးပွါးရေးအရ အဆင်ပြေသူများကို မျက်နှာသာပေးသော စနစ်တစ်ခုဟု ယေဘုယျအားဖြင့် ရှုမြင်ကြပါသည်။ မွန်ပြည်နယ်ရှိ ခရစ်ယာန်ဘာသာရေးခေါင်းဆောင်တစ်ဦးက အောက်ပါအတိုင်းဖော်ပြခဲ့ပါသည်။

> အမ ငယ်တွေမှာဆိုရင် ဉပဒေနည်းလမ်းအတိုင်းသွားရင် နစ်ဖက်လုံးရှုံးမယ်ဆိုတာ လူတွေသိကြတယ်။ ဘာ ကြောင့်လဲဆိုတော့ သူတို့က ရဲကို ပေးရမယ်၊ တရားသူကြီးကို နဲ့ရှေ့နေတွေကို လည်းပေးရမယ်။ မြန်မာ

နိုင်ငံမှာ တရားမျှတမှုတို့၊ အခွင့်အရေးတို့ဆိုတာမရှိဘူး။ ရဲတွေကလည်း မကူညီနိုင်ဘူး။ သူတို့က ပြည်သူတွေဆီက ယူကြတယ်။

ဒေသခံခေါင်းဆောင်တစ်ဦးက ထိုတရားရေးစနစ်တစ်ခုအတွင်းရှိ ရှေ့နေများ၏ အခန်းကဏ္ဍကို အောက်ပါအတိုင်း ဖော်ပြခဲ့ပါသည် -

အကြီးတန်း ရှေ့နေတစ်ယောက်က တရားသူကြီးရှေ့မှောက်မှာ လုပတဲ့လျှောက်လဲချက်တွေ ပေးနေတုန်းဖြစ်ဖြစ်၊ မပေးခင်ဖြစ်ဖြစ်၊ ရှေ့နေအငယ်တစ်ယောက်နဲ့ အမှုသည်နဲ့က တရားရုံးနောက်ထဲ သွားပြီး၊ တရားသူကြီးကို တွေ့ကြရတယ်၊ ဆိုလိုတာက သွားပြီးငွေပေးကြရတယ်။

အခြားသုတေသနတွင် ပူးပေါင်းပါဝင်သူတစ်ဦးကလည်း `ရှေ့နေများက အမှုသည် နှစ်ဖက်စလုံးမှ ငွေယူသော အလေ့အထတစ်ခု´ အကြောင်းကို ပြောကြားခဲ့ပါသည်။ ထိုရှေ့နေများသည် မည်သည့်ဘက်က ငွေပိုပေးသည်ကို မူတည်၍ ၎င်းတို့၏ လျှောက်လဲချက်များကို အကောင်းဆုံးပြုလုပ်ခြင်း သို့မဟုတ် လုပ်နိုင်စွမ်းထက် လျော့ပေါ့ပြုလုပ်ခြင်းဖြင့် ငွေပိုပေးသော အမှုသည်ကို ကိုယ်စားပြုပေးကြပါသည်။

မွတ်ဆလင်ဘာသာရေးခေါင်းဆောင်တစ်ဦးက ယဉ်ကျေးမှုမတူသော လူနည်းစုအုပ်စုများသည် ဘာသာစကား အခက်အခဲကြောင့် တရားရုံးတွင် ဒုက္ခတွေ့နေရပါက ငွေအချို့ပေးလိုက်ခြင်းဖြင့် ဥပဒေအတိုင်း ဆက်လက်ဆောင်ရွက်ကြကြောင်း ဖေဖန်ခဲ့ပါသည်။ သုတေသနအဖွဲ့က ခွဲခြားဆက်ဆံခံရနိုင်သည့် ယဉ်ကျေးမှုမတူသော လူနည်းစုအုပ်စုများအတွက် ငွေပေးခြင်းနည်းလမ်းဖြင့် တန်းတူညီမျှစွာဆက်ဆံမှုကို ရရှိနိုင်ခြင်းရှိမရှိကို ဆက်လက်မေးမြန်းသောအခါ၊ ထိုပုဂ္ဂိုလ်က ကိစ္စရပ်အများစုတွင် ထိုသို့ ဖြစ်နိုင်ကြောင်း၊ သို့ရာတွင် လွန်ခဲ့သော နှစ်နှစ်ခန့်ကာလအတွင်း လူမျိုးစုနှင့် ဘာသာရေးကို အခြေခံသော ခွဲခြားဆက်ဆံရခြင်းများကို တွေ့မြင်ရကြောင်း၊ အထူးသဖြင့် ငွေကြေးမပေးနိုင်သော လူများကို ပိုမို ထိခိုက်စေကြောင်း ဖြေကြားခဲ့ပါသည်။ ထိုဘာသာရေးခေါင်းဆောင်က ငွေပေးရသည့် ခန့်မှန်းပမာဏများကို အောက်ပါအတိုင်း အသေးစိတ်ဖော်ပြခဲ့ပါသည်။

အကယ်၍ ငွေကြေးပေးလိုက်သောအခါ ရာခိုင်နှုန်း (၉၀)ခန့် အဆင်ပြေသွားပါလိမ့်မည်။ ဥပမာအားဖြင့် မိသားစုတစ်စုက အချုပ်ခံ ထားရသည့် တရားခံတစ်ဦးကို အစားအသောက်ပေးလိုပါက ရဲအရာရှိသို့ (၅၀၀)ကျပ်ပေးရပြီး မိသားစုက ထိုတရားခံကို သွားရောက်တွေ့ဆုံလိုပါက (၁၀၀၀) ကျပ် သို့မဟုတ် (၂၀၀၀)ကျပ်ပေးရပါသည်။ ထို့အပြင် လမ်းကြောင်းတစ်လျှောက်ရှိ အဆင့်တိုင်းတွင် ငွေပေးကြရပါသည်။ မိသားစုက ငွေ (၃၀၀၀)ကျပ်မှ (၅၀၀၀)ကျပ်အထိ ပေးလိုက်ပါက အချုပ်ခံထားရသော တရားခံကို အစားအသောက်များ ပေးနိုင်ပြီး၊ သွားရောက်တွေ့ဆုံခွင့်လည်း ရနိုင်ပါသည်။ ကျန်ရှိသော (၁၀)% အချိန်မှာ လူသတ်မှု သို့မဟုတ် မူးယစ်ဆေးဝါးမှု စသည်ဖြင့် အမှုအမျိုးအစားပေါ်မူတည်နေပါသည်။ ထိုအမှုမျိုးအတွက် သက်သေထင်ရှားပါက တရားခံကို ဖွက်ထား၍ မရပါ။ သို့ရာတွင် ငွေပေးနိုင်ပါက တရားခံကို မလွှတ်ပေးနိုင်သော်လည်း ပြစ်ဒဏ်လျှော့ပေါ့ ကျခံရနိုင်ပါသည်။ ဥပမာအားဖြင့် တစ်စုံတစ်ဦးသည် မူးယစ်ဆေးဝါးသုံးစွဲမှုဖြင့် တရားစွဲခံရပါက၊ တရားခံ၏ဆီးကို စစ်ဆေးရပါသည်။ ထိုအချိန်မျိုးတွင် ငွေ(၄၀၀၀၀) ကျပ်ပေးနိုင်ပါက မူးယစ်ဆေးသုံးထားခြင်းမရှိကြောင်း အဖြေရရှိနိုင်ပါသည်။ တရားခံက ငွေမည်မျှပေးရမည်ဆိုသည့်အချက်မှာ ထိုသူ့ဘက်မှ မည်မျှမှန်သည်၊ မှားသည်၊ ချမ်းသာသည်၊ ဆင်းရဲသည်စသည့်အချက်များနှင့် အမှုကြီးမားမှုတို့ပေါ်မူတည်နေပါသည်။ တရားသူကြီးသည် ရာဇဝတ်မှုများအတွက် ပြစ်ဒဏ်အမျိုးမျိုးကို ချမှတ်နိုင်ပါသည်။ ဥပမာအားဖြင့် ထောင်ဒဏ် တစ်နှစ်မှ ငါးနှစ်အတွင်းကာလကို ဆုံးဖြတ်ပေးနိုင်ပါသည်။ ထောင်ဒဏ်ကျခံရမည့် ကာလသည် ငွေမည်မျှပေးနိုင်သည့် အချက်ပေါ်မူတည်နေပါသည်။ ယခင်က ဆိုရိုးတစ်ခုမှာ `ငွေများ၊ တရားနိုင်´ ဖြစ်ပါသည်။ ယနေ့ခေတ်တွင် `ငွေမရှိပါက အမှုရှုံး´ ပါလိမ့်မည်။ လူများသည် ငွေမရှိပါက လူမျိုးစုနှင့်

ဘာသာရေးကို အခြေခံ၍ မမျှတစွာ ဆက်ဆံခံရပါလိမ့်မည်။ ဤသို့ခွဲခြား ဆက်ဆံ ခံရမှုသည် ရခိုင်နှင့် မိတ္ထီလာတွင် ပဋိပက္ခများ ဖြစ်ပွါးပြီးနောက် ပိုမိုများပြားလာပါသည်။

အလားတူပူးပေါင်းပါဝင်သူတစ်ဦးကလည်း ကိုယ်တိုင်ကြုံတွေ့ခဲ့ရသော တရားရင်ဆိုင်မှုလုပ်ငန်းအဆင့်ဆင့်ကို ရှင်းလင်းပြောပုံကို (Box- ၂ တွင်ကြည့်ပါ)၊တရားစီရင်ရေးကဏ္ဍ၌ အဂတိလိုက်စားမှုများရှိနေခြင်းကို အထက်အရာရှိများက ခွင့်ပြုထားကြောင်းနှင့် သို့မှသာ ၄င်းတို့အနေဖြင့် တရားရေးဆိုင်ရာဆုံးဖြတ်ချက်များတွင် လိုအပ်သလို ဝင်ရောက် ချယ်လှယ်ထိန်းချုပ်နိုင်မည်ဖြစ်ကြောင်း ၄င်း၏ အမြင်ကို ဖော်ပြခဲ့ပါသည်။

အာဏာရှိတဲ့လူတွေက အရာအားလုံးကို ကိုင်တွယ်ထိန်းချုပ်ထားတော့ ပြည်သူတွေက အာဏာပိုင်တွေရဲ့ အရိပ်အောက်က မလွတ်နိုင်တော့ဘူး။ အထက်အာဏာပိုင်တွေက ပြဿနာကြီးကြီးမားမားမရှိရင် တရားသူကြီးတွေလာဘ်စားတာကို ခွင့်ပြုထားပြီး၊ သူတို့လိုသလို ချယ်လှယ်ထိန်းချုပ်နေကြတယ်။ တစ်ချိန်တည်းမှာပဲ တရားသူကြီးတွေကလည်း သူတို့ညွှန်ကြားတဲ့အတိုင်း လိုက်နာပြီး၊ လုပ်ပေးကြတယ်။ ဒါက ညှိလုပ်တဲ့ ပုံစံတစ်ခုဘဲ။ သဘောက တစ်ယောက်ယောက်ကို လုပ်ပိုင်ခွင့်ပေးတယ်၊ အဲဒီတစ်ယောက်က ပြန်ပြီး တာဝန်ထမ်းပေးရမယ်။

Box – (၂)

လွန်ခဲ့တဲ့ နှစ်နှစ်၊ သုံးနှစ်လောက်က စီးပွါးရေးသမားတစ်စုက ကျွန်တော့်မြေကို လိုချင်တော့၊ ခရိုင်နဲ့ ပြည်နယ် အဆင့် အာဏာပိုင်တွေကို သူတို့ကို ကူညီပေးဖို့ အသုံးချခဲ့တယ်။ တရားရင်ဆိုင်တာ တစ်နှစ်ခွဲကလောက် ကြာသွားပြီး ကျွန်တော်လည်း သိန်း (၅၀)လောက်ကုန်သွားတယ်။

ကျွန်တော့်မှာ စာရွက်စာတမ်းတွေ အားလုံးရှိတော့ တစ်ဖြည်းဖြည်းနဲ့ ကျွန်တော်က နိုင်လာတယ်။ ဒါပေမဲ့ တရားရုံးမှာ မျှမျှတတ ဆက်ဆံမခံရဘူး။ ကျွန်တော့်မှာ စာရွက်စာတမ်းတွေအားလုံးရှိပေမဲ့၊ ဥပဒေအရာရှိတွေက ဒီအမှုဟာ အထက်အာဏာပိုင်တွေဆီက ညွှန်ကြားချက်နဲ့လာတာလို့ ကျွန်တော့်ကို ပြောခဲ့တယ်။ ဂန်ကြီး တစ်ပါးက ညွှန်ကြားချက်တွေထုတ်ပြီးတော့၊ ဥပဒေအရာရှိကို ဘာအကြံဉာဏ်၊ ဘာထင်မြင်ချက်မှ မပေးနိုင်ဘူးလို့ ပြောခဲ့တယ်။ ဒီတော့ ဥပဒေအရာရှိတွေကလည်း ဒီအမှုကို ကိုင်ဖို့ ကြောက်နေကြတယ်။ ကျွန်တော်က ရှေ့နေတစ်ယောက်ဆီက အကူအညီရပြီး၊ မြို့နယ်အဆင့်မှာ အမှုနိုင်ခဲ့တယ်။ ဒါပေမဲ့ ဥပဒေအရာရှိတွေက ခရိုင်နဲ့ ပြည်နယ်အဆင့်တွေအထိ အယူခံတက်ခဲ့တယ်၊ အဲဒီအဆင့်အားလုံးမှာလည်း ကျွန်တော်နိုင်တယ်။ သူတို့က ပြည် ထောင်စုအဆင့်အထိ အယူခံတက်မယ်လို့ ကျွန်တော့်ကို ခြိမ်းခြောက်ကြသေးတယ်၊ ဒါပေမဲ့ ရက်ပေါင်း (၆၀) ကျော်တော့ သူတို့ အယူခံဆက်မတက်တော့ဘူး။

တရားသူကြီးတွေက အထက်က ဖိအားတွေကို ကြောက်ကြပြီး၊ ဆုံးဖြတ်ချက်တွေကို လွတ်လွတ်လပ်လပ်မချနိုင် ကြဘူး။ ကျွန်တော့်မှာ စာရွက်စာတမ်းတွေအားလုံးရှိပေမဲ့ အဆင့်သုံးဆင့်လုံးမှာ တရားသူကြီးတွေကို ငွေပေးခဲ့ ရတယ်။ တကယ်လို့ ကျွန်တော်သာငွေမပေးခဲ့ရင် သူတို့က အမှုကို ကြန့်ကြာအောင်လုပ်နိုင်တယ်။ ဒါမှမဟုတ် ဥပဒေက အလျှော့အတင်းရှိတော့၊ အမှုကို ပြောင်းနိုင်တယ်၊ ဒါမှမဟုတ် မှားပြီး စွဲနိုင်တယ်၊ တစ်ခြားတစ်ခုခုလည်း လုပ်လို့ရတယ်။

## (ဃ) ထိခိုက်လွယ်သော လူနည်းစုအုပ်စုများအပေါ် သဘောထားများ

မြေပုံဆွဲခြင်း သုတေသနလုပ်ငန်းစဉ်တစ်လျှောက်လုံးတွင် ထိခိုက်လွယ်များ (အမျိုးသမီးများ၊ ကလေးများ၊ မသန်စွမ်းသူများ) နှင့် လူနည်းစုများ(ဘာသာရေးဆိုင်ရာလူနည်းစုနှင့် ရွှေ့ပြောင်းလုပ်သားများ) စသည်တို့၏

အရေးကိစ္စများကို လူအများစုနှင့်ယှဉ်လျှင် အရေးမကြီးအရေးမပါသယောင် သဘောထား၍ ဆက်ဆံခံရမှု များရှိကြောင်းတွေ့ရသည်။ တွေ့ရှိချက်များအရ ထိုကဲ့သို့သဘောထားဆက်ဆံမှုများသည် ယောကျာ်းနှင့် မိန်းမ၊ မိဘနှင့် သားသမီး၊ သန်စွမ်းသူနှင့်မသန်စွမ်းသူ၊ ဗုဒ္ဓဘာသာဝင် လူများစုနှင့် ဘာသာခြားလူနည်းစုများ ဒေသခံနှင့် ရွှေ့ပြောင်းနေထိုင်သူ အစရှိသူတို့၏ ဆက်ဆံရေးကို ပုံဖော်နေသော အမြစ်တွယ်နေသည့် လူမှုရေးနှင့် ယဉ်ကျေးမှုစံနှုန်းများ နှင့် တန်ဖိုးထားမှုများကို ထင်ဟပ်နေကြောင်းတွေ့ရသည်။

ထိခိုက်လွယ်သူများနှင့် လူနည်းစုများ၏ ယေဘုယျအားဖြင့် ကြုံတွေ့လေ့ရှိသော ပြဿနာများမှာ ဆင်းရဲခြင်း၊ ဖယ်ကျဉ်ခံရခြင်း (စီးပွါးရေး၊ နိုင်ငံရေး၊ ဥပဒေ သို့မဟုတ် နိုင်ငံသား/လူမှုရေး/ယဉ်ကျေးမ ရေးရာများမှ ဖယ်ကျဉ်ခံရခြင်း)နှင့် တစ်ဦးချင်း အကာအကွယ်ရရှိမှုနည်းပါးခြင်း (ရုပ်ပိုင်းအရ သို့မဟုတ် ဥပဒေအရ) တို့ဖြစ်ကြပါသည်။ ထိုအကြောင်းအရာများအားလုံးကို အခန်း(၃) တွင်ဖော်ပြထားပါသည်။

**(ဃ-၁) အမျိုးသမီးများ**

သုတေသနတွင် ပူးပေါင်းပါဝင်သူများ၏ အဆိုအရ အမျိုးသမီးများကိုရှုမြင်ပုံနှင့် ဆက်ဆံပုံများမှာ အချက်အချာကျသော မြို့ပြဒေသများမှ လွဲ၍ ကျန်ဒေသအများစုတွင် ရှေးရိုးအစဉ်အလာများအတိုင်းသာဖြစ်ကြောင်းသိရသည်။ အမျိုးသမီးခေါင်းဆောင်များက လူအများစုတို့သည် အမျိုးသမီးများ၏ အခန်းကဏ္ဍကို `မီးဖိုချောင်နှင့် အိမ်နောက်ဖေးတွင်´သာရှိသင့်သည်ဟု ထင်နေကြကြောင်း ရှင်းပြခဲ့ပါသည်။ အရပ်ဖက်လူမှုအဖွဲ့အစည်းကိုယ်စားလှယ်တစ်ဦးက အောက်ပါအတိုင်း ဝေဖန်ခဲ့ပါသည်။

> အမျိုးသမီးတွေက နိုင်ငံရေးကို မသိကြဘူး။ ပြီးတော့ အမျိုးသမီးတွေရဲ့ အခန်းကဏ္ဍဟာ မီးဖိုဆောင်ထဲမှာပဲ ရှိတယ်လို့ ထင်နေကြတုန်းဘဲ။ (ဒီအတွေးအခေါ်ကို ပြင်ဖို့) အချိန်ယူရမယ်၊ စံနမူနာပြတွေ အများကြီး လိုအပ်တယ်။

မွန်လူမျိုး အမျိုးသမီးခေါင်းဆောင်တစ်ဦးက အောက်ပါအတိုင်းဖော်ပြခဲ့ပါသည်။

> အမျိုးသမီးတွေကိုခေါင်းဆောင်ဖြစ်ဖို့မွေးဖွားလာတာမဟုတ်ဘူး၊ ဒုတိယတန်းစားတွေလို့ မြင်ကြတယ်၊

သုတေသနတွင် ပူးပေါင်းပါဝင်ကြသူများက အမျိုးသမီးများသည် ၎င်းတို့၏ ကာယိန္ဒြေ ကိုထိခိုက်ခံရပါက အရှက်ရခြင်း၊ သိက္ခာကျခြင်း၊ ကသိကအောက်ဖြစ်ခြင်းတို့ကို ခံစားကြရကြောင်း ဖော်ပြခဲ့ကြပါသည်။ မတရားပြုကျင့်ခံရသူများနှင့် ယင်းမှ လွတ်မြောက်လာသူများကို အခြားသူများက ၎င်းတို့ ဘဝတစ်လျှောက်လုံး ထိန်းသိမ်းလာခဲ့သည့် ဂုဏ်သိက္ခာ ပေါ်တွင် `အမည်းစက်ထင်ခြင်း´ ဟု ရှုမြင်ကြပါသည်။

အရပ်ဖက်အဖွဲ့အစည်းများမှ ပုဂ္ဂိုလ်အချို့က ဒေသခံအစုအဖွဲ့များသည် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခံရသူများအား ၎င်းတို့၏ `ဂုဏ်သိက္ခာ´ကို ထိခိုက်စေသည်ဟု အပြစ်တင်တတ်ကြကြောင်း ဝေဖန်ခဲ့ပါသည်။ ယင်းအချက်သည် မိသားစု၏ ဂုဏ်သိက္ခာနှင့် လေးစားခံရမှုတို့နှင့်လည်း ဆက်စပ်လျှက်ရှိပါသည်။ မွန်ပြည်နယ်ရှိ အရပ်ဖက်လူမှုအဖွဲ့အစည်းခေါင်းဆောင်တစ်ဦးက ဤကဲ့သို့ ဂုဏ်သိက္ခာထိခိုက်မည်ကို ကြောက်ရွံ့သောကြောင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခံရသည့် အမှုများကို တုန့်ပြန်ရာတွင် အဟန့်အတားဖြစ်စေကြောင်း ရှင်းပြခဲ့ပါသည်။

> မိဘများသည် ယဉ်ကျေးမှုအရ (ဂုဏ်သိက္ခာထိခိုက်မည်ကို) ကြောက်ရွံ့သည့်အတွက် မည်သည့်အရာမှ မဖြစ်ခဲ့သလို ဟန်ဆောင်နေတတ်ကြပါသည်။

တွေ့ရှိချက်များအရ ဇနီးမယားအားရိုက်နှက်ခြင်းကို အမျိုးသားနှင့် အမျိုးသမီးနှစ်ဦးလုံးက ယဉ်ကျေးမှုစံနှုန်းတစ်ခုအဖြစ် လက်ခံကြကြောင်း ဖော်ပြနေပါသည်။ ရပ်ကွက်နှင့်ကျေးရွာ အဆင့်များ၌ အငြင်းပွါးမှုများဖြေရှင်းရာတွင် အရေးပါသော အခန်းကဏ္ဍတွင်ရနေသည့် အမျိုးသားအများစုပါဝင်သည့် ရပ်ရွာခေါင်းဆောင်များ (ရပ်မိရပ်ဖများ၊ မြို့မိမြို့ဖများဟု ခေါ်ဆိုသည့် ဓလေ့ထုံးတမ်းအရ ခေါင်းဆောင်များ၊ ရာအိမ်မှူးများ၊ အုပ်ချုပ်ရေးမှူးများ) တွင် `လင်နှင့်မယား လျှာနဲ့သွား´ဟူသော ယေဘုယျအမြင်ရှိကြပါသည်။ သွားသည် တစ်ခါတစ်ရံ လျှာကို ကိုက်မိတတ်သော်လည်း၊ မိသားစုအတွင်း၌ ဖြစ်ပွါးသော မည်သည့်ပြဿနာကိုမဆို မိသားစုအတွင်း၌သာ ထားရှိသင့်သည်ဟု ဆိုလိုပါသည်။ အချို့သော အစုအဖွဲ့ခေါင်းဆောင်များတွင် ဇနီးနှင့်ခင်ပွန်းတို့သည် ရေရှည်ယှဉ်တွဲ နေထိုင်သင့်ကြောင်း ထင်မြင်ချက်များရှိကြသည့်အတွက်၊ စကားများရန်ဖြစ်ကြသော စုံတွဲများကို အိမ်သို့ပြန်ရန်နှင့် ပြဿနာကို ပြန်လည်စဉ်းစားကြရန် အကြံပြုကြလေ့ရှိပါသည်။ အခြားသူများကမူ ဇနီးနှင့်ခင်ပွန်းအကြား ပြဿနာများသည် အချိန်ကုန်သည်ဟုဆိုပြီး ထိုပြဿနာများကို မဖြေရှင်းပေးလိုကြောင်း ဖော်ပြခဲ့ကြပါ သည်။ အချို့သောပုဂ္ဂိုလ်များတွင်မူ `လင်ယောကျ်ားများသည် မိန်းမများအား သင်ခန်းစာပေးရန် အခွင့်အရေး ရှိသည်´ ဟူသော အမြင်များရှိကြပါသည်။

အရပ်ဖက်လူမှုအဖွဲ့အစည်းမှ ပုဂ္ဂိုလ်တစ်ဦးက အမျိုးသားများသည် အမျိုးသမီးများထက် သာလွန်မြင့်မြတ်သည်ဟူသော အမြစ်တွယ်နေသည့် လူမှု-ယဉ်ကျေးမှုစံနှုန်းကို ရင်ဆိုင်ရာတွင် စိန်ခေါ်မှုများရှိနေကြောင်းကို ထင်ရှားစွာ ဖော်ပြခဲ့ပါသည်။

> လိင်ပိုင်းဆိုင်ရာနဲ့ ကျား/မ ခွဲခြားမှုကို အခြေခံတဲ့ အကြမ်းဖက်မှုတွေနဲ့ပတ်သက်ပြီး၊ အသိအမြင်ဖွင့်ပေးဖို့ ကြိုးစားတဲ့အခါတိုင်း လူတွေနားထောင်ရတဲ့ အချက်တွေက သူတို့ အတွင်းစိတ်မှာရှိထားတာတွေနဲ့ ကွဲပြားနေတတ်ကြတယ်။ သူတို့စိတ်ထဲမှာ အမျိုးသားတွေက အမျိုးသမီးတွေထက် သာတယ်၊ မြင့်မြတ်တယ်လို့ သိထားကြတယ်။ကျွန်တော်တို့က လူတွေကို နားလည်အောင်ပြောပြရတယ်။ အမျိုးသားတွေက (လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုနဲ့ ကျား/မခွဲခြားမှုအခြေခံတဲ့ အကြမ်းဖက်မှုတွေကို ပြဿနာလို့ မမြင်ကြတော့) ဒီပြဿနာတွေမှာ စိတ်မဝင်စားကြဘူး။

အရပ်ဖက်လူမှုအဖွဲ့အစည်းကိုယ်စားလှယ်ဖြစ်သူ အမျိုးသမီးငယ်တစ်ဦးက အမျိုးသားများအကြားတွင် `အရိုးကွဲအောင် ရိုက်မှ အသဲစွဲအောင်ချစ်မယ်´ဟူသော ဆိုရိုးသည် ဆက်လက်ရေပန်းစားနေဆဲဖြစ်သော်လည်း၊ ထိုကဲ့သို့သော စိတ်သဘောထားများကို တစ်ဖြည်းဖြည်းပြောင်းလဲနေကြပြီဖြစ်ကြောင်း သူမ၏ ထင်မြင်ချက်ကို ဖော်ပြခဲ့ပါသည်။

**(ဃ-၂) ကလေးငယ်များ**

ကလေးသူငယ်များ ရင်ဆိုင်နေရသော တရားမျှတမှုဆိုင်ရာ အဓိကပြဿနာအချို့ကို ရှင်းပြရာတွင် ဆင်းရဲနွမ်းပါးမှုသည် အရေးကြီးသော အချက်တစ်ချက်ဖြစ်ကြောင်း တွေ့ရှိချက်များက ညွှန်ပြနေပါသည်။ ထိုပြဿနာများတွင် မိသားစုဝင်ငွေအထောက်အကူဖြစ်စေရန်အတွက် ကလေးငယ်များအား အလုပ်လုပ်ခိုင်းခြင်း သို့မဟုတ် အသေးအဖွဲရာဇဝတ်မှုများကို စေခိုင်းခြင်း စသည်တို့ပါဝင်ပါသည်။

သုတေသနတွင် ပူးပေါင်းပါဝင်သူတစ်ဦးက အောက်ပါအတိုင်း ကောက်ချက်ချထားမှုကို ကျန်ပူးပေါင်း ပါဝင်သူများလည်း ထပ်တူပြောကြားခဲ့ကြပါသည်။

> ဆင်းရဲနွမ်းပါးမှုရှိနေသရွေ့တော့၊ ကလေးလုပ်သားပြဿနာက ဆက်ရှိနေဦးမှာဘဲ။

အလုပ်ရှင်များက ကလေးများအား အလွန်အကျွံအလုပ်လုပ်ခိုင်းနှင့် ရိုက်နှက်အပြစ်ပေးမှုများရှိနေသော နေရာများ တွင်ပင်၊ မိဘများသည် ထိုအခြေအနေကို ထုတ်ဖော်ပြောနိုင်စွမ်းမရှိကြပါ။ အဘယ်ကြောင့်ဆိုသော် ၄င်းတို့ အနေဖြင့်၊ ကလေးများ၏လုပ်အားခ ကြိုတင်ငွေများ ယူကြရသော ကြောင့် ဖြစ်ပါသည်။

ပါဝင်ဖြေဆိုသူများက ကလေးငယ်များကျူးလွန်သော ရာဇဝတ်မ ငယ် များကို တရားရေးစနစ်၏ တုန့်ပြန်မှု များမှာ မလုံလောက်ကြောင်း ထင်မြင်ကြပါသည်။ ရပ်ရွာခေါင်းဆောင်တစ်ဦးက အောက်ပါအတိုင်း ဖေဖန်ချက် ပေးထားပါသည်။

> မွန်ပြည်နယ်မှာ ကလေးအကျဉ်းထောင် ဒါမှမဟုတ် ပြန်လည်ထူထောင်ရေးစခန်းမရှိဘူး။ ဒါကြောင့် ရဲတွေ ကလည်း (ကလေးမှုတွေကို) အရေးမယူကြတော့ဘူး။

ကျေးရွာအုပ်ချုပ်ရေးမှူးတစ်ဦးကလည်း ထိုကဲ့သို့ပင် ဖော်ပြခဲ့ပါသည်။

> ကလေးငယ်တွေပါတဲ့ ရာဇဝတ်မငယ်တွေဆိုရင် ရဲတွေက အရေးမယူချင်ကြဘူး။ ဘာကြောင့်လဲဆိုတော့ သူတို့က အကုန်အကျခံကြရလို့။

ကလေးငယ်များ ရာဇဝတ်မှုတွင် ပါဝင်လာကြခြင်းမှာ ဒုစရိုက်ဂိုဏ်းများက အသုံးချနေခြင်းကြောင့်လည်း ဖြစ်ပါ သည်။ နိုင်ငံရေးပါတီကိုယ်စားလှယ်တစ်ဦးက ၄င်းတို့တွင် အရေးယူဆောင်ရွက်နိုင်ခြင်းမရှိကြောင်းကို အောက်ပါ အတိုင်း ရှင်းပြခဲ့ပါသည်။

> ကျွန်တော်တို့က (ဒုစရိုက်)ဂိုဏ်းအဖွဲ့တွေကို သိကြတယ်။ ဒါပေမဲ့ ကျွန်တော်တို့ကိုယ်တိုင်ရဲ့ လုံခြုံရေးကို လည်း ဂရုစိုက်ရသေးတယ်။ ဒါကြောင့် ကျွန်တော်တို့က ရဲကို မတိုင်ရဲကြဘူး။

ရိုက်နှက်ဆုံးမခြင်းနှင့်ပတ်သက်၍ အချို့သောမိဘများအနေဖြင့် (အလုပ်ရှင်များသည်) ကလေးများအား သင့်တော်သကဲ့သို့ သင်ကြားဆုံးမပေးနိုင်သည်ဟု ထင်မြင်ကြောင်း ပြောကြားကြပါသည်။

## (ဃ-၃) မသန်စွမ်းသူများ

သုတေသနတွေ့ရှိချက်များတွင် မသန်စွမ်းသူများအပေါ် ထင်မြင်ချက်အချို့လည်း ပါဝင်ပါသည်။ ဥပမာအားဖြင့် အချို့သော အစိုးရအာဏာပိုင်များနှင့် မိသားစုဝင်များက မျက်မမြင်များသည် မှတ်ပုံတင်ပြုလုပ်ရန် အကျုံးမဝင်ကြောင်း ယုံကြည်ကြပါသည်။ ဤအချက်က ထိုမသန်စွမ်းသူများ၏ အသက်ရှင်နေထိုင်မှု အခွင့်အလမ်းများကို သိသိသာသာလျော့ကျစေပါသည်။

## (ဃ-၄) ဘာသာရေးလူနည်းစုများ

မြေပုံရေးဆွဲသည့် လုပ်ငန်းအတွင်းတွင် သုတေသနအဖွဲ့သည် အစိုးရဝန်ထမ်းများက မတူညီသောဘာသာရေး လူနည်းစုများကို မတူညီသောပုံစံဖြင့် ကွဲပြားစွာ ဆက်ဆံကြကြောင်း အမြင်များကို ကြားခဲ့ရပါသည်။ မွန်ပြည်နယ်ရှိ ဟိန္ဒူ ဘာသာရေး ခေါင်းဆောင်တစ်ဦးက အောက်ပါအတိုင်းရှင်းပြခဲ့ပါသည်။

> မြန်မာစကားလဲ မပြောတတ်၊ လုပ်ထုံးလုပ်နည်းတွေကိုလဲ နားမလည်တဲ့ လူတွေက ငွေပိုပေးကြရတယ်။ အရင်ကနဲ့ နိုင်းယှဉ်ရင် ပြည်သူတွေနဲ့ ထိတွေ့ဆက်ဆံရတဲ့ အစိုးရဝန်ထမ်းတွေက စိတ်သဘောထားတွေ ပြောင်းလဲလာကြပြီ။ အရင်ထက်စာရင်ပိုပြီး၊ ရင်းရင်းနှီးနှီးရှိလာတယ်။ အစိုးရဝန်ထမ်းတွေက လူအမျိုးမျိုးကို အထူးသဖြင့် ဘာသာရေးလူနည်းစုတွေကို ခွဲခြားဆက်ဆံကြတယ်။နိုင်းယှဉ်ပြောမယ်ဆိုရင် သူတို့က မွန်လူမျိုးတွေကို ကောင်းကောင်းပိုဆက်ဆံတယ်။ လူတွေကကို အဲဒီလို ခွဲခြားဆက်ဆံတာ ပုံမှန်လို ဖြစ်နေပြီ။ ခင်ဗျား ဘယ်သူလဲ၊ ဘယ်နေရာကလာလဲပေါ်မူတည်ပြီး၊ ဆက်ဆံကြတယ်။ ဥပမာဆိုရင် လူတစ်

ယောက်ဟာ ကျေးလက်ဒေသက ဘာသာရေးလူနည်းစုဂင် ဒါမှမဟုတ် တိုင်းရင်းသား လူနည်းစုဂင်ဖြစ်ချင် ဖြစ်မယ်။ ဒါမှမဟုတ် ရွာကတက်လာတဲ့ မွန်လူမျိုးတစ်ယောက်ဖြစ်ချင်ဖြစ်မယ်။ ကျေးလက်ဒေသက လာတဲ့ မွတ်ဆလင်ဖြစ်မယ်ဆိုရင်တော့ ပိုပြီး ဒုက္ခရောက်လိမ့်မယ်။

အချို့သော ပူးပေါင်းပါဂင်သူများကလည်း လူများစုဗုဒ္ဓဘာသာနှင့် လူနည်းစုမွတ်ဆလင်များအကြား ဆက်ဆံမှုများ အကြောင်း ပြောဆိုခဲ့ပါသည်။ နယ်မြေတစ်ခုရှိ ဒေသခံနေထိုင်သူများက ဘာသာနှစ်ခုအကြား အပြန်အလှန် လက်ထပ်မှုများရှိကြောင်းနှင့် မွတ်ဆလင်နှင့် ဗုဒ္ဓဘာသာတို့သည် ညီအစ်ကိုမောင်နှမများကဲ့သို့ဖြစ်ကြောင်း ရှင်းပြခဲ့ကြပါသည်။ အခြားသောနေရာများတွင်မူ ဗုဒ္ဓဘာသာဂင်ဒေသခံများက မွတ်ဆလင်များအား ကြောက်ရွံ့နေမှုကို ဖော်ပြခဲ့ကြပါသည်။ မွတ်ဆလင်များသည် ဒေသခံနယ်မြေကို `သိမ်းပိုက်´နေကြောင်းနှင့် ဒေသတွင်းတွင် ဗုဒ္ဓဘာသာဂင်များ နည်းသည်ထက်နည်းလာနေကြောင်း ဖော်ပြခဲ့ကြပါသည်။ ထိုဒေသရှိ ဗုဒ္ဓဘာသာ ဘုန်းတော်ကြီး တစ်ပါးက အောက်ပါအတိုင်းရှင်းပြခဲ့ပါသည်။

> လူတွေက မွတ်ဆလင်တွေကို မကြိုက်ကြပေမဲ့၊ သူတို့နဲ့ လုပ်ငန်းမလုပ်ချင်ကြပေမဲ့၊ လူမှုရေး၊ စီးပွါးရေး အကြောင်းတွေရှိနေတော့ နေ့စဉ်အခြေခံလိုအပ်ချက်တွေအတွက် သူတို့နဲ့ ဆက်ဆံကြရတယ်။ ဒီဒေသမှာ ဆိုရင် မွတ်ဆလင်တွေက အထည်အလိပ်ဆိုင်တွေ၊ စားစရာဆိုင်တွေ၊ လဖက်ရည်ဆိုင်တွေစတဲ့ စီးပွါးရေး လုပ်ငန်းတွေ ပိုင်ကြတယ်။ အရောင်းအဂယ်လုပ်ငန်းကနေလဲ ဂင်ငွေတွေရကြတယ်။ ဗမာတွေနဲ့ မွန်တွေက စိုက်ပျိုးရေးလုပ်ငန်းလုပ်ရင်လုပ်၊ မဟုတ်ရင် နေ့စားလုပ်သားတွေလုပ်ကြတယ်။ ဘုန်းတော်ကြီးတွေက မွတ်ဆလင်တွေဆီက ပစ္စည်းတွေမဂယ်ဖို့ တားမြစ်ကြပေမဲ့ လူတွေကတော့ မွတ်ဆလင်တွေဆီက ဂယ်ကြတာဘဲ။ ဒီလူ့အဖွဲ့အစည်းနှစ်ခုက တစ်ယောက်ကိုမယောက်မကြည့်ချင်ကြတာ ကာလကြာရှည်ခဲ့ပြီ။ ပထမဆုံး ကိုရမ်တက္ကသိုလ် တည်ထောင်ဖို့လုပ်တော့ တရားဂင်ခွင့်မပြုဘူး။ သူတို့က စစ်အစိုးရ လက်ထက်မှာ ငွေတွေအများကြီးသုံးပြီး၊ တရားဂင်ခွင့်ပြုချက်ရအောင်လုပ်ခဲ့တယ်။

သုတေသနတွင် ပူးပေါင်းပါဂင်သူတစ်ဦးက လက်ရှိဖြစ်ပေါ်တိုးတက်နေမှုအခြေအနေကို အောက်ပါအတိုင်း ပြောကြားခဲ့ပါသည်။

> မိတ္ထီလာမှာ ပဋိပက္ခတွေဖြစ်ပြီးတဲ့နောက်၊ ဒီဒေသမှာ မွတ်ဆလင်တစ်ယောက်က ၁၆ နှစ်အောက် မိန်းကလေးတစ်ယောက်ကို မတရားကျင့်ဖို့ ကြိုးစားခဲ့သေးတယ်။ အရင်က ဒီလိုအမှုတွေ ဖြစ်လာရင် တရားရုံးကို မရောက်ကြဘူး။ ရဲစခန်းမှာပဲ ငွေပေးပြီး ဖြေရှင်းလိုက်ကြတယ်။ ဒီကိစ္စမှာတော့ ဘုန်းတော်ကြီး တွေက ၉၆၉ အုပ်စုဖွဲ့လိုက်ပြီး၊ ရဲတွေကို ဖိအားပေးခဲ့တယ်။ အခု ဒီအမှုကို တရားရုံးပို့လိုက်ပြီး၊ ပြစ်ဒဏ်လဲ ချပြီးပြီ။

သွက်လက်သော မွတ်ဆလင်ခေါင်းဆောင်တစ်ဦးက လက်ရှိအခြေအနေများနှင့် ပတ်သက်၍ ၎င်း၏ ထင်မြင်ချက် များကို အသေးစိတ်ပြောကြားခဲ့ပါသည်။

> လူ့အဖွဲ့အစည်းတိုင်းမှာ ကောင်းတဲ့လူနဲ့ ဆိုးတဲ့လူဆိုတာရှိတယ်၊ ဥပဒေကို လေးစားတဲ့လူရှိတယ်၊ မလေးစားတဲ့လူရှိကြတာဘဲ။ လွန်ခဲ့တဲ့ တစ်နှစ်ခွဲလောက်က ပုဂ္ဂလိကအဖွဲ့တွေအချင်းချင်း အငြင်းပွါးမှုတွေ၊ ခိုက်ရန်ဖြစ်မှုတွေ ရှိခဲ့ကြတော့ သူတို့က ကျွန်တော်တို့ အသိုက်အဂန်းအကုန်လုံးမှာ တာဂန်ရှိတယ်လို့ မြင်ကြတယ်။ လူတွေက သူတို့ကို တစ်ဦးချင်းရာဇဂတ်မှုကျူးလွန်သူတွေအဖြစ် မမြင်ကြဘူး။ ဘာသာတရား တိုင်းမှာ အလယ်အလတ်သဘောထားရှိတဲ့လူနဲ့ အစွန်းရောက်သဘောထားရှိတဲ့လူတွေ ရှိကြတယ်။ --- လူနည်းစုတွေက လူများစုတွေခွဲခြားဆက်ဆံတာကို ခံရတယ်။ ကျွန်တော်တို့မှာ ဒါကို ထုတ်ဖော်ပြောဖို့ အခွင့်အရေးမရှိဘူး။ ကျွန်တော့်ကို အထက်မြန်မာပြည်မှာမွေးတာ။ ကျွန်တော် ဗမာလူမျိုး၊ မွတ်ဆလင်ပါ။

ကျွန်တော်တို့က မြန်မာလူမျိုးမွတ်ဆလင်တွေဖြစ်တဲ့အတွက် ဘာဒုက္ခမှ မပေးကြဘူး။ လွတ်လပ်ရေး လှုပ်ရှားမှုတွေမှာလည်း ကူညီခဲ့တယ်။ ကျွန်တော်တို့က တိုင်းပြည်အပေါ် သစ္စာရှိတယ်၊ နိုင်ငံသား ကောင်း တွေ ဖြစ်သလို မွတ်ဆလင်ကောင်းတွေလည်းဖြစ်ပါတယ်။ ကျွန်တော်တို့က လူနည်းစုဖြစ်နေတော့ သည်းခံ ကြရတယ်၊ ခံစားမှုနဲ့တုန့်ပြန်လို့မရဘူး။ ကျွန်တော်တို့ အသိုင်းအဝိုင်းကိုလည်း သည်းခံကြဖို့၊ ခိုက်ရန် ဖြစ်တာတွေ၊ အငြင်းပွါးတာတွေ ရှောင်ရှားကြဖို့ ကျွန်တော်တို့ တိုက်တွန်းပါတယ်။ တစ်ချို့ ကျွန်တော်တို့ ဆီက အကြွေးယူထားတဲ့လူတွေဆီကတောင် အကြွေးပြန်မတောင်းရဲဘူး။ တကယ်လို့ တစ်ခုခု ဖြစ်သွားရင် ၉၆၉ အဖွဲ့ကို အတိုင်ခံရမယ်။ ဘာကိစ္စဘဲဖြစ်ဖြစ် ကျွန်တော်တို့က ဥပဒေနည်းလမ်းအတိုင်းပဲ တုန့်ပြန်ပါ တယ်။

အစ္စလာမ်ဘာသာဝင်များပြားသော အချို့သောဒေသများတွင် ဒေသခံမွတ်ဆလင်များကလည်း ရခိုင်ပြည်နယ်တွင် မွတ်ဆလင်များအား ဆက်ဆံသကဲ့သို့ နိုင်ငံမှ ထွက်ခွါရန် ဖိအားပေးခံရမည်ကို ကြောက်ရွံ့သည့်အတွက် ၎င်းတို့၏ နေ့စဉ် လုပ်ငန်းများကို သတိကြီးစွာဖြင့် ဆောင်ရွက်ကြရကြောင်း၊ ညနေပိုင်းများတွင် အိမ်သို့စောပြန်ခြင်း၊ ၎င်းတို့အား နှုတ်ဖြင့် စော်ကားမှုများကို လစ်လျူရှုခြင်းစသည်တို့ဖြင့် နေထိုင်ကြကြောင်း ဖော်ပြခဲ့ပါသည်။ အခြား မွတ်ဆလင်ခေါင်းဆောင်တစ်ဦးကလည်း မလုံခြုံမှုကို ခံစားနေရကြောင်း ရှင်းလင်းစွာပြောကြားခဲ့ပြီး၊ ဘာသာရေး ဆိုင်ရာလှုပ်ရှားမှုများ တိုးမြင့်လာခြင်းနှင့်ပတ်သက်၍ သူ၏ အမြင်ကို အောက်ပါအတိုင်းဖော်ပြခဲ့ပါသည်။

ရခိုင်နဲ့ မိတ္ထီလာမှာ ပဋိပက္ခတွေဖြစ်ပြီးတဲ့နောက် ၉၆၉ နဲ့ တခြားလှုပ်ရှားမှုတွေ များလာတယ်။ ပါတီတွေ ကလည်း ထောက်ခံကြတယ်။ တစ်ဦးချင်းတွေအနေနဲ့ ဥပဒေလည်းမရှိဘူး၊ တရားဥပဒေ စိုးမိုးမှုလည်း မရှိဘူးဆိုတော့ အကာအကွယ်မဲ့ နေတဲ့အတွက် မလုံခြုံတာတွေ၊ ကြောက်ရွံ့တာတွေ ခံစားနေရတယ်။ အခြေခံအခွင့်အရေးတွေ ဆုံးရှုံးနေတယ်လို့လဲ ခံစားနေကြရတယ်။ ကျွန်တော်တို့ အချင်းချင်း အပြန်အလှန်လေးစားဖို့၊ ဥပဒေစိုးမိုးရေးကို နားလည်ဖို့၊ လွတ်လပ်စွာကိုးကွယ်ခွင့်ကို အသိအမှတ်ပြုဖို့၊ လူ့အခွင့်အရေးတွေကို လေးစားဖို့ လိုအပ်ပါတယ်။

ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကလည်း အလားတူပင် ပြောကြားခဲ့ပါသည်။

ကျွန်တော်က ဗုဒ္ဓဘာသာပါ။ ကိုယ့်ဘာသာကို စောင့်ရှောက်ဖို့ လိုအပ်တာကို ကျွန်တော်သဘောတူပါတယ်။ ဒါပေမဲ့ အခြားဘာသာတွေကိုတော့ မထိခိုက်ရဘူး။ တကယ်တော့ ၉၆၉ အဖွဲ့လို အစွန်းရောက်စိတ်ဓါတ်နဲ့ သွားဖို့ မလိုအပ်ပါဘူး။

မွတ်ဆလင်ခေါင်းဆောင်တစ်ဦးကလည်း ဗုဒ္ဓဘာသာနှင့် မွတ်ဆလင်အသိုက်အဝန်းတို့အကြားတင်းမာမှုများကို မောင်းနှင်နေသော နိုင်ငံရေးလှုံ့ဆော်မှုများရှိနေကြောင်း မှတ်ချက်ပြုခဲ့ပါသည်။

ဒီကိစ္စမှာ အစိုးရက ကစားပွဲတစ်ခုလို ကစားနေတာ။ဘာကြောင့်လဲဆိုတော့ အစိုးရ မထိန်းချုပ်နိုင်တာ ဘာမှမရှိဘူး။ ဥပမာဆိုရင် ၁၉၈၈ ခုနှစ်က တစ်နိုင်ငံလုံးမှာ အဖြစ်အပျက်တွေဖြစ်ခဲ့တော့ သူတို့ အဲဒါကို ထိန်းချုပ်ဖို့ စီမံခန့်ခွဲနိုင်တယ်။ အစိုးရအဖွဲ့က လုပ်နိုင်စွမ်းမရှိဘူးဆိုတာက ပြဿနာမဟုတ်ဘူး။ ဘာကြောင့်လဲဆိုတော့ အခုကိစ္စက တစ်နိုင်ငံလုံးမှာရှိတဲ့ မြို့နယ်တိုင်းမှာ ဖြစ်နေတာမှ မဟုတ်တာ။ ဒါက စိတ်ဆန္ဒမရှိတာကို ပြတာ။ --- ဟုတ်တယ်။ အခုအချိန်နဲ့ ၂၀၁၅ ခုနှစ်ကြားမှာ ပိုပြီးကြောက်စရာ ကောင်းလာတယ်။ လူတွေက နိုင်ငံရေးအမြတ်ထုတ်ဖို့အတွက် လှည့်စားမှုတွေလုပ်လာကြတယ်။ ကျွန်တော် တို့က ကြားထဲက ဓါးစာခံတွေ မဖြစ်ချင်ဘူး။ နိုင်ငံရေးကစားပွဲတွေထဲမှာ ပါနေမှာကိုလည်း ကြောက်တယ်။

**(ဃ-၅) ရွှေ့ပြောင်းနေထိုင်သူများ**

သုတေသနအဖွဲ့က သွားရောက်လေ့လာခဲ့သည့် နေရာများတွင် ရွှေ့ပြောင်းလုပ်သားများ သိသာစွာ များပြားနေသည့် ဒေသများလည်းပါဝင်ပါသည်။ ထိုနေရာများရှိ ဒေသခံများက ရွှေ့ပြောင်းဝင်ရောက် နေထိုင်သူများရှိနေခြင်းကြောင့် အများပြည်သူမလုံခြုံမှုနှင့် ဥပဒေနှင့် အမိန့်ကို မလိုက်နာမှုပြဿနာများကို တိုးလာစေသည်ဟု ထင်မြင်ကြောင်း ပြောကြားခဲ့ပါသည်။

အချို့သော ဒေသများတွင် ဒေသခံနေထိုင်သူများက လူဦးရေအလွန်အကျွံများလာခြင်းနှင့် လူမှု-စီးပွါးရေး နောက်ခံအခြေအနေနိမ့်ပါးသော ပညာမတတ်သည့် ရွှေ့ပြောင်းလုပ်သားများကြောင့် `အကျည်းတန်သော အရာများ´ကို ဖြစ်ပေါ်စေကြောင်း ၎င်းတို့၏ အမြင်များကို ဖော်ပြခဲ့ကြပါသည်။ ယင်းတို့တွင် ၎င်းတို့၏ လူမှု အသိုက်အဝန်းများအတွင်း ဖြစ်ပေါ်နေသော အမျိုးသမီးများနှင့် ကလေးသူငယ်များအား အကြမ်းဖက်မှုလည်း အပါအဝင်ဖြစ်ပါသည်။

မွန်ပြည်နယ်ရှိ သုတေသနပူးပေါင်းပါဝင်သူများက ၂၀၀၈ ခုနှစ်မှစ၍ ရေဝတီနှင့် ပဲခူးဒေသများမှ လုပ်သားများ တိုးတက်များပြားလာကြောင်းနှင့် ၎င်းတို့သည် ထိုင်း၊ စင်္ကာပူ၊ မလေးရှား၊ ကိုရီးယားနှင့် အခြားနေရာများသို့ စီးပွါးရှာရန် ထွက်သွားကြသဖြင့် လွတ်နေသော နေရာလပ်များကိုဖြည့်ဆည်းရန် ပြောင်းရွှေ့လာကြခြင်း ဖြစ်ကြောင်း ရှင်းပြခဲ့ကြပါသည်။ သုတေသနတွင် ပူးပေါင်းပါဝင်သူတစ်ဦးက ဒေသအတွင်းရှိ ရွှေ့ပြောင်းလုပ်သားများ အပေါ် အောက်ပါအတိုင်း မှတ်ချက်ပြုခဲ့ပါသည်။

> မွန်လူမျိုးတွေက အလွန်ငြိမ်းချမ်းကြတယ်။ မြန်မာနိုင်ငံ အလယ်ပိုင်းကလူတွေ ရောက်လာပြီးနောက်ပိုင်းမှာ အနောက်အယှက်ပေးတာတွေ၊ ကျိန်ဆဲတာတွေ၊ ဆဲဆိုတာတွေ၊ အရက်သောက်တာတွေ ဖြစ်လာကြတာ။

## (c) ပုဂ္ဂိုလ်ရေးအရည်အသွေးများ၊ အဆက်အသွယ်များ၊ ကွန်ယက်များ

သုတေသနတွေ့ရှိချက်များအရ တရားမျှတမှုရှာဖွေခြင်းနှင့် အငြင်းပွါးမှုဖြေရှင်းခြင်းအပြုအမူများတွင် တစ်ဦးချင်းဆီသို့ ဝင်ထွက်သွားလာခြင်းပုံမှန်အားဖြင့် လူမှုကွန်ယက်များမှတစ်ဆင့် သွားလာခြင်း၊ အာဏာနှင့်ဩဇာရှိသူ များ၏ ရပ်တည်မှုများလည်း ပါဝင်လေ့ရှိကြောင်း ညွှန်ပြနေပါသည်။ ထိုတစ်ဦးချင်းပုဂ္ဂိုလ်များသည် နိုင်ငံအဆင့် ခေါင်းဆောင်မှုကို ထောက်ပံ့ပေးနိုင်သည့်အဆင့်မှ အစိုးရဝန်ဆောင်မှုများကို ရရှိရန် ပံ့ပိုးကူညီပေးနိုင်သည့် အဆင့်များအထိ အဆင့်များစွာတို့တွင် အရေးပါသည်ဟု ထည့်သွင်းစဉ်းစားကြပါသည်။

ပြည်နယ်/တိုင်းဒေသကြီးအဆင့်နှင့် နိုင်ငံတော်အဆင့်တို့ရှိ သုတေသနပူးပေါင်းပါဝင်သူအချို့တို့က ဤအကူးအပြောင်းကာလအတွင်းတွင် တိုင်းပြည်ကို ဦးဆောင်ပဲ့ကိုင်ရန်အတွက် ကောင်းမွန်၍ အားကောင်းသော ခေါင်းဆောင်မှုကို `စောင့်နေခြင်း´ ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။ မွန်ပြည်နယ်မှ ခရစ်ယာန်ဘာသာရေး ခေါင်းဆောင်တစ်ဦးက အောက်ပါအတိုင်းရှင်းပြခဲ့ပါသည်။

> အခုအချိန်မှာ ကျွန်တော်တို့မှာ ပြည်သူတွေကို အကာအကွယ်ပေးနိုင်တဲ့သူ တစ်ယောက်မှမရှိသေးဘူး။ ကျွန်တော်တို့ တစ်ယောက်ယောက်ကိုတော့ အားကိုးရမယ်။

အရပ်ဖက်လူမှုအဖွဲ့အစည်းမှ ကိုယ်စားလှယ်တစ်ဦးကလည်း အောက်ပါအတိုင်း ပြောဆိုခဲ့ပါသည်။

> ဒါက ခေါင်းဆောင်မှုပေါ်မူတည်တယ်။ လူတွေက နောက်က လိုက်ကြမှာဘဲ။ လူတွေက မှန်ကန်တဲ့ ခေါင်းဆောင်တစ်ယောက်ကို ရွေးချယ်ပြီး၊ နောက်က လိုက်ကြမှာပါ။

ခိုင်မာအားကောင်းသော ခေါင်းဆောင်မှုဖော်ပြချက်နှင့်ဆက်စပ်ပါက၊ နိုင်ငံသားများအတွက် လွှတ်တော်ကိုယ်စားလှယ်များနှင့် ဆက်သွယ်မှုရှိခြင်းသည် (အောက်ပါ အခန်း - ၄ တွင်ဖော်ပြထားသည့်အတိုင်း) အရေးကြီးသော

လမ်းကြောင်းတစ်ခုအဖြစ် ပိုမို ရှုမြင်လျှက်ရှိပါသည်။ လွှတ်တော်ကိုယ်စားလှယ်များသည် ရွေးကောက်ခံရပြီး၊ လွှတ်တော်တွင်းသို့ ဝင်ရောက်လာနိုင်ခြင်းကြောင့်၄င်းတို့တွင် ထိရောက်စွာ ထုတ်ဖော်ပြောဆိုနိုင်မှု၊ သြဇာလွှမ်းမိုးမှု၊ ဝင်ထွက်သွားလာနိုင်မှုနှင့် အဆက်အသွယ်များရှိနေကြပါသည်။ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်တစ်ဦးသည် ဒေသတစ်ခုတွင် ဥပဒေနှင့်ပတ်သက်၍ ပြည်သူများကို ကူညီနိုင်ရန်အတွက် တစ်ပတ်လျှင် ပျမ်းမျှ နှစ်ကြိမ်ခန့် ပြည်သူများနှင့် ထိတွေ့ကြောင်း ဖော်ပြခဲ့ပါသည်။

> ဥပမာပြောရရင်၊ လူတွေက လမ်းမှာ ယဉ်တိုက်မှုဖြစ်ပြီး တရားရုံးမှာ တရားစွဲခံရပြီး၊ ဆုံးဖြတ်ချက်တွေက မမျှတတဲ့အခါ ကျွန်တော်တို့ဆီ ရောက်လာကြတယ်။ကျွန်တော်က မြို့နယ်တရားသူကြီး၊ ဒုတိယတရားသူကြီးတွေ ဒါမှမဟုတ် ရဲအရာရှိတွေနဲ့ သွားတွေ့ပြီး၊ အမှုကိစ္စကို ဆွေးနွေးတယ်၊ ပြီးတော့ ဆုံးဖြတ်ချက်တွေကို ပြန်ပြီးသုံးသပ်ဖို့ ကျွန်တော်က အကြံပြုတယ်။ အမှုအများစုမှာတော့ ရလာဒ်တွေ မကောင်းဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော် သူတို့ဆီကို ဖုန်းဆက်လိုက်တိုင်း အကြံပြု ချက်နဲ့အညီ ဆောင်ရွက်ပါမယ်၊ သင့်တော်သလို ဆောင်ရွက်နေပါတယ်ဆိုတာပဲ ပြန်ပြောတယ်။ အဲဒါပြီးရင် တော့ သူတို့ လုပ်ချင်သလိုလုပ်တာဘဲ။

ထိုကဲ့သို့ ဆက်သွယ်ဆောင်ရွက်သည့် ပုံစံကို အထူးသဖြင့် မြေယာဆိုင်ရာ အငြင်းပွါးမှုများတွင် တွေ့မြင်ရပါသည်။ ထိခိုက်ခံစားနေရသော အဖွဲ့/လူများက လွှတ်တော်ကိုယ်စားလှယ်များထံသို့ ချဉ်းကပ်ကြပြီး၊ နောက်ထပ် ပါဝင်သူ ပုဂ္ဂိုလ် များစွာတို့နှင့် နောက်ဆက်တွဲ လုပ်ငန်းများကို ဦးဆောင်စေပါသည်။ ယင်း ပုဂ္ဂိုလ်များတွင် တိုင်းဒေသကြီး/ပြည်နယ်နှင့် ပြည်ထောင်စုအဆင့် လွှတ်တော်များ၊ နိုင်ငံတော်သမ္မတရုံး၊ ပြည်နယ်/တိုင်းဒေသကြီး ဝန်ကြီးချုပ်ရုံးများ၊ အစိုးရဝန်ကြီးဌာနများပါဝင်ပါသည်။ ဥပမာတစ်ခုတွင် ပြည်သူ့ လွှတ်တော် ကိုယ်စားလှယ်တစ်ဦးက ၄င်းတို့ကိုယ်စား ဆွေးနွေးညှိနှိုင်းပေးခဲ့သည့်အတွက် အစိုးရပိုင်မြေတွင် ၂၀၁၅ ခုနှစ်အထိ ဆက်လက်နေထိုင်ခွင့်ရခဲ့ကြောင်း ဒေသခံနေထိုင်သူများက ဖော်ပြခဲ့ပါသည်။ (Box -၃ ကိုကြည့်ပါ။) နောက်ထပ်ဥပမာတစ်ခုမှာ မြေယာနှင့်ပတ်သက်သည့် ပြဿနာတစ်ခုကိုဖြေရှင်းရာတွင် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးနှင့် ပုဂ္ဂိုလ်ရေးအရ ချိတ်ဆက်ဆောင်ရွက်နိုင်ခဲ့ကြောင်း နိုင်ငံရေးပါတီကိုယ်စားလှယ်တစ်ဦးက ရှင်းပြခဲ့ပါသည်။

> လုပ်ငန်းရှင်တစ်ဦးက ကမ်းခြေက သဲတွေကို ထုတ်ယူနေတာရှိတယ်။ ဒေသခံတွေက ဒါကို ခြိမ်းခြောက်မှုတစ်ခုလို့ မြင်ကြတယ်။ သဲထုတ်ယူနေတဲ့ ကုမ္ပဏီကို ပိုင်တဲ့ပိုင်ရှင်က မွတ်ဆလင် တစ်ဦးဖြစ်နေပြီး၊ ဒီလုပ်ငန်းကလဲ ဘာသာရေးမငြိမ်မသက်ဖြစ်နေတဲ့ အချိန်မှာ ပေါ်လာတာ။ ကျွန်တော်တို့ တွေးတာက ဒီပြဿနာကို ချက်ချင်းအရေးယူဆောင်ရွက်မှုဖြစ်မယ်ဆိုပြီးတော့၊ ပြည်နယ်လွှတ်တော်ကို စာရေးတယ်။ အဲဒီမှာက ကျွန်တော့် တပည့်ဖြစ်ဖူးတဲ့ တစ်ယောက်က လွှတ်တော်ကိုယ်စားလှယ်ဖြစ်နေတယ်။ လွှတ်တော်က အဲဒီကုမ္ပဏီကို သဲထုတ်တဲ့ လုပ်ငန်းကို ရပ်ထားဖို့ စာထုတ်လိုက်တယ်။

Box -3

၂၀၁၁ ခုနှစ်တွင် ဒေသတစ်ခုရှိ အစိုးရပိုင် စက်ဘီးစက်ရုံကို ပိတ်ရန် အစိုးရက ကြေငြာခဲ့ပြီး၊ လုပ်သားများအား အခြားမြို့နယ်တွင်တည်ရှိသည့် စက်ရုံတွင် ပြောင်းရွှေ့အလုပ်လုပ်ရန် သို့မဟုတ် ပင်စင်လက်ခံ၍ အနားယူရန် အကြောင်းကြားခဲ့ပါသည်။ အလုပ်လုပ်ကိုင်ခဲ့စဉ်ကာလအတွင်း လုပ်သားများနှင့် ၄င်းတို့၏ မိသားစုများအား အစိုးရပိုင်တိုက်ခန်းများတွင် နေစရာထောက်ပံ့ပေးထားပါသည်။

စက်ဘီးစက်ရုံရှိ လုပ်သားအများစုသည် ပင်စင်ယူရန် ရွေးချယ်ခဲ့ပါသည်။ အဘယ်ကြောင့်ဆိုသော် မိသားစုများနှင့် ခွဲခွါ၍ အလုပ်မလုပ်လိုကြသောကြောင့်ဖြစ်ပါသည်။ အကျိုးဆက်အနေဖြင့် ၄င်းတို့သည်လည်း အစိုးရပိုင် တိုက်ခန်းများမှ ဖယ်ရှားပေးရမည်ဖြစ်ပါသည်။ လုပ်သားများအနေဖြင့် ဤအစိုးရတိုက်ခန်းများတွင် ဆယ်စုနှစ်များစွာ

နေထိုင်ခဲ့ကြပြီး၊ ယခုအချိန်တိုအတွင်း ရွှေ့ပြောင်းရန် အသိပေးခြင်းခံရသည့်အတွက် အိမ်ငှားရမ်းနေထိုင်ရန် ငွေကြေးမပြည့်စုံကြကြောင်းကို လုပ်သားများစုပေါင်း၍ စက်မှုဝန်ကြီးဌာနသို့ စာဒကတက်ခဲ့ကြပါသည်။

ယခင်စက်ရုံလုပ်သားများသည် ၎င်းတို့၏ ကိုယ်စားလှယ်အဖြစ်ဆောင်ရွက်ပေးရန် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တစ်ဦးကို ချဉ်းကပ်ခဲ့ပါသည်။ ထိုလွှတ်တော်ကိုယ်စားလှယ်က ၎င်းတို့ကိုယ်စား အစိုးရအဖွဲ့အစည်း အဆင့်အမျိုးမျိုးနှင့် ဆွေးနွေးညှိနှိုင်းပေးခဲ့ရာ၊ ထိုလုပ်သားများအား အစိုးရတိုက်ခန်းများတွင် ၂၀၁၅ ခုနှစ်အထိ ဆက် လက်နေထိုင်ခွင့်ပြုကြောင်း ကတိပြုချက်ရရှိအောင်မြင်ခဲ့ပါသည်။

မြေယာနှင့်ပတ်သက်သည့် မကျေနပ်ချက်များအပြင်၊ (မှတ်ပုံတင်/အိမ်ထောင်စုစာရင်းပြုလုပ်ခြင်း၊ ကျေးရွာဖွံ့ဖြိုးရေး ရန်ပုံငွေ ရရှိရေးတို့အပါအဝင်) အချို့သော ဝန်ဆောင်မှုများ ရရှိရေးအတွက်လည်း အစိုးရဝန်ထမ်း များနှင့် အဆက်အသွယ်ရှိထားရန် အရေးကြီးပါသည်။ ထိုအဆက်အသွယ်များ၏ အရည်အသွေး (ထိရောက်မှု)မှာ သဘာဝအားဖြင့် ပုဂ္ဂိုလ်ရေးတွင် များစွာမူတည်နေပါသည်။ ဥပမာအားဖြင့် ကျေးရွာခေါင်းဆောင်တစ်ဦးက အစိုးရအရာရှိများနှင့် ပုဂ္ဂိုလ်ရေးဆက်သွယ်မှုရှိသော်လည်း၊ ၎င်းတို့အား ငွေပေးလိုက်ရသဖြင့် စိတ်ပျက်မှုကို ဖော်ပြခဲ့ပါ သည်။

> လူတွေက ငွေမပေးနိုင်ရင်၊ လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှာ မှတ်ပုံတင်ရဖို့ ဘာမှ လုပ်ပေးမှာမဟုတ်ဘူး။ ကျွန်တော့်မှာ အထူးသဖြင့် ဌာနက အရာရှိတွေနဲ့ ဆက်သွယ်မှုတွေရှိပါတယ်။ ကျွန်တော့်မိသားစုတွေ၊ မိတ်ဆွေတွေကို ဂရုစိုက်ပါမယ်လို့ သူတို့ ကျွန်တော့်ကိုတွေ့တိုင်းပြောကြတယ်။ အလုပ်တွေပြီးတော့မယ် ဆိုတော့ (မှတ်ပုံတင်ရတော့မယ်ဆိုတော့) ကျွန်တော်နဲ့ ခင်နေပေမဲ့ ကျွန်တော့်ဆီက ၃၀၀၀၀(ကျပ်) ကနေ ၄၀၀၀၀ (ကျပ်) အထိ ငွေတောင်းခဲ့တယ်။

ထိုဆက်သွယ်မှုများ၏ အရေးပါမှုကို `ပွဲစား´ လုပ်သည်ဟုခေါ်သော အခြေအနေတရပ်ဖြင့် ရှင်းပြနိုင်ပါသည်။ ပွဲစား ဆိုသည်မှာ တစ်စုံတစ်ခုသော နယ်ပယ်ရှိ တစ်ဦးချင်းပုဂ္ဂိုလ်များနှင့် ဆက်သွယ်မှုများရှိသော တတိယအဖွဲ့/ လူများ ဖြစ်ပြီး၊ ထိုဆက်အသွယ်များကို အသုံးချ၍ အချို့သောဝန်ဆောင်မှုများကို ပံ့ပိုးဆောင်ရွက်ပေးကြပါသည်။ ထိုဝန်ဆောင်မှုများတွင် မှတ်ပုံတင်/အိမ်ထောင်စုစာရင်းများရရှိအောင်ဆောင်ရွက်ပေးခြင်း၊ စီးပွါးရေးအခွင့်အလမ်း များအတွက် အိမ်နီးချင်းနိုင်ငံများသို့ (အများအားဖြင့် တရားမဝင်) သွားရောက်လုပ်ကိုင်ခြင်း၊ ပိုင်ရှင်မနေသော မြေယာများကိုအပိုင်းပိုင်းစိတ်၍ (ရောင်းခြင်း၊ ဝယ်ခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်းစသည့်) တရားမဝင်လုပ်ငန်း အဆင့်ဆင့်ကို ပွဲစားလုပ်ပေးခြင်းစသည်တို့ပါဝင်ပါသည်။ ပွဲစားများသည် တစ်ခါတစ်ရံ အငြိမ်းစားရဲအရာရှိများနှင့် တပ်မတော်မှ အငြိမ်းစားအရာရှိများဖြစ်ကြပါသည်။ သုတေသနတွင် ပူးပေါင်းပါဝင်သူတစ်ဦးက `၎င်းတို့သည် တရားရုံးများအပါအဝင် အစိုးရ ဌာနများအားလုံးတွင် ရှိနေကြပါသည်´ဟု ပြောကြားခဲ့ပါသည်။

### (ဆ) အကျဉ်းချုပ် မှတ်ချက်

အထက်တွင် ဖော်ပြထားသော တွေ့ရှိချက်များမှ အဓိက အချက် (၂)ချက် ထွက်ပေါ်လာပါသည်။ ပထမအချက်မှာ နိုင်ငံတော်အဖွဲ့အစည်းများ၊ စည်းမျဉ်းစည်းကမ်းနှင့် မူဘောင်များကို ဒီမိုကရေစီအရ အားနည်း၍ ဥပဒေအရ တာဝန်ခံမှုနည်းပါးသည်ဟု ရှုမြင်ကြခြင်းဖြစ်ပါသည်။ ဤအချက်ကို အတိတ်ကာလ၏ အမိန့်ပေး ထိန်းချုပ်သည့်စနစ် အမွေများ၊ အမြစ်တွယ်နေသော အဂတိလိုက်စားမှုသဘာဝနှင့် (လုပ်ပိုင်ခွင့်၊ လွှမ်းမိုးမှုနှင့် အာဏာရှိသူများနှင့်) ပုဂ္ဂိုလ်ရေး ဆက်သွယ်မှုများ၏ အရေးပါမှုစသည်တို့နှင့်ပတ်သက်သော တွေ့ရှိချက်များက ထင်ဟပ်ဖော်ပြနေပါသည်။ စည်းမျဉ်းစည်းကမ်းနှင့် မူဝါဒဆိုင်ရာတည်ဆောက်မှုများအတွက် အဆိုပြုချက်များကို အခန်း(၅) တွင် ဖော်ထုတ် တင်ပြထားပါသည်။

ဒုတိယအချက်အနေဖြင့် တိုင်းရင်းသားလက်နက်ကိုင်ပဋိပက္ခများထိခိုက်လွယ်နှင့် လူနည်းစု ့များအပေါ် ဆက်ဆံပုံသဘောများနှင့် ပါတ်သက်၍ အုပ်ချုပ်မှု အရည်အသွေးနှင့် လူ့ဘောင်အတွင်း လူအများစုနှင့် လူနည်းစုကြား မမျှတမှုကို အလေးပေး၍ ဖော်ပြသော အမြင်များ ဖွံ့ရခြင်းဖြစ်သည်။ ထိခိုက်လွယ်သူများနှင့် လူနည်းစုအုပ်စုများအတွက် တရားမျှတမှုဆိုင်ရာ ပြဿနာများကို အခန်း (၃)တွင် ဖော်ပြထားပြီး၊ မြန်မာနိုင်ငံ၏ လူမှုဆိုင်ရာဆက်ဆံရေးသဘာဂများနှင့် စည်းမျဉ်းစည်းကမ်းနှင့် မူဝါဒတည်ဆောက်မှုဆိုင်ရာ အကြောင်းအရာများ နှင့် အဆိုပြုချက်များကို အခန်း (၅)တွင် စူးစမ်းတင်ပြထားပါသည်။

## အခန်း (၃) တွေ့ရှိချက်များ - တရားမျှတမှုဆိုင်ရာ ပြဿနာများ

ဤအခန်းတွင် သုတေသနအဖွဲ့သွားရောက်လေ့လာခဲ့သော မြို့နယ်(၈)မြို့နယ်ရှိ ဒေသခံများက ဖော်ပြခဲ့ကြသည့် တရားမျှတမှုဆိုင်ရာ ဦးစားပေးပြဿနာ (၄)ခုကို တင်ပြပါမည်။ ထိုပြဿနာများမှာ (၁) မြေယာနှင့်ပတ်သက်သည့် ပြဿနာများ (အမျိုးမျိုးသော အိမ်ရာ၊ မြေယာနှင့် ပိုင်ဆိုင်မှုဆိုင်ရာပြဿနာများ) (၂) ခွဲခြား ဆက်ဆံခြင်းဆိုင်ရာ ပြဿနာများ၊ (၃) အမျိုးသမီးများနှင့် ကလေးများအား ဥပဒေဖြင့် ကာကွယ်ပေးခြင်း ဆိုင်ရာ ပြဿနာများနှင့် (၄) အများပြည်သူ မလုံခြုံခြင်းဆိုင်ရာ ပြဿနာများဖြစ်ကြပါသည်။ အားလုံးခြုံငုံကြည့်ပါက ထိုပြဿနာများ အားလုံးတို့သည် ဥပဒေ၏ ညီမျှသော အကာအကွယ်ပေးမှုကိုလည်းကောင်း၊ ဥပဒေအရ တရားမျှတ၍ သာတူညီမျှသော ဆက်ဆံခံရမှုကိုလည်းကောင်း လိုလားသော တစ်ဦးချင်းစီနှင့် အစုအဖွဲ့များ၏ ဆန္ဒများကို ထင်ဟပ်နေပါသည်။

ဤအစီရင်ခံစာတွင် အသေးစိတ်တင်ပြထားခြင်းမရှိသော်လည်း၊ သုတေသနအဖွဲ့က တွေ့ကြုံခဲ့ရသည့် အခြား သော တရားမျှတမှုဆိုင်ရာပြဿနာများတွင် အသက်မွေးဂမ်းကြောင်းဆိုင်ရာပြဿနာများ၊ ချေးငွေများနှင့် အကြွေး တင်ရှိမှု၊ တရားမဝင်ထီနှင့် လောင်းကစားခြင်းတို့ပါဝင်ပါသည်။ ယင်းတို့အနက် ငွေချေးယူခြင်းနှင့် အကြွေး သံသရာတွင် နစ်မြုပ်နေခြင်းကဲ့သို့သော အချို့ ပြဿနာများ (ဥပမာအားဖြင့် - ငွေချေးရာတွင် ကိုယ်ပိုင်မြေယာ များကို အပေါင်ပစ္စည်းအဖြစ်ထားရသော လယ်သမားများ၊ ၎င်းတို့၏ ဂင်ငွေပေါ်မှီခိုနေရသည့် မိသားစုများနှင့် ခွဲခွါ၍ ပင်လယ်ပြင်တွင် လပေါင်းများစွာအချိန်ကုန်ဆုံးရသော ငါးဖမ်းလုပ်သားများ၊ အခြားနိုင်ငံများတွင် စီးပွါးရေး အခွင့်အလမ်းပိုမိုကောင်းမွန်နိုင်သည်ဟူသော မျှော်လင့်ချက်ဖြင့် ငွေအမြောက်အမြားကို ကြိုတင်`ရင်းနှီးမြှုပ်နှံ´ ထားသော ရွှေ့ပြောင်းလုပ်သားများ၊ ကုန်ပစ္စည်းများကို လက်လီရောင်းချသူများစသည်ဖြင့်) ကိုပိုမိုနားလည်စေရန် ပိုမိုနားလည်စေရန်အတွက် နောက်ထပ်သုတေသနလုပ်ငန်းများ ဆောင်ရွက်ရန် လိုအပ်ပါသည်။[10]သို့မှသာ ၎င်းတို့ဖြစ်ပေါ်ရသော အခြေခံအကြောင်းအရာများနှင့် လူတန်းစားအသီးသီးအပေါ် လူမှုရေးအရသက်ရောက် နေမှုများကိုပိုမိုနားလည်သိရှိနိုင်မည်ဖြစ်သည်။ လောင်းကစားခြင်း၊ အရက်သောက်ခြင်းနှင့် ပတ်သက်သည့် အခြားပြဿနာများမှာ အများပြည်သူတို့၏ စည်းကမ်းရှိမှု၊ လုံခြုံမှုနှင့် စာရိတ္တပိုင်းဆိုင်ရာတို့နှင့် ဆက်စပ်နေကြပါ သည်။ အကြွေးတင်ခြင်းကဲ့သို့သော လူမှုဆိုင်ရာ ပြဿနာများအတွက် ဥပဒေနှင့်မူဂါဒဆိုင်ရာ သုတေသန လုပ်ငန်းများ လိုအပ်ပါသည်။ အကြောင်းမှာ အဆိုပါကိစ္စရပ်များကိုထိန်းချုပ်နိုင်ရန်အတွက် နိုင်ငံတော်၏ အခန်းကဏ္ဍမှာ မည်သို့ရှိသင့်သည်နှင့် ဥပဒေနှင့် ဒေသဆိုင်ရာ စံနှုန်းများ/အလေ့အထများအကြား မည်သို့ ဆက်သွယ်နေသည် အစရှိသည်တို့ကို ပိုမိုနားလည်ရန်ရန်လိုသောကြောင့်ဖြစ်သည်။

အောက်ပါအပိုင်း (၄) ပိုင်းတို့တွင် တစ်ပိုင်းချင်းစီကို အသုံးချနိုင်သော ဥပဒေနှင့်မူဂါဒမူဘောင်များအပါအဂင်သက် ဆိုင်ရာ နောက်ခံအကြောင်းအရာများဖြင့်စတင်ထားပြီး၊ သုတေသနအဖွဲ့က တွေ့ကြုံခဲ့သည့် နောက်ဆက်တွဲ

[10]ဤပြဿနာများအနက် အချို့ကို (အထူးသဖြင့် ငွေကြေး၊ ငွေချေးခြင်း၊ ငွေစုခြင်းနှင့် ရင်းနှီးမြှုပ်နှံမှုများ၏ ပတ်ဂန်းကျင်တွင် စိတ်နေစိတ်ထားများ၊ အမြင်များနှင့် အလေ့အထများကို) စတင်လေ့လာထားပြီး၊ ၂၀၁၄ ခုနှစ်၊ ဇူလိုင်လတွင် ထုတ်ဂေထားသည့်လက်ရှိ အစီရင်ခံစာတစ်စောင်ကို Proximity Designs, Afford Two, Eat One – Financial Inclusion in Rural Myanmarတွင် ကြည့်နိုင် ပါသည်။

ပြဿနာများ၏ ပုံစံများကို ဆက်လက်တင်ပြထားပါသည်။ ထိုသို့တင်ပြရာတွင် သုတေသနတွင် ပူးပေါင်းပါဝင်သူများက မျှဝေခဲ့ ကြသည့် အမြင်များ၊ အတွေ့အကြုံများကို အလေးထားဖော်ပြထားပါသည်။

### (က) မြေယာ

မြေယာနှင့်ပတ်သက်သည့် ပြဿနာများမှာ သုတေသနအဖွဲ့များသွားရောက်လေ့လာခဲ့သည့် နေရာများရှိ ဒေသခံများက ဖော်ထုတ်ခဲ့သည့် ပြဿနာများအနက် လူပြောအများဆုံး ပြဿနာတစ်ခုဖြစ်သည်။ [11] မြန်မာနိုင်ငံတွင် မြေယာအုပ်ချုပ်မှုနှင့် စီမံခန့်ခွဲမှုမှာ အလွန်ရှုပ်ထွေးပြီး၊ ဥပဒေများ၊ ပြင်ဆင်ချက်များ၊ အမိန့်များ၊ စည်းကမ်းချက်များ စုစုပေါင်း(၇၄)ခု ပါဝင်နေပါသည်။ ယင်းတို့သည် အိမ်ယာ၊မြေနှင့် ပတ်သက်သော ပိုင်ဆိုင်မှုအခွင့်အရေးများကိုလည်းကောင်း၊[12] လုပ်ပိုင်ခွင့်နှင့် ဆုံးဖြတ်ပိုင်ခွင့် ထပ်နေသည်များလည်း ရှိနေသော အစိုးရ၏ အဖွဲ့များကိုလည်းကောင်း တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်သက်ရောက်နေကြပါသည်။ နိုင်ငံတော်သည် နိုင်ငံအတွင်းရှိ မြေအားလုံး၏ ပင်ရင်းပိုင်ရှင် ဖြစ်သည့်အတွက်[13] `ပုဂ္ဂလိကပိုင်ဆိုင်မှုအခွင့်အရေးဆိုသည်မှာ အမှန်အားဖြင့်` အသုံးချခွင့် (usufruct)နှင့် အသုံးချမှုမှရရှိသေ အကျိုးကျေးဇူးကို ခံစားပိုင်ခွင့်သာ´ ဖြစ်ပြီး [14] မြေယာတစ်ခိုကို မည်သို့အတန်းအစားသတ်မှတ်ထားခြင်းပေါ်မူတည်၍ မတူညီသောစည်းမျဉ်းများ ရှိကြပါသည်။ [15]

၂၀၁၂ ခုနှစ်၊ ကြားဖြတ်ရွေးကောက်ပွဲနှင့် ဆက်လက်၍ အနောက်နိုင်ငံများ၏ စီးပွါးရေးပိတ်ဆို့မှုများကို ဖြေလျှော့ပေးခဲ့ပြီးနောက်၊ နိုင်ငံခြားနှင့် ပြည်တွင်းမှ ရင်းနှီးမြှုပ်နှံမှုများမြင့်တက်လာခဲ့ပြီး၊ မြေဈေးကွက်အပေါ် အလွန်ကြီးမားသော ဖိအားများ သက်ရောက်စေသည့် အရင်းအနှီးစီးဝင်မှုများဖြစ်လာစေခဲ့ပါသည်။ ၁၉၈၈ ခုနှစ်မှစတင်၍ မြေဈေးကွက်ကို (၁) နိုင်ငံတော်ငြိမ်ဝပ်ပိပြားရေးအဖွဲ့ (SLORC)/နိုင်ငံတော်တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (SPDC)၊ တပ်မတော်အစိုးရနှင့် ပတ်သက်သူများက အကြီးစားမြေယာမတရား ရယူခြင်း´၊ (၂) အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်များအတွက် ဆွေးနွေးညှိနှိုင်းခဲ့သည့် ပွင့်လင်းမြင်သာမှု မရှိသော ညှိနှိုင်းမှုများ (စီးပွါးရေးအခြေခံအဆောက်အဦးနှင့်မဟာဗျူဟာ/စစ်ရေးဆိုင်ရာ ရည်ရွယ်ချက်များပါသော

[11] သို့ရာတွင် ဤမြေပုံဆွဲခြင်းသုတေသနလုပ်ငန်းအတွင်း ဖော်ထုတ်ခဲ့ကြသည့် မြေယာဆိုင်ရာ ပြဿနာများမှာ UNDP ၏ Mapping သုတေသနလုပ်ငန်းလောက်မများပါ။ အကြောင်းရင်းမှာ သုတေသနလုပ်ငန်းဆောင်ရွက်သည့် ပထဝီအနေအထားမတူညီသောကြောင့် ဖြစ်ပါသည်။ UNDP မှ သုတေသနပြုလုပ်ခဲ့သော ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့်မန္တလေးတိုင်းဒေသကြီးတို့နှင့် နှိုင်းယှဉ်ပါက ယခုလေ့လာခဲ့သည့် ရန်ကုန်တိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် လယ်ယာမြေဥပဒေနှင့် အကျုံးဝင်သည့် လယ်ယာမြေများ ပိုမိုနည်းပါးသောကြောင့်ဖြစ်ပါသည်။

[12] Leckie & Simperingham. Housing, Land and Property Rights in Burma: The Current Legal Framework (2009) p-17. ဤနေရာတွင် ညွှန်းထားသည့် ဥပဒေ၊ ပြင်ဆင်ချက်၊ အမိန့်၊ စည်းကမ်းချက် (၇၄)ခုဆိုသည်မှာ Leckie & Simperingham (2009) တွင် ဖော်ပြထားသည့် (၇၃) ခုပါဝင်ပြီး၊ ၂၀၁၂-၂၀၁၃ခုနှစ်တွင် လွှတ်တော်မှ အတည်ပြုခဲ့သည့် နောက်ထပ်ဥပဒေ (၅)ခုနှင့် ရုပ်သိမ်းလိုက်သည့် ဥပဒေများနှင့် ထပ်မံညှိနှိုင်းထားပါသည်။ (၂၀၁၂ ခုနှစ်၊ အထူးစီးပွါးရေးဇုန်ဥပဒေ၊ ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေ၊ ၂၀၁၂ ခုနှစ်၊ မြေလွတ် မြေလပ်၊ မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေ၊ ၂၀၁၂ ခုနှစ်၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေ၊ ၂၀၁၃ ခုနှစ်၊ တောင်သူလယ်သမားများ၏ အခွင့်အရေးကာကွယ်ရေးနှင့် စီးပွါးရေးတိုးတက်မှုဥပဒေ)

[13] မြန်မာနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပုဒ်မ ၃၇။

[14] USAID, Burma – Property Rights and Resource Governance Profile (May, 2013), p -10

[15] USAID (May, 2013) ကိုကြည့်ပါ။

ညှိနှိုင်းမှုများ)[16]နှင့် (၃) မြို့ပြတွင်နေထိုင်သူများကို အင်အားသုံး၍ ရွှေ့ပြောင်းခြင်းများအပါအဝင် မြို့ကြီးများ ဖွံ့ဖြိုးရေး လုပ်ငန်းများ[17] ဟူ၍ ခွဲခြားနိုင်ပါသည်။

မြေယာပြဿနာများနှင့်ပတ်သက်၍ ဆိုးကျိုးသက်ရောက်ခံခဲ့ရသော လူများသည် ၂၀၁၁ ခုနှစ်မှစ၍ အခြားသော နိုင်ငံအဆင့်ပြောင်းလဲမှုများနှင့်အတူ၊ ၎င်းတို့၏ စိတ်ပျက်ခြင်း၊ မရောင့်ရဲနိုင်ခြင်း၊ ဒေါသထွက်ခြင်းတို့ကို ကျယ်လောင်စွာ ထုတ်ဖော်လာကြပါသည်။ ရန်ကုန်တိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် သုတေသနအဖွဲ့က လေ့လာတွေ့ရှိရသော နော်ကဆက်တွဲပြဿနာများတွင်သမိုင်းတစ်လျှောက်မြေယာမတရားရယူခြင်းများ၊ ပုဂ္ဂလိကမြေယာ အငြင်းပွါးမှု များ၊ မြေယာကို အတန်းအစား(ပြန်လည်)သတ်မှတ်၍ ရောင်းချခြင်း၊ ဆင်ခြေဖုံးများနှင့် ကျူးကျော်နေထိုင်သူ များ၊ အများပြည်သူပိုင်နေရာများကို အပြိုင်အဆိုင်အသုံးပြုခြင်း၊ အစိုးရမဟုတ်သော လက်နက်ကိုင်အုပ်စုများ (NSAGs) များ ပါဝင်နေသော အမှုကိစ္စများစသည်တို့ပါဝင်ပါသည်။

### (က-၁) မြေယာကို မတရားရယူခြင်း

ဆိုရှယ်လစ်ခေတ်အတွင်းနှင့် နိုင်ငံတော်အေးချမ်းရေးနှင့် ဖွံ့ဖြိုးရေးကောင်စီလက်ထက်တို့တွင် ဖြစ်ပွါးခဲ့သော မြေမတရားရယူသည့် ကိစ္စရပ်များကို သုတေသနသွားရောက်ပြုလုပ်ခဲ့သည့် ဒေသအများစု (ရပ်ကွက်/ကျေးရွာ ၂၄ ခုအနက် ၁၄ ခုတွင်) တွင်တွေ့ရှိခဲ့ရပါသည်။ ထိုမြေအများစုမှာ စက်မှုဇုန်များတည်ထောင်ခြင်း၊ အဆင့်မြင့် ပညာရေး/တက္ကသိုလ်များ တည်ဆောက်ခြင်း၊ စစ်တန်းလျားများ တိုးချဲ့ခြင်းနှင့် လမ်းဖောက်လုပ်ခြင်းများအတွက် မြေမသိမ်းမီက စိုက်ပျိုးရေးအတွက် အသုံးပြုနေသော မြေများဖြစ်ကြပါသည်။

အသိမ်းခံလိုက်ရသော မြေအမျိုးအစားများတွင် လယ်ယာမြေများ၊ အပင်များစိုက်ပျိုးထားရှိသည့် ဥယျာဉ်မြေများ၊ ရပ်ရွာကပိုင်ဆိုင်သည့် မြေလွတ်မြေလပ်များ၊ ရပ်ရွာကပိုင်ဆိုင်သည့် စားကျက်မြေများ၊ ဓါးမဦးချမြေများ [18]စသည်တို့ ပါဝင်ပါသည်။ ထိုသို့ မြေကို မတရားရယူခြင်းများအပြင်၊ ထိုအချိန်က အိမ်များကိုလည်း ဖယ်ရှားခိုင်းခဲ့ပါသည်။ ဥပမာတစ်ခုတွင် လမ်းဖောက်လုပ်ရေးစီမံကိန်းတစ်ခုအတွက် အိမ် (၆၄)လုံး ဖယ်ရှားပေးခဲ့ရပါသည်။

မြေအသိမ်းခံရသူများအနက် အချို့က ၎င်းတို့တွင် ပုံစံ (၁၀၅) [19]၊ လန (၃၉) [20]နှင့် လယ်မြေဦးပိုင်အမှတ်များ [21] ကဲ့သို့သော မြေသက်သေခံလက်မှတ်များပိုင်ဆိုင်ထားကြောင်းနှင့် လယ်ယာမြေနှင့်ဥယျာဉ်မြေများအတွက် မြေခွန် ဖြတ်ပိုင်းများကိုလည်း မြေပိုင်ဆိုင်မှုအထောက်အထားများအဖြစ် သိမ်းဆည်းထားကြောင်း ဖော်ပြခဲ့ကြပါသည်။ သုတေသနအဖွဲ့က လေ့လာခဲ့သည့် (ကျေးရွာ ၁၄ ရွာအနက်) နေရာတစ်နေရာတွင်သာ ဒေသခံများက ၎င်းတို့တွင် မည်သည့်စာရွက်စာတမ်းမျှမရှိကြောင်းနှင့် ဓါးမဦးချမြေကိုသာ တရားဝင်ပိုင်ဆိုင်သည့် မြေအဖြစ် အသိအမှတ်ပြုထားကြောင်း ပြောကြားခဲ့ပါသည်။

---

[16]Transitioinal Institute, Developing Disparity – Regional Investment in Burma's Borderlands (February 2013); Transitional Institute, Access Denied – Land Rights and Ethnic Conflict in Burma (May 2013) တို့တွင် ယေဘုယျအားဖြင့် ကြည့်နိုင်ပါသည်။

[17]UN Habitat, Human Settlement Sector Review: Union of Myanmar (1991) တွင်ကြည့်ပါ။

[18]မှတ်တမ်းမှတ်ရာမရှိသော သို့မဟုတ် မှတ်ပုံတင်ထားခြင်းမရှိသော ဘိုးဘွားအစဉ်အဆက်ပိုင်ဆိုင်သည့် လယ်ယာမြေများ။

[19]အဆောက်အဦးတည်ဆောက်ရန် သို့မဟုတ် မြေအသုံးချမှုပြောင်းလဲရန်စသည့် ရည်ရွယ်ချက်အမျိုးမျိုးအတွက် လိုအပ်သောသူက လျှောက်ထားလာပါက၊မြေစာရင်းဦးစီးဌာနက ထုတ်ပေးသော အသိအမှတ်ပြုမြေပုံဖြစ်ပါသည်။

[20]လန (၃၉)ဆိုသည်မှာ မြေယာကို နိုင်ငံပိုင်ပြုလုပ်ရေးဥပဒေ (၁၉၅၃ ခုနှစ်) ၏ ပုဒ်မ ၃၉ နှင့်အညီဆောင်ရွက်ထားခြင်းကို ဆိုလိုပါသည်။ ထိုဥပဒေပုဒ်မတွင် နိုင်ငံတော်သမ္မတ သို့မဟုတ် သမ္မတက လုပ်ပိုင်ခွင့်အပ်နှင်းထားသူက မည်သည့်စိုက်ပျိုးမြေကိုမဆို သီးခြား ကိစ္စရပ်ဖြင့် အသုံးပြုရန် ညွှန်ကြားနိုင်ကြောင်း ပြဋ္ဌာန်းထားပါသည်။

[21]မြေကို အမြဲတမ်းအသုံးပြုခွင့်။

သုတေသနအဖွဲ့သို့ ပြောကြားခဲ့သည့် မြေသိမ်းခြင်း ကိစ္စရပ်အားလုံးတို့တွင် မြေယာများကို အတင်းအကျပ် သိမ်းယူခဲ့ခြင်းဖြစ်ပြီး၊ အချို့သော နေရာများတွင် ကြိုတင်အသိပေးမှုအနည်းငယ်သာလုပ်ခဲ့ပါသည်။ (Box -၄ ကိုကြည့်ပါ။)၊ ထိုလုပ်ငန်းများကြောင့် ထိခိုက်ကြရသည့် လူများအား မြေသိမ်းခြင်း၏ ရည်ရွယ်ချက်များကို ကောင်းမွန်စွာ အသိပေးပြောကြားခဲ့ခြင်းမရှိဘဲ၊ ထိုသို့ မြေသိမ်းခံလိုက်ရသည့်အတွက် လျော်ကြေးငွေလည်း မရရှိခဲ့ကြပါ။ ထိုကဲ့သို့သော လုပ်ငန်းများကို `ဥပဒေနှင့်မညီသော´၊ `အာဏာရှင်ဆန်သော´ လုပ်ရပ်များအဖြစ် ရှုမြင်ခဲ့ကြပြီး၊ `တရားမျှတမှုမရှ´ ဟု သတ်မှတ်ကြပါသည်။ အချို့ကလည်း သူတို့၏ မြေများကို မည်သည့် အခါမှ ပြန်လည်ရရှိမည်မဟုတ်ကြောင်းနှင့် မျှော်လင့်ချက်လည်း မရှိတော့ကြောင်း ဖော်ပြခဲ့ကြပါသည်။

Box – (၄)

ကျွန်တော့်မှာ မူလတုန်းက ရာဘာပင် (၁၂၀၀)လောက်စိုက်ထားတဲ့ မြေ ငါးဧကခွဲလောက်ရှိတယ်။ ၁၉၉၉ ခုနှစ်မှာ မြေယာဖွံ့ဖြိုးရေးစီမံကိန်းအတွက် နှစ်ဧကကျော်လောက် အသိမ်းခံလိုက်ရတော့ ကျွန်တော့်မှာ ၃.၂ ဧက လောက်ကျန်သေးတယ်။ ဒါပေမဲ့ ၂၀၀၀ ခုနှစ်မှာ ကျန်တဲ့မြေအားလုံးကို စက်မှုဇုန်ဖွံ့ဖြိုးရေးအတွက် အသိမ်းခံ လိုက်ရတယ်။ ကျွန်တော့်မြေက ဦးပိုင်အမှတ်လည်းရှိတယ်၊ G-၃ အဆင့်လည်း ရှိတယ်။ အဲဒီအချိန်ကဆိုရင် ကျွန်တော်တို့ ရာဘာပင်တွေကကလည်း အစေးတွေစထွက်တာ ၄၅ ရက်လောက်ရှိပြီ။ ရာဘာစေးတွေ ထွက်လာ တော့ ကျွန်တော်တို့ ရှေ့ရေးအတွက် အိပ်မက်မက်နိုင်ပြီဆိုပြီး၊ အရမ်းပျော်ခဲ့ကြတာ။

ကျွန်တော်တို့ရွာကို ခရိုင်အုပ်ချုပ်ရေးမှူးရယ်၊ အတွင်းရေးမှူးရယ်၊ ဗိုလ်မှူးကြီးနှစ်ယောက်ရယ် ရောက်လာကြတယ်၊ ပြီးတော့ ရာဘာခင်းတွေကို တစ်ပတ်အတွင်း ရှင်းပေးဖို့ အမိန့်ပေးတယ်။ တကယ်လို့ ကျွန်တော်တို့ဘာသာ မရှင်းပေးရင် မြေကို ဘူဒိုဇာနဲ့ထိုးပြီးရှင်းမယ်လို့ပြောတယ်။ ဗိုလ်မှူးကြီးတစ်ယောက်က `ဒီမြေကို နိုင်ငံတော်က ပိုင်တယ်၊ ယုတ်စွအဆုံး ပန်းအိုးထဲမှာရှိတဲ့မြေကြီးတောင်မှ နိုင်ငံတော်ပိုင်တယ်´ လို့ ပြောသွားတယ်။

ကျွန်တော်လည်း ကိုယ့်ကိုကိုယ်သတ်မသေနိုင်တော့၊ နောက်ဆုံး အလုပ်သမားတွေငှားပြီး၊ ရာဘာခင်းကို ခုတ်ပစ် ရတယ်။ ကျွန်တော်ဆိုရင် စိတ်နဲ့လူနဲ့ မကပ်တော့ဘူး။ ထမင်းစားဖို့တောင်မေ့နေတယ်။ ကျွန်တော့်မိန်းမ ဆိုရင် လည်း နေ့ရော၊ ညရော ငိုနေတာ။ ကျွန်တော့်မှာ မြေမရှိတော့ အလုပ်သမားလုပ်ပြီး၊ ဂင်ငွေရှာရတယ်။ ကျွန်တော့်ကလေးတွေအားလုံးကိုလည်း ကျောင်းထုတ်လိုက်ရတယ်။

ကျွန်တော့်မြေကို အခု ပေ (၁၀၀) ကွက်တွေ ဖြစ်အောင် စိတ်လိုက်ပြီ။ အဲဒီအကွက်တွေထဲက (၄)ကွက်ကို ဘာမှ မသုံးဘဲထားတာ ကျွန်တော်မြင်နေရတယ်။ ကျွန်တော်ကြားထားတာကတော့ သိမ်းထားတဲ့မြေကို စီမံကိန်း စပြီး (၃)နှစ် အတွင်း အသုံးမပြုခဲ့ရင် မူလပိုင်ရှင်တွေကို ပြန်ပေးရမယ်လို့ သိထားတယ်။ အခုဆိုရင် (၁၄)နှစ်ရှိပြီ။ အခု ကျွန်တော့်မြေကို ပြန်ရဖို့ ကြိုးစားနေတယ်။ ကျွန်တော့်ဘက်က လိုက်ဖို့ လွှတ်တော်ကိုယ်စားလှယ်တစ်ယောက်ကို ဆက်သွယ်နေတယ်။

သုတေသနတွင် ပူးပေါင်းပါဂင်သူများကပြောကြားသည်မှာ မြေများကို မတရားသိမ်းရာတွင် အာဏာရှင်ဆန်သော သဘာဂရှိသည်သာမက၊ မြေသိမ်းရမည့် ဧရိယာတွင် မပါဂင်သောမြေများကိုလည်း တစ်ခါတစ်ရံတွင် တတိယ အဖွဲ့/လူများက မှားယွင်းသိမ်းယူသွားကြကြောင်း ဖြစ်ပါသည်။ ပူးပေါင်းပါဂင်သူတစ်ဦးက အောက်ပါအတိုင်း ရှင်းပြခဲ့ပါသည်။

> ကျွန်တော့်မှာ မူလတုန်းက မြေ (၁၀.၄၃)ဧက ရှိတယ်။ ဒီထဲက တစ်ဂက်ကို စက်မှုဇုန်ဖော်ထုတ်ရေးအတွက် သိမ်းသွားတယ်။ ဒါပေမဲ့ စက်မှုဇုန်ကြီးကြပ်ရေးကော်မတီက စာရေးကို မေးကြည့်တော့ ကျွန်တော့်မြေက စက်မှုဇုန်အတွက် သိမ်းရမယ့် ဧရိယာထဲမှာ မပါဘူး။ ကျွန်တော့်မြေကို စက်မှုဇုန်ကြီးကြပ်ရေးကော်မတီ

အတွင်းရေးမှူးက ယူသွားတာ။ ဒါပေမဲ့ ကျွန်တော့်မှာ သက်သေတွေရှိတယ်။ ကျွန်တော် ၂၀၁၃ ခုနှစ်အထိ ဆောင်ထားတဲ့ မြေခွန်ဖြတ်ပိုင်းတွေရှိတယ်။

သုတေသနလုပ်ငန်းစဉ်တစ်လျှောက်လုံးတွင် သုတေသနအဖွဲ့သည် မြေမတရားရယူရာတွင် ပါဝင်ခဲ့သည့် ပုဂ္ဂိုလ်များစွာတို့ကို သိရှိခဲ့ရပါသည်။ ၎င်းတို့တွင် နိုင်ငံအဆင့် အဖွဲ့အစည်းများ၊ နိုင်ငံတော်နှင့်ဖက်စပ်အဖွဲ့အစည်းများ၊ တစ်ဦးချင်းပုဂ္ဂိုလ်များ၊ ပုဂ္ဂလိကကုမ္ပဏီများလည်း ပါဝင်ပါသည်။ ဆိုရှယ်လစ်ခေတ်အတွင်းတွင် နိုင်ငံအဆင့် အဖွဲ့အစည်းများက နိုင်ငံအဆင့် စီမံကိန်းများအတွက် မြေသိမ်းခဲ့ကြပါသည်။ ယင်းစီမံကိန်းများတွင် စံပြလုပ်သားစီမံကိန်း၊ မြန်မာရာဘာစီမံကိန်း၊ အင်္ဂလိပ်သိပ္ပံကောလိပ်စသည်တို့ ပါဝင်ပါသည်။ သုတေသနတွေ့ရှိချက်များအရ တပ်မတော်အစိုးရလက်ထက်တွင် နိုင်ငံအဆင့် အဖွဲ့အစည်းများက (စက်မှုဇုန်များ၊ လမ်းဖောက်လုပ်ခြင်း၊ စစ်အခြေစိုက် စခန်းများတိုးချဲ့ခြင်းစသည်တို့အပါအဝင်) နိုင်ငံတော်စီမံကိန်းများအတွက် မြေသိမ်းခြင်းသာမက၊ နိုင်ငံနှင့် ဖက်စပ်လုပ်ကိုင်နေသော အဖွဲ့အစည်းများ၊ တစ်ဦးချင်းများကလည်း ပုဂ္ဂလိကအကျိုးစီးပွါးအတွက် မြေသိမ်းခဲ့ကြကြောင်း တွေ့ရှိရပါသည်။

မွန်ပြည်နယ်ရှိ သုတေသနပူးပေါင်းပါဝင်သူအချို့က အစိုးရနှင့် အစိုးရမဟုတ်သော လက်နက်ကိုင်အုပ်စုများ NSAGs(NSAGs) အကြား ၁၉၉၅ ခုနှစ်တွင် အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ရရှိသည့် အချိန်မှစ၍ ဒေသအတွင်းတွင် စစ်အခြေစိုက်စခန်းများတိုးတက်များပြားလာကြောင်း ပြောကြားခဲ့ပါသည်။ တပ်မတော်က မြေယာများကိုအတင်းအကျပ်သိမ်းယူခဲ့ပြီး၊ တပ်ရင်းများအတွက် အမှန်တကယ်လိုအပ်သောမြေထက် များစွာ ပိုကျယ်သော နယ်မြေများကို ခြံစည်းရိုးခတ်ထားခြင်းသည် ပုံမှန်ဖြစ်ခဲ့ကြောင်း ၎င်းပူးပေါင်းပါဝင်သူများက ပြောကြားခဲ့ပါသည်။ မူလမြေပိုင်ရှင်များအနေဖြင့် ထိုတပ်ရင်းများက သိမ်းယူထားသော မြေဧရိယာအတွင်းသို့ ဝင်ရောက်လိုပါက၊ ထွက်ရှိသော ရာဘာစေး၏ ဝေစုတစ်ခုကို တပ်မတော်သို့ ပေးရပါသည်။ တပ်မတော်ကသိမ်းယူထားသော မြေဧရိယာတစ်ခုလုံးအတွက် ပုံမှန်အားဖြင့် အခွန်ပုံစံတစ်မျိုးကို ပေးဆောင်ရကြောင်းနှင့် ထိုအခွန်ပုံစံနှင့်ပမာဏမှာ တပ်ရင်းမှူး တစ်ဦးနှင့်တစ်ဦး၊ နယ်မြေတစ်ခုနှင့်တစ်ခုပေါ်မူတည်၍ ကွဲပြားကြကြောင်းလည်း ပြောကြားခဲ့ပါသည်။

ရန်ကုန်တိုင်းဒေသကြီးရှိ အချို့သော ပူးပေါင်းပါဝင်သူများကလည်း တပ်မတော်သည် ၎င်းတို့အမှန်တကယ်လိုအပ်သည်ထက် ပိုမိုသော မြေယာများကို သိမ်းယူထားကြောင်း ၎င်းတို့၏ ထင်မြင်ချက်ကို ဆင်တူစွာ ပြောကြားခဲ့ပါသည်။

( ---) မြို့နယ်စောင့်တပ်ရင်းအတွက် (၁၀၀)ဧကဆိုလုံလောက်ပါပြီ။ ဒါပေမဲ့ သူတို့က ဧက (၅၀၀) ယူလိုက်တယ်။

အစိုးရနှင့် တွဲဖက်ဆောင်ရွက်နေသော အဖွဲ့အစည်းများနှင့် အုပ်စုငယ်များ၏ အကျိုးစီးပွါးအတွက် တစ်ဦးချင်းပုဂ္ဂိုလ်များက မြေသိမ်းရာတွင် တပ်မတော်၊ ထောက်လှမ်းရေးအဖွဲ့များ၊ အကျဉ်းဦးစီးဌာန၊ သစ်တော ဦးစီးဌာန၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း (USDA) တို့ ပါဝင်ခဲ့ကြပါသည်။ ထိုသို့ မြေသိမ်းယူမှုများ သည် မြို့နယ် (၂) မြို့နယ်တွင် ဖြစ်ပွါးခဲ့ပြီး၊ ဓါးမဦးချမြေများ၊ ကျေးရွာပိုင်မြေလွတ်များနှင့် စားကျက်မြေများ ပါဝင်ကြောင်း သုတေသနအဖွဲ့သို့ အစီရင်ခံခဲ့ပါသည်။

နယ်မြေတစ်ခုရှိ ဒေသခံနေထိုင်သူတစ်ဦးက `ရွာရဲ့ အရှေ့ဖက်က ဓနိတောတွေကို သစ်တောဦးစီးဌာနက ရောင်းစားခဲ့တယ်။ ရွာရဲ့ တစ်ခြားဖက်က စားကျက်မြေတွေကိုတော့ USDA တို့၊ စစ်တပ်တို့၊ ထောက်လှမ်းရေးအဖွဲ့တွေနဲ့ အကျဉ်းဦးစီးက သိမ်းလိုက်လို့ ကုန်ပြီ´ ဖြစ်ကြောင်းနှင့် ဆက်လက်၍ စစ်တပ်မှ သိမ်းထားသောမြေကို တစ်ဧကလျှင် စပါး (၁၀)တင်းနှုန်းဖြင့် လယ်သမားများသို့ ပြန်ငှားထားကြောင်းကို အသေးစိတ်ရှင်းပြခဲ့ပါသည်။ နိုင်ငံရေးပါတီကိုယ်စားလှယ်တစ်ဦးကလည်း ကျေးရွာပိုင်စားကျက်မြေ (၂၀)ဧကနှင့် (၄၀)ဧကတို့ကို အသီးသီး ရောင်းစားခဲ့ကြသော အုပ်ချုပ်ရေးမှူးနှင့် အတွင်းရေးမှူးတို့အကြောင်းကို ပြေကြားခဲ့ပါသည်။

အစိုးရက မြေသိမ်းရာတွင် ပုဂ္ဂလိကကုမ္ပဏီများကလည်း ပါဝင်ပတ်သက်ကြပါသည်။ ယေဘုယျအားဖြင့် ထိုကုမ္ပဏီများက သိမ်းယူမည့်မြေများအတွက် အသုံးပြုခွင့်ကို လျှောက်ထားကြပါသည်။ သို့ရာတွင် အသုံးပြုခွင့် ရရှိပြီးနောက်တွင်မူ နှစ်ပေါင်းများစွာကြာသည်အထိ ထိုမြေကို ဖွံ့ဖြိုးအောင်ဆောင်ရွက်ခြင်းမရှိပါ။ အချို့သော ကိစ္စရပ်များတွင် မူလမြေပိုင်ရှင်များက ထိုမြေကို ပြန်လည်ဝင်ရောက်လာပြီး၊ စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက် ကြပါသည်။ အခြားသောကိစ္စရပ်များတွင် ပုဂ္ဂလိကကုမ္ပဏီများအနေဖြင့် လယ်သမားများပြန်လည်ဝင်ရောက်မှုကို ကာကွယ်ရန်အတွက် ခြံစည်းရိုးများ ခတ်ထားတတ်ကြပါသည်။

လှိုင်သာယာမြို့နယ်ရှိ နိုင်ငံရေးပါတီကိုယ်စားလှယ်အချို့ကလည်း အလားတူပြောကြားခဲ့ပါသည်။

> ၂၀၀၃ ခုနှစ်မှာ စက်မှုဇုန် တည်ထောင်တော့ မြေ ၁၆၆၄၇ ဧက အသိမ်းခံရတယ်။ ကုမ္ပဏီတွေက အစိုးရ ဆီမှာ မြေအသုံးပြုခွင့်/လုပ်ပိုင်ခွင့်တွေ လျှောက်ထားကြတယ်။ ဒါပေမဲ့ ဒီမြေကို နှစ်ပေါင်းများစွာကြာ အောင် ဘာမှ အသုံးမပြုဘဲထားကြတယ်။ အခုအစိုးရက မြေတွေကိုအသုံးမချရင် လယ်သမားတွေကို ပြန်ပေးမယ် လို့ အမိန့်ထုတ်လိုက်တော့ သူတို့က ခြံစည်းရိုးတွေ ကာထားကြတယ်။

တပ်မတော်အစိုးရလက်ထက်တစ်လျှောက်လုံးတွင်၊ မြေအသိမ်းခံရသူများအနေဖြင့် ၎င်းတို့၏ မြေကို ဆယ်စုနှစ် တစ်စုကျော်ကြာအောင်အသုံးမပြုဘဲထားသော်လည်း၊ ပြန်လည်တောင်းဆိုရန် မဝံ့ရဲကြပါ။ အဘယ်ကြောင့်ဆို သော် အစိုးရ၏ အာဏာရှင်ဆန်သော အရေးယူမှုများကို ကြောက်ရွံ့သောကြောင့်ဖြစ်ပါသည်။ သုတေသနတွင် ပူးပေါင်းပါဝင်သူတစ်ဦးက အောက်ပါအတိုင်း မျှဝေခဲ့ပါသည်။

> ကျွန်တော့်မြေကို ကားထုတ်လုပ်ရေးကုမ္ပဏီတစ်ခုက အခုလက်ရှိ ယူထားတယ်။ ဒါပေမဲ့ မြေသိမ်းခံရပြီး ကတည်းက ၁၄ နှစ်ကျော်ပြီ၊ မြေကို မသုံးပဲ ထားတယ်။

တုန့်ပြန်ဖြေဆိုသူများ၏ ယေဘုယျအမြင်မှာ ငွေကြေးရှိသူများနှင့် လုပ်ပိုင်ခွင့်ရှိသူများ ပူးပေါင်း၍ အခြားသူများကို နိုင်ထက်စီးနင်းဖြစ်ပါသည်။ ထူးခြားသော ဥပမာတစ်ခုမှာ ပုဂ္ဂလိကကုမ္ပဏီတစ်ခုက ကျေးရွာပိုင် ဘောလုံးကွင်းကို သိမ်းယူထားသောနေရာတွင်ပြုလုပ်နေသော ထိုကုမ္ပဏီ၏ လုပ်ငန်းစဉ်များသည်ဒေသတွင်းရှိ ပတ်ဝန်းကျင်နှင့် ကျန်းမာရေးကို ထိခိုက်စေကြောင်း ကျေးရွာခေါင်းဆောင်များက တိုင်ကြားကြခြင်းဖြစ်ပါသည်။

> ကုမ္ပဏီက တိုင်းဒေသကြီးအမှုဆောင်ကော်မတီ ဥက္ကဌရဲ့ နှုတ်မိန့်နဲ့ ကျောက်တွေခွဲပြီး၊ ကတ္တရာစေးတွေ ကျိုတယ်။ ဒီလုပ်ငန်းက ဖုန်ထူစေတယ်၊ ကတ္တရာစေးကျိုတဲ့ ဆီကထွက်တဲ့ အနံ့ပြင်းတွေကိုလည်း ရွာသား တွေ တစ်ချိန်လုံး ရှူနေရတယ်။ ကျွန်တော်တို့က ကုမ္ပဏီကို မီးခိုးခေါင်းတိုင်တပ်ပေးဖို့ တောင်းဆိုတယ်။ ဒါပေမဲ့ အချည်းနှီးဘဲ။

မြေမတရားသိမ်းယူခြင်းနှင့်ပတ်သက်သည့် တွေ့ရှိချက်များမှာ မကုန်ဆုံးနိုင်ပါ။ ထိုတွေ့ရှိချက်များမှာလည်း နိုင်ငံ အဆင့်နှင့် တိုင်းဒေသကြီးအဆင့် အခြေအနေများကို ထုတ်ဖော်ပြောထားသော အစီရင်ခံစာများနှင့် ကိုက်ညီမှု ရှိပါသည်။[22] အဓိကတွေ့ရှိချက်မှာ တရားဝင်နှင့် တရားမဝင် လုပ်ငန်းစဉ်များဖြင့် မြေယာများကို ဆယ်စုနှစ်ပေါင်း များစွာ ပုံမှန်မဟုတ်ဘဲ ခွဲဝေချထားပေးခဲ့ခြင်းကြောင့် ယခုကဲ့သို့ ဖြေရှင်းရန်ခက်ခဲသော တိုင်တန်းမှုအမွေများကို ပေါ်ပေါက်စေခြင်းဖြစ်ပါသည်။

## (က-၂) ပုဂ္ဂလိကပိုင်မြေယာအငြင်းပွါးမှုများ

[22]ဥပမာအားဖြင့် COHRE, Didplacement and Didpossession: Forced Migration and Land Rights – Burma (November 2007); Karen Human Rights Group, Losing Ground: Land conflicts and collective action in eastern Myanmar (March 2013); HURFOM, Disputed Territory: Farmers’ foght against unjust land acquisition and barriers to their progress (October 2013) တို့တွင် ကြည့်နိုင်ပါသည်။

ပုဂ္ဂလိကပိုင်မြေယာအငြင်းပွါးမှုများကို သွားရောက်လေ့လာခဲ့သော ရပ်ကွက်နှင့်ကျေးရွာအားလုံးနီးပါးတွင် တွေ့ရှိရပြီး၊ နယ်နမိတ်အငြင်းပွါးမှုများ၊ စနစ်မကျသောရောင်းဝယ်မှုများကြောင့် ပိုင်ဆိုင်မှုအငြင်းပွါးမှုများ၊ အမွေဆက်ခံခြင်းဆိုင်ရာ အငြင်းပွါးမှုများ၊ မြေဈေးကစားခြင်းကြောင့် အငြင်းပွါးမှုများစသည်တို့ ပါဝင်ပါသည်။

သုတေသနအတွင်း ယေဘုယျတွေ့ရှိချက် နှစ်ခုတို့က မြေယာဆိုင်ရာ အငြင်းပွါးမှုများ၏ အကြိမ်အရေအတွက်နှင့် ရှုပ်ထွေးမှုတို့ အဘယ်ကြောင့်တိုးလာကြောင်း တစိတ်တပိုင်း ရှင်းပြနိုင်ပါသည်။ ပထမတွေ့ရှိချက်မှာ နိုင်ငံအဆင့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများနှင့်အတူ မြန်မာနိုင်ငံ၏ စီးပွါးရေးမျှော်လင့်ချက်များမြင့်တက်လာသည့်အတွက် မြေနှင့်ပိုင်ဆိုင်မှုများအပေါ် သိသာသော ဖိအားများ သက်ရောက်လာခြင်းဖြစ်ပါသည်။ ဤကိစ္စနှင့် ပတ်သက်၍ ၂၀၁၂ ခုနှစ်တွင် ပြဌာန်းလိုက်သည့် လယ်ယာမြေဥပဒေနှင့် မြေလွတ်၊ မြေလပ်၊ မြေရိုင်းများစီမံခန့်ခွဲရေး ဥပဒေတို့ကြောင့်လည်း မြေယာအငြင်းပွါးမှုများတိုးလာစေကြောင်းတွေ့ရပါသည်။ ယင်းကို အောက်ပါရှုမြင်ချက်ဖြင့် တစ်စိတ်တစ်ပိုင်းရှင်းပြနိုင်ပါသည်။ ယခုဥပဒေအရ မြေအသုံးပြုခွင့်လျှောက်ထားခြင်းလုပ်ငန်းစဉ်ဖြင့် ဆောင်ရွက်ပါက တရားဝင်မြေအသုံးပြုခွင့်ရရှိနိုင်ပါသည်။ အကျိုးစီးပွါးများပျက်စီးမည်ကို စိုးရွံ့ပါက ထိုတရားဝင် အသုံးပြုခွင့်ကို ရရှိအောင်ယူထားသင့်ပါသည်။

ဒုတိယတွေ့ရှိချက်မှာ ပုဂ္ဂလိကပိုင်မြေနှင့်ပတ်သက်သည့် ရောင်းဝယ်မှုလုပ်ငန်းအဆင့်ဆင့်တို့ကို ဥပဒေနှင့်အညီ တရာဝင်ဆောင်ရွက်ခြင်းမရှိဘဲ နားလည်မှုနှင့်အရပ်လုပ်ထုံးလုပ်နည်းများနှင့် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း တွေ့ရှိရသည်။ မြေနှင့်ပိုင်ဆိုင်မှုဈေးနှုန်းများမြင့်လာခြင်းနှင့်အတူ ချမ်းသာရန်မျှော် လင့်ချက်များလည်း မြင့်မားလာသည့်အတွက်နားလည်မှုများနှင့် အရပ်သဘောအရဆောင်ရွက်မှုများမှာ အမှားမခံနိုင်သော အနေအထားဖြစ်လာကြသည်။ သို့ဖြစ်၍ ပိုင်ဆိုင်မှုဆိုင်ရာ အငြင်းပွားမှုပြဿနာများအတွက်တရားမျှတစွာ ဖြေရှင်းနိုင်ရန် မျှတ၍ပွင့်လင်းမြင်သာသော တရားရေးလုပ်ငန်းစဉ်များကို အသုံးပြုနိုင်ခွင့်ရရေးရရှိရန် လိုအပ် လာပါသည်။

### (က-၂-၁) နယ်နမိတ်အငြင်းပွါးမှုများ

အထူးသဖြင့် ကျေးလက်ဒေသရှိ သုတေသနပူးပေါင်းပါဝင်သူများက နယ်နမိတ်အငြင်းပွါးမှုများသည် လယ်ယာမြေများနှင့် လူနေခြံကွက်များနှစ်ခုလုံးတွင် ဖြစ်ပွါးကြောင်း ပြောကြားခဲ့ပါသည်။ လယ်ယာမြေနယ်နမိတ် အငြင်းပွါးမှုများသည် များသောအားဖြင့် လယ်သမားများက မြေသားဖြင့်လုပ်ထားသော လယ်ကန်သင်းကို ပြန်လည်ပြုပြင်ကြသည့်အချိန်တွင် ပေါ်ပေါက်လေ့ရှိပါသည်။ မြေစာရင်းဦးစီးဌာနတွင် မြေပုံများရှိသော်လည်း၊ ၎င်းတို့ကို တိကျစွာ ဆွဲထားခြင်းမဟုတ်သည့်အတွက် ထိုကဲ့သို့သော အငြင်းပွါးမှုများကို ပိုတိုးလာစေခြင်းဖြစ်ကြောင်း ယေဘုယျ အမြင်တစ်ခုကို တွေ့ရှိရပါသည်။ ကျေးရွာအုပ်ချုပ်ရေးမှူးတစ်ဦးက အောက်ပါအတိုင်းရှင်းပြခဲ့ပါသည်။

> ဒီမှာ အများဆုံးတွေ့ရတဲ့ အမှုတွေကတော့ လယ်ကန်သင်းရိုးနယ်နမိတ်နဲ့(ကသင်းလုခြင်း) ပတ်သက်တဲ့ ပြဿနာတွေဘဲ။ ဒီပြဿနာတွေအားလုံးကို ကျွန်တော်တို့ဘာသာ ရွာထဲမှာဘဲ ဖြေရှင်းကြတယ်။

ဝေးလံသော ကျေးလက်ဒေသများတွင် လူနေထိုင်ရာနေရာများအတွက် တရားဝင်ခွင့်ပြုထားသည့် နေရာများမရှိပါ။ ထိုကျေးရွာများ ခြံဝင်းများကို တိကျစွာ သတ်မှတ်တိုင်းတာထားခြင်းမရှိဘဲ၊ သစ်ပင်များ သို့မဟုတ် အခြား အဆောက်အဦးများဖြင့် မှတ်သားထားလေ့ရှိပါသည်။ ထိုအမှတ်အသားများမှာ အလွယ်တကူ ပြောင်းလဲ နိုင်သည့် အတွက် စိတ်ထားမကောင်းသော အိမ်နီးချင်းများက ထိုနယ်နမိတ်များကို ပြောင်းလဲရန် ကြိုးစားကြသောအခါ အငြင်းပွါးမှုများဖြစ်လာပါသည်။ ကျေးရွာအုပ်ချုပ်ရေးမှူးတစ်ဦးက အောက်ပါအတိုင်း ရှင်းပြခဲ့ပါသည်။

> မနှစ်က ခြံဝင်း နယ်နမိတ်နဲ့ပတ်သက်လို့ အငြင်းပွါးမှု ၁၄ ခု - ၁၅ ခုလောက်ရှိတယ်။ ဒီဒေသမှာက မြေအတွက် ဘာမှ ခွင့်ပြုချက်ပေးထားတာမရှိဘူး။ ဒီတော့ လူတွေက နားလည်မှုနဲ့ နေနေကြတာ။ အခု မြေဈေးတွေ ရုတ်တရက်တက်လာပြီဆိုတော့ အိမ်နီးချင်းတွေကြားမှာ နယ်နမိတ်ပြဿနာဖြစ်တာတွေ ပိုများ

လာတယ်။ ကျွန်တော်တို့က အငြင်းပွါးနေတဲ့ ဧရိယာကို အညီအမျှခွဲပေးတယ်။ ပြီးတော့ ဒီလူတွေကို ခြံစည်းရိုးခတ်ဖို့ တိုက်တွန်းရတယ်။

### (က-၂-၂) စနစ်မကျသော ရောင်းဝယ်မှုများမှ ပိုင်ဆိုင်မှုဆိုင်ရာအငြင်းပွါးမှုများပေါ်ပေါက်လာခြင်း

မြေယာများကို ငှားရမ်းခြင်း၊ ရောင်းခြင်း၊ ဝယ်ခြင်းနှင့် ပေါင်နှံခြင်းတို့နှင့် ဆက်စပ်နေသည့် ပိုင်ဆိုင်မှုဆိုင်ရာ အငြင်းပွါးမှုများကိုလည်း ကျေးလက်ဒေသများတွင် အများဆုံးတွေ့ရှိရပါသည်။ ထိုကဲ့သို့သော လုပ်ငန်းများကို ပုံမှန်အားဖြင့် နှုတ်ဖြင့်သာပြုလုပ်တတ်ကြပြီး၊ မိသားစုဝင်များ သို့မဟုတ် ဆွေမျိုးများပါဝင်လာပါက တရားဝင် စာချုပ်စာတမ်းသဘောတူညီချက်များ မလိုအပ်ဟု ရှုမြင်ကြကြောင်း တွေ့ရှိရပါသည်။ ဝေးလံသော ဒေသတစ်ခုမှ ရှေ့နေတစ်ဦးက အမှုတစ်ခုကို အောက်ပါအတိုင်း မျှဝေခဲ့ပါသည်။

> လူတစ်ယောက်က သူ့မြေ လေးဧကကို ပဲစိုက်ရာသီ တစ်ရာသီအတွက် တစ်ဧက ၆၀၀၀၀ ကျပ်နှုန်းနဲ့ သူ့တူကို ငှားထားလိုက်တယ်။ ဒီလူက မြေငှားခတောင်းတဲ့အချိန်ကျတော့ သူ့တူက မြေငှားခ ပေးဖို့ မလိုဘူး။ ဒီမြေကို သူ့အဖိုးက ဦးလေးကို ပေးထားတာဖြစ်တဲ့အတွက် ပေးစရာမလိုဘူးလို့ပြောတယ်။ နောက်ဆုံးတော့ ဒီလူက သူ့တူကို တရားစွဲလိုက်ရတယ်။

အချို့သော ကိစ္စရပ်များတွင် ကျေးရွာ/ရပ်ကွက် အုပ်ချုပ်ရေးမှူးများကိုယ်တိုင်ကပင် မြေယာရောင်းဝယ်မှုများကို ပံ့ပိုးကူညီပေးကြပြီး၊ အခြားကိစ္စရပ်များတွင် မြေယာကို ပေါင်၍ ငွေချေးခြင်းမှ အငြင်းပွါးမှုများ ဖြစ်ပေါ်ရာတွင် ဖြေရှင်းပေးမှုများပြုလုပ်ခဲ့ကြသည်။ သုတေသနတွင်း ပူးပေါင်းပါဝင်သူတစ်ဦးက မြေပေါင်၍ ငွေချေးယူသည့် အမှုတစ်ခုတွင် သူပါဝင်ခဲ့ရသော အခန်း ကဏ္ဍကို အောက်ပါအတိုင်းဖော်ပြခဲ့ပါသည်။

> အမျိုးသမီးတစ်ဦးက တခြားလူဆီမှာ သူ့မြေကို လယ်ပြန်ငွေပြန်စနစ်နဲ့[23] အပေါင်ထားတယ်။ ဒါပေမဲ့ နှစ်ယောက်လုံးက (မြေယာဥပဒေသစ်အရ) ဒီမြေကို ပိုင်ဆိုင်ကြောင်း လျှောက်လာကြတယ်။ ကျွန်တော်တို့က မူလမြေပိုင်ရှင်ကို အပေါင်စာချုပ်လုပ်ဖို့နဲ့ အကြွေးတွေကို ပြန်ဆပ်ဖို့ ပြောပြီး၊ဒီပြဿနာကို ဖြေရှင်းလိုက်ရတယ်။ ကျွန်တော့်ကျေးရွာအုပ်စုမှာရှိတဲ့ ရွာ (၄)ရွာမှာ အလားတူအမှုတွေ အများကြီးရှိတယ်။

ထူးခြားသော ဖြစ်ရပ်တစ်ခုတွင် လယ်သမားတစ်ဦးသည် ၂တရားဝင်မဟုတ်သော ချေးငွေယူပြီးနောက် ပူးပေါင်းကြံစည်ခြင်းနှင့် အဂတိလိုက်စားမှုတို့ကြောင့် ထောင်ဒဏ်ကျခံခဲ့ရကြောင်း တွေ့ရှိရပါသည်။

**Box – (၅)**

ကြွေးအများအပြားတင်ရှိနေသော လယ်သမားတစ်ဦးသည် သူ၏ လယ်မြေကို လယ်ပြန်ငွေပြန် သဘောတူညီချက်ဖြင့် ပေါင်နှံထားခဲ့ပါသည်။ ငွေချေးသူများက မြို့နယ်အုပ်ချုပ်ရေးမှူး၊ ကျေးရွာအုပ်ချုပ်ရေးမှူး၊ မြေစာရင်းဦးစီး ဌာနတို့နှင့် ပူးပေါင်း၍ လယ်သမားထံမှ အပေါင်ပစ္စည်းအဖြစ်ရထားသော လယ်မြေကို ၎င်းတို့ အမည်ပေါက်မြေအဖြစ်သို့ လွှဲပြောင်းယူခဲ့ကြပါသည်။ လယ်သမားက ဤကိစ္စကို လက်မခံဘဲ၊ သူ၏ မြေတွင် ဝင်ရောက်ထွန်ယက်ခဲ့သောအခါ အာဏာပိုင်များက သူ့အား ထောင်ချခဲ့ပါသည်။

### (က-၂-၃) အမွေဆက်ခံခြင်းနှင့်ပတ်သက်သည့် အငြင်းပွါးမှုများ

[23] ချေးငွေပြန်ဆပ်သောအခါ လယ်ပြန်ရခြင်းကို ဆိုလိုပါသည်။ ယေဘုယျအားဖြင့် ချေးယူသူက ငွေသို့မဟုတ် ပစ္စည်းကို ချေးပေးသူထံမှရယူသောအခါ အပြန်အလှန်အနေဖြင့် မြေကို အပေါင်ပစ္စည်း အနေဖြင့် သို့မဟုတ် မြေအသုံးပြုခွင့် ပေးရခြင်းဖြစ်ပါသည်။ ထိုသို့သော သဘောတူညီချက်များကို များသောအားဖြင့် နှုတ်ဖြင့်သာ ပြုလုပ်တတ်ကြပြီး၊ မည်သည့်စည်းကမ်းချက်မှ မပါဝင်ကြပါ။

သားသမီးများနှင့် ဆွေမျိုးများအကြားတွင် အမွေဆက်ခံခြင်းနှင့်ပတ်သက်သည့် အငြင်းပွါးမှုများကို မြို့ပြနှင့် ကျေးလက်ဒေသနှစ်နေရာလုံးတွင် ပုံမှန်အားဖြင့် ပြောကြားခဲ့ကြပါသည်။ တုန့်ပြန်ဖြေကြားသူများ၏ ပြောကြားချက်များအရ ဤကဲ့သို့သော အငြင်းပွါးမှုများမှာ အချို့သော သားသမီးများအနေဖြင့် မိဘများက ပိုင်ဆိုင်မှုများ ခွဲဝေပေးရာတွင် မျှတမှုမရှိဟု ထင်မြင်ကြသည့်အခါမျိုးတွင် ထွက်ပေါ်လာလေ့ရှိပါသည်။  (ဥပမာကို box - ၆ တွင်ကြည့်ပါ။)

**Box – (၆)**

အဖိုးအိုတစ်ဦးက သူ၏ ပထမဇနီးမှ မွေးသော သားနှင့်သမီးတို့ကို လယ်မြေတစ်ဧကနှင့် ဥယျာဉ်မြေတစ်ဧကပေးခဲ့ပါသည်။ ကျန်ရှိသော လယ်မြေ (၁၅) ဧကကို သူအိုမင်း၍ နေမကောင်းဖြစ်ချိန်တွင် ပြုစုစောင့်ရှောက်ပေးခဲ့သော ဒုတိယဇနီးအား ပေးခဲ့ပါသည်။ ဒုတိယဇနီးသည်လည်း အိုမင်းနေပြီဖြစ်ပါသည်။ ဒုတိယဇနီးသည်သည် အဖိုးအို လေဖြတ်ချိန်မှစ၍ (၇) နှစ်ကျော်ကြာအောင်ပြုစုစောင့်ရှောက်ခဲ့သည့်အတွက် သူမတွင်ရှိသော ရွှေများအားလုံး ကုန်ခဲ့ပါသည်။ (ပထမဇနီး၏) သားနှင့်သမီးတို့က မြေကို ပိုလိုချင်သည့်အတွက်  မြေယာဥပဒေသစ်အရ ထိုမြေများအတွက် အမည်ပေါက်ပိုင်ဆိုင်ခွင့်လျှောက်ထားခဲ့ကြပါသည်။

### (က-၂-၄) မြေဈေးမြင့်တက်ခြင်းကြောင့် ဖြစ်ပေါ်လာသည့် အငြင်းပွါးမှုများ

မင်္ဂလာတောင်ညွန့်မြို့နယ်တွင် အချို့သော လူပုဂ္ဂိုလ်/အဖွဲ့များသည် ပိုင်ဆိုင်မှုအချို့ကို အမည်ပေါက်ပိုင်ဆိုင်ခွင့်ရရှိရေးအတွက် အငြင်းပွါးမှုများဖြစ်ပေါ်နေကြောင်း တွေ့ရှိရပါသည်။ ထိုအငြင်းပွါးမှုများကို ထိုဧရိယာအတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများကြောင့် မြေဈေးတက်ခြင်းက လောင်စာထည့်ပေးလျှက်ရှိပါသည်။ (Box - ၇) ကိုကြည့်ပါ။ အခြားဖြစ်ရပ်တစ်ခုတွင် အမြတ်များစွာရရန်အတွက် ငှားထားသည့်မြေကို ရောင်းချလိုသော မြေပိုင်ရှင်များနှင့် ထိုမြေမှ ထွက်ပေးရန် ငြင်းဆိုနေသော မြေငှားနေထိုင်သူများအကြား အငြင်းပွါးမှုများကို တွေ့ရှိခဲ့ရပါသည်။

**Box - ၇**

နယ်မြေတစ်ခုတွင်၊ အစိုးရဝန်ထမ်းများအတွက် နိုင်ငံတော်က ဆောက်လုပ်ပေးထားသော တိုက်ခန်းများတွင် နေထိုင်နေသည့် လူအချို့က ၁၉၉၀ ခုနှစ်ခန့်မှစ၍ ထိုတိုက်ခန်းများ (ထိုတိုက်ခန်းများတွင်နေထိုင်ခွင့်) ကို စတင်ရောင်း ချခဲ့ကြပါသည်။ ထိုအရောင်းအဝယ်များမှာ ပုံစံတကျမဟုတ်ဘဲ၊ ရောင်းချသူများနှင့် ဝယ်ယူသူများအကြား နားလည်မှုဖြင့်သာ ပြုလုပ်နေကြခြင်းဖြစ်ပါသည်။ ထိုနှစ်ဦးလုံးတွင် ထိုတိုက်ခန်းများကို တရားဝင်ပိုင်ဆိုင်ခွင့်မရှိကြပါ။ ရောင်းဝယ်သူများက ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် နှစ်ဖက်လုံးမှ သိသော တတိယပုဂ္ဂိုလ်တို့၏ ရှေ့မှောက်တွင် စာချုပ်များကို လက်မှတ်ရေးထိုးကြပါသည်။ ထိုသူများက စာချုပ်တွင် သက်သေများအဖြစ် ဆောင်ရွက်ပေးကြပါသည်။

၁၉၉၄ ခုနှစ်တွင် လူတစ်ဦးက တိုက်ခန်းတစ်ခန်းကို (၁၀)သိန်းဖြင့် `ဝယ်ယူ´ခဲ့ပြီး၊ ရောင်းချသူနှင့် စာချုပ်ပြုလုပ်ခဲ့ပါသည်။ သို့ရာတွင် ထိုစာချုပ်သည် နှစ် (၂၀)ကျော်ကြာပျောက်ဆုံးနေခဲ့ပါသည်။ ၂၀၁၄ ခုနှစ်တွင် လက်ရှိ တိုက်ခန်းများရှိနေသောနေရာတွင် ကွန်ဒိုတိုက်ခန်းများတည်ဆောက်မည်ဟု ကောလဟာလများ ထွက်ပေါ်လာသည့်အတွက် ထိုအစိုးရပိုင်တိုက်ခန်းများ၏ ဈေးနှုန်းမှာ ကျပ်သိန်း (၈၀၀) မှ (၁၀၀၀) အထိ မြင့်တက်သွားခဲ့ပါသည်။ ထိုအခါတွင် တိုက်ခန်းကို မူလရောင်းချခဲ့သူများက သူတို့က တိုက်ခန်းကို ရောင်းချခဲ့ခြင်းမဟုတ်ကြောင်း ပြောဆိုပြီး၊ ထိုတိုက်ခန်းအတွက် ပိုင်ဆိုင်ခွင့်ကို တောင်းဆိုခဲ့ကြပါသည်။

## (က-၃) မြေယာအမျိုးအစား (ပြန်လည်) သတ်မှတ်၍ ရောင်းချခြင်း

မြေယာပဋိပက္ခများ၏ နောက်ထပ်ဖစ်မြစ်တစ်ခုမှာ မြေအမျိုးအစားခွဲခြားရာတွင် ထပ်နေခြင်းနှင့် ဂိရောမိ ဖြစ်နေခြင်းကြောင့်ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် တစ်ဦးက သစ်တောဦးစီးဌာနနှင့် မြေစာရင်းဦးစီးဌာနတို့မှ ထုတ်ပေးသော အမည်ပေါက်ပိုင်ဆိုင်မှုများတွင် ထပ်နေခြင်းများရှိကြောင်း ပြောကြားခဲ့ပါသည်။

> သစ်တောဦးစီးဌာနက ရာဘာစိုက်ခင်းလုပ်ဖို့ ခွင့်ပြုချက်တွေထုတ်ပေးတယ်။ လူတွေက ရာဘာပင်တွေကို နှစ်တော်တော်ကြာကြာစိုက်ကြတယ်။ ဒါပေမဲ့ ဒီမြေတွေ (ရာဘာပင်တွေစိုက်ထားတဲ့မြေတွေ) က မြေစာရင်းဦးစီးဌာနမှာ မြေလွတ်မြေလပ်တွေအနေနဲ့ မှတ်တမ်းတင်ထားတယ်။ အဲဒီတော့ ဒီမြေတွေဟာ ကနဦးက စက်မှုဇုန်အတွက် စီမံချက်တွေထဲမှာ ပါနေပြီးတော့၊ (အဲဒီစီမံချက်တွေထဲက တစ်ခုဖြစ်တဲ့) အိမ်ရာ ဖော်ထုတ်ရေးစီမံချက်နဲ့ တတိယအဖွဲ့/ပုဂ္ဂိုလ်တွေကို ခွဲဝေချထားလိုက်တယ်။ ခွင့်ပြုချက်ရတဲ့ လူတွေက သူတို့မြေကို ကြည့်လိုက်တော့ ရာဘာစိုက်ခင်းတွေနဲ့ ပြည့်နေတာကို တွေ့ရတာဘဲ။ ရာဘာ စိုက်ခင်းပိုင်ရှင်တွေ အနေနဲ့လည်း စိုက်ခင်းတွေက ရာဘာစေးထွက်တဲ့အချိန်ဖြစ်နေတော့ ရွှေ့ပြောင်းဖို့ ခက်ခဲတယ်။ ဒါက အစိုးရဌာနတွေ မြေအသုံးချဖို့ စီမံချက်တွေ ရေးဆွဲတဲ့အချိန်မှာ သေသေချာချာ မစစ်ဆေးခဲ့ကြလို့ ဖြစ်ရတာ။

အခြားသောပူးပေါင်းပါဝင်သူများကလည်း အထူးသဖြင့် ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေပြဌာန်းပြီးနောက်ပိုင်းတွင် မြေယာအမျိုးအစား (ပြန်လည်) သတ်မှတ်ရာ၌ အစိုးရအရာရှိများ၏ အခန်းကဏ္ဍကို ဝေဖန်ခဲ့ကြပါသည်။ လယ်ယာမြေဥပဒေအရ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် (စိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိ) မြေစာရင်းဦးစီးဌာနတို့မှ အရာရှိများအား မြေအမည်ပေါက်ပိုင်ဆိုင်မှုကို ခွင့်ပြုပေးရာတွင် သိသာသော လုပ်ပိုင်ခွင့်များဖြင့် ထောက်ပံ့ပေးထားပြီး၊ ထိုလုပ်ပိုင်ခွင့်များသည် မည်သည့် လွတ်လပ်သော သုံးသပ်စစ်ဆေးမှုကိုမှ ခံယူစရာ မလိုပါ။ ယခင်က မြေစာရင်းဦးစီးဌာနတွင် အရာရှိတစ်ဦးဖြစ်ခဲ့သော နိုင်ငံရေးပါတီကိုယ်စားလှယ်တစ်ဦးက အောက်ပါအတိုင်းပြောကြားခဲ့ပါသည်။

> ကုမ္ပဏီတွေက မြေလိုချင်ရင် မြို့နယ် အထွေထွေအုပ်ချုပ်ရေးနဲ့ မြေစာရင်းရုံးတွေကို သွားတယ်။ မြေအမျိုးအစားက R-1 နဲ့ R-2 ဆိုပြီး နှစ်မျိုးရှိတယ်။ မြေရောင်းတာကို မြေစာရင်းဦးစီးဌာနက မြေယာကျွမ်းကျင်သူက ညှိနှိုင်းပေးရတယ်။ မြေစာရင်းက မြေအမျိုးအစားသတ်မှတ်ပေးပြီးတော့ ဈေးနှုန်း သတ်မှတ်ပေးရတယ်။

နိုင်ငံရေးပါတီကိုယ်စားလှယ်တစ်ဦးကလည်း အောက်ပါအတိုင်းရှင်းပြခဲ့ပါသည်။

> လွန်ခဲ့တဲ့ ၅ နှစ်ကနေ ၇ နှစ်လောက်အတွင်းမှာ မြေပိုင်ခဲ့တဲ့လူတွေရှိတယ်။ သူတို့က မြေကို ဘာမှမလုပ်ဘဲ ထားပေမဲ့၊ သူတို့မှာ ပုံစံ (၁၀၅) တွေရှိတယ်၊ မြေခွန်လည်း ဆောင်ကြတယ်။ ဒါပေမဲ့ အုပ်ချုပ်ရေးနဲ့ အစိုးရက ဒီမြေတွေဟာ မြေလွတ်မြေလပ်တွေဆိုပြီး၊ ရောင်းလိုက်တယ်။ ဒီလိုကိစ္စတွေက ပိုများလာပြီ။

## (က-၄) ကျူးကျော်ရပ်ကွက်များနှင့် ကျူးကျော်ဝင်ရောက်နေထိုင်သူများ

မြေပုံရေးဆွဲခြင်းသုတေသနဆောင်ရွက်ခဲ့သည့် နေရာများတွင် ကျူးကျော်ဝင်ရောက်နေထိုင်ကြသည့် ဆင်ခြေဖုံးကျူးကျော်ရပ်ကွက်နေရာများလည်း ပါဝင်ပါသည်။ အချို့သော ကိစ္စရပ်များတွင် အလုပ်ရှာဖွေရန် မြို့ပြဒေသသို့ ရောက်လာ သော ရွှေ့ပြောင်းလုပ်သားများက ဆင်ခြေဖုံးကျူးကျော်ရပ်ကွက်များဖြစ်လာပြီး၊ အခြားကိစ္စရပ်များတွင်မူ ဒေသခံများအား ရွှေ့ပြောင်းခံရမှုကြောင့် ကျူးကျော်ရပ်ကွက်များဖြစ်လာကြကြောင်း တွေ့ရှိရပါသည်။

အချို့သော သုတေသနပူးပေါင်းပါဝင်သူများက မည်သို့ဖြစ်ပေါ်လာကြောင်း ရှင်းပြခဲ့ကြပါသည်။ လှိုင်သာယာမြို့နယ်မှ တုန့်ပြန်ဖြေကြားသူတစ်ဦးက အောက်ပါအတိုင်း အသေးစိတ်ပြောကြားခဲ့ပါသည်။

> ဒီလူတွေက အဓိကကတော့ ဧရာဝတီတိုင်းဒေသကြီးက ရွှေ့ပြောင်းလာကြတာ။ ဒေသခံတွေက သူတို့ကို မြေလွတ်မြေလပ်တွေမှာ နေခွင့်ပြုကြတယ်။ ဆယ်အိမ်မှူးတွေ၊ ရာအိမ်မှူးတွေက သူတို့ဆီက ၅၀၀၀ နဲ့ ၁၀၀၀၀ ကြားလောက် ငွေကောက်ကြတာရှိတယ်။ ဒီလိုနဲ့ ကျူးကျော်တွေ အစုလိုက်ဖြစ်လာကြတယ်။

မွန်ပြည်နယ်ရှိ ကျေးရွာခေါင်းဆောင်တစ်ဦးက ကျေးရွာတစ်ရွာကို မည်သို့ ဖယ်ရှားခဲ့ကြောင်းနှင့် ဒေသခံ နေထိုင်သူများ မည်ကဲ့သို့ ကျူးကျော်နေထိုင်သူများဖြစ်သွားကြောင်းကို ရှင်းပြခဲ့ပါသည်။

> လွန်ခဲ့တဲ့ (၁၅) နှစ်လောက်က ကျွန်တော်တို့ရွာက လယ်မြေတွေနဲ့ ဥယျာဉ်မြေတွေကို အကျဉ်းထောင်ဆောက်ဖို့ဆိုပြီး သိမ်းလိုက်တယ်။ မြေတွေက ဘိုးဘွားပိုင်မြေတွေ၊ ဒါပေမဲ့ ဥယျာဉ်မြေအဖြစ် ဖော်ထားတယ်။ ကျွန်တော်တို့ကို ရွာအုပ်ချုပ်ရေးမှူးက ဘောလုံးကွင်းနေရာမှာ နေရာချထားပေးတယ်။ ဒါပေမဲ့ နောက်တစ်နှစ်လောက်နေတော့ အရွှေ့ခံရတယ်။ ကျွန်တော်တို့ ဘယ်နေရာမှ သွားစရာမရှိတော့ မြို့ထဲရောက်လာပြီး၊ လွတ်တဲ့နေရာတွေမှာ နေကြရတယ်။ ကျွန်တော်တို့ အိမ်သာတွေတောင် မဆောက်နိုင်ဘူး။ ဒေသခံတွေက ကျွန်တော်တို့ ဒီမှာနေတာကို မကြိုက်ကြဘူး။ ဒါပေမဲ့ အုပ်ချုပ်ရေးမှူးက အခုမရွှေ့နဲ့ဦး၊ သန်းခေါင်စာရင်းကောက်ပြီးရင် ကျွန်တော်တို့အတွက် နေရာတစ်နေရာ စီစဉ်ပေးမယ်လို့ပြောတယ်။

လှိုင်သာယာမြို့နယ်ရှိ ပူးပေါင်းပါဝင်သူတစ်ဦးကလည်း အချို့သော လုပ်ငန်းရှင်များက ကျူးကျော်နေထိုင်သူများ၏ မြေနေရာလိုအပ်ချက်ကို အမြတ်ထုတ်၍ အကျိုးအမြတ်များမည်သို့ရရှိနေကြောင်းကို ရှင်းပြခဲ့ပါသည်။

> အခုလောလောဆယ် ပန်းလှိုင်တံတားနားမှာ ကျူးကျော်သူ ၃၀၀၀ လောက်ကို အစိုးရက ဖယ်ထုတ်လိုက်တယ်။ ဒီတံတားနားမှာ လုပ်ငန်းရှင်တွေပိုင်တဲ့ ကျွန်းလေးတစ်ကျွန်းရှိတယ်။ လုပ်ငန်းရှင်တွေက အဲဒီနေရာကို လူနေဧရိယာဖြစ်အောင်လုပ်ကြတယ်။ ပေ ၂၀ x ပေ ၆၀ ကျယ်တဲ့ အကွက်တွေရိုက်နေပြီး၊ လမ်းတွေလည်း ဖောက်နေတယ်။ ပြီးတော့ လူတွေကို ရောင်းတယ်။ ပထမတော့ တစ်ကွက်ကို (၁၅)သိန်းလောက်ပဲရှိတာ၊ နောက်တော့ သိန်း (၅၀၊ ၆၀ ) အထိ ဈေးတက်သွားတယ်၊ ၇ ရက်- ၁၀ ရက်လောက်အတွင်းမှာ ကျူးကျော်ဦးရေ ၂၀၀၀ လောက်ဖြစ်သွားတယ်။ ဒါပေမဲ့ တစ်လခွဲလောက်ကြာတော့ သူတို့အားလုံးကို ထပ်ဖယ်ခိုင်းတယ်။ တကယ်တော့ အာဏာပိုင်တွေက ဒီအခြေအနေကို အစကတည်းက သိပြီးသားပါ။ သူတို့အနေနဲ့ တစ်ခုခု ခိုင်ခိုင်မာမာ မထွက်လာခင်ကတည်းက ရပ်ခိုင်းဖို့ကောင်းတယ်။ အခုတော့ ဒီပြည်သူတွေပဲ ခံကြရတယ်။ တစ်ချိန်တည်းမှာ နေစရာအိမ်ရှိတဲ့ လူတွေကလည်း အကယ်၍ သူတို့ အဖယ်ရှားခံရရင် လျော်ကြေးငွေရနိုင်တယ်ဆိုတဲ့ မျှော်လင့်ချက်နဲ့ ဒီနေရာတွေမှာ တမင်လာကျူးကျော်ကြတယ်။

## (က-၅) အများပြည်သူပိုင်နေရာများကို အပြိုင်အဆိုင်အသုံးပြုခြင်း

အထူးသဖြင့် မြို့ပြဒေသရှိရပ်ကွက်များတွင် ဈေးများ၊ ကျောင်းများ၊ ဆောက်လုပ်ရေးလုပ်ငန်းခွင်များ အနီးတစ်ဝိုက်ရှိ အများပြည်သူပိုင်နေရာများကို အပြိုင်အဆိုင် အသုံးပြုနေကြောင်း ဒေသခံနေထိုင်သူများက ပြောဆိုခဲ့ကြပါသည်။ ထိုနေရာများကို ဈေးရောင်းသူများနှင့် ထီးနှင့်စက်ဘီးပြင်ဆိုင်များကဲ့သို့သော လုပ်ငန်းငယ်များက နေရာယူထားလေ့ရှိကြပါသည်။ သုတေသနတွင် ပူးပေါင်းပါဝင်သူတစ်ဦးက ထိုနေရာများတွင် အငြင်းပွါးမှုများ မည်သို့ဖြစ်ပွါးနေကြောင်း ဖော်ပြခဲ့ပါသည်။

> ဒီနေရာမှာ ဈေးဆောက်မဲ့ စီမံကိန်းရှိတယ်၊ ဒါပေမဲ့ မြေကလွဲပြီး ဘာအဆောက်အဦးမှ မရှိသေးဘူး။ ဒီတော့ လူတွေက လမ်းတွေပေါ်တက်ပြီး ဈေးရောင်းကြရတယ်။ ပထမတော့ ဈေးသည် တစ်ယောက်၊ နှစ်ယောက်ပဲရှိတယ်၊ နောက်ပိုင်း တစ်ဖြည်းဖြည်းများလာပြီး၊ လမ်းမပေါ်အထိ ရောက်လာတယ်။ ကားတွေက

ပစ္စည်းတွေပေါ်က ဖြတ်သွားရင် ရန်ဖြစ်တော့တာဘဲ။ မြူနီစီပါယ်က ဂန်ထမ်းတွေက ဒီဈေးသည်တွေကို ဖယ်ဖို့ ရောက်လာရင် ဂန်ထမ်းတွေက ဂီစီမှုတ်တာနဲ့ ဈေးသည်တွေ ထွက်ပြေးကြရတယ်။ မြူနီစီပါယ် ဂန်ထမ်းတွေ ပြန်သွားရင် ဈေးသည်တွေ ပြန်ရောက်လာကြတာဘဲ။

အခြားဖြေ ပါဝင်ဖြေကြားသူတစ်ဦးကလည်း `အုပ်ချုပ်ရေးမှူးတွေနဲ့ မြူနီစီပါယ်ဂန်ထမ်းတွေကိုယ်တိုင်က (ဈေးသည်တွေဆီက) ငွေယူနေကြတော့ လမ်းဘေးဈေးသည်တွေပြဿနာက လွယ်လွယ်နဲ့ ဖြေရှင်းလို့ မရဘူး။´ ဟု သူ၏ အမြင်ကို ဖော်ပြခဲ့ပါသည်။

လမ်းဘေးဈေးသည်တစ်ဦးကမူ အာဏာပိုင်များထံမှ ပိုများလာသော တောင်းဆိုမှုများကို ကိုက်ညီအောင် ဆောင်ရွက်ရခြင်းအတွက် သူ၏ စိတ်ပျက်မှုကို ဖော်ပြခဲ့ပါသည်။

ကျွန်တော်တို့ဆိုင်ကို မိုးကာစတွေနဲ့ အုပ်ထားဖို့ ခိုင်းတော့ ကျွန်တော်တို့ လိုက်လုပ်ကြရတယ်။ ကျွန်တော်တို့ကို ထီးတွေ ဂယ်ခိုင်းတော့လဲ၊ ဂယ်ကြရတာဘဲ။ အခုကျွန်တော်တို့ကို နေ့ပိုင်းပဲ ရောင်းခိုင်းပြီး၊ ညပိုင်းပိတ်ရမယ်ဆိုတော့ ကျွန်တော်တို့ စိတ်ပျက်ကြရတယ်။ ကျွန်တော်မှာ ကျောင်းတက်နေတဲ့ ကလေး သုံးယောက်ရှိတယ်ဆိုတော့ ကိုယ်ပိုင်ပြဿနာလေးတွေရှိတယ်။ အခုလဲ ကျွန်တော့်ကို နောက်ဆုတ်ပေးဖို့နဲ့ ရွှေ့ပေးဖို့ ပြောလာပြန်ပြီ။ ကျွန်တော် စိတ်ညစ်တယ်။

## (က-၆) အစိုးရမဟုတ်သော လက်နက်ကိုင်အဖွဲ့များပါဝင်နေသည့် မြေယာပြဿနာများ

သုတေသနအဖွဲ့သည် မွန်ပြည်နယ်၏ ဒေသတစ်ခုတွင် ကျေးရွာပိုင်စားကျက်မြေကို အသုံးပြုခြင်းနှင့် အခွန်ကောက်ခံခြင်းတို့အတွက် အစိုးရမဟုတ်သော လက်နက်ကိုင်အဖွဲ့များ NSAGs(NSAGs) ၏ လှုပ်ရှားမှုများကို လေ့လာခဲ့ ရပါသည်။ သုတေသနတွင် ပူးပေါင်းပါဝင်သူတစ်ဦးဆိုလျှင် NSAGs က လယ်သမားတစ်ဦးကို ကျူးကျော် ဝင်ရောက်မှုဖြင့် ဖမ်းဆီးထားကြောင်းကို မြို့နယ်အုပ်ချုပ်ရေးမှူးရုံးသို့ တင်ပြမည်ဖြစ်ကြောင်း ပြောကြားသည့် အတွက် NSAGs အဖွဲ့ဝင်တစ်ဦးက သေနတ်ဖြင့် ပစ်ခတ်ခြင်းကို ခံခဲ့ရပါသည်။ အသေးစိတ်မှာ အောက်ပါ အတိုင်းဖြစ်ပါသည်။

ယခုလက်ရှိNSAGs မှယူထားသော မြေသည် စားကျက်မြေဖြစ်ပြီး၊ အခွန်ပေးသော လူတိုင်းကို လက်ခံဖြတ်ပိုင်းများပြန်ပေးပါသည်။ ထိုစားကျက်မြေကို လယ်သမား (၁၅၀) ဦးခန့်က ပျိုးခင်းအဖြစ် အသုံးပြုနေကြပါသည်။ NSAGs သည် ပထမတွင် အနီးတစ်ဝိုက်ရှိ မြေများတွင် ရာဘာပင်များ စိုက်ပျိုး နေရာမှ လယ်သမားများက စပါးပျိုးခင်းအဖြစ် အသုံးပြုနေသည့် စားကျက်မြေတွင် ရာဘာပင်များ တစ်ဖြည်းဖြည်း ဝင်ရောက်စိုက်ပျိုးလာခဲ့ပါသည်။ NSAGs သည် ထိုကိစ္စကို မြို့နယ်အုပ်ချုပ်ရေးနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး၊ မြို့နယ်အုပ်ချုပ်ရေးသည်လည်း NSAGs များတွင် သေနတ်များရှိနေသည့်အတွက် ကြောက်ရွံ့နေပုံရပါသည်။ NSAGs အဖွဲ့ဝင်များက စားကျက်မြေကို လယ်သမားများက စပါးပျိုးခင်းများ အဖြစ် အသုံးပြုသည့် နှစ်လတာကာလအတွင်း လယ်သမားများအား အနှောင့်အယှက်ပြုမည် မဟုတ်ကြောင်းကို မြို့နယ်အုပ်ချုပ်ရေးသို့ ကတိပေးခဲ့ပါသည်။ လယ်သမားများကလည်း စားကျက်မြေကို စပါးပျိုးခင်းအဖြစ် အသုံးပြုတော့မည်ဆိုပါက မြို့နယ်အုပ်ချုပ်ရေးသို့ အသိပေးခဲ့ကြပါသည်။ သို့ရာတွင် NSAGs များက လယ်သမားများအား ၎င်းတို့၏ မြေကို ကျူးကျော်ဝင်ရောက်မှုဖြင့် စွပ်စွဲခဲ့ပါသည်။

## (ခ) ခွဲခြားဆက်ဆံခြင်း

၁၉၈၂ ခုနှစ်၊နိုင်ငံသားဥပဒေအရနိုင်ငံသားအမျိုးအစားများ[24]ကို နိုင်ငံသား[25]၊ ဧည့်နိုင်ငံသား[26]နှင့် နိုင်ငံသားပြုခွင့်ရသူ [27] ဟူ၍ (၃) မျိုးခွဲခြားထားပါသည်။ လူတစ်ဦးကို မည်သည့်နိုင်ငံသားအမျိုးအစားဖြစ်ကြောင်း သတ်မှတ်ထားချက်ပေါ်မူတည်၍ ထိုသူအား မြို့နယ် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနက ပန်းရောင်စိစစ်ရေးကတ်ပြား (နိုင်ငံသား)၊ အပြာရောင်စိစစ်ရေးကတ်ပြား (ဧည့်နိုင်ငံသား)၊ သို့မဟုတ် အစိမ်းရောင်စိစစ်ရေးကတ်ပြား (နိုင်ငံသားပြုခွင့်ရသူ) ကို ထုတ်ပေးပါသည်။ နိုင်ငံသားဥပဒေတွင် အဓိကအားဖြင့် လူမျိုးစု/တိုင်းရင်းသား[28]ဖြစ်မှုကို အခြေခံ၍ ခွဲခြားဆက်ဆံထားသည့်သဘောဖြစ်နေပါသည်။ ယင်းဥပဒေတွင်မဖော်ပြထားသော်လည်း နိုင်ငံသားအပြည့်အဝ ဖြစ်ရန်အတွက် အစိုးရက တရားဝင်သတ်မှတ်ထားသော `တိုင်းရင်းသားလူမျိုးစုအုပ်စု´ (၁၃၅) မျိုးအနက် တစ်မျိုးမျိုး တွင် ပါဝင်ရပါမည်။[29]

နိုင်ငံသားအမျိုးအစား (၃)မျိုးတွင် အကျုံးဝင်နိုင်ခွင့်ရှိသူ အမျိုးမျိုးရှိကြပြီး၊ `ပန်းရောင်ကတ်ပြား´ မရရှိထားသည့် အချို့သော သုတေသနပူးပေါင်းပါဝင်သူများအနေဖြင့် ၎င်းတို့အား တန်းတူညီမျှစွာ ဆက်ဆံခြင်းမရှိဟု ခံစားကြရပြီး၊ မျှတစွာဆက်ဆံခံရရန် ဆန္ဒရှိကြောင်း ရှင်းလင်းစွာပြောကြားခဲ့ပါသည်။ အခြားသောသူများက ထိုသို့သော အမြစ်တွယ်နေသည့် မညီမျှမှုသဘာဝများကို မလွှဲမရှောင်သာလက်ခံနေရကြောင်းနှင့် အချို့သောသူများကမူ ၎င်းတို့အနေဖြင့် ထိုအလေ့အထများနှင့် `အကျင့်´ဖြစ်နေပြီဖြစ်သည့်အတွက် `ထုံနေပြီ´ ဖြစ်ကြောင်းနှင့် `မည်သည့်ခံစားချက်မှ မရှိတော့ကြောင်း´ ပြောကြားခဲ့ကြပါသည်။

အစိုးရအနေဖြင့် နိုင်ငံသားဥပဒေများအကြောင်း အသိပညာများကို ထောက်ပံ့ပေးသင့်ကြောင်းနှင့် အစိုးရ ဝန်ထမ်းများပူးပေါင်း၍ ပြည်သူများအတွက် မှတ်ပုံတင်များရရှိစေရန် ဆောင်ရွက်ပေးသင့်ကြောင်း အချို့ သော သုတေသန ပူးပေါင်းပါဝင်သူများက ဝေဖန်ခဲ့ပါသည်။ ရပ်မိရပ်ဖတစ်ဦးက အောက်ပါအတိုင်းဖော်ပြခဲ့ပါသည်။

> လူတိုင်းမှာ တူညီတဲ့ နိုင်ငံသား အခွင့်အရေးတွေ ရှိသင့်တယ်လို့ ကျွန်တော်ယုံကြည်တယ်။ ကျွန်တော် နိုင်ငံစုံရောက်ဖူးတယ်၊ ဒါပေမဲ့ ဒီနေရာမှာ နိုင်ငံသားဖြစ်ဖို့ မလွယ်ဘူးဆိုတာကိုကျွန်တော်သိတယ်။ လူတစ်ယောက်က ဒီ (နိုင်ငံ) မှာ နေတယ်ဆိုရင် ဒီနိုင်ငံရဲ့ အမျိုးသားသီချင်းကို ဆိုရမယ်၊ နိုင်ငံတော်အလံကို အလေးပြုရမယ်၊ ကျွန်တော်က တော့ အဲဒီလူကို ခွဲခြားဆက်ဆံမှာမဟုတ်ဘူး။

---

[24]၁၉၄၇ ခုနှစ်နှင့် ၁၉၇၄ ခုနှစ် အခြေခံဥပဒေများတွင်မူ နိုင်ငံသားဖြစ်မှုကို ယေဘုယျအားဖြင့် တစ်မျိုးတည်းသာပြဌာန်းထားပါသည်။ ၁၉၄၇ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၀ နှင့် ၁၁ တွင်လည်းကောင်း၊ ၁၉၇၄ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၄၅ တွင်လည်းကောင်း ကြည့်ပါ။ တိုင်းရင်းသားနှင့် နိုင်ငံသားအဖြစ်သတ်မှတ်ခြင်းဆိုင်ရာ အဓိပ္ပါယ်စဉ်းစားချက်များကို Transnational Institute, Ethnicity without Meaning, Data without Context (February, 2014) တွင်ကြည့်ပါ။

[25]အခန်း (၇)

[26]အခန်း (၂၃)၊ ဤနိုင်ငံသားအမျိုးအစားအစားအတွက် နောက်ဆုံးလျှောက်ထားရမည့် ရက်ကို ၁၉၈၂ ခုနှစ်၊ ဥပဒေတွင် သတ်မှတ်ထားပါသည်။

[27]အခန်း (၄၂) နှင့် (၄၃)။

[28]အခန်း (၃) နှင့် (၄)။ လက်ရှိ ဤအစီရင်ခံစာအတွက် တိုင်းရင်းသား၊ လူမျိုးစု၊ လူမျိုး (Ethnicity, Race, nationality) စသည့် စကားလုံးများကို အပြန်အလှန်ရောနှော အသုံးပြုပါမည်။

[29]နိုင်ငံသားဥပဒေ အခန်း (၃)တွင် တိုင်းရင်းသားလူမျိုးစုကြီး (၈)ခုဖြစ်သည့် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်းတို့တွင် ပါဝင်သူများကို နိုင်ငံသားများအဖြစ် အသိအမှတ်ပြုပါသည်။ ၁၉၈၂ ခုနှစ်၊ နိုင်ငံသားဥပဒေနှင့် ဆက်စပ်လုပ်ထုံးလုပ်နည်းများကို အာဏာသက်ရောက်ပြီးနောက်တွင် အစိုးရက တိုင်းရင်းသား ၁၃၅ မျိုး၏ စာရင်းကို ထုတ်ပြန်ခဲ့ပါသည်။
ဥပဒေ၏ အခန်း (၆)တွင် ဥပဒေအာဏာသက်ရောက်သည့်အချိန်၌ နိုင်ငံသားဖြစ်ထားပြီးသူများကို နိုင်ငံသားအဖြစ် အသိအမှတ်ပြုကြောင်း ပြဌာန်းထားပါသည်။ သဘောမှာ ဥပဒေအရ တိုင်းရင်းသား လူမျိုး (၁၃၅)မျိုးတွင် မပါဝင်သူများကို ပါဝင်နိုင်ခွင့်ရှိစေရန်နှင့် အတင်းအကျပ်ဖယ်ထုတ်ထားခြင်းသဘောမျိုးမဖြစ်စေရန် ပြဌာန်းထားခြင်းဖြစ်ပါသည်။

သုတေသနအဖွဲ့က သွားရောက်လေ့လာခဲ့သည့် နေရာများအနက် တစ်ဝက်ခန့် (၂၄ ရပ်ကွက်/ကျေးရွာများအနက် ၁၀ ရပ်ကွက်/ကျေးရွာ) တွင် ဒေသခံများက အထူးသဖြင့် မှတ်ပုံတင်လျှောက်ထားခြင်းနှင့် ထုတ်ယူခြင်းနှင့် ပတ်သက်၍ မမျှတ၍ မညီမျှသော ဆက်ဆံမှုအတွေ့အကြုံများကို ပြောကြားခဲ့ပါသည်။ ထိုသူများကပင် အသက်မွေးဝမ်းကြောင်းလုပ်ငန်း၊ ကျွမ်းကျင်ပညာရှင်လုပ်ငန်းနှင့် အခွင့်အလမ်းများ၊ လွတ်လပ်စွာ သွားလာခွင့်တို့နှင့် ပတ်သက်သည့် အခြား ဆက်စပ်အခက်အခဲများကိုလည်း ထုတ်ဖော်ပြောခဲ့ကြပါသည်။

### (ခ-၁) မှတ်ပုံတင်ပြုလုပ်ခြင်း

မှတ်ပုံတင်လျှောက်ထားခြင်းနှင့် ထုတ်ယူခြင်းနှင့်ပတ်သက်၍ အစိုးရဂန်ထမ်းများ၏ မမျှတ၊ မညီမျှသော အပြုအမူများကို တွေ့ကြုံခဲ့ရကြောင်း ဖော်ပြခဲ့ကြသည့် သုတေသနပူးပေါင်းပါဂင်သူများမှာ လူမှုစီးပွါးရေးနောက်ခံ နိမ့်ပါးသူများ၊ တိုင်းရင်းသားသွေးနှောများ၊ ဘာသာရေးလူနည်းစုအုပ်စုများနှင့် ရုပ်ပိုင်းဆိုင်ရာ မသန်စွမ်းသူများ ဖြစ်ကြပါသည်။

ယေဘုယျအချက်အနေဖြင့် ဘာသာရေး၊ အသွင်အပြင်နှင့် မူလနေရာ (ဥပမာ - ဇာတိ မြို့နယ်များမှ ပြည်နယ်/တိုင်းဒေသကြီးများသို့ ရွှေ့ပြောင်းလာကြသော ရွှေ့ပြောင်းလုပ်သားများနှင့် ၄င်းတို့၏ မိသားစုများ) တို့ကို အခြေခံ၍ခွဲခြားဆက်ဆံမှုများကိုပြုလုပ်ကြခြင်းဖြစ်ပြီး၊ လူဝင်မှုကြီးကြပ်ရေးအရာရှိတစ်ဦးချင်းစီ၏ ပုဂ္ဂိုလ်ရေးဆိုင်ရာ အခြေအနေ၊ ပေးလိုက်သောငွေကြေးပမာဏ၊ ပုဂ္ဂိုလ်ရေးဆိုင်ရာ အဆက်အသွယ်နှင့် ရင်းနှီးမှုများရှိခြင်းနှင့် ယင်းတို့၏ သဘာဂ စသည့်အချက်များ သည် နိုင်ငံသားစိစစ်ရေးကတ်ပြားရရှိရေးတွင် အရေးကြီးသော အခန်းကဏ္ဍမှ ပါဂင်နေပါသည်။ ထိုကဲ့သို့သော ထိခိုက်လွယ်အုပ်စုများနှင့် လူနည်းစုအုပ်စုများတွင် ပါဂင်နေသော ပါဝင်ဖြေဆိုသူများအနေဖြင့် မှတ်ပုံတင် လျှောက်ထားရာတွင် ကျေးရွာအုပ်ချုပ်ရေးမှူး၏ ထောက်ခံစာအတွက် ငွေကြေးအနည်းငယ် ပေးရပါသည်။ ဆက်လက်၍ မြို့နယ်လူဝင်မှုကြီးကြပ်ရေးရုံးသို့ ချဉ်းကပ်၍ ကိုယ်စားလျှောက်ထားပေးမည့် ပွဲစားအား ပိုမိုများပြားသောငွေကြေးပမာဏ ပေးရပါသည်။

#### (ခ-၁-၁) ဆင်းရဲသူများ

ယေဘုယျအားဖြင့်၊ စီးပွါးရေးချို့တဲ့သူများက မှတ်ပုံတင်ရရှိခြင်းဆိုသည်မှာ ငွေကြေးရှိသူများသာ ရရှိနိုင်သည့် အရာဟူ၍ ရှုမြင်ကြပါသည်။ သုတေသနတွင် ပူးပေါင်းပါဂင်သူတစ်ဦးက ထိုစိတ်ခံစားချက်ကို အောက်ပါအတိုင်း ဖော်ပြခဲ့ပါသည်။

> ဒါက ငွေရှိမှရမဲ့ပြဿနာဘဲ။ ကျွန်တော်တို့မှာ ငွေရှိရင် (ဂန်ထမ်းတွေကို) လာဘ်ငွေပေးနိုင်မယ်။ မှတ်ပုံတင်ကတ်ဆိုတာက ငွေရှိတဲ့လူတွေအတွက်ဘဲ။ ဆင်းရဲသားတွေအတွက် ရဖို့ ခက်ခဲပါတယ်။

ယခင်စစ်သားဟောင်းတစ်ဦးဖြစ်ခဲ့သည့် ဗုဒ္ဓဘာသာဂင်၊ မွန်လူမျိုး တစ်ဦးကလည်း အလားတူ ဂေဖန်ခဲ့ပါသည်။

> မှတ်ပုံတင်ကတ်အကြောင်းကို ပြောတောင်မပြောချင်ဘူး။ ကတ်ပြားရဖို့ ၇ သိန်း၊ ၈ သိန်းလောက်ကုန်တယ်။ ကျွန်တော်တို့က ရုံးကို ကိုယ်တိုင်မသွားနိုင်တော့ ပွဲစားကနေတစ်ဆင့် လုပ်ခိုင်းရတယ်။ အရင်လူတစ်ယောက် လုပ်တာ မြင်ထားရင်တော့ ပိုလွယ်တာပေါ့။ ဒါပေမဲ့ ကျွန်တော်တို့က ပွဲစားကို မသုံးလို့မရဘူး။ ကျွန်တော်တို့ ကိုယ့်ဘာသာကိုယ် လုပ်ဖို့ကြိုးစားရင် အလုပ်ဖြစ်မှာမဟုတ်ဘူး။ အခုအချိန် ကျွန်တော့်မှာ သုံးခေါက်ချိုးကတ်ပြား[30]ပဲ ရှိတယ်။

[30] ၁၉၄၉ ခုနှစ်၊ ဗမာပြည်တွင်နေထိုင်သူများမှတ်ပုံတင်ရေးဥပဒေနှင့် ၁၉၅၂ ခုနှစ်၊ ဗမာပြည်တွင် နေထိုင်သူများမှတ်ပုံတင်ရေး နည်းဥပဒေများအရ ထုတ်ပေးထားသော အမျိုးသားမှတ်ပုံတင်ကတ်ပြား။

အခြားသုတေသနပူပေါင်းပါဝင်သူများကမူ မှတ်ပုံတင်ပြုလုပ်ရာတွင် ငွေကြေးကုန်ကျမှုများအပြင်၊ ဂန်ထုပ် ဂန်ပိုး ဖြစ်စေသော ရုံးလုပ်ငန်းအဆင့်ဆင့်နှင့် အိမ်ထောင်စုစာရင်းမရှိပါက ကြုံတွေ့ရမည့် အခြားသောစိန်ခေါ်မှုများလည်း ရှိသေးကြောင်း ပြောကြားခဲ့ပါသည်။

> မိသားစု (နှစ်ဖက်စလုံးမှာ)မှာ ဘယ်သူ့မှာမှ အိမ်ထောင်စုစာရင်းမရှိဘူး။ ကျွန်တော်က ဒီနေရာကို ခဏအလုပ်လုပ်မယ်ဆိုပြီး လာတာ၊ ဒါပေမဲ့ ၅ နှစ်၊ ၆ နှစ်လောက်ကြာသွားတယ်။ ဒီနေရာမှာ ကျွန်တော်တို့လိုပဲ အိမ်ထောင်စုစာရင်းမရှိတဲ့ ကျူးကျော်တွေ ရှိသေးတယ်။ လိုတဲ့ စာရွက်စာတမ်းတွေ ယူဖို့ ဇာတိမြို့ကို ပြန်ဖို့ကလည်း ငွေကြေးက မလုံလောက်ဘူး။ ဒီမှာက ခေတ်မီနေပြီဆိုတော့ ကျွန်တော်တို့ ဖုန်းတွေ၊ ဖက်စ်တွေနဲ့ အလုပ်ဖြစ်အောင် လုပ်လို့ ရသင့်တယ်။ အခုအချိန်မှာ ကျွန်တော်တို့မိသားစုက ဒီခြံဝင်းမှာ ဧည့်သည်အနေနဲ့ နေရတာ။ ကျွန်တော်က ဒီခြံဝင်းမှာ ယာယီနေထိုင်သူဆိုတော့ ကျွန်တော့်မှာ ပုံစံ (၁၀) မရှိဘဲ မှတ်ပုံတင်လုပ်လို့မရဘူး။ ဒီနေရာမှာ မှတ်ပုံတင်မရှိတဲ့လူတွေ အများကြီးရှိကြတယ်။ တစ်ချို့လူတွေက အလုပ်လျှောက်ရင် တစ်ခြားလူရဲ့ မှတ်ပုံတင်ကို ငှားပြီး လျှောက်ကြရတယ်။ တစ်ချို့လူတွေ တရားရင်ဆိုင်ရတဲ့အခါ မှတ်ပုံတင်ကတ်မရှိတော့ အရမ်းဒုက္ခရောက်ကြတယ်။ မှတ်ပုံတင်ကတ်ပြားမရှိတော့ ဖုန်းလဲလျှောက်လို့မရဘူး။ လေယာဉ်ပျံစီးလို့မရဘူး။ (မှတ်ပုံတင်မရှိလို့) ကျွန်တော်တို့ ပညာတတ်ရင်တောင်မှ အမှန်တကယ်ဘွဲ့မရနိုင်ဘူး၊ အလုပ်မရနိုင်ဘူး။ ကျွန်တော်တို့မှာ လိုအပ်တဲ့ စာရွက်စာတမ်းတွေရှိရင် မှတ်ပုံတင်ချက်ချင်းရနိုင်တယ်။ မှတ်ပုံတင်အတွက် မိဘတွေ၊ ဘိုးဘွားတွေ နာမည် ပြောရုံဘဲ လိုတယ်ဆိုရင် ကျွန်တော်တို့ ညာပြောလို့ရတယ်။

ပြည်နယ်/တိုင်းဒေသကြီးအဆင့်တွင် လုပ်ငန်းဆောင်ရွက်နေသော အရပ်ဖက်လူမှုအဖွဲ့အစည်းတစ်ခုက လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအနေဖြင့် နိုင်ငံသားစိစစ်ရေးကတ်များ ဖြန့်ဝေပေးနိုင်ရေးကို ပံ့ပိုးပေးသည့် စီမံကိန်းတစ်ခုကို အစပျိုးဆောင်ရွက်ခဲ့ကြောင်း ရှင်းပြခဲ့ပါသည်။

> လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနက ၂၀၁၂ ခုနှစ်၊ ဧပြီလတွင် မိုးပွင့်စီမံချက်ကို စတင်ဆောင်ရွက်ခဲ့ပါသည်။ ပြည်သူများ နိုင်ငံသားစိစစ်ရေးကတ်ရရှိရန်အတွက် နေ့ချင်းပြီးဝန်ဆောင်မှု (one-stop service) ဖြင့် ပြုလုပ်ပေးရန် ရည်ရွယ်ထားပြီး၊ ထိုဝန်ဆောင်မှုကို ဒေသခံပြည်သူများအတွက် သတင်းအချက်အလက်ဖြန့်ဝေရေးလုပ်ငန်းများဖြင့် စတင်ခဲ့ပါသည်။ တစ်စုံတစ်ဦးတွင် စာရွက်စာတမ်း ပြည့်စုံစွာမရှိပါက အဖွဲ့ဝင်ငါးဦးပါဝင်သော စိစစ်ရေးအဖွဲ့ (မြို့နယ်ပညာရေး၊ စီမံကိန်းရေးဆွဲရေး၊ ကျန်းမာရေး၊ လူဝင်မှုကြီးကြပ်ရေးနှင့် အထွေထွေအုပ်ချုပ်ရေးမှ အရာရှိများပါဝင်ပါသည်)၏ ထောက်ခံချက်ရပါက လုံလောက်ပါသည်။ [31]

## (ခ-၁-၂) သွေးနှောတိုင်းရင်းသားများ

မှတ်ပုံတင်ရရှိရေးအတွက် ခက်ခဲကြောင်းပြောကြားခဲ့သော နောက်ထပ် ပါဝင်ဖြေဆိုသူအုပ်စုတစ်စုမှာ ၎င်းတို့ကိုယ်၎င်းတို့ `သွေးနှော´ များအဖြစ် သတ်မှတ်ထားသူများဖြစ်ကြပါသည်။ ၎င်းကိုယ်၎င်း မွတ်ဆလင် ပသီလူမျိုးဟု သတ်မှတ်ထားသော တုန့်ပြန်ဖြေဆိုသူတစ်ဦးက အောက်ပါအတိုင်း အသေးစိတ်ပြောကြားခဲ့ပါသည်။

> သွေးနှောတိုင်းရင်းသားတွေအတွက် မှတ်ပုံတင်ကတ် မရနိုင်ဘူး။ ဗမာတစ်ဝက်၊ မွန်တစ်ဝက်ဖြစ်နေရင်တောင် မရနိုင်ဘူး။ အရင်တုန်းကတော့ ရနိုင်သေးတယ်၊ အခု မရနိုင်တော့ဘူး။ အခုအဖေနဲ့ အမေက ဘာလူမျိုးလဲဆိုတာ အရေးမကြီးတော့ဘူး။ ဘာကြောင့်လဲဆိုတော့ အဖိုးအဖွါးတွေက သွေးနှောတွေဆိုရင်

[31] မိုးပွင့်စီမံချက်သည် ကရင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်တောင်ပိုင်းတို့တွင် ဆောင်ရွက်ခြင်းဖြစ်ပါသည်။

> ကို မှတ်ပုံတင်ကတ် မရနိုင်တော့ဘူး။ ကျွန်တော်တို့ မှတ်ပုံတင်ကတ်ပြားရရင်တောင်မှ သုံးခေါက်ချိုးကတ်ပြားပဲ ရနိုင်မယ်။ ကျွန်တော့်မှာ အရင်က မှတ်ပုံတင်ကတ်ပြားရှိသေးတယ်။ ကျွန်တော်ကတ်ပြားအသစ်လဲတော့ သုံးခေါက်ချိုးကတ်ပြားပဲ ပြန်ထုတ်ပေးတော့တယ်။

သုတေသနတွင် ပူးပေါင်းပါဝင်သူတစ်ဦးကလည်း အောက်ပါအတိုင်း မျှဝေခဲ့ပါသည်။

> ကျွန်တော် (၁၃)နှစ်သားကတည်းက မှတ်ပုံတင်ကတ်ပြားကို အခုအချိန်အထိ မပြောင်းရသေးဘူး။ ကျွန်တော့်အဖေက ဗမာ-ဗုဒ္ဓဘာသာ၊ အမေက မွတ်ဆလင်-ကုလား/ပသျှူး။ ကျွန်တော်က သွေးနှောဖြစ်လို့ မှတ်ပုံတင် (အသစ်) ပေးလို့မရဘူးလို့ သူတို့က ပြောကြတယ်။ အဲဒါနဲ့ ကျွန်တော်လည်း မှတ်ပုံတင်ကို မပြောင်းတော့ဘူး။

ဒေသတစ်ခုရှိ သုတေသနပူးပေါင်းပါဝင်သူများက ၎င်းတို့၏ အိမ်ထောင်စုစာရင်းတွင် ယခင်က ပသီ-မွန်၊ ပသျှူး-မွန်စသည်ဖြင့် သွေးနှောတိုင်းရင်းသားများအဖြစ် မှတ်တမ်းတင်ထားသော်လည်း၊ ၁၉၈၈ ခုနှစ်နောက်ပိုင်းမှစ၍ ထိုသို့ အမျိုးအစားသတ်မှတ်မှုကို ပယ်ဖျက်ခဲ့ကြောင်း၊ သို့ရာတွင် လူဝင်မှုကြီးကြပ်ရေးအရာရှိများက ၎င်းတို့အား `ဘင်္ဂါလီ´များဟု ပြန်လည် မှတ်ပုံတင်ခဲ့ကြောင်း ရှင်းပြခဲ့ပါသည်။ ထိုသို့ ပြောင်းလဲလိုက်ခြင်းကြောင့် ထိုသူများအနေဖြင့် `သုံးခေါက်ချိုးကတ်ပြား´များကိုသာရရှိခဲ့ပြီး၊ ထိုကတ်ပြားများရရန်အတွက် တစ်ကတ်လျှင် ကျပ် ၁၀၀၀၀၀ ကျော် ပေးခဲ့ရကြောင်း ပြောကြားခဲ့ပါသည်။

သုတေသနပူးပေါင်းပါဝင်သူတစ်ဦးက မှတ်ပုံတင်လျှောက်ထားရာတွင် သိသာသော ငွေကြေးရင်းမြစ်များ ရှိထားပါက `တိုင်းရင်းသား´ဟူသော သတ်မှတ်ချက် မေးမှိန်ပျောက်ကွယ်သွားကြောင်း အလေးအနက်ပြောကြားခဲ့ပါသည်။

> အကယ်၍ ခင်ဗျားက ငွေပေးလိုက်ရင်၊ အကြာကြီးစောင့်ဖို့ မလိုဘူး။ နှစ်ရက်အတွင်း ရနိုင်တယ်။ ဒီရွာတစ်ရွာလုံးမှာ ပန်းရောင်မှတ်ပုံတင်ကတ်ပြား ရတာဆိုလို့ (၁၀) ယောက်တောင် မရှိဘူး။ ပန်းရောင်ကတ်ပြားရဖို့ ငွေချည်းပဲ လိုတာမဟုတ်ဘူး။ တိုင်းရင်းသားတစ်မျိုးမျိုးဖြစ်ဖို့လိုသေးတယ်။ သုံးခေါက်ချိုးကတ်တွေနဲ့စာရင် ဒီကတ်တွေက ပိုကုန်ကျတယ်။ ဒါပေမဲ့ ခင်ဗျားငွေပေးနိုင်ရင်၊ တိုင်းရင်းသားကိစ္စက ဘာမှမဟုတ်တော့ဘူး။

သုတေသနအဖွဲ့အနေဖြင့် ပသျှူးနှင့် ပသီလူမျိုးများ[32]သည် ယခင်က `တိုင်းရင်းသားလူမျိုးစု´များစာရင်းတွင် ပါဝင် ခြင်း ရှိမရှိကို မစစ်ဆေးနိုင်ခဲ့ပါ။ သို့ရာတွင် ယခုလက်ရှိ တိုင်းရင်းသားလူမျိုး (၁၃၅) မျိုးစာရင်းတွင်မူ ထိုလူမျိုးများ မပါဝင်ကြပါ။ ထပ်မံအတည်ပြုရမည့် ဒုတိယတွေ့ရှိချက်မှာ အထူးသဖြင့် အစ္စလာမ်ဂါဒကို ယုံကြည်ကြသူများကို `သွေးနှောသူများ´ဟု ယေဘုယျအားဖြင့် သတ်မှတ်ခံရသည်ကိုမြင်တွေ့ နေရခြင်းဖြစ်ပါသည်။

[32]ပသျှူးလူမျိုးများဆိုသည်မှာ Austronesian စကားပြောသူများတွင် ပါဝင်သည့် မလေးမွတ်ဆလင်များဖြစ်မည်ဟု ယုံကြည်ရပြီး၊ မြိတ်အငူဒေသ၏ တောင်ဘက်စွန်းတွင် စုစည်းနေထိုင်ကြပါသည်။ ပသီလူမျိုးဆိုသည်မှာ ယခုအခါ ဗမာမွတ်ဆလင်များ သို့မဟုတ် မြန်မာမွတ်ဆလင်များအဖြစ် ပိုမိုလူသိများကြပြီး၊ ဘာသာစကားနှင့် ယဉ်ကျေးမှုအရ မြန်မာ့လူ့အသိုက်အဝန်းနှင့်တသားတည်းအသွင်ရှိလာသူများဖြစ်ကြသည်။`ပသီ´ဟူသော စကားလုံးကို ဘိုးတော်ဘုရားဘုရင်က အသုံးပြုခဲ့ပြီး၊ ရှေးပါရှန်းလူမျိုးများ ကုန်သည် အဖွဲ့များကို ရည်ညွှန်းသည့် `ပါစီ (Parci)´ ဟူသော စကားလုံးမှ ဆင်းသက်လာသည်ဟု ယုံကြည်ရပါသည်။ ကိုလိုနီခေတ်အတွင်းက ဗြိတိသျှများက ၁၈၉၁ ခုနှစ် သန်းခေါင်စာရင်းတွင် `ဇာပတီ (Zerbadee)´နှင့် `ဗမာမွတ်ဆလင်´ ဟူသည့် စကားလုံးများကို အသုံးပြုခဲ့ ပါသည်။

### (ခ-၁-၃) ဘာသာရေးလူနည်းစုများ

အထက်တွင်ဖော်ပြခဲ့သည့်အတိုင်းပင်၊ မြန်မာနိုင်ငံသားဥပဒေသည် အဓိကအားဖြင့် တိုင်းရင်းသား သို့မဟုတ် လူမျိုးစုကို အခြေခံ၍ ခွဲခြားထားခြင်းဖြစ်ပြီး၊ ဘာသာရေးကို အခြေခံ၍ ခွဲခြားဆက်ဆံခြင်းမရှိပါ။ အမှန်တကယ် တွင်မူ မြန်မာနိုင်ငံတွင် `လူမျိုးစု´၊ `တိုင်းရင်းသား´၊ `လူမျိုး´ဟူသော သဘောတရားများသည် .ဘာသာရေး အမည်များနှင့် စုရုံးရောနှောနေသည့်အတွက်၊ မြန်မာနိုင်ငံသားဥပဒေပါ ပြဋ္ဌာန်းချက်များသည် ဘာသာရေး လူနည်းစုများအပေါ် မညီမျှသော အကျိုးသက်ရောက်မှုများကို ဖြစ်ပေါ်စေပါသည်။ မိမိကိုယ်မိမိ မွတ်ဆလင်ဟု သတ်မှတ်ကြသော တုန့်ပြန်ဖြေကြားသူများက ၎င်းတို့အနေဖြင့် မည်သည့် လူမျိုး/တိုင်းရင်းသားတွင် ပါဝင်သည်ကို ရှင်းလင်းစွာ မပြောကြားနိုင်ကြပါ။ အခြားတစ်ဖက်တွင်မူ ၎င်းတို့ကို အခြားသူများက `ကုလား´ဟု မကြာခဏ ရည်ညွှန်းတတ်ကြပါသည်။ ထိုစကားလုံးမှာ အကြောင်းအရာပေါ်မူတည်၍ မွတ်ဆလင်များနှင့် တောင်အာရှသား ရုပ်သွင်ရှိသူများကို တပြိုင်နက်တည်း ခေါ်ဝေါ်သုံးစွဲသော စကားလုံးဖြစ်ပါသည်။ `ကုလား´တစ်ဦးဖြစ်သည့် တုန့်ပြန်ဖြေဆိုသူတစ်ဦးက အောက်ပါအတိုင်းပြောကြားခဲ့ပါသည်။

> ကုလားလည်း လူ၊ ငါးခူလည်း ငါးပါဘဲ။ ကျွန်တော်တို့ကို ဘာကြောင့် ခွဲခြားဆက်ဆံနေကြတာလဲ။

သုတေသနတွင် ပူးပေါင်းပါဝင်သူ မွတ်ဆလင်အမျိုးသမီးတစ်ဦးက ၎င်းတို့ ကိုးကွယ်သည့် ဘာသာကြောင့် သူမနှင့် သူမ၏ ခင်ပွန်းတို့တွင် `ပန်းရောင်ကတ်´များရှိသော်လည်း၊ ၎င်းတို့၏ ကလေးများတွင်မူ `သုံးခေါက်ချိုးကတ်´ များ သာ ရှိကြောင်း အသေးစိတ်ပြောကြားခဲ့ပါသည်။

> ကျွန်မတို့ ကလေး (၃)ယောက်မှာ သုံးခေါက်ချိုးကတ်ပြားတွေပဲ ရှိတယ်။ အဲဒီတော့ သူတို့ ဘွဲ့လက်မှတ် တွေ မရနိုင်တော့ဘူး။ ကျွန်မတို့က မှတ်ပုံတင်ကတ် (ID) တွေ ရချင်ရင် တစ်ကတ်ကို တစ်သိန်းလောက် အကုန်အကျခံရမယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်မတို့ရဲ့ ဘာသာရေးကြောင့်ဘဲ။ ကျွန်မတို့ သမီးက လွန်ခဲ့တဲ့ နှစ်နှစ်က ဘွဲ့ကြိုတန်းပြီးတယ်။ ဒါပေမဲ့ ခုအချိန်ထိ ဘွဲ့လက်မှတ်မရသေးဘူး။

အခြားတုန့်ပြန်ဖြေကြားသူတစ်ဦးက မြို့နယ်လူဝင်မှုကြီးကြပ်ရေးရုံးတွင် ရိုးရာအစွလာမ်ဝတ်ရုံဝတ်ဆင်ထားသော သူ့အား အရာရှိတစ်ဦးက မည်သို့ တားမြစ်ခဲ့ကြောင်း ဖော်ပြခဲ့ပါသည်။

> ကျွန်တော်လူဝင်မှုကြီးကြပ်ရေးရုံးထဲကို ဝင်သွားတော့ အရာရှိက ကျွန်တော်ဝတ်ထားတဲ့ ရိုးရာဝတ်ရုံရှည်ကြီး ကို မဝတ်ရဘူးဆိုပြီး တားတယ်။ ဒီကိစ္စအတွက် ကျွန်တော် အရမ်းဝမ်းနည်းသွားတယ်။ နောက်ပိုင်းမှာ ရုံးကို ကျွန်တော်ကိုယ်တိုင် ထပ်မသွားတော့ဘဲနဲ့ ပွဲစားတစ်ယောက်ကို သုံးခေါက်ချိုး ကတ်ပြား လုပ်ခိုင်းလိုက်တာ၊ ငွေ ၈ဝဝဝဝ ကုန်တယ်။ တစ်ခြားနေရာတွေမှာ ကျွန်တော်ကြားတာက မျတ်ပုံတင်ကတ်တစ်ခုကို ၆ ကျပ်ပဲ ပေးရတယ်။ ဒါပေမဲ့ ဒီကတ်ကို ရုံးမှာထုတ်ပေးရင် ၆ဝဝဝဝ တန်သွားတယ်။ ကျွန်တော့်မှာ ပန်းရောင် ကတ်ပြားမရှိရင် ကျွန်တော် ဘွဲ့မရဘူး။ အင်ဂျင်နီယာ ဒါမှမဟုတ် ဆရာဝန်မဖြစ်နိုင်ဘူး။ အရင်ခေတ် တွေတုန်းက ဘာပြဿနာမှ မရှိခဲ့ဘူး။ ၁၉၉ဝ ခုနှစ်နောက်ပိုင်းမှာ ကျွန်တော်တို့ မှတ်ပုံတင်ကတ်တွေ လွယ်လွယ်နဲ့ မရတော့ဘူး။

မွတ်ဆလင်အများစုနှင့် ဟိန္ဒူအနည်းစုနေထိုင်သည့် ဒေသတစ်ခုတွင် ဒေသခံများက လူဝင်မှုကြီးကြပ်ရေး ဝန်ထမ်း များသည် နေထိုင်သူအားလုံးကို `ဘင်္ဂါလီ´များအဖြစ် အလိုအလျောက်ယူဆခဲ့ကြောင်း ပြောကြားခဲ့ကြပါသည်။ (Box- ၈ ကိုကြည့်ပါ။) မတူသည့်ဒေသများမှ ဟိန္ဒူဘာသာရေးခေါင်းဆောင်များက `ဒီခေတ်တွေမှာ ဟိန္ဒူတွေ၊ တရုတ်တွေနဲ့ မွတ်ဆလင်တွေအတွက် နိုင်ငံသား အပြည့်အဝဖြစ်တယ်လို့ သတ်မှတ်ပေးတဲ့ အစိမ်းရောင် ကတ်ပြားတွေ (အမျိုးသားမှတ်ပုံတင်ကတ်) တွေ ရဖို့ မလွယ်တော့ဘူး´ဟု သီးခြားစီမှတ်ချက်ပြုခဲ့ပါသည်။

Box – (၈)

ဒီရွာကလာတဲ့ လူဆိုရင် ဒီလူ ဘာလူမျိုးဖြစ်တယ်ဆိုတာက ပြဿနာမဟုတ်တော့ဘူး။ သူ့ကို `န´လို့ မှတ်လိုက်တာဘဲ။ မှတ်ပုံတင်ကတ်မှာ `န´လို့ မှတ်သားလိုက်တာက ဒီလူကို သံသယရှိတယ်လို့ ဆိုလိုတာပါ။ ဗမာတွေတောင်မှ `န´လို့ အမှတ်ခံရတတ်တယ်။

ဤမြို့နယ်ရှိ လူဝင်မှုကြီးကြပ်ရေးအရာရှိများက ဤရွာနှင့် (၄င်းနှင့်ကပ်လျက်တည်ရှိသော) နောက်တစ်ရွာရှိ လူဦးရေ ၁၀၀% ကို ဘင်္ဂါလီများအဖြစ် ရှုမြင်ကြပါသည်။ ဒေသခံများက ၄င်းတို့အား ပြောပြရန် ကြိုးစားကြသော်လည်း အရာရှိများက လက်မခံကြပါ သို့မဟုတ် နားမထောင်ကြပါ။ လူတစ်ယောက်သည် ဤရွာ သို့မဟုတ် ကပ်လျက်ရွာမှ ဖြစ်ပါက `ဘင်္ဂါလီ´ဟု အလိုအလျောက်ယူဆလိုက်ကြပါသည်။ စိတ်ထိခိုက်ခံစားရခြင်းမှတစ်ပါး မည်သည့်အရာမှ မလုပ်နိုင်ပါ။

လက်ရှိ ပန်းရောင်မှတ်ပုံတင်ကတ်များကို အသစ်ပြန်လုပ်လို၍ လျှောက်ထားသူများသည် အဆုံးသတ်တွင် `သုံးခေါက်ချိုးကတ်ပြားများ´ကိုသာ ပြန်လည်ရရှိခဲ့ကြသော ဥပမာအချို့ကို မြေပုံရေးဆွဲခြင်း လုပ်ငန်းတစ်လျှောက်လုံးတွင် တွေ့ရှိခဲ့ရပါသည်။ ထိုလျှောက်ထားသူအားလုံးတို့မှာ မွတ်ဆလင်များဖြစ်ကြပါသည်။ ထိုကဲ့သို့ပင် နိုင်ငံသားဖြစ်ခွင့် မရရှိသော အခြားသူများ ရှိမရှိကို ဆုံးဖြတ်နိုင်ရန်အတွက် နောက်ထပ် သုတေသနလုပ်ငန်း များ ဆောင်ရွက်ရန် လိုအပ်ပါသည်။

### (ခ-၁-၄) မသန်စွမ်းသူများ

မှတ်ပုံတင်လျှောက်ထားခြင်း၊ ထုတ်ယူခြင်းနှင့်ပတ်သက်၍ အခက်အခဲများရှိကြောင်း ဖော်ပြခဲ့ကြသော သုတေသန ပူးပေါင်းပါဝင်သူ စတုတ္ထအုပ်စုမှာ ရပ်ပိုင်းဆိုင်ရာ မသန်စွမ်းသူများဖြစ်ကြပါသည်။ သုတေသနအဖွဲ့သည် ဒေသတစ်ခုတွင်သာ အမြင်အာရုံချို့ယွင်းနေသည့် တုန့်ပြန်ဖြေကြားသူများကို တွေ့ခဲ့ရပြီး၊ ၄င်းတို့အနက် တစ်ဦးက အောက်ပါအတိုင်း အသေးစိတ်ပြောကြားခဲ့ပါသည်။

> ကျွန်တော်တို့ကို အခွင့်အရေးအတူတူရတဲ့ နိုင်ငံသားတွေလို့ သတ်မှတ်ဖို့ တစ်ခြားလူတွေအတွက် ခက်ခဲမှာပါ။ ကျွန်တော်တို့ရဲ့ ကိုယ်ပိုင်မိသားစုတွေ၊ ဒါမှမဟုတ် လူဝင်မှုကြီးကြပ်ရေးဝန်ထမ်းတွေကြောင့် ကျွန်တော်တို့ မျက်မမြင်တွေမှာ မှတ်ပုံတင်ကတ်တောင်မရှိပါဘူး။ တစ်ချို့မိသားစုတွေက ကျွန်တော်တို့အတွက် ဒီမှတ်ပုံတင်ကတ်ကို သုံးရမဲ့နေရာ ရှိမှာမဟုတ်ဘူးလို့ ယူဆကြတယ်။ ဒီတော့ ကျွန်တော်တို့ကို မှတ်ပုံတင်လုပ်ပေးဖို့ မကူညီကြတော့ဘူး။ နောက်တစ်ချက်ကတော့ လူဝင်မှုကြီးကြပ်ရေးအရာရှိတွေ ကိုယ်တိုင်က ကျွန်တော်တို့ မျက်မမြင်တွေအတွက် မှတ်ပုံတင်လုပ်ပေးစရာမလိုဘူးလို့ ကြေငြာထားတယ်။ ကျွန်တော်တို့မှာ မှတ်ပုံတင်မရှိရင် ပတ်စပို့ လျှောက်လို့မရဘူး။ ကျွန်တော်တို့ နိုင်ငံခြားမှာ ပညာသင်လို့မရတော့ဘူး။ ကျွန်တော်တို့ မဲပေးလို့လဲမရဘူး။ ဥပဒေတွေ၊ အခြေခံဥပဒေတွေက မသန်စွမ်းသူတွေအတွက် ထည့်သွင်းစဉ်းစားပြီးရေးထားတာမရှိဘူး။ ဥပဒေက ကျွန်တော်တို့ကို အထောက်အပံ့လည်း မပေးဘူး၊ အကာအကွယ်လည်း မပေးဘူး။ ကျွန်တော်တို့အတွက် တရားရေးနဲ့ဆိုင်သော ကိစ္စတစ်ခုခုမှာပါဝင်ဖို့လည်း အရမ်းခက်ခဲတယ်။ ကျွန်တော်တို့ အများစုအတွက်တော့ ဒီစကားလုံးကို ကြားရမှာ ကြောက်နေကြတယ်။ ကျွန်တော်တို့က မသန်စွမ်းတဲ့သူတွေဖြစ်နေလို့ ကျွန်တော်တို့ကို ကာကွယ်ပေးရမဲ့ အစား အပြစ်ပေးနေတယ်လို့ ခံစားမိတယ်။

ဤအပိုင်းငယ်တွင်ပါဝင်သည့် တွေ့ရှိချက်များသည် မကုန်ဆုံးသေးသော်လည်း၊ နိုင်ငံသားအဖြစ်အသိအမှတ်ပြုခံရရေးအတွက် ကြိုးစားအားထုတ်ရာတွင် ခွဲခြားဆက်ဆံမှုများကို ရင်ဆိုင်နေရသော အုပ်စုများအကြောင်းကို ဖော်ညွှန်းပေးနိုင်ပါသည်။

## (ခ-၂) အသက်မွေးဝမ်းကြောင်းစနစ်၊ ပညာရေးနှင့် ကျွမ်းကျင်မှုအခွင့်အလမ်းများ

မှတ်ပုံတင် ရရှိရေးတွင်တွေ့ရသည့် အခက်အခဲများကို ရှင်းလင်းစွာပြောကြားခဲ့သော သုတေသနပူးပေါင်းပါဝင်သူများအနက် အချို့ကပင် အသက်မွေးဝမ်းကြောင်း၊ပညာရေးနှင့် ကျွမ်းကျင်မှုဆိုင်ရာ အခွင့်အလမ်းများနှင့် ပတ်သက်သည့် စိန်ခေါ်မှုများကိုလည်း ပြောဆိုခဲ့ကြပါသည်။ မွတ်ဆလင်တစ်ဦးဖြစ်သည့် တုန့်ပြန်ဖြေဆိုသူက အောက်ပါအတိုင်း ရှင်းပြခဲ့ပါသည်။

> ကျွန်တော်တို့က သုံးခေါက်ချိုးကတ်နဲ့ဆိုရင် အသက်မွေးဝမ်းကြောင်းကောလိပ် တက်လို့မရဘူး။ ကျွန်တော်တို့ ဘွဲ့မရနိုင်ဘူး။ အဲဒီတော့ အလုပ်လျှောက်လို့လဲမရတော့ဘူး။ ကျွန်တော်တို့က ဈေးရောင်းပြီးတော့ လုပ်ကိုင်စားရတယ်။ ကျွန်တော်တို့ မှတ်ပုံတင်ရဖို့အတွက် ဘယ်နေရာသွားရမလဲ၊ ဘာလုပ်ရမလဲ မသိတော့ဘူး။

အမြင်အာရုံချို့ယွင်းနေသည့် သုတေသနပူးပေါင်းပါဝင်သူတစ်ဦးကလည်း သူ၏ ရည်မှန်းချက်များ မေးမှိန်ပျောက်ကွယ်ခဲ့ရသည့် သူ၏ ပုဂ္ဂိုလ်ရေး အတွေ့အကြုံကို အသေးစိတ်ပြောကြားခဲ့ပါသည်။

> ကျွန်တော် ဆယ်တန်းအောင်တော့ အမှတ်တွေကောင်းလို့၊ တက္ကသိုလ်မှာ သိပ္ပံဘာသာတွဲ တစ်ခုခု ရွေးချင်ခဲ့တယ်။ ဒါပေမဲ့ ကျွန်တော့် အမြင်အာရုံချို့ယွင်းလာတော့ တက္ကသိုလ်ဆက်တက်ဖို့ အခွင့်အရေး မရတော့ဘူး။ ကျွန်တော်က Professional တစ်ယောက်လို သီချင်းဆိုပြီး၊ ဂီတပစ္စည်းတွေလဲ တီးချင်တော့ ယဉ်ကျေးမှုတက္ကသိုလ်မှာ ဂီတဘာသာယူချင်ခဲ့သေးတယ်။ ဒါပေမဲ့ ပါမောက္ခချုပ်က မျက်မမြင်တစ်ယောက်က ဂီတသင်ခန်းစာတွေ၊ အတန်းတွေကို မတက်နိုင်ဘူး လို့တွေးပြီး၊ ကျွန်တော့် လျှောက်လွှာကို ပယ်လိုက်တယ်။ ကျွန်တော်တို့က လူတွေဆုံးဖြတ်ချက်ချတဲ့အခါမှာ သားကောင်တွေဖြစ်နေကြတယ်။ လူတွေက မျက်မမြင်တွေအပေါ် ကိုယ်ချင်းစာစိတ်လဲ မရှိဘူး၊ နားလည်မှုလဲ မရှိဘူး။ ဒါကြောင့် ကျွန်တော် ပုံမှန်ဝိဇ္ဇာတွဲပဲ ယူလိုက်ရပြီး၊ ဂီတဘာသာတွဲကို လေ့လာချင်တဲ့ ကျွန်တော့်မျှော်လင့်ချက်တွေကို စွန့်လွှတ်လိုက်ရတယ်။ ကျွန်တော့်အနာဂတ်အစီအစဉ်ကို ပြောင်းလိုက်ရတယ်။

## (ခ-၃) လွတ်လပ်စွာ သွားလာခွင့်

အချို့သော ပါဝင်ဖြေဆိုသူများသည် ၎င်းတို့၏ မှတ်ပုံတင်နှင့် ဆက်စပ်နေသည့် ပြဿနာများကြောင့် ခရီးသွားလာရာတွင် အစိုးရဝန်ထမ်းများ၊ NSAGs များ၏ မမျှတ၊ မညီမျှသော ဆက်ဆံမှုများကို ရင်ဆိုင်ခဲ့ရကြောင်း သုတေသနလုပ်ငန်းစဉ်တစ်လျှောက်လုံးတွင် လေ့လာတွေ့ရှိရပါသည်။ သုတေသနတွင် ပူးပေါင်းပါဝင်သူတစ်ဦးက အောက်ပါအတိုင်း အသေးစိတ်ပြောကြားခဲ့ပါသည်။

> ကျွန်တော် သုံးခေါက်ချိုးမှတ်ပုံတင်လုပ်တုန်းက ပွဲစားကို ၅၀၀၀၀ (ကျပ်) ပေးလိုက်ရတယ်။ ဒါပေမဲ့ ကတ်ပြားထဲက လူမျိုးနေရာမှာ `ဘင်္ဂါလီ´လို့ ရေးထားတယ်။ ကျွန်တော်က အစ္စလာမ် ဘာသာဝင်လို့ ပြောတော့လဲ `ဘင်္ဂါလီ´လို့ပဲ ချရေးတယ်။ ကျွန်တော့် ဘိုးဘွားတွေက မြန်မာ နိုင်ငံမှာ မွေးတာ။ ကျွန်တော် `ကုလား´ စကားလဲ မပြောတတ်ဘူး။ မှတ်ပုံတင်ကတ်ထဲမှာပါတဲ့ `ဘင်္ဂါလီ´ဆိုတဲ့ စာလုံးကြောင့် ခရီးသွားတိုင်း အမြဲတမ်း ဒုက္ခရောက်ရတယ်။ လမ်းခွန်ဂိတ်တွေမှာ မှတ်ပုံတင်စစ်တဲ့အခါတိုင်း ကျွန်တော် ငွေနည်းနည်းပေးရတယ်။ လူဝင်မှုကြီးကြပ်ရေးက ဝန်ထမ်းတွေကလည်း ကျွန်တော့်ကို တွေ့တိုင်း ငွေအတင်းတောင်းတယ်။ NSAGs တွေလည်း အတူတူဘဲ။ သူတို့ကို ပိုက်ဆံပေးမှ သွားခွင့်ပေးကြတယ်။

အခြားသော တုန့်ပြန်ဖြေကြားသူများကလည်း ငွေအနည်းငယ်မပေးလျှင် သူတို့၏ မှတ်ပုံတင်ကတ်များ အသိမ်းခံရ တတ်ကြောင်း ဖော်ပြခဲ့ကြပါသည်။

> ကျွန်တော်တို့ မြဂတီကို သွားတော့ လမ်းခွန်ကောက်တဲ့ဂိတ်မှာ ကျွန်တော်တို့ရဲ့ မှတ်ပုံတင်တွေကို တောင်း တယ်။ မှတ်ပုံတင်ထဲက `လူမျိုး´နေရာမှာ `ဘင်္ဂါလီ´လို့ရေးထားတာတွေ့ရင် အဲဒီမှတ်ပုံတင်ကို သိမ်းလိုက်တယ်။ ကျွန်တော်တို့က ပိုက်ဆံမပေးမချင်း မှတ်ပုံတင်ကတ်တွေ ပြန်မရဘူး။ ကျွန်တော်တို့ စီးလာတဲ့ ဘတ်စ်ကားတွေကလည်း စိတ်မရှည်ကြတော့ဘူး။ ကျွန်တော်တို့လဲ ပိုက်ဆံပေးမလား၊ မှတ်ပုံတင် ကတ်ပြားတွေ အဆုံးခံမလား မြန်မြန် ဆုံးဖြတ်ရတယ်။ အမျိုးသားတွေက အမျိုးသမီးတွေထက် ပိုပြီး ပိုက်ဆံ ပိုပေးရတယ်။

ရဲတပ်ဖွဲ့ဝင်များသည် မွတ်ဆလင်များကိုသာ ပစ်မှတ်ထားခြင်းမဟုတ်ဘဲ၊ `ကုလား´နှင့်တူသောလူများကိုလည်း ဦးတည်ကြောင်း အခြားသော သုတေသနပူးပေါင်းပါဝင်သူများက ဖော်ပြခဲ့ကြပါသည်။ ရဲများက ငွေတောင်း ရန်အတွက် လမ်းပေါ်ရှိ ကားများကို ရပ်ခိုင်းသောအခါ ငွေပေးရမည့်လူများအား တောင်းခံသည့် ရည်ရွယ်ချက်ကို မည်သည့်အခါမှ မရှင်းပြကြပါ။

ယေဘုယျအားဖြင့် ခရီးသွားလာရာတွင် ထိုကဲ့သို့ နှောင့်နှေးမှုများကို ရင်ဆိုင်ရသူများက သူတို့အနေဖြင့် ဖြစ်နိုင် ပါက ခရီးမထွက်လိုကြောင်း သုတေသနအဖွဲ့သို့ ပြောကြားခဲ့ပါသည်။

## (ဂ) အမျိုးသမီးများနှင့် ကလေးများအား ဥပဒေဖြင့် ကာကွယ်ပေးခြင်း

သုတေသနအဖွဲ့က သွားရောက်လေ့လာခဲ့သည့် မြို့နယ် (၈)မြို့နယ်လုံးတွင် အထူးသဖြင့် အမျိုးသမီးများနှင့် ကလေးများကို ထိခိုက်စေသော ဥပဒေဖြင့် ကာကွယ်ပေးခြင်းဆိုင်ရာ ပြဿနာများစွာကို ကြုံတွေ့ခဲ့ရပါသည်။ ပြင်းထန်သော ပြဿနာများတွင် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု၊ ဒေသတွင်းအကြမ်းဖက်မှုများ၊ လူကုန်ကူးခြင်း၊ ကလေးသူငယ်လုပ်သားနှင့် ရာဇဝတ်မှုငယ်များတွင် ကလေးသူငယ်များပါဝင်မှု စသည်တို့ ပါဝင်ပါသည်။

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် မြန်မာနိုင်ငံရှိ အမျိုးသမီးများသည် အမျိုးသားများနှင့် တန်းတူညီမျှစွာ စနစ်တစ်ခုကို ရရှိကြပါသည်။[33] ဖွဲ့စည်းပုံအခြေခံဥပဒေအပြင်၊ အမျိုးသမီးများအတွက် တရားမျှတမှုကို လက်လှမ်းမီ စေခြင်းနှင့်သက်ဆိုင်သည့် ဒေသန္တရဥပဒေများ[34]၊ သင့်လျော်သော ရိုးရာထုံးတမ်းဥပဒေများ[35]လည်း ရှိနေပါသည်။ မြန်မာနိုင်ငံသည် အမျိုးသမီးများအား ခွဲခြားဆက်ဆံသည့် ပုံစံအားလုံးကို တိုက်ဖျက်ခြင်းဆိုင်ရာ

---

[33]မြန်မာနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)။ ပုဒ်မ ၃၄၈၊ ၃၅၀ နှင့် ၃၅၂။ သို့ရာတွင် ပုဒ်မ ၃၅၂ တွင်မူ `နိုင်ငံ တော်သည် အလုပ်အကိုင်ခန့်ထားရာတွင်ဖြစ်စေ၊ နိုင်ငံ့ဝန်ထမ်းရွေးချယ်တာဝန်ပေးရာတွင်ဖြစ်စေ၊ သတ်မှတ်သော အရည် အချင်းနှင့်ပြည့်စုံပါက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ မည်သည့်နိုင်ငံသားကိုမျှ လူမျိုး၊ ဇာတိ၊ ကိုးကွယ်ရာ ဘာသာ သာသနာ၊ အမျိုးသား၊ အမျိုးသမီးကို အကြောင်းပြုလျှက်၊ ရာထူးရွေးချယ်ခန့်ထားခြင်းကို ခွဲခြားမှုမပြုရ။ သို့ရာ တွင် အမျိုးသားများနှင့်သာ လျော်ကန်သင့်မြတ်သည့် ရာထူးတာဝန်များအတွက် အမျိုးသားများအား ရွေးချယ်ခန့်ထား ခြင်းကို ဤပုဒ်မအရ အဟန့်အတားမဖြစ်စေရ။´ဟု ဖော်ပြထားပါသည်။

[34]၁၈၆၀ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ဥပဒေ၊ ၁၈၉၈ ခုနှစ် ရာဇဝတ်မှုလုပ်ထုံးဥပဒေ၊ ၁၈၇၂ ခုနှစ် သက်သေခံဥပဒေ၊ ၁၉၄၉ ခုနှစ် ပြည့် တန်ဆာနှိပ်ကွပ်ရေးဥပဒေ၊ ၂၀၀၅ ခုနှစ် လူကုန်ကူးမှုတိုက်ဖျက်ရေးဥပဒေ၊ ၁၉၅၄ ခုနှစ် ဗုဒ္ဓဘာသာဝင် အမျိုးသမီးများ အထူးလက်ထပ်ခြင်းနှင့် အမွေဆက်ခံခွင့်ဥပဒေ၊ ၁၈၇၂ ခုနှစ် အမျိုးသမီးများ အထူးလက်ထပ်ခြင်းဥပဒေ၊ ၁၈၆၉ ခုနှစ် မြန်မာနိုင်ငံ ကွာရှင်းမှုဥပဒေ၊ ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေစသည်တို့နှင့် အစိုးရအာဏာပိုင်များက ထုတ်ပြန်သည့် သက်ဆိုင်ရာ ညွှန်ကြားချက်များ (ဥပမာ - ကွန်ဒုံးများကို လက်ဝယ်ထားရှိခွင့်ပြုသော အမိန့်အမှတ် ၁၀၄၈ - ၁/၂၀၀၀။

[35]၁၈၉၈ ခုနှစ်၊ Burma Laws Act ၏ အပိုဒ် ၁၃(၁)တွင် ရိုးရာဓလေ့ထုံးတမ်းနှင့် ဘာသာရေးဆိုင်ရာ ကိုဓဥပဒေများသည် ဥပဒေကဲ့သို့ အာဏာရှိ၍ ဆက်ခံခြင်း၊ အမွေဆက်ခံခြင်း၊ လက်ထပ်ခြင်းနှင့် ဇာတ်ခွဲခြားခြင်းတို့အတွက် တရားရုံး ဆုံးဖြတ် ချက်များချမှတ်ရာတွင် အားကိုးအားထားပြုနိုင်ကြောင်း ဖော်ပြထားပါသည်။

ကုလသမဂ္ဂကွန်ဗင်းရှင်း (CEDAW) ၏ အဖွဲ့ဝင်နိုင်ငံဖြစ်ပြီး၊ ၁၉၉၇ ခုနှစ်တွင် ယင်းစာချုပ်ကို သဘောတူညီခဲ့ပါသည်။ ဒေသန္တရဥပဒေများနှင့် CEDAW စံနှုန်းများအား လိုက်နာဆောင်ရွက်မှုနှင့်ပတ်သက်၍ Gender Equility Network က ၂၀၁၃ ခုနှစ်တွင် `မြန်မာနိုင်ငံ၏ ဥပဒေမူဘောင်သည် ကိုလိုနီကာလနှင့် ရိုးရာထုံးတမ်းဆိုင်ရာ ရင်းမြစ်များမှ ဆွဲယူထားခြင်းဖြစ်သည့်အတွက်၊ ဥပဒေများစွာတို့မှာ CEDAW နှင့် ကိုက်ညီမှုမရှိပါ။ ဥပဒေများသည် ပုံတူကူးချထားသော ကျား/မဆိုင်ရာ ကန့်သတ်ချက်များကို ထည့်သွင်းပေါင်းစပ်ထားပြီး၊ တန်းတူညီမျှမှုရှိစေရေးအတွက် အမျိုးသမီးများ၏ အခွင့်အရေးများအား တိုးမြှင့်ပေးခြင်း၊ ကာကွယ်ပေးခြင်းတို့နှင့် ရှေ့နောက်ညီညွတ်မှု မရှိကြောင်း´ ဝေဖန်ထားပါသည်။ [36]

လက်ရှိအချိန်တွင် မြန်မာနိုင်ငံအစိုးရသည် နိုင်ငံအဆင့်အမျိုးသမီးရေးရာကော်မတီမှတစ်ဆင့် `အမျိုးသမီးများ၏ လူ့အခွင့်အရေးများအား ကာကွယ်ပေးရန်နှင့် တိုးမြှင့်ပေးရန်´နှင့် `အမျိုးသမီးများနှင့် အမျိုးသားများအကြား တန်းတူညီမျှမှုကို ဖြစ်ထွန်းစေသော ပတ်ဝန်းကျင်တစ်ခုဖန်တီးပေးရန်´ရည်ရွယ်၍ (၁၀)နှစ် စီမံချက်တစ်ခု အကောင်အထည်ဖော်ရန် ကတိကဝတ်ပြုထားပါသည်။[37] အမျိုးသမီးများ တိုးတက်ရေးအတွက် နိုင်ငံအဆင့် မဟာဗျူဟာစီမံချက် (၂၀၁၃-၂၀၂၂) တွင် CEDAW စည်းမျဉ်းများ၊ Beijing Platform for Action တို့ကို အခြေခံလျှက် ဦးစားပေးနယ်ပယ် (၁၂) ခုကို သတ်မှတ်ထားပါသည်။ ထိုနယ်ပယ်များသည် အသက်မွေးဝမ်းကြောင်း စနစ်များနှင့် စီးပွါးရေးပြဿနာများ၊ ပညာရေး၊ ကျန်းမာရေး၊ အမျိုးသမီးအား အကြမ်းဖက်မှု၊ လူသားချင်းစာနာမှု ဆိုင်ရာ အရေးပေါ်ကိစ္စများ၊ ပတ်ဝန်းကျင်၊ အများပြည်သူဘဝတွင် ပူးပေါင်းပါဝင်ခြင်း၊ လူ့အခွင့်အရေး၊ မီဒီယာ၊ မိန်းကလေးငယ်များစသည်တို့နှင့် ပတ်သက်ပြီး၊ ထို ဦးစားပေးနယ်ပယ် (၁၂)ခုကို တိုးတက်စေမည့် ရည်မှန်းချက်များအတွက် ဘက်စုံမူဘောင်တစ်ခုလည်း ပါဝင်ပါသည်။

ကလေးသူငယ်များနှင့်ပတ်သက်၍၊ မြန်မာနိုင်ငံသည် ၁၉၉၁ ခုနှစ်တွင် ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း (CRC) တွင် အဖွဲ့ဝင်နိုင်ငံဖြစ်လာပြီး၊ နိုင်ငံတကာကတိကဝတ်များကို အကျိုးသက်ရောက်စေသည့် ၁၉၉၃ ခုနှစ် ကလေးသူငယ်ဥပဒေကိုလည်းကောင်း၊ ၂၀၀၁ ခုနှစ် ကလေးသူငယ်ဥပဒေဆိုင်ရာ နည်းဥပဒေကိုလည်းကောင်း ပြဌာန်းခဲ့ပါသည်။ သို့ရာတွင် ကလေးသူငယ်ဥပဒေတွင် ကလေးသူငယ်ကို အကန့်အသတ်ဖြင့်သာ အဓိပ္ပါယ်ဖွင့်ဆိုထားခြင်း (၁၈ နှစ်အောက်အစား၊ ၁၆ နှစ်အောက်ပုဂ္ဂိုလ်ဟု သတ်မှတ်ထားပါသည်။)၊[38] ရာဇဝတ်မှုအတွက် တာဝန်ယူနိုင်သည့် အနိမ့်ဆုံးအသက်ငယ်နေခြင်း(တရားစီရင်ရေးတွင် အသက် ၁၂ နှစ်အထိကို အခြေခံထားသော်လည်း၊ ၇ နှစ်ဟု သတ်မှတ်ထားပါသည်။)၊[39] လက်ထပ်နိုင်သည့် တရားဝင်အနိမ့်ဆုံး အသက်ကို မသတ်မှတ်ထားခြင်း၊ ကလေးသူငယ်များအား ရိုက်နှက်အပြစ်ပေးခြင်းအတွက် ရှင်းလင်းသော ပြဌာန်းချက်များ မပါရှိခြင်း[40]တို့ကို တွေ့ရှိရပါသည်။ ထို့အပြင် `CRC သည် မြန်မာနိုင်ငံ၏ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဌာန်းချက်တခုအနေဖြင့် မပါရှိသည့်အတွက်၊ တရားရုံးများက CRC ဆိုင်ရာ ပြဌာန်းချက်များကို လက်ရှိ နိုင်ငံအဆင့် ဥပဒေ၊ နည်းဥပဒေများဖြင့် လွှမ်းမိုးဆုံးဖြတ်နိုင်ပါသည်။ [41]

---

[36] Gender Equlity Network, Myanmar Laws and CEDAW: The Case for Anti-violence Against Women Laws (January 2013), p -1

[37] ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်၊ မြန်မာနိုင်ငံအဆင့်အမျိုးသမီးရေးရာကော်မတီဥက္ကဌ၊ အမျိုးသမီးများတိုးတက်စေရေး အတွက် နိုင်ငံအဆင့် မဟာဗျူဟာစီမံချက် (၂၀၁၃-၂၀၂၂) နိဒါန်း၊ စာမျက်နှာ ၁။

[38] ကလေးသူငယ်ဥပဒေ (ဥပဒေအမှတ် ၉/၉၃) ၁၉၉၃ ခုနှစ် ဇူလိုင်လ ၁၄ ရက်၊ အပိုဒ် ၂(က)။

[39] ကလေးသူငယ်ဥပဒေ (ဥပဒေအမှတ် ၉/၉၃) ၁၉၉၃ ခုနှစ် ဇူလိုင်လ ၁၄ ရက်၊ အပိုဒ် ၂၈။

[40] အမျိုးသားစီမံကိန်းနှင့်စီးပွါးရေးဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနနှင့် UNICEF, မြန်မာနိုင်ငံရှိ ကလေးသူငယ်များ၏ အခြေ အနေကို ဆန်းစစ်ခြင်း (ဇူလိုင် ၂၀၁၄ ခုနှစ်) စာမျက်နှာ -၄။

[41] အထက်ရည်ညွှန်းပါအတိုင်း။

ကျား/မတန်းတူညီမျှမှုကို တိုးတက်စေရန် ရည်မှန်းထားသော အားထုတ်မှုများနှင့်အလားတူပင်၊ ကလေးသူငယ် အခွင့်အရေးဆိုင်ရာ အမျိုးသားကော်မတီကလည်း အခြားသော အစပျိုးလုပ်ငန်းများနှင့်အတူ မြန်မာနိုင်ငံ၏ CRC ဆိုင်ရာ ကတိကဝတ်များ၊ ထောင်စုနှစ် ရည်မှန်းချက်များကို အထောက်အကူပြုရန် ကလေးသူငယ်များအတွက် နိုင်ငံအဆင့် လုပ်ငန်းစီမံချက် (၂၀၁၆-၂၀၁၅)[42] ကို ဆောင်ရွက်ရန် ကတိကဝတ်ပြုထားပါသည်။ သို့ရာတွင် အမျိုးသား စီမံကိန်းနှင့် စီးပွါးရေးဖွံ့ဖြိုးတိုးတက် ရေးဝန်ကြီးဌာနနှင့် UNICEF (၂၀၁၂ ခုနှစ်) တွေ့ရှိချက်အရ" နိုင်ငံအဆင့်လုပ်ငန်းစီမံချက်တွင် တိုးတက်မှုများကို စစ်ဆေးရန် နှင့် စီမံချက်၏ရည်ရွယ်ချက်များကို မည်သည့်အခြေအနေ ရောက်ရှိနေပြီဖြစ်ကြောင်းတိုင်းတာရန် လိုအပ်ချက်များကို လိုအပ်သောအရင်းအမြစ်များကို ချမှတ်ပေးထားခြင်းမရှိကြောင်း"[43] တွေ့ရှိထားပါသည်။

## (ဂ-၁) လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခြင်း

သုတေသနအဖွဲ့က သွားရောက်လေ့လာခဲ့သည့် ဒေသအများစုတွင် အမျိုးသမီးများနှင့် မိန်းကလေးငယ်များသို့ ကျူးလွန်သော လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု (၁၉)ခုကို ကြားသိခဲ့ရပါသည်။ သုတေသန နေရာတစ်ခုတွင် အမှုအရေအတွက် မြင့်မားမှု (၁၉ မှုအနက် ၅ မှု) ရှိပြီး၊ စုစုပေါင်း ကလေးသူငယ် (၅)ဦးမှာ သားကောင်များ ဖြစ်ခဲ့ကြောင်းနှင့် ထိုနေရာတွင် တက်ကြွသော ကလေးသူငယ်ကာကွယ်ပေးရေး အဖွဲ့အစည်းများ မရှိကြောင်း တွေ့ရှိရပါသည်။ ကလေးသူငယ်ကာကွယ်ပေးရေးအဖွဲ့ဝင်တစ်ဦးက ထိုဖြစ်ရပ်များမှာ ဖိအားများပြားသော နေထိုင်မှုအခြေ အနေများကြောင့် ဖြစ်ရကြောင်းနှင့် ထိုဧရိယာတွင် လူမှုစီးပွါးရေးနောက်ခံနိမ့်ပါးပြီး၊ ပညာမတတ်သော အလုပ် သမားများ ထူထပ်စွာ နေထိုင်ကြကြောင်း ရှင်းပြခဲ့ပါသည်။

သုတေသနအဖွဲ့က သတိထားမိသော ဖြစ်ရပ်များအနက် များပြားသည့်အမှုများ (၁၉ မှုအနက် ၁၅မှု) တွင် အသက် ၆ နှစ်မှ ၁၅နှစ်၊ ၁၆နှစ် အကြား (ဆယ်တန်းကျောင်းသူများ) မိန်းကလေးငယ်များက သားကောင်များ ဖြစ်ခဲ့ကြပါသည်။ ဤအမှုများတွင် ပြစ်မှုကျူးလွန်သူများမှာ အကြမ်းဖက်ခံရသူများ၊ မိသားစုများနှင့် သိကျွမ်းသူ များဖြစ်ပြီး၊ ပထွေးများ၊ ဆရာများ၊ မိသားစု၏ အလုပ်ရှင်များ၊ ခဲအိုများ၊ အလုပ်ရှင်၊ အိမ်နီးချင်းနှင့် သွားဆရာဝန် တို့ ပါဝင်ကြကြောင်း တွေ့ရှိရပါသည်။

အကြမ်းဖက်ခံရသူ အမျိုးသမီးငယ်များ ပါဝင်သည့် အမှုအများစု (၁၅ မှုအနက် ၉ မှု) ကို အာဏာပိုင်များသို့ တိုင်ကြားခဲ့ရာ အများအားဖြင့် (ကလေးသူငယ်ကာကွယ်ပေးရေးအဖွဲ့များ၊ နိုင်ငံရေးပါတီများ၊ ဘာသာရေးအဖွဲ့ အစည်းများ၊အိမ်နီးချင်းများစသည့်) တတိယအဖွဲ့/ပုဂ္ဂိုလ်များ၏ အကူအညီဖြင့် ဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါသည်။ အချို့သော ဖြစ်ရပ်များတွင် ရဲတပ်ဖွဲ့သို့ တိုင်ကြားလိုက်သောအခါ ရဲတပ်ဖွဲ့ဝင်များက တက်ကြွစွာ ကူညီပေးခြင်း မရှိကြောင်း ရှုမြင်ကြပါသည်။ သို့ဖြစ်ရာ တရားဝင်တိုင်ကြားမှုများပြုလုပ်ရာတွင် တတိယအဖွဲ့/ပုဂ္ဂိုလ်များ၏ အကူ အညီလိုအပ်နေပါသည်။ (ဥပမာကို Box - ၉ တွင်ကြည့်ပါ။)။ ထိုကဲ့သို့ ရဲတပ်ဖွဲ့အပိုင်းတွင် ထိရောက်မှု မရှိခြင်းကြောင့် လူ့အသိုက်အဝန်းအတွင်းရှိ ထိခိုက်လွယ်သူများကို ကာကွယ်ပေးရာတွင် အားနည်း၍ ပံ့ပိုးမှု နည်းပါး ကြောင်း ရှုမြင်ကြပါသည်။

[42] လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် ကလေးသူငယ်အခွင့်အရေး များဆိုင်ရာ အမျိုးသားကော်မတီ၊ ကလေးသူငယ်များအတွက် နိုင်ငံအဆင့် လုပ်ငန်းစီမံချက် (၂၀၀၆-၂၀၁၅)၊ (၂၀၀၆ ခုနှစ်၊ ဇန်နဝါရီလ)စာမျက်နှာ -၃။

[43] အမျိုးသားစီမံကိန်းနှင့်စီးပွါးရေးဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနနှင့် UNICEF, မြန်မာနိုင်ငံရှိ ကလေးသူငယ်များ၏ အခြေအနေကို ဆန်းစစ်ခြင်း (ဇူလိုင်လ၊ ၂၀၁၄ ခုနှစ်) စာမျက်နှာ -၄။

Box – (၉)

လွန်ခဲ့သောနှစ်က အိမ်သို့ နောက်ကျမှပြန်လာသော ၁၄ နှစ်အရွယ်ကျောင်းသူတစ်ဦးကို သူမ၏ အိမ်အပြန်လမ်းတွင် ၂၃ နှစ်အရွယ် အိမ်ထောင်ရှိအမျိုးသားတစ်ဦးက တည်းခိုခန်းတစ်ခုသို့ အတင်းအကျပ်ခေါ်ဆောင်သွားပြီး၊ လိင်ပိုင်းဆိုင်ရာ စော်ကားခဲ့ပါသည်။

ထိုဖြစ်ရပ်ကို ရဲတပ်ဖွဲ့သို့ တိုင်ကြားသောအခါ၊ ရဲအရာရှိများက မုဒိမ်းမှုတွင် မပါဝင်ကြောင်း ဆုံးဖြတ်ခဲ့ကြပါသည်။ တင်ပြထားသော သက်သေခံပစ္စည်း (အမျိုးသမီးငယ်၏ အဝတ်အစား) ကိုလည်း မိဘများသို့ ပြန်ပေးခဲ့ပြီး၊ ကျူးလွန်သူအား အာမခံဖြင့် ပြန်လွှတ်ပေးခဲ့ပါသည်။

မိန်းကလေးငယ်၏ မိဘများအနေဖြင့် ကျူးလွန်သူကို စစ်ဘက်ဆိုင်ရာအရာရှိများက အကူအညီပေးသည့်အတွက် ပြန်လည် လွတ်မြောက်ခြင်းဖြစ်နိုင်ကြောင်း သံသယရှိခဲ့သည့်အတွက်၊ သူတို့က ၈၈ မျိုးဆက်ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်းထံ ချဉ်းကပ်၍ အကူအညီတောင်းခံခဲ့ပါသည်။ ထိုအဖွဲ့အစည်းဝင်များက အမှုကို ရှေ့နေတစ်ဦးထံ အပ်နှံခဲ့ပြီး၊ ထိုရှေ့နေက မြို့နယ်တရားရုံးသို့ စတင်လျှောက်ထားခဲ့ရာ ကျူးလွန်သူကို အာမခံ မပေးဘဲ ဖမ်းဆီးထိန်းသိမ်းခဲ့ပါသည်။

၈၈ မျိုးဆက်ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်းက အမျိုးသမီးငယ်နှင့် မိသားစုကို ဆက်လက် ကူညီပေးခဲ့ပါသည်။ သို့ရာတွင် မိန်းကလေးငယ်တက်ရောက်နေသော ကျောင်းမှ ကျောင်းအုပ်ကြီးက ယခုဖြစ်ရပ်သည် ကျောင်း၏ ဂုဏ်သတင်း ထိခိုက်မည်ကို စိုးရိမ်သည့်အတွက် သူမအား အခြားကျောင်းသို့ ပြောင်းရန် ပြောခဲ့ပါသည်။ မိန်းကလေးငယ်နှင့် သူမ၏ မိသားစုတို့သည် အခြားမြို့နယ်သို့ ပြောင်းရွှေ့သွားခဲ့ပါသည်။

သုတေသနအဖွဲ့သည် (အရွယ်ရောက်သူ) အမျိုးသမီးများကို ကျူးလွန်သည့် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု (၄)မှုကို လေ့လာခဲ့ရပါသည်။ ပြစ်မှုကျူးလွန်သူများတွင် လူစိမ်းတစ်ဦး၊ အလုပ်အတူလုပ်နေသော လုပ်သားတစ်ဦး၊ အလုပ်ရှင်တစ်ဦးနှင့် စစ်သားတစ်ဦးတို့ ပါဝင်ပါသည်။ စစ်သားတစ်ဦးပါဝင်နေသော အမှုသည် မွန်ပြည်နယ်ရှိ တုန့်ပြန်ဖြေဆိုသူများစွာတို့က ညွှန်းဆိုကြသော နာမည်ကြီးအမှုတစ်ခုဖြစ်ပါသည်။ သုတေသနလုပ်ငန်း ဆောင်ရွက်နေစဉ်အတွင်းတွင် စစ်ခုံရုံးက ထိုအမှုကျူးလွန်သူတရားခံကို ထောင်ဒဏ် (၈) နှစ်ချမှတ်ကြောင်း ဆုံးဖြတ်ချက်ချခဲ့ပါသည်။ ရာဘာစိုက်ခင်းတွင် အလုပ်အတူလုပ်သူတစ်ဦးက အမျိုးသမီးတစ်ဦးအားအဓမ္မပြုကျင့်၍ သတ်လိုက်သော အမှုတွင် ပြစ်မှုကျူးလွန်သူသည် ထောင်ဒဏ် (၁၀)နှစ် ချမှတ်ခြင်းခံရပါသည်။ နားလည်မှုပိုမိုနည်းပါးသည်ဟု ရှုမြင်ခံရသော အမျိုးသမီးတစ်ဦးနှင့် သူမ၏ အလုပ်ရှင်တို့ ပါဝင်နေသော ဖြစ်ရပ်တွင်မူ၊ ကျူးလွန်ခံရသော အမျိုးသမီးက ကလေးတစ်ယောက် မွေးဖွါးခဲ့ပြီး၊ ကျူးလွန်ခဲ့သည့် သူမ၏ အလုပ်ရှင်သည် သူ၏ လုပ်ရပ်များကို ဖုံးကွယ်ရန်အတွက် အစိုးရအရာရှိများကို ငွေကြေးအမြောက်အမြားပေးခဲ့ကြောင်း စွပ်စွဲပြောဆိုမှုများ ရှိခဲ့ပါသည်။

မြေပုံရေးဆွဲသည့် လုပ်ငန်းစဉ်အတွင်းတွင် ယောကျ်ားလေးတစ်ဦးက သားကောင်အဖြစ် ပါဝင်နေသော လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုတစ်ခုကို လေ့လာခဲ့ရပါသည်။ ဤထူးခြားသော အမှုနှင့် ပတ်သက်၍ ပါဝင်ဖြေဆိုသူများက မိန်းကလေးငယ်များသည် ယောကျ်ားလေးငယ်များထက်လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခံရရန် နှစ်ဆပိုမိုဖြစ်နိုင်ကြောင်း သူတို့၏ အမြင်ကို ဖော်ပြခဲ့ကြပါသည်။

Box- (၁၀)

၂၀၁၃ ခုနှစ် အောက်တိုဘာလအတွင်းတွင်၊ ကျူးလွန်ခံရသည့် ယောက်ျားလေးနှင့် သိကျွမ်းပြီး၊ ရာဘာစိုက်ခင်းနှင့် မဝေးသည့်နေရာတွင် နေထိုင်သော အမျိုးသားတစ်ဦးသည် တစ်နေ့တွင် ထိုကလေးငယ်အား ပါးစပ်ဖြင့် လိင်ကိစ္စ ဆောင်ရွက်ရန် အတင်းအကျပ်ခိုင်းခဲ့ကြောင်း တွေ့ခဲ့ရပါသည်။ ၉ နှစ်အရွယ်ရှိသည့် ထိုကလေးငယ်သည် ရာဘာ စိုက်ခင်းထဲတွင် ထိုကိစ္စလုပ်ပေးနေရချိန်၌ ငိုကြွေးနေခဲ့ပါသည်။

ထိုအမျိုးသားကို ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ကျေးရွာအထောက်ကူပြုအုပ်စု (CSG) တို့ ပါဝင်၍ ဖမ်းဆီးခဲ့ပါသည်။ ပြစ်မှုကျူးလွန်သူ တရားရုံးတွင် စွဲဆိုခဲ့ပါသည်။ ထိုအမှုသည် ပုံမှန်အမှုများထက် များစွာကြာညောင်းခဲ့ပါသည်။ အဘယ်ကြောင့်ဆိုသော် ပြစ်မှုကျူးလွန်သူအား ဖမ်းဆီးရာတွင် ပါဝင်ခဲ့သူများ၏ သက်သေထွက်ချက်များ၊ ထိုအမှုကို သိကြသူများ၏ သက်သေထွက်ချက်များ လိုအပ်နေသောကြောင့်ဖြစ်ပါသည်။ ဒေသခံများအနေဖြင့် ကောင်းမွန်သော ရလာဒ်တစ်ခုထွက်လာစေရန် မျှော်လင့်နေကြပါသည်။

သို့ရာတွင် ပြစ်မှုကျူးလွန်သူ အဖမ်းခံရသောအချိန်က သူ၏ မိသားစုက ကျူးလွန်ခံရသည့် ယောက်ျားလေး၏ မိသားစုသို့ ငွေကျပ် ၆၀၀၀၀၀ ပေး၍ တရားစွဲဆိုခြင်းမပြုရန် တောင်းပန်ခဲ့ပါသည်။ ကလေးငယ်၏ မိဘများကထိုကမ်းလှမ်းချက်ကို လက်ခံလိုသော်လည်း၊ ထိုကဲ့သို့သော ဖြစ်ရပ်များအနာဂတ်ကာလတွင် မဖြစ်ပေါ်စေလိုသည့် အတွက် CSG အုပ်စုက ငြင်းဆိုခဲ့ပြီး၊ ထိုကဲ့သို့သော အပြုအမူမျိုးကို ဆန့်ကျင်ကြောင်း ပြင်းထန်စွာ တုန့်ပြန်ခဲ့ကြပါသည်။ ကျူးလွန်သူ၏ မိဘများက ရဲတပ်ဖွဲ့နှင့် တရားရုံးတို့ကို လာဘ်ထိုးရန် ကြိုးစားမည်ကို ဒေသခံများက စိုးရိမ်နေကြပါသည်။ ယခုအခါ ကလေးငယ်သည် သူ၏ အဒေါ်၊ အဖိုး၊ အဖွါးတို့နှင့် နေထိုင်နေပြီး၊ သူတို့ကလည်း ဤပြဿနာကို တရားရုံးတွင်ဖြေရှင်းမည်ဟု သဘောတူထားပါသည်။ ကလေးငယ်၏ မိဘများအနေဖြင့် အဝေးတွင်နေထိုင်ကြပြီး၊ တရားရုံးသို့ လာရသည့်အတွက် ကမ်းလှမ်းထားသော ငွေကြေးကို လက်ခံကောင်းလက်ခံနိုင်ပါသည်။

လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများကို တရားဝင်တရားရေးစနစ်သို့ မတိုင်ကြားသည့် ကိစ္စရပ်များတွင်၊ ထိုအမှုများကို တစ်ခါတစ်ရံ အုပ်ချုပ်ရေးမှူးများ၏ ကြားဝင်ဖြန်ဖြေပေးမှုနှင့် လျော်ကြေးပေးခြင်းတို့ဖြင့် ရပ်ကွက် သို့မဟုတ် ကျေးရွာအဆင့်တွင် ဖြေရှင်းတတ်ကြပါသည်။ ထိုကဲ့သို့သော အမှု ၁၀ မှုတွင် ၉ မှုကို စေ့စပ်ကြေအေးသည့် နည်းလမ်းများဖြင့် သာဖြေရှင်းလေ့ရှိကြောင်း၊ တရားရေးစနစ်ကို အသုံးပြုရာတွင် ဆက်စပ်နေသည့် တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်ကုန်ကျစရိတ်များရှိနေသောကြောင့်ဖြစ်ကြောင်း ဒေသတစ်ခုရှိ အမျိုးသမီးခေါင်းဆောင် တစ်ဦးက ရှင်းပြခဲ့ပါသည်။ အခြားသောဖြစ်ရပ်များတွင်မူ `ရှက်ကြောက်ကြသည့်အတွက် ဒေသတွင်းရှိ အုပ်ချုပ်ရေးမှူး သို့မဟုတ် မည်သည့်နေရာကိုမှ တိုင်ကြားကြခြင်းမရှိကြောင်း´ နောက်ထပ်အမျိုးသမီး ခေါင်း ဆောင် တစ်ဦးက ပြောကြားခဲ့ပါသည်။

အရပ်ဖက်လူမှုအဖွဲ့အစည်း actor တစ်ဦးက ထိုကဲ့သို့သော ပြဿနာများတွင် ဆင်းရဲသူများက အချိုးမညီစွာ ဆိုးကျိုး ခံစားကြရကြောင်း သူ၏ ထင်မြင်ချက်ကို ပြောကြားခဲ့ပါသည်။

> ငွေမရှိတဲ့ ဆင်းရဲသားတွေက သူတို့ကို မမျှမတ ဆက်ဆံနေကြတာကို သိကြတယ်။ သူတို့မှာ အသိပညာလဲ မရှိဘူး၊ ပညာလဲမတတ်ဘူးဆိုတော့ သူတို့ကိုယ်သူတို့ ဖော်ပြနိုင်စွမ်းမရှိကြဘူး။ ဥပမာဆိုရင် လိင်ပိုင်း အနိုင်ကျင့်ခံရတဲ့ ယောက်ျားလေးအမှုမှာ ကျွန်တော်တို့က ကလေးမိသားစုကို တရားရုံးမှာ ဦးတိုက် လျှောက်ထားဖို့ အကြံပေးတယ်။ ဒါပေမဲ့ ကလေးက ဘယ်လိုကျမ်းကျိန်ထွက်ဆိုရမယ်ဆိုတာ မသိဘူး။ ဒီကလေးကို တရားရုံးမှာ ထွက်ဆိုချက်ပေးခိုင်းဖို့ ဘယ်လိုမှ မဖြစ်နိုင်ဘူး။ မိသားစုကလည်း ဆင်းရဲတော့ ကုန်ကျစရိတ်တွေ မတတ်နိုင်ဘူး။ အခုမှ ကလေးက ၅ နှစ် ၆ နှစ်ပဲ ရှိသေးတာ။ သူ့အနာဂတ်က

ဘယ်လိုဖြစ်လာမလဲ မသိနိုင်ဘူး။ ကလေးရဲ့ သိက္ခာအတွက် မသင့်တော်ဘူး။ ဒီလိုမျိုး အမှုတွေ အများကြီးလဲ တရားရုံးမရောက်ဘဲနဲ့ ပျောက်သွားကြတယ်။

ကျား/မတန်းတူညီမျှမှုနှင့် ပတ်သက်သည့် လုပ်ငန်းများကို ဆောင်ရွက်နေသည့် အချို့သော အရပ်ဖက်လူမှုအဖွဲ့အစည်း ပုဂ္ဂိုလ် များက `ကျူးလွန်သူ´ ဟူသော စကားလုံးကို အထူးဂရုပြုသုံးစွဲရခြင်းအပါအဝင် အပါအဝင် သူတို့ လုပ်ဆောင်ချက်များနှင့် ပတ်သက်နေသည့် ထူးခြားသော စိန်ခေါ်မှုများကို ရှင်းပြခဲ့ပါသည်။

ဥပမာ လူတစ်ယောက်က ဖြားယောင်းသွေးဆောင်ပြီးတော့ လိင်ကိစ္စကျူးလွန်တယ်လို့ အတိုင်ခံရတဲ့ အမှုတွေမှာဆိုရင် အဲဒီလူကလည်း အပြစ်ရှိတယ်လို့ ဝန်ခံပြီးပြီ၊ ဒါပေမဲ့ သူတို့ကို `ကျူးလွန်သူ´ ဆိုတဲ့ စကားလုံးနဲ့ တံဆိပ်တပ်မခံချင်ကြဘူး။

အခြားသူများကလည်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခံရသူများကို ပြုမူဆက်ဆံသော ဥပဒေဆိုင်ရာ ဦးတည်ချက်များကို ဝေဖန်ခဲ့ပါသည်။ ယင်းသို့ ဆက်ဆံခြင်းကြောင့် ကျူးလွန်ခံရသူများနှင့် အခြားသူများက ထိုသို့သော ဖြစ်ရပ်များအတွက် တိုင်ကြားလိုစိတ်ကို အားလျော့စေပါသည်။

(မုဒိမ်းမှုဟာ) ပြစ်မှုကြီးတစ်ခုဖြစ်တဲ့အတွက် ဒီအမှုအကြောင်း သိတဲ့လူက ရဲကို တိုင်ရမယ်၊ ဒါမှမဟုတ်ရင် ရာဇဝတ်မှု ထိန်ချန်မှုနဲ့ အရေးယူခံရနိုင်တယ်။ ဥပဒေအရဆိုရင် ဆရာဝန်ကလဲ အမှုတိုင်းကို သတင်းပေးဖို့ တာဝန်ရှိတယ်။ ရဲက အမှုအကြောင်းသိတာနဲ့ အကြမ်းဖက်ခံရသူကို ဆေးစစ်ဖို့အတွက် ဆေးရုံကို ပို့ပေးရမယ်။ ဒါပေမဲ့ ဒီမှာက အမျိုးသမီးဆရာဝန်တွေမရှိဘူး။ သူတို့ကလည်း အမျိုးသားဆရာဝန်ကို ငြင်းဆိုခွင့်မရှိဘူးလေ။ ဆေးရုံမှာတော့ အကြမ်းဖက်ခံရသူတွေရဲ့ ကိုယ်ရေးကိုယ်တာတွေ၊ လျှို့ဝှက်ချက်တွေကို ကာကွယ်ပေးရမဲ့အစား၊ ဥပဒေလုပ်ထုံးလုပ်နည်းတွေကိုပဲ ဦးတည်ပြီးလုပ်တယ်။ ဒီတော့ လူတွေက တိုင်ဖို့ အားလျော့ကုန်ကြတယ်။

အထက်တွင် အစီရင်ခံခဲ့သော တွေ့ရှိချက်များသည် စာရင်းအင်းပညာအရ သိသာထင်ရှားမှု ရှိသည်ဟုမဆိုနိုင်ပါ။ ထို့ပြင့် မြန်မာနိုင်ငံရှိ အမျိုးသမီးများနှင့် ကလေးများအပေါ် ကျူးလွန်သော လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု ပုံစံများကို ဖော်ပြနိုင်ရန် မလုံလောက်ပါ။ သို့ရာတွင် အမျိုးသမီးများနှင့် ကလေးများ ရင်ဆိုင်နေရသည့် ပုဂ္ဂိုလ်ရေး မလုံခြုံမှုများကိုဖော်ညွှန်းနိုင်ပြီး၊ ကျန်းမာရေး၊ တရားစီရင်ရေးနှင့် အခြားအထောက်အကူပြု ဝန်ဆောင်မှုများ အတွက် အခြေပြု အချက်အလက်များရရှိနိုင်မည့် မူဝါဒဆိုင်ရာသုတေသနလုပ်ငန်းများလုပ်ရန်လိုအပ်ကြောင်း ပြဆိုသောခိုင်မာသော အထောက်အထားတရပ်ဖြစ်ပါသည်။ တွေ့ရှိချက်များအရ ကလေးသူငယ်ကာကွယ်ပေးရေး အဖွဲ့များနှင့် နိုင်ငံရေးပါတီများကဲ့သို့သော တတိယအဖွဲ့/ ပုဂ္ဂိုလ်များသည် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခံရသူများ နှင့် ၎င်းတို့၏ မိသားစုများအား အကူအညီပေးရာ တွင်နှင့် တရားရေးစနစ်များသို့ တိုင်ကြားခြင်းကို ပံ့ပိုးပေးရာတွင် ပိုမိုအရေးပါသော အခန်းကဏ္ဍများဖြင့် ပါဝင်လာကြပါသည်။ ယင်းတို့အနက် အချို့မှာ နိုင်ငံရေးပတ်ဝန်းကျင် အပြောင်းအလဲများကြောင့်ဖြစ်ပြီး၊ တစ်ဦးချင်းနှင့် အစုအဖွဲ့များသည် အထူးသဖြင့် ကလေးများ ထိခိုက်ခံရသော အခါမျိုးတွင် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက် မှုများအကြောင်းကို ထုတ်ပြောနိုင်စွမ်းရှိလာကြပါသည်။

## (၈-၂) အိမ်တွင်း အကြမ်းဖက်မှုများ

သုတေသနဆောင်ရွက်ခဲ့သည့် မြို့နယ် (၈) မြို့နယ်လုံးနှင့် (၂၄) ရပ်ကွက်/ကျေးရွာတို့တွင် အိမ်တွင်း အကြမ်းဖက်မှုဖြစ်ရပ်များရှိကြောင်း ကြားသိခဲ့ရပါသည်။ ဒေသခံများက ဤပြဿနာကို ဥပဒေအရ အကာအကွယ်ပေးရမည့် ပြဿနာအဖြစ် မှတ်ယူခြင်းမရှိသော်လည်း၊ သုတေသနတွင် ပူးပေါင်းပါဝင်ခဲ့ကြသည့် အမျိုးသမီးများနှင့် အမျိုးသားများနှစ်ဦးလုံးက ဇနီးကို ခင်ပွန်းကရိုက်ခြင်းကို ယဉ်ကျေးမှုအရ သည်းခံနိုင်ပြီး၊ အလွန်အဖြစ်များသော အလေ့အထ (ဖြစ်ရိုးဖြစ်စဉ်နှင့် ရိုးနေပြီဖြစ်ကြောင်း) ဖြစ်ကြောင်းပြောကြားခဲ့ကြပါသည်။ ထိုသို့သော ရုပ်ပိုင်းဆိုင်ရာ ရှုထောင့်များအပြင်၊ အိမ်တွင်းအကြမ်းဖက်မှုဆိုသည်မှာ နှုတ်အားဖြင့်လည်းကောင်း

စိတ်လိုက်မာန်ပါ ပြုမူဆောင်ရွက်ခြင်းများလည်းပါဝင်သည်ဟုနားလည်ကြသည်။ ထိုကဲ့သို့ ဖြစ်ရိုးဖြစ်စဉ်ကိစ္စရပ်များသည် လူတစ်ဦးချင်း၏ ကျန်းမာရေးနှင့် လုံခြုံမှုတို့ကို မည်သည့် အတိုင်းအတာအထိ ပြင်းထန်စွာ အမြဲတစေ ချိုးဖေါက်နေကြောင်းကို ရှင်းပြရန် မေးမြန်းခဲ့သောအခါ တုန့်ပြန်ဖြေဆို သူများက အကြောင်းပြချက်များစွာကို ပေးခဲ့ကြပါသည်။ ယင်းတို့တွင် ယောကျာ်းများသည် အိမ်ထောင်စု၏ ခေါင်းဆောင်ဖြစ်သည်၊ ယောကျာ်းများသည် မိသားစုတွင် အဓိကဝင်ငွေရှာဖွေပေးသူများဖြစ်ပြီး၊ အိမ်ထောင်စု၏ အသုံးစရိတ်များကို ထိန်းချုပ်ရသည်၊ ယောကျာ်းများသည်မိသားစု၏ ပတ်ဝန်းကျင်ကို လွှမ်းမိုးခွင့်ရှိသည်၊ မိန်းမအများစုတို့သည် မိသားစုအတွက် ဝင်ငွေမရှာနိုင်ကြပါ၊ မိန်းမအများစုတို့သည် စာမတတ်ကြပါ စသည်တို့ ပါဝင်ပါသည်။ သူမ၏ လက်မောင်းတွင် ဒဏ်ရာဒဏ်ချက်များရှိနေသော မွတ်ဆလင်အမျိုးသမီးတစ်ဦးက ကလေးများရှိခြင်းကြောင့် မိသားစုမပြိုကွဲလိုကြောင်း ပြောဆိုခဲ့ပြီး၊ သူမ၏ ခံစားချက်များကို အောက်ပါအတိုင်း ဖော်ပြခဲ့ပါသည်။

> ကျွန်မ ယောကျာ်းကို တစ်ခုခု လုပ်ပစ်လိုက်ချင်တယ်။ ဒါပေမဲ့ ကျွန်မလုပ်လို့မရဘူး၊ဒါကြောင့် ကိုယ်ကိုကိုယ် ဓါးနဲ့ လှီးလိုက်တယ်။ ကျွန်မအဖြစ်အပျက်ကို အာဏာပိုင်တွေကို ဘယ်လို တိုင်ရမှာလဲ။ သူက ကျွေးတာကိုပဲ ကျွန်မ စားနေရတယ်။ သူပေးတာကိုပဲ ယူနေရတယ်။ သူရိုက်ရင်လဲ ကျွန်မ လက်ခံရမှာဘဲ။

အိမ်တွင်းအကြမ်းဖက်မှုအများစုတို့မှာ အရက်ကြောင့်ဖြစ်ကြောင်း ကျေးရွာခေါင်းဆောင်တစ်ဦးက မှတ်ချက်ပြုခဲ့ပြီး၊ ထိုသို့သော `ဖြစ်ရိုးဖြစ်စဉ်´ သဘာဝကို အောက်ပါအတိုင်း ဝေဖန်ခဲ့ပါသည်။

> ဒီမှာ အိမ်တွင်း အကြမ်းဖက်မှုတွေ အများကြီးရှိတယ်။ ယောကျာ်းတွေက အရက်မူးလာရင် များသောအားဖြင့် သူတို့ မိန်းမတွေကို ရိုက်တတ်ကြတယ်။ ညတုန်းကဆိုရင် စုံတွဲ (၃)တွဲကို ဖြန်ဖြေပေးနေရတယ်။ သူတို့တွေက စီးပွါးရေးနောက်ခံတောင့်တင်းကြတယ်။ ဒါပေမဲ့ ဒီကိစ္စက သူတို့ အကျင့်လိုဖြစ်နေတယ်။ ယောကျာ်းတွေ အချုပ်ကျသွားရင်လဲ မိန်းမတွေက လိုက်သွားပြီး၊ အာမခံနဲ့ ပြန်ထုတ်လာကြတယ်။ ကျွန်တော်က ဒီပြဿနာတွေကို ဘယ်လိုဖြေရှင်းပေးနိုင်မှာလဲ။

အချို့သော ဒေသများတွင် သုတေသနပူးပေါင်းပါဝင်သူများက အရက်မူး၍ ရမ်းကားခြင်းသည် စီးပွါးရေး အခြေအနေကြပ်တည်းမှုနှင့် အလုပ်ကြမ်း လုပ်ရခြင်းများကြောင့် ပိုဆိုးစေကြောင်း ၄င်းတို့၏ ထင်မြင်ချက်ကို ပြောကြားခဲ့ကြပါသည်။

> ဒီမှာလဲ အိမ်တွင်း အကြမ်းဖက်မှုတွေ အများကြီးရှိတယ်။ လူမှုစီးပွါးရေးအခြေအနေက မကောင်းတော့ အရက်သောက်တာတွေ ပိုများလာတယ်။

အချို့သော တုန့်ပြန်ဖြေဆိုသူများက အိမ်တွင် အကြမ်းဖက်မှုခံရသော အမျိုးသမီးများသည် ပုံမှန်အားဖြင့် ယင်းဖြစ်ရပ်များကို အခြားသူများသို့ ထုတ်ဖော်ပြောခြင်းမရှိကြကြောင်း၊ သို့ရာတွင် မြန်မာအမျိုးသမီး ရေးရာ အဖွဲ့ချုပ် တည်ထောင်ပြီးနောက်ပိုင်းတွင် ယင်းအဖွဲ့ဝင်များသို့ အမှုများ စတင်တိုင်ကြားလာပြီး၊ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများနှင့် ပူးပေါင်းဖြေရှင်းကြရကြောင်း ပြောကြားခဲ့ကြပါသည်။ အိမ်တွင်း အကြမ်းဖက်မှုများသည် ရပ်ကွက် သို့မဟုတ် ကျေးရွာအာဏာပိုင်များထံသို့ ရောက်ရှိလာပါက၊ အုပ်ချုပ်ရေးမှူးများက ပုံမှန်အားဖြင့် ကြားဝင်ဖြန်ဖြေပေးလေ့ရှိပြီး၊ နောက်ပိုင်းတွင် ထပ်မဖြစ်ရန် သတိပေးတတ်ကြပါသည်။ အုပ်ချုပ်ရေးမှူးထံသို့ နှစ်ကြိမ် သုံးကြိမ်ရောက်လာပါက၊ အပြစ်လုပ်သူက နောင်တွင် သူ/သူမ၏ လုပ်ရပ်များကို ထပ်မလုပ်တော့ပါကြောင်း ခံဝန်ကတိလက်မှတ်ထိုးရပါသည်။ အိမ်တွင်း အကြမ်းဖက်မှုများကို တစ်ခါတစ်ရံတွင် ရဲစခန်းသို့ တိုင်ကြားတတ်ကြပါသည်။ သို့ရာတွင် တရားရုံးတွင် ဖြေရှင်းရသည့် အမှုမှာ ရှားပါးပါသည်။ ဒေသခံ အုပ်ချုပ်ရေးမှူးတစ်ဦးက ဥပဒေအဖွဲ့အစည်းများသို့ လွှဲပြောင်းပေးအပ်ခဲ့သည့် အမှုများအပါအဝင် ထိုအိမ်တွင်း အကြမ်းဖက်မှုများအား တွေ့ကြုံဖြေရှင်းရပုံကို အောက်ပါအတိုင်း မျှဝေခဲ့ပါသည်။

လူတိုင်းက ကျွန်တော်ဆီ ရောက်လာပြီး၊ သူတို့ ကိစ္စအားလုံးကို လာတိုင်ကြတယ်။ အဲဒီထဲမှာ အိမ်တွင်း အကြမ်းဖက်မှုတွေလည်း ပါတယ်။ (သူတို့ ယောကျ်ားတွေ နှိပ်စက်တာကို ခံရတဲ့) အမျိုးသမီးတွေက ကျွန်တော် စေ့စပ်ဖြန်ဖြေပေးတာကို မကျေနပ်ကြဘူးဆိုရင်၊ သူတို့ကို အကြံပေးနိုင်တဲ့သူ (ဥပဒေအဖွဲ့ အစည်းတစ်ခုခု) ဆီကို သွားဖို့ ချိတ်ပေးလိုက်တယ်။ အိမ်တွင်းအကြမ်းဖက်မှုတွေနဲ့ ပတ်သက်လို့ကတော့ ခဏခဏဖြစ်လာမယ်ဆိုရင် အပြစ်လုပ်တဲ့လူကို ခံဝန်ထိုးခိုင်းလိုက်တယ်။ သူတို့ ဆက်လုပ်လို့ ပြဿနာ ထပ်တက်မယ်ဆိုရင် ဒဏ်ရိုက်တယ်၊ အကျယ်ချုပ်[44]နဲ့ ထားလိုက်တယ်။ ဒါပေမဲ့ ဒီမှာ တရားရုံးကို ပို့ရတဲ့ အမှုတွေတော့ မရှိသေးဘူး။

ဒေသတွင်းတွင် သူနာပြုဆရာမတစ်ဦးဖြစ်သည့် သုတေသနပူးပေါင်းပါဝင်သူတစ်ဦးက အမျိုးသမီးများအနေဖြင့် အိမ်တွင်း အကြမ်းဖက် မှုများကို တုန့်ပြန်ရန်အတွက် အကူအညီတောင်းခံရာတွင် ရင်ဆိုင်ရသည့် စိန်ခေါ်မှုများကို အောက်ပါအတိုင်း အသေးစိတ်ပြောကြားခဲ့ပါသည်။

ဒီဒေသမှာ အိမ်တွင်းအကြမ်းဖက်မှုတွေက အလွန်များတယ်။ အမျိုးသမီးတွေက ထိခိုက်ဒဏ်ရာရလာရင် ဆေးကုဖို့ အကူအညီ မရှာကြဘူး။ သူတို့က ရဲစခန်းကိုလည်း မသွားကြဘူး။ ရဲတွေကလည်း ထုံးစံအတိုင်း ဂရုမစိုက်ကြဘဲ၊ လင်နဲ့မယား ရန်ဖြစ်တာပဲလို့ ပြောကြတယ်။ ဒီတော့ အမျိုးသမီးတွေက အမျိုးသမီး ရေးရာအဖွဲ့ချုပ်ကို သွားကြတယ်။ ကျွန်မက (ဒီအဖွဲ့မှာ) တစ်ယောက်တည်းဆိုတော့ တစ်ခါ တစ်လေ ကိစ္စတွေအားလုံးကို ကိုယ်ဘာသာကိုယ် ကိုင်တွယ်လို့ မရဘူး။ အမျိုးသမီးတွေက ထက်အဆင့်တွေ ကိုလည်း သွားတိုင်သင့်တယ်။ ဒါပေမဲ့ သူတို့ ဘယ်လိုသွားရမလဲ မသိကြဘူး။ တစ်ဖက်မှာကျတော့လည်း၊ သူတို့က အဲဒီအထိ မသွားရဲကြဘူး။ သူတို့ပြောတာက ဒီဖြစ်ရပ်တွေကို ရွာက အုပ်ချုပ်ရေးမှူးကို တိုင်ထားပြီးပြီ၊ သူတို့ (စုံတွဲ)ကို ခေါ်ပြီးမေးလိမ့်မယ်၊ ဒါဘဲပြောတယ်။ ပြီးတော့ ဘာမှ ပြောင်းလဲမှုမရှိဘူး။

ဒေသခံ အမျိုးသမီးရေးရာအဖွဲ့ဝင်တစ်ဦးကလည်း အနှိပ်စက်ခံရသည့် အမျိုးသမီးများအား ထိရောက်သော အကူ အညီပေးနိုင်စွမ်းမရှိသည့်အတွက် နုတ်ထွက်ရန် စဉ်းစားနေကြောင်း ဖော်ပြခဲ့ပါသည်။

အိမ်တွင်းအကြမ်းဖက်မှုနဲ့ ပတ်သက်လို့ နှိပ်စက်ခံရတဲ့ အမျိုးသမီးတွေ ကျွန်မတို့ဆီရောက်လာရင်၊ ကျွန်မ တို့မှာလည်း ဘာလုပ်ပိုင်ခွင့်မှ မရှိဘူး၊ ရဲနဲ့ တရားရုံးကို တိုင်စာရေးဖို့ရယ်၊ ဒီအမှုကို ဘယ်လိုတိုင်ရမယ် ဆိုတာ လမ်းညွှန်ပေးတာရယ် ဒါတွေပဲ ကူညီပေးနိုင်တယ်။ ကျွန်မတို့က ထိထိရောက်ရောက် မလုပ် ပေးနိုင်ဘူး။ ကျွန်မတို့မှာ လုပ်ပိုင်ခွင့်လည်း မရှိ၊ ဥပဒေအသိလည်း မရှိတော့ ဖြန်ဖြေပေးပြီး၊ ယောကျ်ား ဖြစ်သူကို ခံဝန်ထိုးခိုင်းတာပဲ လုပ်ပေးနိုင်တယ်။

အချို့သော ဒေသများတွင် အထူးသဖြင့် သူတို့၏ အိမ်များအနီးတွင် ရဲကင်းများရှိသောအခါမျိုးတွင် လည်း ကောင်း၊ အနှိပ်စက်ခံရသူများသည် အခြားဒေသမှ ရွှေ့ပြောင်းဝင်ရောက်လာသူများဖြစ်၍ ဒေသခံ အုပ်ချုပ် ရေးမှူးများနှင့်မသိကျွမ်းသော အချိန်မျိုးတွင်လည်းကောင်း၊ အနှိပ်စက်ခံရသည့် အမျိုးသမီးက ရဲစခန်းသို့ တိုက်ရိုက် ချဉ်းကပ်၍ အကူအညီတောင်းတတ်ကြပါသည်။ သုတေသနအဖွဲ့က လေ့လာခဲ့ရသည့် ဖြစ်ရပ် တစ်ခု တွင် အရက်မူးနေသော ယောကျ်ားက သူ၏ ဇနီးအား ရိုက်နှက်၍ လည်ပင်းညှစ်သောအခါ အမျိုးသမီး က သူတို့ အိမ်အနီးရှိ ရဲကင်းသို့ သွားရောက်တိုင်ကြားခဲ့ပါသည်။ ရဲအရာရှိက ထိုယောကျ်ားအား ထိုလုပ်ရပ်မျိုး နောက်ထပ် မလုပ်ရန် သတိပေးခဲ့ပါသည်။

အမျိုးသမီးများက စီးပွါးရေးအရ ပိုမိုလွတ်လပ်ပြီး၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများတွင် အဖွဲ့ဝင်များဖြစ်နေပါက၊ သူတို့တွင် ထိရောက်သော ထုတ်ဖော်ပြောဆိုနိုင်စွမ်းရှိပြီး၊ နှိပ်စက်သည့် အစောပိုင်းအဆင့်များတွင်ပင် ရှင်းလင်း

[44] `ကျယ်ချုပ်´ဆိုသည်မှာ ထိပ်တုံးခတ်ခြင်း သို့မဟုတ် သွားလာမှုကို ကန့်သတ်သော အမိန့်ထုတ်ခြင်းကို ရည်ညွှန်းပါသည်။

စွာ ကိုင်တွယ်ဖြေရှင်းနိုင်စွမ်း ပိုမိုရှိလာကြကြောင်း လေ့လာတွေ့ရှိရပါသည်။ အမျိုးသမီးရေးရာအဖွဲ့ဝင် အမျိုးသမီး တစ်ဦး က သူမ၏ ကိုင်ပိုင်အတွေ့အကြုံကို အောက်ပါအတိုင်းဖော်ပြခဲ့ပါသည်။

> ကျွန်မယောကျ်ားက အရက်မူးလာတော့ အရင်ကအကြောင်းတွေပြောပြီး၊ ကျွန်မကို ဒေါသထွက်အောင်၊ အရှက်ရအောင်လုပ်တယ်။ အဲဒါနဲ့ ကျွန်မလည်း ရဲစခန်းကို တိုင်ပြီး၊ သူ့ကို အချုပ်ထဲ ထည့်ထားလိုက်တယ်။ ကျွန်မ အာမခံ မပေးမချင်း သူ့ကို မလွှတ်ပေးပါနဲ့လို့ ရဲအရာရှိကိုလည်း ပြောထားတယ်။ သူ့ကို ရဲစခန်းမှာ တစ်ည ထိန်းသိမ်းထားလိုက်တယ်။ ဒါပေမဲ့ သူ့ အလုပ်ရှင်က သွားပြီး၊ အာမခံနဲ့ ထုတ်ပေးလိုက်တယ်။ (ကျွန်မယောကျ်ားက) နောက်ထပ် ဒါမျိုးထပ်မလုပ်တော့ဘူး။

လုပ်ပိုင်ခွင့်ပိုရှိသော အချို့အမျိုးသမီးများသည်လည်း သူတို့၏ ယောကျ်ားများအား စော်ကားခြင်းအတွက် တာဝန်ရှိကြပါသည်။ ဥပမာတစ်ခုတွင် မိသားစုတွင် အဓိကဝင်ငွေရှာနေသည့် အမျိုးသမီးတစ်ဦးက ဈေးတွင် ငါးရောင်းပြီး ပြန်လာသော သူမ၏ ပစ္စည်းများကို ကူညီသယ်ပေးခြင်းမရှိသည့်အတွက် သူမ၏ ယောကျ်ားကို သားခုတ်ဓါးဖြင့် တိုက်ခိုက်ရန် ကြိုးစားခဲ့ပါသည်။

ယေဘုယျအားဖြင့် စုံတွဲတစ်တွဲသည် အိမ်တွင်းအကြမ်းဖက်မှုများကြောင့် ကွာရှင်းကြခြင်း အလွန်ရှားပါးပါသည်။ ထိခိုက်ခံရသူသည် သေလုမျောပါးနှင့် အသက်အန္တရာယ်ထိခိုက်နိုင်သည့် သဘာဝအထိ နှိပ်စက်ခံရလျှင်ပင် ကွာရှင်းရန် မကြိုးစားကြပါ။ (ဥပမာကို Box - ၁၁ တွင်ကြည့်ပါ။)သုတေသနတွင် ပူးပေါင်းပါဝင်သူများက စုံတွဲများ သည် ရန်ဖြစ်ကြပြီးနောက်ပိုင်း ပြန်လည်သင့်မြတ်ညီညွတ်သွားကြကြောင်း ရှင်းပြကြပါသည်။ ဒေသခံ အမျိုးသမီး ရေးရာအဖွဲ့ဝင်တစ်ဦးက အောက်ပါအတိုင်း အသေးစိတ်ပြောကြားခဲ့ပါသည်။

> အမျိုးသမီးရေးရာအဖွဲ့ချုပ် စတင်တည်ထောင်တဲ့ အချိန်ကစပြီး၊ ကျွန်မတို့ဆီကို အိမ်တွင်း အကြမ်းဖက်မှုနဲ့ ပတ်သက်တဲ့ အမှုတွေ အများကြီးရောက်လာတယ်။ အခုအချိန်မှာ တိုင်တဲ့ အမှုတွေ နည်းနည်းလျော့ သွားတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မတို့မှာ (သူတို့ပြဿနာကို) ထိုင်ပြီး နားထောင်ပေးဖို့ အချိန်မရှိဘူး။ ဒီတော့ သူတို့က ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးဆီ သွားကြတယ်။ အုပ်ချုပ်ရေးမှူးက စုံတွဲ ကို သူ့ရုံးကို ခေါ်ပြီး၊ သူတို့ပြဿနာကို ပြောခိုင်းပြီး ပြန်စဉ်းစားခိုင်းတယ်၊ သူတို့ရဲ့ ဆုံးဖြတ်ချက်တွေကို (ကွာရှင်းဖို့ကို) ထပ်ပြီးပြန်စဉ်းစားဖို့ပြောတယ်။ ပြီးတော့ သူတို့ကို တစ်ပတ်ကြာရင်ပြန်လာခဲ့လို့ ပြောလိုက်တယ်။ အများစု က ပြန်သင့်မြတ်သွားကြပြီး၊ အတူတူပြန်သွားကြတာဘဲ။ဘာဖြစ်လို့လဲဆိုတော့ သူတို့က လင်မယားတွေ လေ။ နှိပ်စက်တာတွေက ယောကျ်ားဖြစ်သူ အရက်မူးလာတဲ့ အခါမှသာ ဖြစ်တတ်ကြတယ်။

**Box -၁၁**

ဒေသတစ်ခုတွင် အမျိုးသားတစ်ဦးသည် သူ့ဇနီး၏ ခြေထောက်နှင့် လက်များကို ကြိုးဖြင့် တုပ်ကာ သူမ၏ ပါးစပ် ကို ဆို့ထားပြီး၊ အဝတ်အစားမပါသော ခန္ဓာကိုယ်ပေါ်သို့ ရေနွေးပူဖြင့် လောင်းချခဲ့ပါသည်။

အိမ်နီးချင်းများက ဤဖြစ်ရပ်ကို အမျိုးသမီးရေးရာအဖွဲ့ချုပ်သို့ တိုင်ကြားခဲ့ရာ၊ ထိုအမျိုးသားကို ဖမ်းရန်အတွက် အမျိုးသမီးများအားလုံး ထိုအိမ်သို့ လိုက်သွားခဲ့ကြပါသည်။ ထိုအမျိုးသားသည် ကပ်ကြေးတစ်ချောင်းကို အနားတွင်ချထားပြီး၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များက သူ့အား ဝင်ရောက်ဖမ်းချုပ်ရန် ကြိုးစားသောအခါ အဖွဲ့ဝင် တစ်ဦးကို ကတ်ကြေးဖြင့် ထိုး၍ ဒဏ်ရာရစေခဲ့ပါသည်။

အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့သည် ထိုသူ၏ အမျိုးသမီးကို မြင်တွေ့ရသည့် အတွက် ရှက်ကြောက်ခဲ့ရပါသည်။ အမျိုးသမီးရေးရာအဖွဲ့ဝင်တစ်ဦးက သူမအား ကြိုးဖြည်ပေးပြီး၊ အဝတ်အစား များ ဝတ်ဆင်ပေးခဲ့ရပါသည်။

ဖနီးသည်က ထိုယောကျ်ားကို ကွာရှင်းလိုသည့်အတွက် ရပ်ကွက်အုပ်ချုပ်ရေးမှူးကို တိုင်ကြားခဲ့ပါသည်။ သူမ၏ယောကျ်ားကလည်း ကွာရှင်းရန် သဘောတူညီခဲ့ပြီး၊ သူမနှင့် ဂေးရာတွင် နေထိုင်ရန်လည်း ကတိပြုခဲ့ပါသည်။ အမျိုးသမီးသည်လည်း စိတ်ကျေနပ်စွာ ကွာရှင်းခဲ့ပြီး၊ နောက်ထပ်တိုင်ကြားမှုလည်း မရှိတော့ပါ။ သို့ရာတွင် နောက်တစ်လခန့်ကြာသောအခါ ထိုအမျိုးသမီးနှင့် သူမ၏ ယောကျ်ားတို့ ပြန်ပေါင်းနေကြသည်ကို တွေ့ရပါသည်။

ဖြစ်ရပ်တစ်ခုတွင်မူ၊ မွတ်ဆလင်ဇနီးမောင်နံတို့ ကွာရှင်းကြသည့်အခါ ဘာသာရေးခေါင်းဆောင်များနှင့် တရားရုံးတို့ နှစ်ခုလုံး ပါဝင်ခဲ့ရကြောင်း သုတေသနအဖွဲ့က လေ့လာတွေ့ရှိခဲ့ပါသည်။ (Box - ၁၆ တွင်ကြည့်ပါ။) ဒေသခံအမျိုးသမီးရေးရာအဖွဲ့ဝင်တစ်ဦးက အောက်ပါအတိုင်းရှင်းပြခဲ့ပါသည်။

> လက်ထပ်ထားတာကို အမှန်တကယ်ထိန်းချုပ်ညှိနှိုင်းလို့ မရနိုင်တော့ဘူးဆိုမှ ဘာသာရေးအာဏာပိုင်တွေက ကွာရှင်းတာကို ခွင့်ပြုကြတာ။ သူတို့ဆီ ပထမအကြိမ်ရောက်လာတဲ့ ဇနီးမောင်နံတွေကိုလည်း ကွာရှင်းခွင့် မပေးဘူး။ ခဏစောင့်ကြည့်ပြီး၊ ပြဿနာကို ဘယ်လိုမှ ဖြေရှင်းလို့ မရတော့ဘူးဆိုမှ ကွာရှင်းဖို့ ခွင့်ပြုကြ တယ်။ အချို့လူတွေဆိုရင် ဘာသာရေးအာဏာပိုင်တွေက စောင့်ခိုင်းသလောက် အကြာကြီး မစောင့်ချင် ကြတော့၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးဆီကို သွားကြတယ်။

ယခင်အပိုင်းငယ်တွင် တွေ့ရှိချက်များကဲ့သို့ပင်၊ ဤအပိုင်းငယ်တွင် တင်ပြထားသော တွေ့ရှိချက်များသည်လည်း မြန်မာနိုင်ငံရှိ အိမ်တွင်း အကြမ်းဖက်မှုဖြစ်ရပ်များကို ကိန်းဂဏန်းပမာဏပြ၍ ကိုယ်စားပြုနိုင်ခြင်းမရှိပါ။ သို့ရာတွင် ဤတွေ့ရှိချက်များအရ ဤဖြစ်ရပ်များက အထူးသဖြင့် ဒေသန္တရစံနှုန်းများက ခွင့်ပြုထားသောကြောင့် ပိုမိုကျယ်ပြန့်စွာ ဖြစ်ပွါးလာနိုင်ကြောင်းသိရပါသည်။ ထို့အပြင်တွေ့ရှိချက်များကစာရင်းအင်းပညာအရ ကိုယ်စားပြုနိုင်မှုအတိုင်းအတာ သုတေသနနယ်ပယ်နှင့် ပုံစံများ သတ်မှတ်နိုင်စေရန်ရည်ရွယ်သော သုတေသနလုပ်ငန်းများ လုပ်ရန်လိုအပ်ကြောင်းဖော်ပြနေပါသည်။ ထိုသုတေသနလုပ်ငန်းများက အဆိုပါပြဿနာများကို ဘက်ပေါင်းစုံချဉ်းကပ်မှုဖြင့် ဖြေရှင်းရန်အတွက် အခြေပြုအချက်အလက်များ၊ မူဝါဒများ နှင့် အစီအစဉ်များကို သတ်မှတ်ဖော်ထုတ်ရာတွင် အရေးကြီးလာပါမည်။

## (၈-၃) လူကုန်ကူးခြင်း

သုတေသနအဖွဲ့သည် လေ့လာခဲ့သည့် နေရာ (၄)နေရာတွင် လူကုန်ကူးခြင်းနှင့်ပတ်သက်သည့် ဖြစ်ရပ်(၁၀) ခုကို လေ့လာခဲ့ရပါသည်။ သုတေသနတွင် ပူးပေါင်းပါဝင်သူများ၏ အမြင်များနှင့် ၎င်းတို့ မျှဝေခဲ့သည့် တစ်ဦးချင်း အတွေ့အကြုံများအနက် အချို့ကို အစီရင်ခံခြင်းထက်ပို၍၊ မြေပုံရေးဆွဲခြင်းလုပ်ငန်းမှ တွေ့ရှိချက်များကို အခြေခံ၍ မြန်မာနိုင်ငံရှိ လူကုန်ကူးမှုနှင့်ပတ်သက်သည့် အလားအလာများနှင့် ပုံစံများကို ကျယ်ပြန့်စွာ သိရှိနိုင်ရန် မဖြစ်နိုင် ပါ။ သို့ရာတွင် လူကုန်ကူးခြင်းသည် အစုအပြုံလိုက်ရွှေ့ပြောင်းခြင်း (နိုင်ငံတွင်းနှင့် နယ်စပ်ဖြတ်ကျော်ရွှေ့ပြောင်းခြင်း နှစ်ခုလုံးပါဝင်ပါသည်) အကြောင်းအရာအောက်တွင် ဖြစ်ပွါးနေပြီး၊ လူကုန်ကူးခြင်းနှင့် ရွှေ့ပြောင်းခြင်းတို့အကြား ချိတ်ဆက်မှုများမှာ ရှုပ်ထွေးလှကြောင်း သိထားရမည်ဖြစ်သည်။[45] မြန်မာနိုင်ငံအစိုးရနှင့် ကုလသမဂ္ဂအဖွဲ့အစည်းများ (ရွှေ့ပြောင်းနေထိုင်သူများအတွက် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်း - IOM, လူကုန်ကူးမှု ဖြေရှင်းရေးအတွက် ကုလသမဂ္ဂအဖွဲ့အစည်းများ ပါဝင်သော စီမံကိန်း - UNIAP ) နှင့် အခြား အလှူရှင်များ၏ ပူးပေါင်းအားထုတ်မှုများကြောင့် သက်ဆိုင်ရာ ဥပဒေများပြဌာန်းခြင်းအပါအဝင်၊ လူကုန်ကူးမှု အလားအလာ

[45] UNIAP Myanmar, The Trafficking Situation in Myanmar (http://www.no-trafficking.org.myanmar.html) နှင့် IOM, Myanmar (http://www.iom.int/cms/en/sites/iom/home/where-we-work.asia-and-the-pacific/myanmar.html တို့တွင် ကြည့်ပါ။

နှင့် ပုံစံများကို ဆန်းစစ်လေ့လာခြင်းဖြင့် အရေးကြီးသော လုပ်ငန်းများကို ဆောင်ရွက်နိုင်ခဲ့ပါသည်။[46] လူကုန်ကူးမှု တိုက်ဖျက်ရေးဆိုင်ရာ ဒုတိယ (၅) နှစ်စီမံကိန်း (၂၀၁၂-၂၀၁၆) တွင်လည်း လာမည့်ကာလတွင် ဤပြဿနာ[47]နှင့်ပတ်သက်၍ `တက်ကြွလှုပ်ရှားစွာ´[48] ဆောင်ရွက်နိုင်ရေးတွက် နယ်ပယ် (၅) ခုဖြစ်သည့် မူဂါဒချမှတ်ခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ ကြိုတင်ကာကွယ်ခြင်း၊ တရားစွဲခြင်း၊ ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် စွမ်းဆောင်ရည် တည်ဆောက်ခြင်းတို့ကို ဦးတည်လျှက် အခြားသော အားထုတ်မှုများကို အသေးစိတ် ဖော်ပြထား ပါသည်။

သုတေသနအဖွဲ့က လေ့လာခဲ့သည့် အမှုအများစုမှာ မွန်ပြည်နယ်မှဖြစ်ပြီး၊ သုတေသနတွင် ပူးပေါင်းပါဝင်သူ တစ်ဦးက လူကုန်ကူးမှုဖြစ်စဉ် မည်သို့ စတင်ခဲ့ကြောင်းနှင့် တွေ့ရှိရသည့် လူကုန်ကူးမှုပုံစံအပြောင်းအလဲများကို ရှင်းပြခဲ့ပါသည်။

> ၁၉၈၈ ခုနှစ်မှာ နိုင်ငံရေးအခြေအနေတွေကြောင့် လူ တော်တော်များများ ထွက်သွားဖို့ တွန်းအားပေး ခံရတယ်။ တစ်ခြားဖက် (ထိုင်းနိုင်ငံ) မှာရောက်နေတဲ့ လူတွေကလည်း သူတို့ဆီလာခဲ့ဖို့ ခေါ်ကြတယ်။ အဲဒီကနေ လူကုန်ကူးတာ စတာဘဲ။ အခုတော့ နောက်ပုံစံတစ်မျိုးနဲ့ ဖြစ်နေပြန်ပြီ။ အိမ်နီးချင်းတွေနဲ့ ဆွေမျိုးတွေက လူတွေကို ပို့ပေးနေတယ်။ သူတို့ကိုယ်တိုင် လူကုန်ကူးမိနေတယ်ဆိုတာတောင် မသိကြဘူး။ ဒါက လူစိမ်းတွေကြားမှာ ဖြစ်နေတာမဟုတ်ဘူး။ လူတွေကိုယ်တိုင်ကလည်း သူတို့ လူကုန်ကူးမိနေမှန်း မသိကြဘူး။ သူတို့ တွေးကြတာက ဒီလူတွေက ငါတို့အမျိုးတွေဖြစ်တယ်။ ဒီလူတွေ အလုပ်လုပ်ဖို့အတွက် သူတို့ကို ခေါ်ခွင့်ရှိတယ်လို့ ထင်နေကြတယ်။ ဒါက နိုင်ငံရေးပြောင်းလဲတာနဲ့ လိုက်ပြီးဖြစ်နေတာ။

လူကုန်ကူးခံရသူအများစုတို့မှာ ပညာမတတ်ဘဲ ဝင်ငွေနည်းပါးခြင်းကြောင့် လစာပိုများသော မည်သည့်နေရာ တွင်မဆို သွားရောက် အလုပ်လုပ်လိုကြသူများနှင့် လက်ရှိအခြေအနေများမှ လွတ်မြောက်ထွက်ပြေးလိုကြသူများ ဖြစ်ကြောင်း တုန့်ပြန်ဖြေဆိုသူအချို့က ရှင်းပြခဲ့ပါသည်။ ဒေသခံအမျိုးသမီးရေးရာအဖွဲ့ဝင်တစ်ဦးကလည်း လူကုန်ကူးခြင်းခံရသူအများစုမှာ အမျိုးသမီးများဖြစ်နေသည်ကို တွေ့ရှိရကြောင်းနှင့် ထိုအမျိုးသမီးနှင့် မိန်းကလေး များသည် ချမ်းသာလိုစိတ်ရှိပြီး၊ ဇိမ်ကျသော သက်တောင့်သက်သာဘဝတွင် နေထိုင်လိုကြသည့်အတွက် လူကုန် ကူးခံရခြင်းဖြစ်ကြောင်း သူမ၏ အမြင်ကို ဖော်ပြခဲ့ပါသည်။

လူကုန်ကူးခံရသူ၏ မိသားစုများက ဤပြဿနာကို သူတို့ကိုယ်တိုင်ဖြေရှင်းနိုင်စွမ်းရှိသည်ဟု ထင်ကြသောအခါမျိုး တွင် လူကုန်ကူးမှုများကို တရားဝင် တရားရေးအဖွဲ့အစည်းများသို့ တိုင်ကြားကြခြင်း မရှိကြပါ။ ဖြစ်ရပ်တစ်ခုတွင် သူမ၏ သားကို သတိရနေသော မိခင်တစ်ဦးက သူမ၏ ကလေး (၃) ဦးကို ထိုင်းနိုင်ငံဘက်သို့ အလုပ်လုပ်ရန် စီစဉ်ပေးသော ပွဲစားကို ရဲတပ်ဖွဲ့တွင် သို့တိုင်ကြားမည်ဖြစ်ကြောင်း ခြိမ်းခြောက်ခဲ့ပါသည်။ ထို့နောက်တွင် ဒေသခံ အုပ်ချုပ်ရေးမှူး၏ ဆွေးနွေးညှိနှိုင်းပေးမှုဖြင့် သူမ၏ သားကို မြန်မာနိုင်ငံသို့ ပြန်ပို့ပေးရန် ဆောင်ရွက်နိုင်ခဲ့ပါသည်။ အခြားဖြစ်ရပ်တစ်ခုတွင် ၁၅ နှစ်အရွယ်မိန်းကလေးတစ်ဦး၏ မိဘများနှင့် ကလေးသူငယ်ကာကွယ်ပေးရေးအဖွဲ့ဝင် တစ်ဦးတို့က ထိုမိန်းကလေးပုန်းအောင်းနေသော နေရာကို ထုတ်ဖော်ပြောစေရန်အတွက် အမျိုးသမီးတစ်ဦးကို နားလည်သဘောပေါက်အောင်ပြောပြနိုင်ခဲ့ပါသည်။ ထိုအမျိုးသမီးသည် မိန်းကလေးငယ်ကို သူမလက်ထပ်ထား သော ချစ်သူသွားရောက်ခဲ့သည့် လမ်းကြောင်းအတိုင်း မြဝတီမြို့သို့ လိုက်သွားနိုင်ရန် စီစဉ်ပေးခဲ့သူ ဖြစ်ပါသည်။

အခြားသော ကိစ္စရပ်များတွင်မူ သုတေသနပူးပေါင်းပါဝင်သူများက ဥပဒေအရတိုင်ကြားရာတွင် ဆက်စပ်ကုန်ကျ စရိတ်များနှင့် ပြည်သူ့ရဲများအပေါ် ယုံကြည်မှုကင်းမဲ့နေခြင်းတို့ကို ဝေဖန်ခဲ့ပါသည်။ ဥပမာတစ်ခုမှာ လွန်ခဲ့သော နှစ်က ထိုင်းနိုင်ငံရှိ ငါးဖမ်းသင်္ဘောတစ်စီးတွင် အလုပ်လုပ်ရန်အိမ်နီးချင်းတစ်ဦး၏ သွေးဆောင် ဖြားယောင်းမှု

---

[46]ပြည်ထဲရေးဝန်ကြီးဌာန၊ လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ ဒုတိယ (၅)နှစ်စီမံကိန်း (၂၀၁၂-၂၀၁၆)၊ စာ- ၃-၄။

[47]အထက်ပါညွှန်းစာ။ စာမျက်နှာ - ၈-၂၆။

[48]အထက်ပါညွှန်းစာ။ စာမျက်နှာ - ၂၆။

ခံခဲ့ရသော ၁၆ နှစ်အရွယ်လူငယ်တစ်ဦး၏ အမှုဖြစ်ပါသည်။ လူငယ်၏ မိခင်သည် ကျခံရမည့် ကုန်ကျစရိတ်များကြောင့်လည်းကောင်း၊ အိမ်နီးချင်းနှင့် တင်းမာမှုများ မဖန်တီးလိုသောကြောင့်လည်းကောင်း ဥပဒေကြောင်းအရ တိုင်ကြားခြင်းမပြုလုပ်ရန် ဆုံးဖြတ်ခဲ့ပါသည်။ နောက်ထပ်ဥပမာတစ်ခုမှာ ပြည်သူ့ရဲများက ရာဇဝတ်မှုစွဲချက်ကို (လူကုန်ကူးသည့် ပုဒ်မမှ ညစ်ညမ်းစာပေပုဒ်မသို့) တမင်သက်သက် ပြောင်းလဲခဲ့ခြင်း ဖြစ်ပါ သည်။ အဘယ်ကြောင့်ဆိုသော် စုံစမ်းစစ်ဆေးမှုများဆောင်ရွက်ရာတွင် မိမိတို့ဘာသာ ကျခံကြရမည့် ပုဂ္ဂိုလ်ရေး ကုန်ကျစရိတ်များကို အကုန်အကျမခံလိုသောကြောင့်ဖြစ်ပါသည်။

လွန်ခဲ့သောနှစ်က လူကုန်ကူးခံရသည့် လူငယ်တစ်ဦးက တရားရေးစနစ်ပေါ်တွင် အယုံအကြည်မရှိကြောင်းကို သူ၏ အတွေ့အကြုံဖြင့် ဖော်ပြခဲ့ပါသည်။

> ကျွန်တော်က အလုပ်မျိုးစုံလုပ်တယ်။ ဒီမှာ ကျွန်တော်က ဘယ်သူနဲ့မှ အဆင်ပြေပြေမနေနိုင်တော့၊ မနှစ်က မလေးရှားကို အလုပ်လုပ်ဖို့ ထွက်သွားခဲ့တယ်။ အဲဒီတုန်းက ကျွန်တော် ၁၈ နှစ်ပဲရှိသေးတယ်။ မလေးရှားမှာ ကျွန်တော်ပန်းရံလုပ်တာ တစ်နေ့ကို မလေးရှားရင်းဂစ် (၄၅)ရတယ်။ ဒါပေမဲ့ အလုပ်ရှင်က လုပ်အားခကို ဘယ်တော့မှ ပုံမှန်မရှင်းပေးဘူး။ ကျွန်တော် ဟိုမှာ ယုံကြည်ရတဲ့ သူငယ်ချင်းတစ်ယောက်က သစ္စာဖေါက်တာ ခံလိုက်ရတယ်။ တစ်နေ့ သူက သူ့ဦးလေးရဲ့ သင်္ဘောမှာ အလုပ်လုပ်ပေးဖို့ မိတ်ဆက်ပေးခဲ့တယ်။ ကျွန်တော့်ကို ငါးဖမ်းသင်္ဘောပေါ်မှာ ထားခဲ့ပြီး၊ ပိုက်ဆံလည်း မရခဲ့ဘူး။ အလုပ်သမားတစ်ယောက် နေမကောင်းလို့ အလုပ်မလုပ်နိုင်တော့ရင် သူ့ကို ပင်လယ်ထဲပစ်ချလိုက်တာဘဲ။ အလုပ်သမားတစ်ယောက်က လစာတောင်းရင် သူ့ကို ပစ်သတ်ပြီး၊ ပင်လယ်ထဲ ပစ်ချတယ်။ ကံကောင်းချင်တော့ ကျွန်တော့် အလုပ်ရှင်သေသွားလို့ ကျွန်တော်လဲ ထွက်ပြေးလာနိုင်ခဲ့တယ်။ ကျွန်တော့်မှာ ပိုက်ဆံလည်း မရှိဘူး၊ ရုပ်အင်္ကျီတစ်ထည်ပဲ ရှိတယ်။ ကျွန်တော်က အဲဒီအင်္ကျီကို ရောင်းပြီး ခရီးစရိတ်လုပ်ဖို့ ရည်ရွယ်ထားတာ၊ မလေးရှားက လူမိုက်တွေက အဲဒီအင်္ကျီကို ခိုးသွားတယ်။ ကျွန်တော် မြန်မာတစ်ချို့နဲ့တွေ့ပြီး၊ အိမ်ပြန်နိုင်ဖို့ တစ်ယောက်နဲ့ တစ်ယောက် အပြန်အလှန်ကူညီခဲ့ရတယ်။ ကျွန်တော်ပြန်ရောက်လာတော့ ကျွန်တော့်အတွေ့အကြုံကို မတိုင်တော့ဘူး။ ဘာဖြစ်လို့လဲဆိုတော့ မြန်မာနိုင်ငံရဲ့ တရားရေးစနစ် အခြေအနေကို ကျွန်တော်သိထားတယ်လေ။ အဲဒီလိုတိုင်လိုက်လို့လဲ ကျွန်တော့်ဘဝမှာ ဘာမှထူးခြား ပြောင်းလဲသွားမှာမဟုတ်ဘူးလို့ ကျွန်တော်ထင်တယ်။

## (ဂ-၄) လိင်လုပ်ငန်း

မြေပုံရေးဆွဲသည့်လုပ်ငန်းစဉ်အတွင်းတွင် သုတေသနအဖွဲ့သည် လိင်လုပ်သားများနှင့် ပတ်သက်သည့် အမြင်များကိုလည်း ကြားခဲ့ရပါသည်။ ဒေသတစ်ခုတွင် အရပ်ဖက်လူမှုအဖွဲ့အစည်း ပုဂ္ဂိုလ်တစ်ဦးက စီးပွါးဖြစ်လုပ်ကိုင်သော လိင်လုပ်သား (၂)မျိုးရှိကြောင်း ရှင်းပြခဲ့ပါသည်။

> ပထမအမျိုးအစားက ပြည့်တန်ဆာအိမ်တွေမှာ လုပ်ကြပြီး၊ ရဲတွေက တိုက်ရိုက်အမြတ်ထုတ်တာကို မတွေ့ရဘူး။ ရဲတွေက ပြည့်တန်ဆာခေါင်း ဒါမှမဟုတ် မိန်းမထိန်းဆီက ငွေတောင်းကြတယ်။ တစ်ခါတစ်လေမှာ လိင်လုပ်သားတွေက အခမဲ့ ဂန်ဆောင်မှုပေးရသေးတယ်။ ဒုတိယအမျိုးအစားက လမ်းတွေပေါ်မှာ သီးခြားလွတ်လွတ်လပ်လပ် လုပ်တယ်။ ရဲတွေအမှုလိုရင် လိင်လုပ်သားတွေအဖမ်းခံရပြီး၊ တရားစွဲခံရတယ်။ သူတို့ကို အမှောင်ရိပ်နေရာတွေမှာ တွေ့ရတဲ့အတွက် တစ်ခါတစ်လေမှာ ရဲတွေက ဖမ်းဟန်ဆောင်တတ်ကြတယ်။ ရည်ရွယ်ချက်ကတော့ လိင်ကိစ္စဖျော်ဖြေခိုင်းဖို့ဘဲ။ တစ်ချို့လိင်လုပ်သား တွေက ၁၄ နှစ်လောက်ကတည်းက စခဲ့ကြတာ။ အများဆုံးတွေ့ရတာတော့ ၁၆ နှစ်ကြားနဲ့ ၁၈ နှစ်ကြား အရွယ်တွေများတယ်။ ၁၄ နှစ်နဲ့ ၁၈ နှစ်ကြားဆိုရင် ပြည့်တန်ဆာအိမ်တွေမှာ လုပ်ကြတာများတယ်။ ၁၈ နှစ် ကျော်သွားရင်တော့ သူတို့ကို အသက်ကြီးပြီလို့ သတ်မှတ်ကြတော့ ကာရာအိုကေဆိုင်တွေ၊ အနှိပ်ခန်း တွေဆီလှည့်ပြီး

အလုပ်လုပ်ကြတယ်။ တစ်ချို့အတွက်တော့ ဒီနေရာက ကြားခံနေရာဘဲ။ ဒီနေရာမှာ ခဏနေမယ်။ အခြေအနေကောင်းရင်ဆက်နေမယ်။ သူတို့က ငွေပိုရှာဖို့အတွက် ထိုင်းနိုင်ငံကို သွားချင်ကြ တယ်။

အခြားသော တုန့်ပြန်ဖြေဆိုသူများက လိင်လုပ်သားများသည် ဒေသခံပြည်သူများ၏ ပုံရိပ်ကို ပျက်ပြားစေကြောင်း နှင့် ၎င်းတို့ရှိနေခြင်းကြောင့် ခိုက်ရန်ဖြစ်မှု များပြားပြီး ဒေသတွင်း မလုံခြုံမှုကို ဦးတည်စေကြောင်း သူတို့၏ ထင်မြင်ချက်များကို ဖော်ပြခဲ့ကြပါသည်။ သုတေသနတွင် ပူးပေါင်းပါဝင်သူတစ်ဦးက အောက်ပါအတိုင်း အသေး စိတ်ပြောကြားခဲ့ပါသည်။

သူတို့က တစ်လမ်းတည်းမှာ သီးခြားနေကြတာဆိုတော့ ဒီဧရိယာမှာ နေတဲ့လူတွေရဲ့ ဂုဏ်သိက္ခာ အတွက် တော့ ကောင်းတယ်။ ဆိုလိုတာက သူတို့က ပုံမှန်လူတွေနဲ့ ဝေးရာမှာနေကြတာ။ ကျွန်တော် တွေးမိတာ တော့ ဘယ်သူမှ ဒီအလုပ်မျိုးမလုပ်ချင်ကြဘူး ဆိုတာဘဲ။ ဒါက သူတို့ရဲ့ ကံကြမ္မာဘဲ။

အချို့သော တုန့်ပြန်ဖြေကြားသူများက ထိုင်းနိုင်ငံတွင် အလုပ်လုပ်ပြီး မြန်မာနိုင်ငံသို့ ပြန်လာသော လိင်လုပ်သား များသည် ဒေသခံများကို ရောဂါကူးစက်စေကြောင်း ဝေဖန်ခဲ့ကြပါသည်။ ဆရာဝန်တစ်ဦးက လိင်လုပ်ငန်းကို တရားဝင်ခွင့်ပြုပေးသင့်ကြောင်း သူ၏ အမြင်ကို ဖော်ပြခဲ့ပါသည်။

ပြည့်တန်ဆာလုပ်ငန်းကို တရားဝင်ခွင့်ပြုပေးလိုက်ရင် ရောဂါပိုးကူးစက်တာတွေကို ကြိုတင်ကာကွယ်နိုင် မယ်။ ပြီးတော့ ဆေးကုသဝန်ဆောင်မှုတွေကိုလည်း ပိုကောင်းအောင်ထောက်ပံ့ပေးနိုင်မယ်။ လိင်လုပ်ငန်းနဲ့ စီးပွါးရှာနေရတဲ့ လိင်လုပ်သားတွေကိုလည်း ကောင်းကောင်းစောင့်ရှောက်နိုင်မယ်။ လိင်လုပ်သားတွေကို ဥပဒေနဲ့ အကာအကွယ်ပေးထားတဲ့ ဥပဒေတစ်ခုလည်း ရှိသင့်တယ်။ ပြီးတော့ ကူးစက်နိုင်တဲ့ရောဂါတွေကို ဆေးစစ်ဖို့အတွက် ပြဌာန်းချက်တွေလည်း ရှိသင့်တယ်။

### (၈-၅) ကလေးသူငယ်များနှင့် ဥပဒေ

သုတေသနအဖွဲ့ သွားရောက်လေ့လာခဲ့သည့် ဒေသအများစုတွင် ကလေးသူငယ်များရင်ဆိုင်နေရသော (ကာကွယ်ပေးရန်လိုအပ်သည့်) ပြဿနာ အချို့ကို လေ့လာတွေ့ရှိခဲ့ရပါသည်။ ထိုပြဿနာများတွင် ရိုက်နှက် အပြစ်ပေးခြင်း၊ ကလေးလုပ်သား၊ ဆေးစွဲခြင်းနှင့် ရာဇဝတ်မှုငယ်များတွင် ကလေးသူငယ်များ ပါဝင်နေခြင်း စသည် တို့ ပါဝင်ပါသည်။ ဒေသတစ်ခုတွင် ၁၆ နှစ်အရွယ်မိန်းကလေးတစ်ဦး၏ မိဘများက မိန်းကလေးအားသူတို့၏ အကြွေးရှင်နှင့် လက်ထပ်ရန် စီစဉ်ခဲ့သော ထူးခြားသည့် ဖြစ်ရပ်တစ်ခုကို လေ့လာတွေ့ရှိရပါသည်။ (Box - ၁၂ တွင်ကြည့်ပါ။)

**Box – (၁၂)**

လွန်ခဲ့သောနှစ်က ၁၆ နှစ်အရွယ်မိန်းကလေးတစ်ဦး၏ မိခင်သည် ၎င်းကို အခြားရွာတွင် နေထိုင်သော အသက်(၅၀) အရွယ်အကြွေးရှင်ဖြစ်သူနှင့် လက်ထပ်ရန် စီစဉ်ခဲ့ပါသည်။ သို့ဖြစ်၍ မိသားစုအနေဖြင့် သူတို့၏ အကြွေးများ ကို ပြန်လည်ပေးဆပ်စရာ မလိုအပ်တော့ပါ။

မိန်းကလေး၏ မိခင်နှင့် အဒေါ်တို့က သူမအား အကြွေးရှင်၏ အိမ်တွင် ထားခဲ့ပြီးနောက်တွင်၊ မိန်းကလေးသည် ထိုအိမ်မှ ထွက်ပြေးခဲ့ရာ အကြွေးရှင်က နောက်မှ လိုက်ခဲ့ပါသည်။ ထိုဖြစ်ရပ်ကြောင့် ဆူညံလှုပ်ရှားမှုများဖြစ်ခဲ့ပြီး၊ ဒေသခံအမျိုးသမီးရေးရာအဖွဲ့နှင့် ကလေးသူငယ်ကာကွယ်ပေးရေးအဖွဲ့ဝင်များက ကျေးရွာအုပ်ချုပ်ရေးမှူးထံ ချဉ်းကပ်ခဲ့ကြပါသည်။ ထို့နောက် အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်ရဲတပ်ဖွဲ့တို့က အကြွေးရှင်၏ အိမ်သို့သွားခဲ့ရာ၊ မိန်းကလေးငယ်က တစ်စုံတစ်ယောက်ကမှ အတင်းအကျပ်စေခိုင်းခြင်းမရှိဘဲ သူမသဘောဆန္ဒဖြင့် နေထိုင်ခြင်း

သာ ဖြစ်ကြောင်းပြောကြားခဲ့ပါသည်။ နောက်တစ်နေ့တွင် ကြွေးရှင်အမျိုးသားနှင့် မိန်းကလေးတို့က မြို့နယ်တရားရုံးတွင် လက်ထပ်ခဲ့ပါသည်။ သို့သော်၊ လက်ထပ်စာချုပ်ကို မှတ်ပုံတင်ပြုလုပ်ပြီးနောက်နေ့တွင် မိန်းကလေးငယ် ထွက်ပြေးသွားခဲ့ပြီး၊ ပြန်လာခြင်းမရှိတော့ပါ။

ဤတွေ့ရှိချက်များသည် ပြဿနာတခုစီကိုအထူးပြုလေ့လာသော သုတေသနလုပ်ငန်းများပြုလုပ်ရန်လိုအပ်နေသော တရားမျှတမှုပြဿနာများကို ဖော်ထုတ်ပေးပါသည်။ ထိုသုတေသနလုပ်ငန်းများသည် ကလေးသူငယ်ကာကွယ်ပေးရေး ဆိုင်ရာ ပြဿနာများကို ဦးတည်ထားသော UNICEF နှင့် အခြားအဖွဲ့အစည်းများ၏ အားထုတ်မှုများကို အခြေခံတည်ဆောက်ရပါမည်။ ထိုသို့ထိခိုက်လွယ်သော ပြဿနာကို ထပ်မံစူးစမ်းဖော်ထုတ်ရန်အတွက် ဤမြေပုံ ရေးဆွဲခြင်းလုပ်ငန်းထက် ပိုမိုတိကျသော နည်းစနစ်တို့ကို ဆန်းသစ်တီထွင်အသုံးပြုရန်လည်း လိုအပ်ပါသည်။

### (၈-၅-၁) ရိုက်နှက်အပြစ်ပေးခြင်း

ရိုက်နှက်အပြစ်ပေးခြင်းနှင့်ပတ်သက်၍ အချို့သော မိဘများက သူတို့၏ ကလေးငယ်များအား သင့်တော်သည်ဟု မြင်သည့်အတိုင်း သင်ကြားပေးရန် အခွင့်အရေးရှိသည်ဟု ထင်မြင်ကြောင်း ပြောကြားခဲ့ပါသည်။ သုတေသနအဖွဲ့သို့ပြောကြားခဲ့သော ဖြစ်ရပ်တစ်ခုတွင် (Box - ၁၃ တွင် ကြည့်ပါ) သုတေသနပူးပေါင်းပါဝင်သူများက မိဘများကို ကလေးသူငယ်အခွင့်အရေးများအကြောင်း သင်တန်းများပေး၍ သင်ကြားပေးသင့်ကြောင်း၊ သို့မှသာ သူတို့၏ ကလေးငယ်များကို ရိုက်နှက်လိမ့်မည်မဟုတ်ကြောင်း ဖော်ပြခဲ့ကြပါသည်။ အရပ်ဖက်လူမှုအဖွဲ့အစည်းကိုယ်စားလှယ်တစ်ဦးကလည်း မိဘများအား သင်တန်းပေးသင့်ကြောင်း၊ သို့မှသာ ကလေးငယ်များ၏ အခွင့်အရေးများကို ချိုးဖောက်ခြင်း၏ ဥပဒေအကျိုးဆက်များကို သိနိုင်မည်ဖြစ်ကြောင်း အကြံပြုခဲ့ပါသည်။

**Box – (၁၃)**

၁၀ နှစ်သားအရွယ်ကလေးငယ်တစ်ဦးနှင့် မသန်စွမ်းသော မိခင်တို့သည် အဒေါ်ဖြစ်သူနှင့်သူမ၏ ခင်ပွန်းတို့ထံတွင် နေထိုင်နေပါသည်။ အဒေါ်ဖြစ်သူက ကလေးငယ်ကို မကြာခဏရိုက်နှက်တတ်ပြီး၊ သူမအား ထိုသို့ မရိုက်ရန် ပြောသောအခါ၊ သူမက `ဒီကလေးက အရမ်းဆိုးတယ်၊ ဒါကြောင့်သူ့ကို ရိုက်ရတာ။ ဒါက ဘယ်သူနဲ့မှ မဆိုင်ဘူး၊ ကျွန်မကလေးကို ကျွန်မရိုက်နေတာ´ဟု ပြန်ပြောခဲ့ပါသည်။ တစ်ကြိမ်တွင် အဒေါ်ဖြစ်သူက ကလေးကို ခါတ်တိုင်တွင် ကြိုးဖြင့် တုပ်ထားပြီး၊ သူမနှင့် သူမခင်ပွန်းတို့က ရိုက်နှက်ခဲ့ကြပါသည်။ ထိုအချိန်မှစ၍ ကလေးငယ်ကို (၈) နှစ်ကြာ မတွေ့ရတော့ပါ။ ယခုအချိန်တွင် ပြန်လည်ရောက်ရှိလာပြီး၊ စစ်သားတစ်ယောက် ဖြစ်နေကြောင်း ပြောကြားခဲ့ပါသည်။

### (၈-၅-၂) ကလေးလုပ်သား

ကလေးလုပ်သားပြဿနာကို တွေ့ကြုံရသော နေရာများတွင် ဆင်းရဲသော မိသားစုများမှ ကလေးများ၊ မိဘမဲ့ကလေးများကို သက်ရောက်နေကြောင်း လေ့လာတွေ့ရှိရပါသည်။ နယ်မြေတစ်ခုရှိ သုတေသနပူးပေါင်းပါဝင်သူတစ်ဦးက အောက်ပါအတိုင်း ရှင်းပြခဲ့ပါသည်။

> အိမ်နီးချင်းတွေက သူတို့ကလေးတွေကို အလုပ်လုပ်ခိုင်းလို့ ဘယ်လောက် အပိုဝင်ငွေရှာနိုင်တယ်ဆိုတာကို မိဘတွေက အမြဲတမ်းကြားနေရတော့၊သူတို့လဲ အဲဒီလို ခိုင်းလာကြတယ်။ ဒါကတော်တော်ဆိုးတဲ့ အလေ့အထဘဲ။

အခြားသော အရပ်ဖက်ဆိုင်ရာ လူမှုအဖွဲ့အစည်းကိုယ်စားလှယ်များကလည်း ထိုအမြင်ကို အကြိမ်ကြိမ်ပြောကြားခဲ့ရာ၊ ဆင်းရဲနွမ်းပါးမှုသည် ကလေးများအား အလုပ်လုပ်ခိုင်းခြင်း၏ အဓိကအကြောင်းရင်းဖြစ်ကြောင်း ဖော်ပြခဲ့ကြပါသည်။ ဤတုန့်ပြန်ဖြေဆိုသူများက မိဘများအနေဖြင့် ကလေးများ၏ အနာဂတ်ကာလလုပ်အားခများကို အခြေခံ ၍ ကြိုတင်ငွေများရယူထားပြီးပါက ရိုက်နှက်တတ်သော အလုပ်ရှင်များကို တောင်းဆိုနိုင်စွမ်းမရှိကြောင်း၊ ရှင်းပြခဲ့ ကြပါသည်။

ဒေသတစ်ခုရှိ သုတေသနပူးပေါင်းပါဝင်သူများက အောက်ပါအတိုင်း ဖော်ပြခဲ့ကြပါသည်။

> အရင်တုန်းကဆိုရင် အိမ်ထောင်ဦးစီးတစ်ယောက်ရဲ့ ဝင်ငွေက မိသားစုတစ်စုလုံးအတွက် လုံလောက်တယ်။ အခုတော့ မိသားစုဝင်တွေ အားလုံးအလုပ်လုပ်တာတောင် မလောက်တော့ဘူး။ မိဘတွေရဲ့ စီးပွါးရေးအခြေအနေက အရမ်းခက်ခဲလွန်းတော့ ကလေးတွေကို အတင်းအကျပ်အလုပ်လုပ်ခိုင်းရတယ်။ ကလေးတွေ အလုပ်ထဲမှာ ဒုက္ခရောက်နေရင်တောင် အိမ်ပြန်မခေါ်နိုင်ကြဘူး။ ဘာကြောင့်လဲဆိုတော့ စာချုပ်မှာလက်မှတ်ထိုးထားပြီး၊ အလုပ်ရှင်တွေဆီကလဲ ကြိုတင်ငွေတွေ ယူထားပြီးသားဖြစ်နေလို့။

ကလေးသူငယ်များသည် အများအားဖြင့် လဖက်ရည်ဆိုင်များ၊ ဈေးများတွင်လည်းကောင်း၊ တစ်ခါတစ်ရံ ကိုယ်ပိုင်အိမ်ထောင်စုများတွင် အိမ်အကူများအဖြစ်လည်းကောင်း အလုပ်လုပ်ကြကြောင်း တွေ့ရှိရပါသည်။ လဖက်ရည်ဆိုင်များရှိ ကလေးလုပ်သားများကို ၎င်းတို့၏ အလုပ်ရှင်များက တုတ်ဖြင့် ရိုက်နှက်ထုရိုက်ကြကြောင်း သုတေသနပူးပေါင်းပါဝင်သူများက ပြောကြားခဲ့ပါသည်။ တုန့်ပြန်ဖြေကြားသူတစ်ဦးက အိမ်အကူများအား အလုပ်ရှင်များက ကြိမ်လုံးဖြင့်ရိုက်ခြင်း၊ ရေနွေးပူဖြင့် လောင်းချခြင်းတို့ပြုလုပ်ခဲ့သည့် ဖြစ်ရပ်များကို ဖော်ပြခဲ့ပါသည်။

အချို့သော သုတေသနပူးပေါင်းပါဝင်သူများကလည်း ကလေးလုပ်သားများ၏ အလုပ်ရှင်များအား တိုင်ကြားရာတွင် ရင်ဆိုင်ရသော စိန်ခေါ်မှုများကို ဖော်ပြခဲ့ပါသည်။ ဥပဒေအရတိုင်ကြားရာတွင် ပါဝင်နိုင်သော ကုန်ကျစရိတ်များအကြောင်းကို တုန့်ပြန်ဖြေကြားသူတစ်ဦးက ဥပမာတစ်ခုဖြင့် ပြောကြားခဲ့ပါသည်။

> မိခင်ဖြစ်တဲ့သူက ဘုရားပွဲတော်တွေမှာ ဈေးလိုက်ရောင်းတယ်၊ အဖေဖြစ်တဲ့သူက ဆိုက်ကားနင်းတယ်။ အဲဒီမိဘတွေက ပိုက်ဆံပိုရှာနိုင်အောင်လို့ သူတို့ရဲ့ ၁၂ နှစ်အရွယ်ကလေးကို လဖက်ရည်ဆိုင်ကို ပို့လိုက်တယ်။ ဆိုင်ပိုင်ရှင်က ကလေးကို အလွန်အကျွံခိုင်းတယ်။ တကယ်လို့ အလုပ်မပြီးရင်၊ ကလေးကို ရိုက်တယ်။ တစ်ခါတလေ ကလေးကို လက်နဲ့ရိုက်တယ်၊ တစ်ခါတလေ တုတ်နဲ့ရိုက်တယ်။ တစ်ခါတလေကျတော့ ပါးရိုက်သေးတယ်။ သုံးလ၊ လေးလလောက် ဆက်တိုက်အရိုက်ခံနေရတော့ ကလေးက မပျော်တော့ဘူး။ လဖက်ရည်လာသောက်တဲ့ ဖေါက်သည်တွေ၊ လမ်းသွားလမ်းလာတွေနဲ့ အိမ်နီးချင်းတွေက ကလေးအဖေကို အခြေအနေပြောပြတယ်၊ အာဏာပိုင်တွေကို တိုင်ဖို့လဲ အကြံပေးတယ်။ ဒါပေမဲ့ မိဘတွေက အဲဒီလိုမလုပ်နိုင်ကြဘူး။ ဘာကြောင့်လဲဆိုတော့ သူတို့က ငွေလိုနေကြတာ။ အာဏာပိုင်တွေ ဒါမှမဟုတ် ရဲစခန်းမှာ အမှုစဖွင့်မယ်ဆိုရင် ပိုပြီးကုန်ကျစရိတ်များမယ်။ ဘာပဲဖြစ်ဖြစ် ကလေးကတော့ သားကောင်ဖြစ်ရတာဘဲ။

နောက်ထပ်ဥပမာတစ်ခုတွင်၊ တုန့်ပြန်ဖြေကြားသူတစ်ဦးက တရားစီရင်ရေးကို အသုံးပြုရန် အသိပညာမရှိခြင်းသည် စိန်ခေါ်မှုတစ်ခုဖြစ်ကြောင်း ဖော်ပြခဲ့ပါသည်။

> ကလေးက လဖက်ရည်ဆိုင်ကို ရောက်ကာစက အဆင်ပြေတယ်။ အားလုံး OK ဘဲ။ နောက်ပိုင်းမှာ အလုပ်ရှင်က ကလေးကို သူပိုင်တဲ့ ပစ္စည်းလို ရိုက်နှက်အပြစ်ပေးတော့တာဘဲ။ ကလေးရဲ့ မိဘတွေက လည်း ဘာတစ်ခုမှ မလုပ်ပေးနိုင်ဘူး။ သူတို့က ကလေးရဲ့ လစာကို အလုပ်ရှင်ဆီကနေ နှစ်လ၊ သုံးလစာ ကြိုထုတ်ထားကြတာ။ ကလေးက ပျော်လဲမပျော်ဘူး၊ ယူထားတဲ့ ပိုက်ဆံကိုလည်း ပြန်မပေးနိုင်ဘူး။

ကလေးက အာဏာပိုင်တွေဆီကို သူတိုင်လို့ရလားလို့ ကျွန်တော်တို့ကို မေးတယ်။ ဒါပေမဲ့ နောက်ဆုံးတော့ အလုပ်ရှင်ရဲ့ အရိုက်အနက်ပဲ ဆက်ခံနေတယ်။ အာဏာပိုင်တွေကို ဘယ်လို အကြောင်းကြားရမယ်၊ တရားမျှတမှု ဘယ်လိုရနိုင်မယ်ဆိုတာ ဘယ်သူမှ မသိကြဘူး။

### (ဂ-၅-၃) ဆေးစွဲခြင်းနှင့် ရာဇဝတ်မှုငယ်များတွင် ပါဝင်နေသော ကလေးသူငယ်များ

ကလေးများ ဆေးစွဲခြင်းနှင့် ရာဇဝတ်မှုငယ်များတွင် ပါဝင်နေကြောင်းကို သုတေသန ပြုလုပ်စဉ်အတွင်း နေရာတစ်နေရာတွင် သိရှိခဲ့၍ အခြားနေရာ (၂)နေရာတွင် တွေ့မြင်ခဲ့ရပါသည် (မင်္ဂလာတောင်ညွန့်၊ လှိုင်သာယာနှင့် ကြည့်မြင်တိုင်မြို့နယ်များ)။ အချို့သော သုတေသနပူးပေါင်းပါဝင်သူများက ကလေးသူငယ်များအား ဒုစရိုက်ဂိုဏ်းများက အသုံးချနေကြောင်း ရှင်းပြခဲ့ကြပါသည်။ ဒုစရိုက်ဂိုဏ်းအဖွဲ့ဝင်များက ကလေးသူငယ်များအား တောင်းရမ်းခိုင်းကြပါသည်။ သို့မဟုတ် အသေးအဖွဲ ရာဇဝတ်မှုများကို ကျူးလွန်ခိုင်းကြပါသည်။ ထို့ပြင် ကလေးသူငယ်များအား (ပလပ်စတစ်ပိုက်များဆက်ရာတွင် သုံးသော) စက်မှုလုပ်ငန်းသုံးကော်များကို မီးရှို့ခြင်းဖြင့် ထွက်လာသော အငွေ့များကို ရှူခိုင်းခြင်း (ကော်ရှူခြင်း) ဖြင့် ကလေးများအား ဆေးစွဲစေပါသည်။ သုတေသန ပူးပေါင်းပါဝင်သူတစ်ဦးက `ကလေးတွေက မီးရှို့ထားတဲ့ ကော်က ထွက်တဲ့ အငွေ့ ရှူနေရရင် (ကော်ရှူနေရရင်) ဘာမှ မစားပဲ နေနိုင်ကြတယ်။´ဟု ရှင်းပြခဲ့ပါသည်။ အရပ်ဖက်လူမှုအဖွဲ့အစည်းမှ ကိုယ်စားလှယ်တစ်ဦးကလည်း အောက်ပါအတိုင်းရှင်းပြခဲ့ပါသည်။

> ကော်ရှူတာကို စွဲနေတဲ့ ကလေးတွေ ရှိတယ်။ ဒုစရိုက်ဂိုဏ်းတွေက သူတို့ကို ပစ္စည်းခိုးခိုင်းတယ်။ တောင်းရမ်းခိုင်းတယ်။ ပြီးတော့ ကလေးတွေဆီက ရတဲ့ ပိုက်ဆံကို ယူတယ်။ ကျွန်တော်က ကလေးတွေကို သူတို့နောက်မှာ ဘယ်သူရှိလဲလို့ မေးဘူးတယ်။ သူတို့က ဒုစရိုက်ဂိုဏ်းတွေဆိုတာ ကျွန်တော်သိတယ်။ ကျွန်တော့်လုံခြုံရေးအတွက်လည်း ရှိနေတော့ ကျွန်တော် ဘာမှ မလုပ်နိုင်ဘူး။ ကျွန်တော့်မှာ တိကျတဲ့ သက်သေလဲ မရှိဘူး။

နိုင်ငံရေးပါတီ ကိုယ်စားလှယ်တစ်ဦးက အလားတူအောက်ပါအတိုင်း အသေးစိတ်ပြောကြားခဲ့ပါသည်။

> ကော်ရှူတာကို စွဲနေတဲ့ ကလေးတွေရှိတယ်။ ဒါက ဥပဒေပြင်ပမှာလို့ပြောလို့မရဘူး။ ကျွန်တော်တို့ စက်ဘီး စက်ရုံဝန်းထဲက ပစ္စည်းတစ်ခုခုပျောက်သွားရင် ကလေးတွေကိုပဲ မိတာများတယ်။ ကျွန်တော်တို့က သူတို့ကို မချုပ်ထားနိုင်ဘူး။ ဒီကလေးတွေနောက်မှာ ခိုင်းတဲ့လူတွေရှိတယ်ဆိုတာ ကျွန်တော်သိတယ်။ ကျွန်တော်တို့က လူမှုရေးဝန်ဆောင်မှုအသင်းတွေကို ဆက်သွယ်ပေမဲ့ ထိရောက်မှုမရှိဘူး။ အဲဒီတော့ သူတို့ကို နောက်ထပ် မဆက်သွယ်တော့ဘူး။ ဒီကိစ္စနောက်မှာ ဘယ်သူတွေ ရှိတယ်ဆိုတာ ဒေသခံပြည်သူတွေ သိတယ်။ ဒါပေမဲ့ တစ်ဖက်မှာ ဒုစရိုက်ဂိုဏ်းတွေရှိနေတော့ သူတို့လဲ ကြောက်ကြတယ်။

သုတေသနပူးပေါင်းပါဝင်သူအချို့ကလည်းကလေးများသည် ငယ်ရွယ်သူများဖြစ်သောကြောင့် ဖမ်းဆီးခြင်းခံရပါက ကြီးလေးသော ပြစ်ဒဏ်များ မခံရနိုင်ကြောင်း သိထားသည့်အတွက် ကလေးများကို အမြတ်ထုတ်နေခြင်းဖြစ်ကြောင်းနှင့် ကော်ရှူခြင်းကို စွဲလမ်းမှုသည် ရာဇဝတ်မှုမဟုတ်သည့်အတွက် ရဲများနှင့် အာဏာပိုင်များက အရေးယူဆောင်ရွက်ခြင်း မရှိကြောင်း ဖော်ပြကြပါသည်။

### (ဃ) အများပြည်သူ လုံခြုံမှုမရှိခြင်း

အများပြည်သူ လုံခြုံမှုမရှိခြင်းဆိုင်ရာပြဿနာများကို မြေပုံရေးဆွဲခြင်း သုတေသနလုပ်ငန်းအတွင်း သွားရောက်လေ့လာခဲ့သည့် နယ်မြေ (၂၄)ခုလုံးတွင် အစီရင်ခံခဲ့ကြပါသည်။ သုတေသနအဖွဲ့သွားရောက်ခဲ့သည့် နယ်မြေများတွင် အများပြည်သူမလုံခြုံမှုကို ဖြစ်စေသော ရာဇဝတ်မှုလုပ်ရပ်များအနက် အဓိက (၅) မျိုးဖြစ်သည့် လူသတ်မှု၊

ရုပ်ပိုင်းဆိုင်ရာ စော်ကားမှု၊ အများပြည်သူကို အနှောင့်အယှက်ပေး၍ ရှန်းရင်းဆန်ခတ်ဖြစ်စေသော မူးယစ်ရမ်းကားမှု၊ ခိုးမှုတို့အပြင် အတင်းအကျပ်ငွေတောင်းခြင်းနှင့် ငွေညှစ်ခြင်းစသည်တို့ကိုလည်း လေ့လာ တွေ့ရှိရပါသည်။

(ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများ၊ ဆယ်အိမ်မှူးများ၊ ရာအိမ်မှူးများစသည့်) အခြားသူများက ရဲအရာရှိများ၏ တမင်သက်သက် လစ်လျူရှုခြင်းကြောင့်ဖြစ်သည်ဟု ရှုမြင်ကြောင်း ဖော်ပြခဲ့ကြပါသည်။

> ရဲတွေက လိုအပ်သလို အရေးမယူကြဘူး။ သူတို့က အလုပ်ရှုပ်မှာကို ကြောက်နေကြတယ်။ သူတို့က ရာဇဝတ်မှုတွေကို လစ်လျူရှုထားတယ်၊ တစ်ခါတစ်လေပြစ်မှုကျူးလွန်သူတွေကို (၂၄) နာရီချုပ်ထားပြီး၊ ပြန်လွှတ်ပေးလိုက်တယ်။ ဒါကြောင့်လဲတရားခံတွေကို ရာဇဝတ်မှုကျူးလွန်ဖို့ အားပေးသလိုဖြစ်နေတယ်။

ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ဒေသတစ်ခုတွင် ရာဇဝတ်မှုကျူးလွန်သူများနှင့် ရဲတပ်ဖွဲ့တို့၏ အကျိုးတူ ဆက်ဆံရေးရှိနေပုံကို ဥပမာတစ်ခုပေးခဲ့ပါသည်။

> လူဆိုးဂိုဏ်း အုပ်စုတစ်စုက အိမ်ထဲဝင်လာပြီး၊ လူတွေကို ဓါးမြောင်တွေနဲ့ တိုက်ခိုက်ခဲ့တယ်။ ဒီအိမ်နဲ့ ကပ်လျက်မှာ ရဲကင်းတစ်ခုရှိတယ်။ ဒါပေမဲ့ ရဲအရာရှိတွေက ဘာမှ အရေးမယူဘူး။ ရွာသားတွေက မလုံခြုံဘူးလို့ ခံစားရတော့ ကျွန်တော့်ကို ဆက်သွယ်လာတယ်။ ဒါနဲ့ ကျွန်တော်လည်း ရဲစခန်းကို ဖုန်းဆက်လိုက်တယ်။ တိုက်ခိုက်ခံရတဲ့ အိမ်ကို ရဲအရာရှိ ၁၀ ယောက်၊ ၁၅ ယောက်လောက် လွှတ်လိုက်တယ်၊ ပြီးတော့ တရားခံတွေကို ရှာမတွေ့ဘူးလို့ သတင်းပို့ကြတယ်။ လူမိုက်ဂိုဏ်း ခေါင်းဆောင်က လောင်းကစားဒိုင်ကြီးတစ်ယောက် ဖြစ်ပြီး၊ ကျေးရွာအုပ်ချုပ်ရေးမှူးရဲ့ တူတော်သူဆိုတော့ သူလုပ်ချင်တာ လုပ်နိုင်တယ်။ အများဆုံးလွှမ်းမိုးနိုင်တာကတော့ ငွေဘဲ။ မြို့နယ်အဆင့်မှာရှိတဲ့ ရဲတွေက ဘာမှ အရေးမယူနိုင်ဘူး။ ဘာ့ကြောင့်လဲဆိုတော့ လူဆိုးဂိုဏ်းတွေက သူတို့ကို `ကျွေးထားတာ´။ ရာဇဝတ်မှု ဖြစ်တဲ့နေရာမှာ ရဲမှူးကိုယ်တိုင်ရှိနေပေမဲ့ ဘာမှ အရေးမယူဘူး။ ဓါးမြောင်နှစ်ချောင်း သိမ်းဆည်းမိတယ်။ အမှုဖွင့်လိုက်တော့ ရဲတွေက စုံစမ်းစစ်ဆေးပေးရမဲ့အစား ပြဿနာကို ငြိမ်းငြိမ်းချမ်းချမ်းနဲ့ အဆင ပြေအောင် ဖြေရှင်းသင့်တယ်လို့ ပြောလိုက်တယ်။ ပြစ်မှုကျူးလွန်သူတွေကို ဘာမှ အရေးမယူဘူး။ ဥပဒေစိုးမိုးမှု ဆိုတာ ပြည်သူတွေအတွက် မရှိဘူး။

အချို့သော ပါဝင်ဖြေဆိုသူများတွင် ပြည်သူများသည် ဥပဒေဆိုင်ရာနားလည်မှုအားနည်းပြီး၊ ဥပဒေသည်လည်း သင့်တော်သော ပြစ်ဒဏ်ချမှတ်ရာတွင် `လုံလောက်သော ပြီးပြည့်စုံမှုမရှိ´ဟူသော ထင်မြင်ချက်များရှိကြပါသည်။

ယခင်က တရားသူကြီးဖြစ်ခဲ့ဘူးသော ရှေ့နေတစ်ဦးက ငြိမ်ဝပ်ပိပြားရေးအတွက် အစိုးရ၏ မူဝါဒကို မည်သို့ နားလည်ကြောင်းနှင့် ရဲတပ်ဖွဲ့မှ တင်ပြလာသော အမှုများတွင် တရားခံအား စီရင်ချက်ချမှတ်ရာ၌ တရားသူကြီးများအား မည်သို့ အကျပ်အတည်းဖြစ်စေကြောင်းတို့ကို ရှင်းပြခဲ့ပါသည်။

> ရဲက အမှုတွေကို စစ်ဆေးပြီး၊ တရားရုံးတွေကို ပို့တယ်။ တရားသူကြီးတွေက သက်သေမရှိရင်တောင်မှ အမှုတွေကို မပိတ်ရဲကြဘူး။ အမှုတစ်ခုကို ဥပဒေကြောင်းအရ အခြေခံပြီး၊ လွှတ်ပေးလိုက်ရင် သူတို့ နေရာတွေကို ထိခိုက်လာနိုင်တဲ့အတွက်၊ တရားသူကြီးတွေကလည်း အတင်းအကျပ်ပြစ်ဒဏ်ချခိုင်းတယ်လို့ ခံစားရတယ်။ ခိုးမှုနဲ့ ပြည့်တန်ဆာမှုတို့လို ရာဇဝတ်မှုတစ်ချို့က `စာရိတ္တနဲ့ဆိုင်တဲ့ အမှုတွေ´ လို့ ခေါ်ပြီး၊ မူဝါဒနဲ့ ဆိုင်တဲ့ အမှုတွေလို့ မြင်ကြတယ်။ အစိုးရအမြင်ကတော့ ရာဇဝတ်မှုတွေ များလေလေ၊ လူ့အဖွဲ့ အစည်းရဲ့ တည်ငြိမ်မှုနဲ့ ငြိမ်းချမ်းမှုကို ထိခိုက်လေလေဘဲ။ ဒါကြောင့် ရာဇဝတ်မှုကြိုတင်ကာကွယ်ဖို့နဲ့ ရာဇဝတ်မှု လျှော့ချဖို့ အရေးကြီးတယ်။

အများဆုံးအစီရင်ခံခဲ့သည့်ပြဿနာများမှာ အများပြည်သူ အနှောင့်အယှက်ဖြစ်စေခြင်း၊ ပိုင်ဆိုင်မှုများဖျက်ဆီးခြင်း၊ စော်ကားခြင်းနှင့် အချို့ကိစ္စရပ်များတွင် လူသေမှုများဖြစ်ပါသည်။ ထိုဖြစ်ရပ်များသည် (၂၄) ရပ်ကွက်/

ကျေးရွာလုံးတွင် အသင့်အတင့်ဖြစ်ပွါးနေပြီး၊ အထူးသဖြင့် ပို၍ ဆင်းရဲသောဒေသများတွင် ဖြစ်ပွါးပါသည်။ ထိုပြဿနာများကို ဒေသတွင်းရှိ အုပ်ချုပ်သူများ သို့မဟုတ် ရဲစခန်းများက သတိပေးချက်များ ထုတ်ပြန်ခြင်းဖြင့် ဖြေရှင်းတတ်ကြပါသည်။သုတေသနပူးပေါင်းပါဝင်သူတစ်ဦးက အောက်ပါအတိုင်းရှင်းပြခဲ့ ပါသည်။

> ဒီနယ်မြေထဲမှာ အရက်မူးပြီး၊ အများပြည်သူကို အနှောင့်အယှက်ဖြစ်အောင်လုပ်တဲ့လူတွေကို ဒီအပြုအမူတွေကို ရှောင်ကြဉ်ပါ့မယ်လို့ ခံဝန်ထိုးခိုင်းတယ်။ ဒါပေမဲ့ ခံဝန်ကတိကို ချိုးဖေါက်ရင် သူတို့ကို ထောင်ချတယ်။ ထောင်ကထွက်လာပြီးလို့ ဒီလိုအပြုအမူတွေ ဆက်လုပ်နေမယ်ဆိုရင် နောက်တစ်ခါ ထောင်ထပ်ချတယ်။

ရုပ်ပိုင်းဆိုင်ရာစော်ကားမှုကိုလည်း နယ်မြေအများစုတွင် သုတေသနပူးပေါင်းပါဝင်သူများက မကြာခဏ အစီရင်ခံခဲ့ပါသည်။ ဤဖြစ်ရပ်များတွင် ပုံမှန်အားဖြင့် အမျိုးသားလူငယ်များပါဝင်တတ်ကြပြီး၊ အများအားဖြင့် မူးယစ်ရမ်းကားခြင်းနှင့် မူးယစ်ဆေးသုံးစွဲခြင်းတို့နှင့်ဆက်စပ်နေပါသည်။ အချို့သော အမှုများတွင် ရုပ်ပိုင်းဆိုင်ရာ စော်ကားမှုများသည် သေဆုံးသည်အထိ ဖြစ်စေပါသည်။ အချို့နယ်မြေများတွင် ဒေသခံနေထိုင်သူများက ထိုပြဿနာများသည် ထိုင်းနိုင်ငံသို့ ရွှေ့ပြောင်းအလုပ်လုပ်ကိုင်ခြင်း၏ ရလာဒ်ဖြစ်ကြောင်းနှင့် ထိုင်းတွင် အလုပ်လုပ်ကြသောလူငယ်များသည် အခြားယဉ်ကျေးမှုများ၏ လွှမ်းမိုးမှုခံရခြင်းကြောင့်ဖြစ်ကြောင်း ရှုမြင်ကြပါသည်။

မြေပုံရေးဆွဲသည့် လုပ်ငန်းစဉ်အတွင်းတွင်၊ သုတေသနအဖွဲ့သည် ခိုးမှု၊ ဖေါက်ထွင်းမှုနှင့် ခါးပိုက်နှိုက်မှုအချို့ကို လေ့လာတွေ့ရှိရပါသည်။ အစီရင်ခံခဲ့သော အမှုများမှာ မော်တော်ဆိုင်ကယ်များ၊ ကျွဲနွားများအားခိုးယူခြင်း၊ ငွေကြေးနှင့် ရွှေတို့ကို ဖေါက်ထွင်းခိုးယူခြင်းတို့ဖြစ်ကြပါသည်။

လူသတ်မှုအချို့ကိုလည်း သုတေသနအဖွဲ့သို့ ပြောကြားခဲ့ပါသည်။ ထိုအမှုများတွင် ပုံမှန်အားဖြင့် ငွေကြေးပိုင်ဆိုင်မှု သို့မဟုတ် ပစ္စည်းပိုင်ဆိုင်မှုနှင့်ပတ်သက်သည့် အငြင်းပွါးမှုများပါဝင်ပါသည်။ သုတေသနပူးပေါင်းပါဝင်သူတစ်ဦးက ရဲအရာရှိတစ်ဦးအသတ်ခံရမှုကို ပြောကြားခဲ့ပါသည်။ ထိုရဲအရာရှိကို လေ့သမားများက သတ်ခဲ့ခြင်းဖြစ်ကြောင်းနှင့် ထိုရဲအရာရှိသည် လေ့သမားများ၏ အသက်မွေးဝမ်းကြောင်းအလုပ်ကို ခြိမ်းခြောက်နေသည်ဟု လေ့သမားများက ရှုမြင်သည့်အတွက် သတ်ခဲ့ခြင်းဖြစ်ကြောင်း ဖော်ပြခဲ့ပါသည်။

> လေ့သမားတွေက ကုတို့ခတွေကို ဈေးမြှင့်လိုက်ကြတော့ ရဲအရာရှိက နှုန်းထားအသစ်ကို ပေးဖို့ ငြင်းတယ်။ တစ်ခြားခရီးသည်တွေကိုလည်း မပေးဖို့ တိုက်တွန်းတယ်။ လေ့သမားတွေက ရဲအရာရှိကို သူဈေးနှုန်းအသစ်ကို မပေးချင်ရင် ပုံမှန်နှုန်းအတိုင်းပဲ ပေးပါ။ ဒါပေမဲ့ တစ်ခြားခရီးသည်တွေကိုတော့ ဈေးလျှော့ပြီးပေးဖို့ မတိုက်တွန်းပါနဲ့လို့ တောင်းပန်ကြတယ်။ ရဲအရာရှိကငြင်းလိုက်တော့ လေ့သမားတွေက သူ့ကို လေ့ပေါ်အတက်မခံဘူး။ နောက်တော့ ရဲနဲ့ လေ့သမားတွေ ရန်ဖြစ်ကြပြီး၊ ရဲက လေ့သမားတွေကို ဖမ်းဖို့ကြိုးစားတော့ လေ့သမားတွေ ပုန်းနေရတယ်။ နောက်တော့ လေ့သမားတွေ တစ်ဖြည်းဖြည်း စားဝတ်နေရေး ကျပ်တည်းလာတော့ ရဲအရာရှိကို သတ်လိုက်ကြတယ်။ လေ့သမား ၁၆ ယောက်အဖမ်းခံရပြီး၊ ဘာဥပဒေအကာအကွယ်မှမရဘဲနဲ့ တစ်သက်တစ်ကျွန်းပြစ်ဒဏ်ခံရတယ်။

သုတေသနတွင်း ပူးပေါင်းပါဝင်သူများက ရဲများ၏ ခြိမ်းခြောက်ငွေတောင်းမှုများနှင့် တစ်ဦးချင်း ငွေညှစ်မှုများကိုလည်း အစီရင်ခံခဲ့ပါသည်။ အချို့သော တုန့်ပြန်ဖြေဆိုသူများ၏ ပြောကြားချက်များအရ ရဲများသည် တရားမဝင်ထီရောင်းချသူများနှင့် တရားမဝင်အရက်ချက်လုပ်သူများထံမှ ငွေများကို ခြိမ်းခြောက် တောင်းခံကြပါသည်။ တုန့်ပြန်ဖြေဆိုသူတစ်ဦးက လုပ်ပိုင်ခွင့်အလွဲသုံးစားလုပ်ခြင်းနှင့် အဂတိလိုက်စားမှုပုံစံတို့ကို အောက်ပါအတိုင်း စွပ်စွဲပြောဆိုခဲ့ပါသည်။

> နှစ်လုံးထီ၊ သုံးလုံးထီလောင်းကစားက ရဲတွေရဲ့ အသက်ကယ်ကြိုးဘဲ။ နှစ်လုံးထီရောင်းတဲ့လူတွေက တစ်နေ့ကို ကျပ် ၅၀၀ ပေးရတယ်။ သုံးလုံးထီရောင်းတဲ့လူတွေက ၁၅ ရက်တိုင်း (ထီဖွင့်ချိန်တိုင်းမှာ)

ငွေပေးရတယ်။ ရဲတွေက အရက်ခိုးချက်တဲ့ လူတွေဆီကလည်း တစ်လကို ၅၀၀၀ ကနေ ၇၀၀၀ အထိ တောင်းတယ်။ သူတို့ မပေးနိုင်ရင်၊ ရဲက အမှုလိုတဲ့အခါ အဖမ်းခံရတယ်။ ဒါပေမဲ့ သူတို့ တကယ်အဖမ်းခံရတာက ရဲတွေကို လာဘ်ငွေမပေးတဲ့ အချိန်ဘဲ။

လိုင်သာယာမြို့နယ်တွင် မြေယာနှင့်ပတ်သက်၍ ငွေညှစ်ခြင်းဖြစ်ရပ်တစ်ခုကို လေ့လာခဲ့ရပါသည်။ ထိုနေရာတွင် တစ်ဦးချင်းလူများက လူနေထိုင်ခြင်းမရှိသည့် မြေပိုင်ရှင်များပိုင်ဆိုင်သော မြေများတွင် တမင်သက်သက် ကျူးကျော်နေထိုင်ကြပါသည်။ ရည်ရွယ်ချက်မှာ မြေပိုင်ရှင်က သူတို့အား ထွက်ပေးရန် ဖယ်ခိုင်းသည့်အချိန်တွင် မြေပိုင်ရှင်များထံမှ လျော်ကြေးငွေတောင်းဆိုရန်ဖြစ်ပါသည်။ မြေပိုင်ရှင်များအနေဖြင့် တရားစွဲခြင်းဖြင့် စိတ်အနှောင့်အယှက်မဖြစ်လိုသောကြောင့် ထိုသို့ ကျူးကျော်နေထိုင်သူများကို တစ်ဦးလျှင် လေးသိန်းမှ ငါးသိန်းအထိ ပေးရပါသည်။

## (ဃ-၁) အစိုးရမဟုတ်သော လက်နက်ကိုင်အဖွဲ့များ၏ ဥပဒေနှင့် မညီညွတ်သော၊ ရာဇဝတ်မှုမြောက်သည့် လုပ်ရပ်များ

မွန်ပြည်နယ်ရှိ၊ အစိုးရမဟုတ်သော လက်နက်ကိုင်အဖွဲ့များ (NSAGs)၏ လုပ်ရပ်များကြောင့် အချို့သော နယ်မြေများ၌ အများပြည်သူမလုံခြုံမှုဟူသော ယေဘုယျအမြင်ကို ဖြစ်စေပါသည်။ NSAGs အဖွဲ့ဝင်များသည် ဥပဒေနှင့်မညီသော အခွန်များကို ခြိမ်းခြောက်တောင်းခံရာတွင် လက်နက်များကိုင်ဆောင်ထားကြပြီး၊ လက်နက်မကိုင်ထားသော NSAGs အဖွဲ့ဝင်များ ချဉ်းကပ်လာသည်ကို တွေ့မြင်လျှင်ပင် ၄င်းတို့အားခြိမ်းခြောက်နေသည်ဟု ခံစားရကြောင်း ဒေသခံနေထိုင်သူများက ရှင်းပြခဲ့ပါသည်။

NSAGs အဖွဲ့ဝင်တွေ ရွာထဲဝင်လာပြီး၊ ရွာသားတွေကို သူတို့စားဝတ်နေရေးအတွက် ထောက်ပံ့ပေးဖို့ တောင်းဆိုကြတယ်။ ရွာသားတွေက မထောက်ပံ့ချင်ဘူးဆိုရင်လည်း သူတို့ကို ပြောနိုင်တယ်လို့ ပြောကြတယ်။ ဘယ်သူမှ သူတို့ကို ငွေမပေးချင်ဘူး။ ဒါပေမဲ့ ဘယ်သူမှလည်း အဲဒါကို ထုတ်မပြောရဲဘူး။

အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ရရှိပြီးနောက်တွင် NSAGs များသည် ယခင်က အဖြူရောင်နယ်မြေဟု သတ်မှတ်ထားသော နေရာများအထိ ဝင်ထွက်သွားလာနေကြပြီး၊ ရာဘာထုတ် လုပ်သူများထံမှ ငွေကြေးများ တောင်းခံနေကြောင်း သုတေသနပူးပေါင်းပါဝင်သူများက ရှင်းပြခဲ့ပါသည်။ NASG အဖွဲ့ဝင်များသည် စိုက်ခင်း တစ်ခင်းအတွက် တစ်နှစ်လျှင် ၅၀၀၀ ကျပ်နှုန်း၊ ရာဘာစေးခြစ်သည့်ရာသီတွင် ရာဘာတစ်ပင်လျှင် ၅ ကျပ်နှုန်းဖြင့် တောင်းခံကြကြောင်း တုန့်ပြန်ဖြေကြားသူတစ်ဦးက အသေးစိတ်ပြောကြားခဲ့ပါသည်။ ထူးခြားသောဖြစ်ရပ်တစ်ခုမှာ NSAGs အဖွဲ့ဝင်များက ငွေကြေးမပေးနိုင်သူများ၏ နေအိမ်များကို မီးရှို့ခဲ့ကြခြင်းဖြစ်ပါသည်။

NSAGs အဖွဲ့ဝင်တစ်ချို့က အစိုးရ ရာဘာစိုက်ခင်း အလုပ်သမားတွေဆီက ငွေတောင်းကြတယ်။ အလုပ်သမားတွေက မပေးနိုင်ကြတော့ သူတို့ကို အိမ်တွေထဲက ထွက်ခိုင်းပြီး၊ အိမ်တွေကို မီးရှို့လိုက်တယ်။ လူတွေကိုတော့ မထိခိုက်ဘူး။

## (ဃ-၂) မူးယစ်ဆေးဝါးပြဿနာ

အထူးသဖြင့် မွန်ပြည်နယ်ရှိ သုတေသနနေရာများမှ အချို့သော ပါဝင်ဖြေဆိုသူများက မူးယစ်ဆေးဝါးနှင့် ပတ်သက်နေသည့် ပြဿနာများကို ဖော်ပြခဲ့ကြပါသည်။ ရဲများက မူးယစ်ဆေးဝါးရောင်းချသည့် လူသုံးဦးအား ဖမ်းဆီးခဲ့သည့် ဖြစ်ရပ်ကို တုန့်ပြန်ဖြေဆိုသူတစ်ဦးကအောက်ပါအတိုင်းပြောကြားခဲ့ပါသည်။

အခုလောလောဆယ် ဒီရပ်ကွက်ထဲမှာ မူးယစ်ဆေးဝါးရောင်းတဲ့လူ နှစ်ယောက်ကို ဖမ်းသွားတယ်။ လူတစ်ယောက်ဆီက သေနတ်တစ်လက်နဲ့ ဆေးပြားတွေအပြည့်ထည့်ထားတဲ့ စီးကရက်ဘူးတစ်ဘူးမိတယ်။

နောက်နစ်ယောက်ကတော့ ရပ်ကွက်တွေမှာ မူးယစ်ဆေးမျိုးစုံ လိုက်ရောင်းနေတဲ့ လင်မယားစုံတွဲကို မိတာ။ ရဲအရာရှိတစ်ယောက်က သူတို့ကို လိုက်ဖမ်းရင်းနဲ့ ယာဉ်မတော်တဆဖြစ်သေးတယ်။

အထူးသဖြင့် လူငယ်များသည် ဆေးပြားဟု ခေါ်နေကြသည့် အရာများကို သုံးနေကြကြောင်း နှင့် အခြားလူများက ထိုင်းနိုင်ငံဘက်မှ ဝင်ရောက်လာသော ဘိန်းစာရွက်များကို သုံးနေကြကြောင်း ဒေသခံနေထိုင်သူများက ပြောကြားခဲ့ပါသည်။ မွန်ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက မူးယစ်ဆေးဝါးရောင်းချသူများအား ဖမ်းဆီးရာတွင် စိန်ခေါ်မှုများရှိနေခြင်းနှင့် မူးယစ်ဆေးဝါးသုံးစွဲခြင်းနှင့်ပတ်သက်သည့် လူမှုရေးနှင့် ကျန်းမာရေး ပြဿနာများကို အသေးစိတ်ပြောကြားခဲ့ပါသည်။

အခုမွန်ပြည်နယ်မှာ မူးယစ်ဆေးဝါးမှုတွေ ပိုများလာတယ်။ မူးယစ်ဆေးဝါးသုံးတဲ့လူတွေရဲ့ မိဘတွေက သူတို့ကလေးတွေကို ဖမ်းဖို့ ပြောကြတယ်။ မူးယစ်ဆေးဝါးရောင်းတဲ့ အိမ်တစ်အိမ်ကို ရဲတွေက ကျွန်တော့်ကို လက်ညှိုးထိုးပြတယ်။ ကျွန်တော်က ရဲတွေ သိတယ်ဆိုရင် ဒီလူတွေကို ဘာလို့ မဖမ်းတာလဲလို့ မေးလိုက်တော့ ဒီလူတွေက အဖွဲ့အစည်းတစ်ချို့နဲ့ ပတ်သက်နေတော့ သူတို့လဲ မဖမ်းနိုင်ဘူး၊ အရင်တုန်းက ဖမ်းမိတဲ့လူတွေဆီကလည်း သေနတ်တွေမိသေးတယ်လို့ ရဲတွေက ပြန်ဖြေတယ်။

ဒီရက်ပိုင်းတွေမှာ မင်္ဂလာဆောင်တွေ၊ ဘာသာရေးအလှူပွဲတွေလို လူမှုရေးလုပ်ရှားမှုတွေမှ ကူညီလုပ်ကိုင်ပေးတဲ့ လူငယ်တွေကို သောက်စရာ (အရက်)ပေးမယ့်အစား မြင်းဆေးလို့ခေါ်ကြတဲ့ ဆေးပြားတွေ ပေးရတယ်။

နောက်ထပ်လဲ ဘိန်းစာရွက်လို့ခေါ်တဲ့ မူးယစ်ဆေးတစ်မျိုးရှိသေးတယ်။ အဲဒါကို ထိုင်းနိုင်ငံဘက်က ရာဘာခင်းတွေမှာ အလုပ်သွားလုပ်တဲ့လူတွေက စသုံးကြတာ။ စိုက်ခင်းတွေထဲမှာ အလုပ်လုပ်ရင် အိပ်မငိုက်အောင်လို့ ဘိန်းစာရွက်ကို ကွမ်းထဲထည့်ငုံထားကြတယ်။ ဒါက ကျန်းမာရေးကိုတော့ မထိခိုက်ဘူး။ ဟိုမှာ အလုပ်လုပ်ပြီးပြန်လာတဲ့လူတွေက အဲဒီအရွက်တွေယူလာပြီး အပင်တွေကို မွန်ပြည် နယ်မှာ စမ်းစိုက်ကြတယ်။ အခု လူတွေက အဲဒီအရွက်တွေနဲ့ လျှပ်စစ်မီးသီးက အမှုန့်တို့၊ ခြင်ဆေးခွေက ပြာတို့၊ ချောင်းဆိုးပျောက်ဆေးတို့နဲ့ ရောပြီး၊ ဆေးဝါးတွေ ထုတ်နေပြီ။ အဲဒီအရောအနှော ခွက်သေးတစ်ခွက်ကို ၅၀၀၀ ကျပ်နဲ့ရောင်းတယ်။။ အဲဒါကို ကိုလာဖျော်ရည်နဲ့ တွဲသောက်ရင် လူတွေကို ရီဝေဝေဖြစ်စေတယ်။

မူးယစ်ဆေးဝါးရောင်းချသူများအား သြဇာရှိသည့် အဖွဲ့အစည်းများက ကျောထောက်နောက်ခံပြုထားသည့် အတွက် ရဲတပ်ဖွဲ့က ထိရောက်သော အရေးယူမှုများမပြုလုပ်နိုင်ကြောင်း တုန့်ပြန်ဖြေဆိုသူတစ်ဦးက စွပ်စွဲပြောကြားခဲ့ပါသည်။ သုတေသနပူးပေါင်းပါဝင်သူတစ်ဦးက ဤအပိုင်းနှင့်ပတ်သက်၍ မွန်ပြည်နယ်လွှတ်တော်သည် ဘိန်းစာရွက်ကို တရားမဝင်မူးယစ်ဆေးဝါးအဖြစ် သတ်မှတ်ရန် စဉ်းစားနေကြောင်း ပြောကြားခဲ့ပါသည်။

## (င) အကျဉ်းချုပ်မှတ်ချက်

တန်းတူညီမျှရှိသော ဥပဒေ၏အကာအကွယ်နှင့်ဥပဒေ၏ စိုးမိုးမှုရှိခြင်း၊ တရားမျှတ၍ တန်းတူညီမျှသော ဆက်ဆံမှုများ ရရှိလိုသော တစ်ဦးချင်းနှင့် အစုအဖွဲ့အသီးသီး၏ စိတ်ဆန္ဒများကို တရားမျှတမှုဆိုင်ရာပြဿနာ နယ်ပယ်(၄) ခုလုံးတွင် တူညီစွာတွေ့ရခြင်းဖြစ်သည်။

နောက်ထပ်အချက် (၂)ချက်ကို အလေးအနက်ဖော်ပြလိုပါသည်။ ပထမအချက်မှာ မြေယာနှင့် ခွဲခြားဆက်ဆံမှု တို့နှင့် ပတ်သက်သည့် တရားမျှတမှုဆိုင်ရာ ပြဿနာများက အချို့သောအစိုးရအရာရှိများ (အထူးသဖြင့် အထွေထွေအုပ်ချုပ်ရေး၊ မြေစာရင်းနှင့် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနများမှ အရာရှိများ) သည် တရားရုံးများကဲ့သို့ ဆုံးဖြတ်ပိုင်ခွင့်များရှိနေကြောင်းကို မီးမောင်းထိုးပြနေပါသည်။ ထိုသို့သော အုပ်ချုပ်မှုဆိုင်ရာ ဆုံးဖြတ်ချက်ချမှတ်ခြင်း အတွက် မည်သည့်လွတ်လပ်သော စစ်ဆေးသုံးသပ်မှုကိုမှ မပြုလုပ်ကြပါ။ သို့ဖြစ်ရာ

အကျိုးသက်ရောက်ခံရမည့် ပြည်သူများအနေဖြင့်နိုင်ငံဝန်ထမ်းအရာရှိများ၏ ဘက်မလိုက်သော တစ်သမတ် တည်းဆုံးဖြတ်မှုများကိုသာ မျှော်လင့်ပါသည်။ ဤပြဿနာကို ထပ်မံစူးစမ်းလေ့လာရန်မှာ ဤအစီရင်ခံစာ၏ ဦးတည်ချက် မဟုတ်ပါ။ သို့ရာတွင် ပြည်သူ့ အုပ်ချုပ်ရေးမှာ ဒေသတွင်းတရားမျှတမှုဆိုင်ရာ ကိစ္စရပ်များကို ဖြေရှင်းရာတွင် နိုင်ငံသားများနှင့် နိုင်ငံတော်တို့ပထမဆုံး ထိတွေ့ဆက်ဆံရသောနေရာဖြစ်သောကြောင့် ဦးစားပေးလေ့လာသင့်ပါသည်။

ဒုတိယအချက်မှာ အများပြည်သူမလုံခြုံမှုနှင့် အမျိုးသမီးများ၊ ကလေးသူငယ်များအား ဥပဒေဖြင့် အကာအကွယ်ပေးခြင်းဆိုင်ရာ ပြဿနာများနှင့်ပတ်သက်လာပါက ရဲတပ်ဖွဲ့သည် ၎င်း၏ ဂုဏ်ဆောင်မှုများကို အများဆုံး လိုအပ်နေသူများအား ကာကွယ်ပေးရာတွင် ကြောက်ရွံ့ခြင်းနှင့် မယုံကြည်ရခြင်းတို့အပြင်၊ အားနည်းသော၊ မထိရောက်သော၊ စိတ်ဂဟ်စားမှုမရှိသော၊ စွမ်းဆောင်ရည်မရှိသော အဖွဲ့တစ်ခုအဖြစ် တစ်ဖြည်းဖြည်း ရှုမြင်ခံနေရခြင်းဖြစ်ပါသည်။

## အခန်း (၄) တွေ့ရှိချက်များ - တရားမျှတမှုရရှိရန် ဆောင်ရွက်သည့်နည်းလမ်းများ

ဤအခန်းတွင် အထက်တွင် အစီရင်ခံထားသည့် အခန်း (၃)နှင့်ဆက်စပ်၍ သုတေသနပြုလုပ် ခဲ့သည့် နေရာများရှိ ဒေသခံပြည်သူများက ၎င်းတို့၏ ပြဿနာများနှင့်ပတ်သက်ပြီးတရားမျှတမှုရရှိရန် ရှာဖွေသည့်နည်းလမ်းများကို ဖော်ပြထားပါသည်။ ဤအခန်း၏ ပထမပိုင်းတွင် အသစ်ပေါ်ထွက်လာသော အာဏာပုံစံ(၄)မျိုးနှင့် တရားမျှတမှုရှာဖွေသည့်နည်းလမ်းများကို ဖော်ပြထားသည်။ ဒုတိယပိုင်းတွင် လွှတ်တော်ကိုယ်စားလှယ်များနှင့် နိုင်ငံ ရေးပါတီများ၏ အခန်းကဏ္ဍများကို အသေးစိတ် တင်ပြထားပါသည်။

### (က) လုပ်ပိုင်ခွင့်အာဏာပုံစံများနှင့် တရာမျှတမှုရှာဖွေသည့် နည်းလမ်းများး

သုတေသနအဖွဲ့က သွားရောက်လေ့လာခဲ့သည့် မြို့နယ် (၈)မြို့နယ်လုံးတွင် တွေ့ရှိရသည့် ယေဘုယျအချက်မှာ အငြင်းပွါးမှုအများစုတို့ကို ရပ်ကွက် သို့မဟုတ် ကျေးရွာအဆင့်တွင် ဖြေရှင်းကြခြင်းဖြစ်ပါသည်။ ဤသို့ ဖြေရှင်းရာတွင် ဒေသတွင်း အုပ်ချုပ်ရေးမှူးများ၏ စည်းရုံးမှုနှင့် ရပ်မိရပ်ဖများ၏ အကူအညီ၊ အကြံဉာဏ်များဖြင့် ဆွေးနွေးညှိနှိုင်းခြင်း၊ ကြားဂဟ်စေ့စပ်ပေးခြင်း၊ လျော်ကြေးပေးခြင်းနှင့် အပြစ်ကျူးလွန်သူအား နောက်ထပ်မပြုလုပ်ရန် ခံဝန်လက်မှတ်ရေးထိုးစေခြင်းတို့ကို ပေါင်းစပ်ဆောင်ရွက်ပါသည်။ လက်တွေ့တွင် နိုင်ငံသားအနည်းငယ်တွင်သာ နိုင်ငံတော်တရားစီရင်ရေးနှင့် လုံခြုံရေးအဖွဲ့အစည်းများနှင့် တိုက်ရိုက်ပတ်သက်မှုရှိပြီး၊ ထိုအဖွဲ့ အစည်းများကိုလည်း များသောအားဖြင့် ကြောက်ရွံ့၍ မယုံကြည်ကြပါ။ ထိုကဲ့သို့ ရဲနှင့်တရားရုံးများကို ရှောင်ရှားခြင်း၊ အငြင်းပွါးမှုများကို ဒေသန္တရအဆင့်တွင်သာ ဖြေရှင်းရန် ကြိုးစားခြင်းတို့ကို `ကြီးတဲ့အမှုငယ်စေ၊ ငယ်တဲ့အမှုကို ပပျောက်စေ´ဟူသည့် ဆိုရိုးစကားဖြင့် ပုံဖော်ပြနိုင်ပါသည်။ အငြင်းပွါးမှုများကို ရပ်ကွက်နှင့်ကျေးရွာများအတွင်း တွင်းသာ ဖြေရှင်းလိုခြင်းသည် ရပ်ရွာပြည်သူများှုနှင့် နိုင်ငံတော်၏ နေ့စဉ်အပြန်အလှန်ဆက်သွယ်မှုများတွင် ရပ်ကွက် နှင့်ကျေးရွာ အုပ်ချုပ်ရေးမှူးများ၏ အခန်းကဏ္ဍကို ပိုမိုအရေးပါလာစေပါသည်။

သို့ဖြစ်၍ ၂၀၁၂ ခုနှစ်တွင်ပြုလုပ်ခဲ့သည့် ရပ်ကွက်နှင့်ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများရွေးကောက်ပွဲသည် အရေးပါလာပါသည်။ ရွေးကောက်ပွဲများကို ပြည်သူများနှစ်သက်သည့် ကိုယ်စားလှယ်များ ရွေးချယ်ခံရနိုင်သည့်ပုံစံမျိုးဖြင့်ကျင်းပခဲ့လျှင်သော်လည်းကောင်း၊ရွေးချယ်ခံကိုယ်စားလှယ်များသည် ရပ်ရွာမှ မျှော်လင့်သည့်အတိုင်း စွမ်းဆောင်နိုင်လျှင်သော်လည်းကောင်း နိုင်ငံတော်၏အာဏာကို ထိရောက်စွာ ကျင့်သုံးနိုင်မှုကို ဖြစ်ခဲ့ပါသည်။ ထိုယေဘုယျအမြင်အပေါ် အမျိုးမျိုးရှုမြင်ချက်များကို အောက်တွင် စူးစမ်းတင်ပြထားပါသည်။ ၂၀၁၂ ခုနှစ်၊ ဒေသန္တရရွေးကောက်ပွဲများနှင့်ဆက်စပ်ဖြစ်ပေါ်လာသော တိုးတက်မှုတစ်ခုမှာ အဆင့်အမျိုးမျိုးတို့တွင် စီမံခန့်ခွဲရေးကော်မတီများ၊ ဖွံ့ဖြိုးရေးကော်မတီများ၊ ဖွံ့ဖြိုးရေးအထောက်အကူပြု

ကော်မတီများ ခန့်အပ်ဆောင်ရွက် လာခြင်း ဖြစ်ပါသည်။[49] ထူးခြားမှုတစ်ခုမှာ ရပ်ကွက်/ကျေးရွာအုပ်စုအဆင့်နှင့် မြို့နယ်အဆင့်ဖွံ့ဖြိုးရေး အထောက် အကူပြုကော်မတီများတွင် ရပ်မိရပ်ဖများကလည်း အစိုးရဖွဲ့စည်းမှုပုံစံအတွင်း ဝင်ရောက်လာပြီး၊ သုတေသန အဖွဲ့သွားရောက်လေ့လာခဲ့သည့် ဒေသများအနက် တစ်ဝက်ကျော်တွင် (၂၄ ရပ်ကွက်/ကျေးရွာအနက် ၁၃ ရပ်ကွက်/ကျေးရွာ) ရိုးရာဓလေ့အရ ရပ်မိရပ်ဖများ၏ လွှမ်းမိုးမှုအခန်းကဏ္ဍကို လျှော့ချနိုင်ခြင်းဖြစ်ပါသည်။ ဤပြောင်းလဲမှုသည် ဒေသန္တရအုပ်ချုပ်မှု၏ ဖွဲ့စည်းတည်ဆောက်ပုံများကို အကျိုးသက်ရောက်မည်ဟု မျှော်မှန်း ရန်မှာမူ ဤအဆင့်တွင် အလွန်စောနေပါသေးသည်။

ဒေသန္တရရွေးကောက်ပွဲများနှင့် ကော်မတီအမျိုးမျိုးဖွဲ့စည်းခြင်းတို့၏ ပေါင်းစပ်အကျိုးသက်ရောက်မှုတစ်ခုမှာ ဒေသန္တရအုပ်ချုပ်ရေးမှူးများအတွက် ပုံစံတစ်ကျကြိုတင်သတ်မှတ်ထားသော လုပ်ပိုင်ခွင့်များ တိုးတက်လာကြောင်း နှင့် ၄င်းတို့က အာဏာရှင်ဆန်သောလုပ်ပိုင်ခွင့်များကျင့်သုံးရန် အလားအလာမှေးမှိန်သွားကြောင်း ယေဘုယျ မြင်တွေ့နိုင်ခြင်းဖြစ်ပါသည်။ အသားတင်အကျိုးသက်ရောက်မှုမှာ ဒေသန္တရအုပ်ချုပ်ရေးမှူးများ၏ လုပ်ပိုင်ခွင့် လျော့နည်းသွားခြင်းဖြင့် အဖွဲ့အစည်းအပေါ် ကြောက်ရွံ့မှုနည်းလာခြင်း၊ ယုံကြည်မှုနှင့် လေးစားမှုတိုးလာခြင်း ဖြစ်ပါသည်။

အစကတည်းကပင် အလေးအနက်ထားရမည့် ဒုတိယအချက်မှာ ထိခိုက်လွယ်သူများနှင့် လူနည်းစုအုပ်စုများ ပါဝင်သည့်အခါတွင် တရားမျှတမှုဆိုင်ရာ ပြဿနာများကို ထုတ်ဖော်ပြောဆိုမှုမရှိခြင်းနှင့် မကြာခဏပင် အသိအမှတ်ပြု မခံရခြင်းဖြစ်ပါသည်။ ဤကိစ္စရပ်သည် အထူးသဖြင့် လိင်ပိုင်းဆိုင်ရာနှင့်ကျား/မခွဲခြားမှုကို အခြေခံသည့် အကြမ်းဖက်မှုများတွင် ပိုမိုသက်ဆိုင်ပါသည်။ အရပ်ဖက်လူ့အဖွဲ့အစည်းမှ ပုဂ္ဂိုလ်များရှိသည့်နေရာများတွင်မူ ၄င်းတို့က လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများ အထူးသဖြင့် ကလေးသူငယ် များကိုကျူးလွန်သော အဆိုပါအမှုများကို ဖော်ထုတ်မှုများပြုလုပ်လာကြပြီး ဥပဒေကြောင်း အရ အရေးယူဆောင်ရွက်ရန် ပံ့ပိုးကူညီမှုများ ပြုလုပ်လာကြသည်။ မြေယာပြဿနာများကဲ့သို့သော ဒေသခံများကို ကျယ်ပြန့်စွာ အကျိုးသက်ရောက်မှုရှိစေသည့် တရားမျှတမှုဆိုင်ရာ ပြဿနာများတွင် အရပ်ဖက်လူမှုအဖွဲ့အစည်းများနှင့် နိုင်ငံရေးမှ actors များ၏ အခန်းကဏ္ဍများကို အောက်တွင် စူးစမ်းတင်ပြထားပါသည်။ တွေ့ရှိချက်များအနက် ပိုမိုသိသာထင်ရှားသော အချက်တစ်ချက်မှာ နိုင်ငံ၏ အာဏာ ပိုင်များက ထိုသို့ထွက်ပေါ်လာသော လူမှုဆိုင်ရာနှင့် နိုင်ငံရေးဆိုင်ရာ အင်အားများကို မည်သို့ နေရာပေးကာ အပြန်အလှန် ဆက်ဆံနေရကြောင်းပင်ဖြစ်သည်။

သတိပြုရမည့်တတိယအချက်မှာ အစိုးရမဟုတ်သော လက်နက်ကိုင်အဖွဲ့ (NSAGs) များ၏ အခန်းကဏ္ဍနှင့် အချို့သော အငြင်းပွါးမှုများအား ဖြေရှင်းပေးရာတွင် ၄င်းတို့အား ဒေသခံပြည်သူများက မည်သို့ရှုမြင်သည်ဟူသော အချက် ဖြစ်ပါသည်။ ဖြစ်ရပ်တစ်ခုတွင် NSAGs တစ်ဖွဲ့၏ အဖွဲ့ဝင်များနှင့် ပုဂ္ဂိုလ်ရေးခင်မင်မှုများကို အသုံးပြု၍ ပြန်မဆပ်သေးသော အကြွေးများကို ပြန်ပေးရန် တောင်းခံခြင်း၊ အခြားဖြစ်ရပ် တစ်ခုတွင် သူမ၏ ဆရာက ခေါ်ဆောင်သွားသော မိန်းကလေးငယ်တစ်ဦးကို ရှာဖွေရာတွင် ကူညီပေးခြင်းတို့ဖြင့် မွန်ပြည်နယ်၏ ဒေသအချို့တွင်NSAGs များတည်ရှိနေကြောင်းပေါ်လွင်စေသည့်အချက်များကို တွေ့ရပါသည်။ ယခုလောလောဆယ်တွင် မဖြစ်နိုင်သေးသော်လည်း၊ ဤအစီရင်ခံစာပါတွေ့ရှိချက်များအရ NSAGs များသည် တရားမျှတမှုလက်လှမ်းမီစေရေးအတွက် နည်းလမ်းတစ်ခုအဖြစ် ၄င်းတို့၏ အခန်းကဏ္ဍပိုမိုရရှိလာရန် ရှုမြင်နိုင်ပါသည်။

အောက်တွင်ဆွေးနွေးဖော်ပြထားသော ပုံစံ (၄)မျိုးတို့သည် နိုင်ငံတော်အာဏာပိုင်များက ဤအသွင်ကူးပြောင်းရေးကာလအတွင်း လုပ်ရှားမှုအရွေ့အသစ်များကို ဆောင်ရွက်ခဲ့သည့်အတွက် ဖြစ်ထွန်းပေါ်ပေါက်လာခြင်းဖြစ်ကြောင်း မှတ်ချက်ပြုလိုပါသည်။ ဤတရားမျှတမှု ရှာဖွေရေးနည်းလမ်း(၄)သွယ်သည် ဒေသခံပြည်သူများ

[49]နိုင်ငံတော်သမ္မတရုံး၊မြို့နယ်နှင့်ရပ်ကွက်/ကျေးရွာအုပ်စု ဖွံ့ဖြိုးရေးအထောက်အကူပြုကော်မတီ၏ တာဝန်များ (အမိန့်ကြော်ငြာစာအမှတ် ၂၇/၂၀၁၃၊ ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်)

အမြဲတစေ တရားသေ အသုံးပြုနေသော ပုံစံများ မဟုတ်ကြပါ။ လက်ရှိဖြစ်နေသော အပြောင်းအလဲများ အပေါ် မူတည်ကာ ပေါ်ပေါက်လာသော ပြောင်းလဲတိုးတက်နေမည်ဖြစ်သော ပုံစံများဖြစ်ကြသည်။ တစ်နည်း အားဖြင့် ရပ်ကွက် သို့မဟုတ် ကျေးရွာတစ်ခုတွင် ဤပုံစံ (၄)မျိုး၏ ရှုထောင့်အားလုံး ရှိနိုင်ပါသည်။ ပုံစံ တစ်ခုချင်း စီ၏ နယ်ပယ်များအားသတ်မှတ်ဖော်ထုတ်ခြင်းဖြင့် နိုင်ငံတော်၊ အရပ်ဖက်အဖွဲ့အစည်းများ၊ ဘာသာရေး အဖွဲ့ အစည်းများ၏ အရေးပါမှုကို ပေါ်လွင်ထင်ရှား စေပါ သည်။

## (က-၁) ပထမပုံစံ - နိုင်ငံတော်သို့ တရားမျှတစွာ ဖြေရှင်းပေးရန် တောင်းဆိုခြင်း

သုတေသနအဖွဲ့က သွားရောက်လေ့လာခဲ့သည့် နေရာ (၂၄)နေရာအနက် (၉) နေရာတို့တွင် ဒေသခံပြည်သူများ သည် ၎င်းတို့ရင်ဆိုင်နေရသော တရားမျှတမှုဆိုင်ရာ ပြဿနာများအတွက် နိုင်ငံတော်အာဏာပိုင်များနှင့် အဖွဲ့ အစည်းများကိုသာ လုံးဝနီးပါးအားထားနေရပြီး၊ ကြားဝင်ဆောင်ရွက်ပေးမည့် သို့မဟုတ် ပံ့ပိုးကူညီပေးမည့် တတိယအဖွဲ့အစည်းများကို အားကိုးနိုင်ခြင်း မရှိကြပါ။ ဤအပိုင်းတွင် အာဏာရပါတီ (အာဏာရပါတီမှ လွှတ်တော်ကိုယ်စား လှယ်များကို ပါဝင်သည်ဟု မဆိုလိုပါ။) ၎င်းတို့က အာဏာရပါတီမှ လွှတ်တော်ကိုယ်စားလှယ်များမဟုတ်ကြပါ။ သည် နိုင်ငံတော် အာဏာပိုင်နှင့်တူညီသည်ဟု သဘောထားပါသည်။ ဤပုံစံဖြင့် တရားမျှတမှုရှာဖွေရာတွင် အရပ်ဖက်လူ့အဖွဲ့အစည်းများနှင့် အတိုက်အခံပါတီများ၏ ပါဝင်လှုပ်ရှားမှုကို မတွေ့ရသလောက် ပင်ဖြစ်သည်။ ဤ ဖြေရှင်းပုံ နှင့်ပက်သက်၍ ကြီးမားသော မြေယာပြဿနာ(သို့) မြေယာအငြင်းပွားမှုများကို အမှုတစ်ခုမှ လွဲ၍ မတွေ့ရှိရပါ။

ဤ(၉)နေရာကို အမျိုးအစား(၂)မျိုးခွဲ၍ မြင်နိုင်ပါသည်။ပထမအမျိုးအစား(p1A )တွင် ပြည်သူမနစ်သက်သော အုပ်ချုပ်ရေးမှူးများ အရွေးချယ်ခံထားရသော(သို့မဟုတ်)နှင့် အာဏာရပါတီက လွှမ်းမိုးမှုရှိသောရပ်ကွက်/ ကျေးရွာ(၅)ခုပါဝင်ပါသည်။ ထိုဒေသမှ ပြည်သူများ၏ အဆိုအရ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ USDP သည် အခြေခံအဆောက်အဦး ဖွံ့ဖြိုးတိုးတက်ရေး (လမ်းဖေါက်ပေးခြင်း)၊ တောင်သူလယ်သမားများအား ချေးငွေထောက်ပံ့ပေးခြင်းနှင့် ဒေသဆိုင်ရာ အုပ်ချုပ်ရေးမှူး ရွေးကောက်ပွဲများတွင် ပါဝင်စွက်ဖက်ခြင်း(ထိုသို့ စွပ်စွဲကြသည်။)ဖြင့် လွှမ်းမိုးမှုရှိသည်ဟု သိရသည်။

ဤပထမပုံစံတွင် ပါဝင်သောနေရာများသည် ယေဘုယျ အားဖြင့် ဝေးလံသော ကျေးလက်ဒေသများဖြစ်ပြီး၊ အဓိကအားဖြင့် စီးပွါးရေးအတွက် စိုက်ပျိုးရေးကို မှီခိုနေကြရ ပါသည်။

ဒုတိယအစု (P1B) တွင် မဝေးလံသည်ဟု မဆိုနိုင်သော သဘာဝအားဖြင့် မြို့ပြတစ်ပိုင်းဖြစ်နေသည့် နေရာ (၄)နေရာ ပါဝင်ပါသည်။ ဤအမျိုးအစားအောက်ရှိ နေရာများမှာ စီးပွါးရေးလုပ်ငန်းအသင့်အတင့် ရှိနေသော်လည်း တိုးတက်စည်းကားလွန်းသည်ဟု မဆိုနိုင်ပါ။ ဤဒေသများအတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူး များကို ဒေသခံပြည်သူများအားလုံးက ရွေးချယ်ခဲ့သည့်အတွက် ဒေသခံများ၏ လိုအပ်ချက်များကို ယေဘုယျ အားဖြင့် ဖြည့်ဆည်းပေးနိုင်စွမ်းရှိကြပါ သည်။ လိုအပ်ချက်များကိုဖြည့်ဆည်းပေးသည်ဟု ဆိုရာတွင် အသေးအဖွဲရာဇဝတ်မှုများနှင့် ရန်ဖြစ်မှုများကို ဖြေရှင်းပေးခြင်း၊ ဇနီးမောင်နှံများအကြားတွင်လည်းကောင်း၊ အိမ်နီးချင်းများအကြားတွင် လည်းကောင်း၊ ဒေသခံ များနှင့် ွရွှေ့ပြောင်းလုပ်သားများှားအကြားတွင်ဖြစ်ပွားသော အငြင်းပွားမှုများကို လည်းကောင်းိ ဖြေရှင်းပေးခြင်း၊ အမွေပြဿနာများကို ဖြေရှင်းပေးခြင်း၊ လူကုန်ကူးမှုများတွင် ကြားဝင်စေ့စပ်ပေးခြင်း၊ ကျူးကျော်နေထိုင်သူများ၏ အကျိုးစီးပွါးအတွက် ကိုယ်စားပြု ပေးခြင်း၊ လူသတ်မှုတွင် တရားရုံး၌ သက်သေထွက်ဆိုချက်ပေးခြင်း၊ ဒေသတွင်း အခြေခံအဆောက်အဦးဖွံ့ဖြိုးရေးတွင် ပါဝင်ဆောင်ရွက်ခြင်းစသည်တို့ ပါဝင်ပါသည်။ သို့ဖြစ်၍ ဒေသခံပြည်သူများ နှင့် ၎င်းတို့ရွေးချယ်ထားသည့် အုပ်ချုပ်ရေးမှူးများအကြားတွင်လည်း ကောင်းမွန်သော ဆက်ဆံရေးရှိကြပါသည်။

ဤပုံစံအောက်ရှိ ရပ်ကွက်နှင့်ကျေးရွာများတွင် တွေ့ရသော ရာဇဝတ်မှုကြီးအချို့မှာ ၊ နိုင်ငံတော်တရားရေးအဖွဲ့အစည်းများက တိုက်ရိုက်ကိုင်တွယ်ကြားနာသည့် လူသေမှု၊ မူးယစ်ဆေးဝါးသုံးစွဲခြင်းနှင့် လက်ဂယ်ထားရှိခြင်း၊ ရဲအရာရှိအားသတ်သည်ဟု သံသယရှိသူတစ်ဦးကို ဂရမ်းမပါဘဲ ဖမ်းဆီးရန် ကြိုးစားမှု၊ ယာဉ်မတော်တဆမှုများ (လူသေသည့်အမှုများအပါအဝင်) စသည်တို့ ပါဝင်ပါသည်။ သေးငယ်သော ရာဇဝတ်မှု များလည်း ဖြစ်ပွါးကြရာ အထူးသဖြင့် ပထမအစု(P1A) ရှိနေရာများတွင် တွေ့ရှိရပြီး၊ ရာဇဝတ်မှုဆိုင်ရာ တရားရေး စနစ်ဖြင့် ဖြေရှင်းခဲ့ကြပါသည်။ ထိုအမှုသေးများတွင် ခိုးမှု (Box -၁၄ ကိုကြည့်ပါ)၊ ဆဲမှုနှင့် အများပြည်သူ နှောင့်ယှက်မှုတို့ ပါဝင်ပါသည်။

**Box – (၁၄)**

တစ်နေ့ မနက်အစောပိုင်းမှာ ကျွန်တော့်နွားတစ်ကောင် အခိုးခံလိုက်ရတယ်။ ငါးရက်လောက်ကြာပြီးတော့၊ နောက်တစ်ကောင် ထပ်အခိုးခံရပြန်တယ်။ ကျွန်တော်တစ်ဆင့်စကားတစ်ဆင့်နားနဲ့ကြားတာတော့ ဘေးနားရွာက လူတစ်ယောက်လဲ ကျွန်တော့်လိုဘဲ အခိုးခံရတယ်လို့ သိရတယ်။ ဒါနဲ့ ကျွန်တော်တို့နှစ်ယောက်ပေါင်းပြီး သူခိုးကို လိုက်ရှာကြတယ်။ ကျွန်တော်တို့ သူခိုးဖမ်းလို့မိတော့ ရဲကို အပ်လိုက်တယ်။

ရဲက အမှုဖွင့်ပြီးတော့ နွားတွေကို သက်သေအဖြစ် သိမ်းထားတယ်။ သူတို့က ကျွန်တော်တို့ဆီက နွားတစ်ကောင်ကို တစ်သိန်းနှုန်းနဲ့ ငွေတောင်းတယ်။ ကျွန်တော်တို့ ဒီသူခိုးကိုမိဖို့ ကိုယ့်ပိုက်ဆံနဲ့ ကိုယ်လိုက်ရှာတာ တစ်သိန်းခွဲလောက်ကုန်ပြီးပြီ။ ရဲတွေက ကျွန်တော်တို့ကို `ဒီနွားတွေကို ပြန်မလွှတ်တော့ဘူး။ ရဲစခန်းမှူးနဲ့ မြို့နယ်ရဲမှူးဆီလဲ သွားဖို့ လိုသေးတယ်´လို့ပြောကြတယ်။ ပြီးတော့ ကျွန်တော်တို့ဆီက ငွေမရမချင်းနွားတွေကို အခန်းထဲမှာထည့်ထားတယ်။ နောက်တော့ ကျွန်တော်တို့ တစ်ယောက်ကို ၅၀၀၀၀ စီပေးဖို့တောင်းတယ်။ ထပ်ပြီး တစ်ခြားတစ်ယောက်ဆီက ၃၀၀၀၀ တောင်းတယ်ကြားတယ်။ ဒါက ဒီခေတ်မှာ ရဲတွေ ဘယ်လိုလာဘ်စားတယ် ဆိုတာကို ပြောပြတာ။ ဒါကြောင့်လဲ ကျွန်တော်တို့က သူတို့ဆီ အရင်မသွားတာ။ ကျွန်တော် ကိုယ့်အားကိုယ်ကိုးနဲ့ ငွေရှာဖို့ ကြိုးစားခဲ့တယ်။ နောက်ဆုံးတော့ ကျွန်တော် ပိုက်ဆံပေးလိုက်တော့မှဘဲ နွားတွေကို ပြန်ပေးတယ်။

အဲဒါမတိုင်ခင်ကလည်း၊ တရားသူကြီးက ကျွန်တော်နွားတွေကို တကယ်ပိုင်တာဟုတ်မဟုတ်ကို စစ်ဆေးဖို့ လုပ်ထုံးလုပ်နည်းတွေလုပ် သေးတယ်။ တရားရုံးမှာ ၁၁ ရက်ကြာခဲ့တယ်။ သူခိုးကို ထောင်ဒဏ် တစ်နှစ်ခွဲချလိုက်တယ်။ ကျွန်တော်တို့ ဒီသူခိုးကို ရှာဖို့ သုံးလလောက် အချိန်ကုန်သွားတယ်။ သူခိုးဆီက ကျွန်တော်တို့ နွားတွေဂယ်ထားတဲ့ လူကတော့ ဒီအမှုထဲမှာ မပါတော့ဘူး။ သူကရဲတွေနဲ့ ညှိလိုက်တယ်။ နောက်ဆုံးချုပ်လိုက်တော့ ကျွန်တော် ငွေနှစ်သိန်းလောက်ကုန်သွားတယ်။ အလုပ်တွေလည်း ပျက်သွားတယ်။

## (က-၂) ဒုတိယပုံစံ - အသစ်ထွက်ပေါ်လာသော အရပ်ဖက်၊ လူမှုရေးနှင့် နိုင်ငံရေးဦးဆောင်မှု

ဒုတိယပုံစံသည် နေရာ (၂၄)နေရာအနက် (၁၀)နေရာတွင် တွေ့ရှိရပြီး၊ အထူးသဖြင့်လူဦးရေအခြေအနေ၊ ယဉ်ကျေးမှုနှင့် လူမှုစီးပွါးရေးစုံလင်သော မြို့ပြရှိ ရပ်ကွက်များ၌ သိသာစွာပါဝင်နေ ပါသည်။ ဤပုံစံကို အသစ်ထွက်ပေါ်နေသော လူမှုရေး၊ အရပ်ဖက်နှင့် နိုင်ငံရေးအဖွဲ့အစည်းများ၏ လှုပ်ရှားမှုများဖြင့် ဖော်ပြနိုင်သည်။ ဤသို့ အသစ် ထွက်ပေါ်လာနေသော အင်အားစုများသည် နိုင်ငံတော်၏ လုပ်ပိုင်ခွင့်မှုပိုင်ကို ပျက်ပြားသွားစေမည် မဟုတ်ဘဲ တရားမျှတမှုရှာဖွေရာတွင် ပြည်သူများ အသုံးပြုလာသည့် အခြားရွေးချယ်စရာ နည်းတစ်ခု(သို့မဟုတ်) ပူးတွဲ အသုံးပြုသည့်နည်းလမ်းတစ်ခု အနေဖြင့် သာ ရှိလိမ့်မည်ဖြစ်သည်။ ဤနေရာများတွင် အရပ်ဖက်လူမှု အဖွဲ့အစည်းများက တိုင်ကြားမှုများကို ပံ့ပိုးကူညီပေးခြင်း၊ တစ်ဦးချင်းနှင့် အစုအဖွဲ့များ၏ အကျိုးစီးပွါးများအတွက် အားပေးထောက်ခံ ပေးခြင်းတို့ဖြင့် အရေးကြီးသော အခန်းကဏ္ဍများတွင် ပါဝင်ဆောင်ရွက်နေကြပါသည်။

အထူးသဖြင့် လူကုန်ကူးမှု နှင့် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများတွင် ပါဝင်နေသော ကလေးသူငယ်များအား ကာကွယ်စောင့်ရှောက်ရေးတွင် ပါဝင်ဆောင်ရွက်ခဲ့ပါသည်။ (ဥပမာအတွက် Box -၁၅ ကိုကြည့်ပါ။)

**Box – (၁၅)**

၂၀၁၃ ခုနှစ်၊ ဩဂုတ်လတွင် ၂၈ နှစ်အရွယ်အမျိုးသားတစ်ဦးက ၁၀ နှစ်အရွယ်ရှိ မယားပါသမီးကို၊ သူမ၏ မိခင်အိမ်တွင် မရှိခိုက် အဓမ္မပြုကျင့်ရန်ကြိုးစားခဲ့ပါသည်။ အိမ်နီးချင်းများက အိပ်ရာပေါ်ရှိ ခြင်ထောင်ထဲတွင် သူ၏ လုပ်ရပ်ကို ပက်ပင်းမိခဲ့ပြီး၊ နယ်မြေအတွင်းရှိ ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးအဖွဲ့သို့ အကြောင်းကြားခဲ့ပါသည်။

ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးအဖွဲ့နှင့် ဒေသခံအုပ်ချုပ်ရေးမှူးက မြို့နယ်ရဲစခန်းတွင် ထိုပထွေးကို အမှုဖွင့်ခဲ့ပါသည်။ သို့ရာတွင် မိခင်ဖြစ်သူက ထိုဖြစ်ရပ်ကို ငြင်းဆိုခဲ့ပြီး၊ သူမ၏ ယောက်ျားသည် သူမ၏ သမီးအား လိင်ပိုင်းဆိုင်ရာစော်ကားမည့် လူမျိုးမဟုတ်ကြောင်း စောဒကတက်ခဲ့ပါသည်။ ရဲတပ်ဖွဲ့ကလည်း မိခင်နှင့် ကလေးဖြစ်သူတို့၏ ဆက်သွယ်ချက်ကို အတည်ပြုပြီးနောက် အမှုမဖွင့်ဘဲထားခဲ့ပါသည်။

ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးအဖွဲ့ဝင်တစ်ဦးက ထိုဒေသရှိ ဒေသခံပြည်သူအခြေပြုအဖွဲ့အစည်း (CBO) တစ်ခုကို ချဉ်းကပ်၍ အကူအညီတောင်းခံခဲ့ပါသည်။ အဖြစ်အပျက်များကို နားထောင်ပြီးနောက်တွင် CBO အဖွဲ့ဝင်များက ထိုမိန်းကလေးငယ်အား ဆေးစစ်ရန် စီစဉ်ခဲ့ပြီး၊ မိန်းကလေးငယ်၏ မိခင်ဖြစ်သူအားလည်း အကျိုးသင့်အကြောင်းသင့် ရှင်းပြရန် ကြိုးစားခဲ့ကြပါသည်။ CBO အဖွဲ့ဝင်တစ်ဦးက အောက်ပါအတိုင်းရှင်းပြခဲ့ပါသည် -

> မိခင်ဖြစ်တဲ့သူက သူ့သမီးကို ဂရုမစိုက်နိုင်တော့ဘူး။ သူကလည်း သူ့ယောက်ျားဆီက စားဖို့သောက်ဖို့ ငွေမပေးတော့မှာကို ကြောက်နေတာ။

မိခင်ဖြစ်သူက အခြေအနေကို တစ်ဖြည်းဖြည်းနားလည်လာပြီး၊ အမှုအတွက် တရားလိုဖြစ်လာခဲ့ပါသည်။ ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးအဖွဲ့အစည်းက ထိုအမှုနှင့်ပတ်သက်သည့် ကုန်ကျစရိတ်များအားလုံးကို ကျခံကူညီပေးခဲ့ပါသည်။ ထိုအမှုကို ခရိုင်တရားရုံးသို့ လွှဲပြောင်းပေးခဲ့ပြီး၊ ပထွေးဖြစ်သူအား ထောင်ဒဏ် နှစ် (၂၀) ချမှတ်ခဲ့ပါသည်။ CBO အဖွဲ့ဝင်နောက်တစ်ဦးက အောက်ပါအတိုင်း ပြောကြားခဲ့ပါသည် -

> ကျွန်တော်တို့ တရားရုံးကို (၁၀) ခေါက်လောက်သွားလိုက်ရတယ်။ ကျွန်တော်ထင်တယ် ဒါက တရားမျှတမှုဘဲ။

နိုင်ငံရေးပါတီများသည်လည်း မြေယာဆိုင်ရာပြဿနာများနှင့်ပတ်သက်၍ အလားတူ အခန်းကဏ္ဍများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြပါသည်။ ယခင်က အာဏာရှင်ဆန်ဆန်မြေသိမ်းခြင်းကို ခံခဲ့ရသည့် လယ်သမားများ၊ ကျေးရွာပိုင်မြေကို ကျူးကျော်သိမ်းယူခံရသည့် ဒေသခံအစုအဖွဲ့များ၏ကိုယ်စား ထောက်ခံအားပေးပြီး၊ ထိုသူများ၏ တောင်းဆိုချက်များကို ပံ့ပိုးကူညီပေးခဲ့ကြပါသည်။ ဥပမာတစ်ခုတွင် နိုင်ငံရေးပါတီတစ်ခုက အငြင်းပွါးနေသော အဖွဲ့များအကြားတွင် ငွေကြေးဆိုင်ရာ ဆုံးဖြတ်ချက်တစ်ခုအတွက် ဆွေးနွေးညှိနှိုင်းပေးခဲ့ပါသည်။ နောက်ထပ် ဥပမာတစ်ခုတွင် နိုင်ငံရေးပါတီတစ်ခုသည် မြေသိမ်းခံရခြင်းကြောင့် ထိခိုက်ခံရသည့် လယ်သမားများနှင့် အစိုးရအာဏာပိုင်များအကြားတွင် ပေါင်းကူးတံတားအဖြစ် ဆောင်ရွက်ပေးခဲ့ပြီး၊ လယ်သမားများ၏ မြေယာဆိုင်ရာအခွင့်အရေးများကို ထိန်းသိမ်းပေးနိုင်ခဲ့ပါသည်။ အခြားသော ဥပမာများတွင် နိုင်ငံရေးပါတီများသည် ထိခိုက်ခံရသော အုပ်စုများ၏ တိုင်တန်းမှုများကို ဖော်ထုတ်ဖြေရှင်းပေးရေးနှင့် အစိုးရကို စောင့်ကြည့်ထိန်းညှိနိုင်ရေးအတွက်

နည်းလမ်းတစ်ခုအနေဖြင့် ပြည်နယ်/တိုင်းဒေသကြီးနှင့် ပြည်ထောင်စုအဆင့် လွှတ်တော်များတွင် ၎င်းတို့၏ အဆက်အသွယ်များချိတ်ဆက်ထားနိုင်ခဲ့ကြပါသည်။

ဤဒုတိယပုံစံတွင် ပါဝင်သည့် နေရာ (၁၀) နေရာလုံးတွင် ဒေသခံများအနေဖြင့် ၎င်းတို့ဆန္ဒရှိသော ၊ ၊ ဉသူကို အုပ်ချုပ်ရေးမှူးအဖြစ် ရွေးချယ်နိုင်စွမ်းရှိခဲ့ပြီး၊ အုပ်ချုပ်ရေးမှူးများ၏ ယေဘုယျလုပ်ဆောင်ချက်များနှင့် ပတ်သက်၍ အရည်အသွေးအားဖြင့် Qualitative နည်းလမ်းအရ ႏှိုင်းယှဥ်၍ ဖော်ပြမှုပြုလုပ်နိုင်ခဲ့ပါသည်။ ဤဒုတိယပုံစံ အတွင်းရှိ နေရာများအနက် (၁၀ နေရာအနက် ၆ နေရာ) သုံးပုံနှစ်ပုံခန့် (P2A) တွင် ဒေသခံများက ၎င်းတို့ ရပ်ကွက်/ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများသည် ကျော်ကြားပြီး၊ လူကြိုက်များကာ ဒေသခံအစုအဖွဲ့များ၏ ယုံကြည်မှုခံ ရကြောင်း ပြောကြားခဲ့ပါသည်။ ဒေသတွင်း နေရာများရှိ ဦးစားပေးပြဿနာအချို့၏ သဘာဝအရ (ဥပမာ - မြေယာ အငြင်းပွါးမှုများ၊ ဖွံ့ဖြိုးရေးအတွက် ရေမြောင်းများတည်ဆောက်ခြင်းစသည်ဖြင့်) ဒေသန္တရအုပ် ချုပ်ရေးမှူးများသည် ဒေသခံအစုအဖွဲ့များ၏ အကျိုးစီးပွါးအတွက် အခြားသော actors များနှင့် လက်တွေ့တွင် ပူးပေါင်းဆောင် ရွက်ခဲ့ရသည်။ ထိုသို့သော ပူးပေါင်းဆောင်ရွက်မှု၊ ပူးတွဲဆောင်ရွက်မှုများကြောင့်လည်း အပြန် အလှန် အဖင့် အုပ်ချုပ်ရေးမှူးများ၏ အခန်းကဏ္ဍများနှင့် အနေအထားတို့ကို တိုးတက်စေပါသည်။ ဤအုပ်စုခွဲ (P2A) ရှိ ဒေသတစ်ခုမှ ဘုန်းတော်ကြီးတစ်ပါးက၊ အသစ်ထွက်ပေါ်လာသော အရပ်ဖက်၊ လူမှုရေးနှင့် နိုင်ငံရေး ဦးဆောင်မှုများ၏ အခန်းကဏ္ဍကို အကောင်းဘက်မှ ပြောကြားခဲ့ပါသည်။

> အရပ်ဖက်လူမှုအဖွဲ့အစည်းတွေ ပါဝင်ဆောင်ရွက်လာကြတော့ ဥပဒေတို့၊ တရားမျှတမှုတို့က လူနေမှုဘဝ ထဲကို ရောက်လာတာပေါ့။

ဒုတိယပုံစံအတွင်းရှိ နေရာများအနက် ကျန် သုံးပုံတစ်ပုံ (P2B) တွင်မူ၊ ၂၀၁၂ ခုနှစ် ဒေသန္တရရွေးကောက်ပွဲများ သည် ဒေသခံပြည်သူများ မျှော်လင့်ထားသကဲ့သို့ ထိရောက်၍ ယှဉ်ပြိုင်နိုင်စွမ်းရှိသော အုပ်ချုပ်ရေးမှူးများကို မမွေးထုတ်ပေးနိုင်ခဲ့ပါ။ သို့ဖြစ်၍ ရပ်ကွက်နှင့်ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများအပေါ် ယုံကြည်လောက်စရာ၊ အားကိုးလောက်စရာဟု ဒေသခံများက ရှုမြင်ခြင်းမရှိတော့ပါ။ ထိုအချက်သည် အသစ်ပေါ်ထွက်လာသော အခြားသော လူမှုရေး၊ အရပ်ဖက်နှင့် နိုင်ငံရေးဦးဆောင်မှု များအတွက် ပိုမိုကောင်းမွန်သော အခွင့်အလမ်းများဖြစ်စေပါသည်။

**(က -၃) တတိယပုံစံ - ဘာသာရေးခေါင်းဆောင်များမှတစ်ဆင့် တရားမျှတစွာဖြေရှင်းပေးရန် တောင်းဆိုခြင်း**

ဤတတိယပုံစံတွင် အစိုးရဖွဲ့စည်းတည်ဆောက်ပုံများနှင့် အသစ်ထွက်ပေါ်လာသော လူမှုရေး၊ နိုင်ငံရေး ဦးဆောင် မှုများအပြင် ဘာသာရေးအာဏာပိုင်များသည်လည်း တရားမျှတမှုဆိုင်ရာ ပြဿနာများကို ဖော်ထုတ်ဖြေရှင်းရာ တွင် အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်နေကြပါသည်။ ဤတတိယပုံစံကို မွတ်ဆလင် အများစုနေထိုင်သော အထူးသဖြင့် မြို့ပြဇာတိုပြင်ပရှိ မွတ်ဆလင်အများစုနေထိုင်သော ရပ်ကွက်နှင့်ကျေးရွာများ တွင် တွေ့ရသည်။

မွတ်ဆလင်တစ်ဦးဖြစ်သည့် သုတေသနပူးပေါင်းပါဝင်သူတစ်ဦးကဘာသာရေးအလေ့အထများနှင့် ပတ်သက်၍ ထင်ရှားသော ဂိုဏ်းနှစ်မျိုး ရှိကြောင်း ရှင်းပြခဲ့ပါသည်။ ပထမအမျိုးအစားဖြစ်သည့် အစ္စလာမ်မစ် ကောင်စီ (Islamic Council)သည် မြန်မာနိုင်ငံ၏ ယဉ်ကျေးမှုသို့ ပိုမိုစိမ့်ဝင်နေပြီး၊ ဘာသာရေးစည်းမျဉ်းများနှင့်ပတ်သက်၍ ပွင့်လင်းပျော့ပျောင်းသောသဘောထားရှိသည်ဟု ရှုမြင်နိုင်ပါသည်။ ဒုတိယအမျိုးအစားဖြစ်သည့် Ulama သည် ပိုမိုတင်းကျပ်ပြီး၊ နောက်လိုက်များအား မုတ်ဆိတ်မွေးများ အရှည် ထားခိုင်းခြင်း၊ ဂတ်ရှံရှည်များဂတ်ဆင်ခြင်းတို့ကို အားပေးကြောင်း ပြောကြားခဲ့ပါသည်။

အစ္စလာမ်ခေါင်းဆောင်များသည် ပုဂ္ဂိုလ်ရေး၊ မိသားစုနှင့် ဘာသာရေးကိစ္စရပ်များတွင် လုပ်ပိုင်ခွင့်အာဏာ ကျင့်သုံး ကြပါသည်။ ဤနေရာများအနက် တစ်နေရာရှိ အမျိုးသမီးရေးရာအဖွဲ့ချုပ် ကိုယ်စားလှယ်တစ်ဦး၏အဆိုအရ ပုံမှန်အားဖြင့် စုံတွဲများကို ဘာသာရေးအာဏာပိုင်များက လက်ထပ်ပေးကြကြောင်းသိရသည်။သို့ရာတွင်

ခိုးရာလိုက်ပြေးသည့် စုံတွဲများသာ ရုံးတွင် စာချုပ်လက်မှတ်ရေးထိုးခြင်းဖြင့် လက်ထက်ကြကြောင်း သိရသည်။ဘာသာရေးခေါင်းဆောင်၏ လုပ်ပိုင်ခွင့်တွင် ယေဘုယျအားဖြင့် (အမြဲတမ်းလိုက်နာဆောင်ရွက်ရသည့် ကိစ္စရပ်မဟုတ်သော်လည်း) မွတ်ဆလင် ဇနီးမောင်နှံများအား ကွာရှင်းပေးရန် ဆုံးဖြတ်ပေးခြင်းလည်း ပါဝင်ပါသည်။ (Box - ၁၆ ကိုကြည့်ပါ။)

**Box – (၁၆)**

နေရာတစ်နေရာတွင် အမျိုးသမီးတစ်ဦးသည် မိသားစုအတွက် အလုပ်လုပ်ပေးနေသော အခြားအမျိုးသားတစ်ဦးနှင့် ဖောက်ပြန်နေကြောင်း သူမ၏ ခင်ပွန်းက တွေ့ရှိခဲ့ပါသည်။

တစ်ညတွင် ယောကျ်ားဖြစ်သူက ဇနီးအား ရိုက်နက်ပြီး၊ ခေါင်းအုံးဖြင့် ဖိသတ်ရန်ကြိုးစားခဲ့ပါသည်။ ဇနီးသည်က အလွန်ကြောက်လန့်သွားပြီး၊ သူမ၏ မိဘများနှင့် အိမ်နီးချင်းများအား ထိုဖြစ်ရပ်ကို ပြောကြားခဲ့ပါသည်။ နောက်ပိုင်းတွင် အုပ်ချုပ်ရေးမှူးအားတိုင်ကြားခဲ့ရာ၊ ထိုဇနီးမောင်နှံကို ရုံးသို့ခေါ်၍ အဖြစ်အပျက်များကို မေးမြန်းခဲ့ပါသည်။ ရပ်ကွက်အုပ်ချုပ်ရေးမှူးကလည်း ထိုဇနီးမောင်နှံကို အစ္စလာမ်ဘာသာရေးလုပ်ထုံးလုပ်နည်းများနှင့်အညီ ကွာရှင်းနိုင်ရန်အတွက် ဘာသာရေးခေါင်းဆောင် (မော်လဂီ)ထံသို့ သွားရန် အကြံပြုချက်ပေးခဲ့ပါသည်။

ထိုဖြစ်ရပ်ကို မော်လဂီဆရာထံသို့ အစီရင်ခံသောအခါ ထိုဇနီးမောင်နှံသည် ချက်ချင်းကွာရှင်း၍ မရကြောင်းနှင့် လက်ထပ်ထားမှုကို ဖျက်သိမ်းရန် ဖြစ်နိုင်ခြင်းရှိမရှိကို သုံးလစောင့်ရမည်ဖြစ်ကြောင်း အကြံပေးခဲ့ပါသည်။ သုံးလကြာပြီးနောက် ကွာရှင်းလိုပါက ဘာသာရေးခေါင်းဆောင်က ထိုကွာရှင်းမှုကို ခွင့်ပြုပေးပါသည်။

အမျိုးသမီးက သူမ၏ အသက်အန္တရာယ်အတွက် ဆက်လက်စိုးရိမ်ခဲ့ပြီး၊ သူမ၏ ဇာတိအိမ်ရှိရာ ဒေသ၏ အုပ်ချုပ်ရေးမှူးထံသို့လည်း တိုင်ကြားခဲ့ပါသည်။ ထိုအုပ်ချုပ်ရေးမှူးက မြို့နယ်တရားရုံးတွင် သွားရောက်ကွာရှင်းရန် အကြံပြုခဲ့ပြီး၊ တရားရုံးကလည်း ကွာရှင်းမှုကို ခွင့်ပြုပေးခဲ့ပါသည်။

ဘာသာရေးနှင့်မသက်ဆိုင်သော ကိစ္စရပ်များတွင်မူ မြို့ပြဒေသများအတွင်းတည်ရှိသော ရပ်ကွက်၊ ကျေးရွာများနှင့် ဆက်သွယ်ရေးခက်ခဲ၍ ကျေးလက်မြို့နယ်များတွင် တည်ရှိသော ရပ်ကွက်၊ ကျေးရွာများဟူ၍ ခွဲခြားဆောင်ရွက်ပါသည်။ ဆက်သွယ်ရေးခက်ခဲသော နေရာများတွင် နေထိုင်ကြသည့် မွတ်ဆလင်များသည် ဘာသာရေးနှင့် မသက်ဆိုင်သော ကိစ္စရပ်များ (ဧည့်စာရင်းတိုင်ခြင်း၊ အိမ်ထောင်စုစာရင်းထုတ်ယူခြင်း၊ တရားရုံးအမှုများ တွင် သက်သေထွက်ဆိုခြင်းတို့အပါအဝင်) အတွက် ဆယ်အိမ်မှူးများ၊ ရာအိမ်မှူးများအပါအဝင် ၎င်းတို့၏ ကိုယ်ပိုင် ခေါင်းဆောင်များ (အခြားမွတ်ဆလင်များ) ကိုသာ ချဉ်းကပ်ကြပါသည်။ မြို့ပြဒေသများအတွင်းတည်ရှိသော ရပ်ကွက်၊ ကျေးရွာများတွင် နေထိုင်ကြသော မူဆလင်များမှာမူ ဒေသတွင်းအုပ်ချုပ်ရေးမှူးများနှင့် နိုင်ငံရေး ပါတီများကို ချဉ်းကပ်ကြပါသည်။

## (က-၄) စတုတ္ထပုံစံ - ကိုယ့်အားကိုယ်ကိုးနည်းလမ်းဖြင့်အဖြေရှာခြင်း း

စတုတ္ထပုံစံတွင် မြို့ပြရှိ ရပ်ကွက်အနည်းငယ်တွင်သာတွေ့ရပါသည်။ ထိုနေရာများတွင် သုတေသနအဖွဲ့သည် အဓိက အားဖြင့် ကိုယ်ပိုင်မြေနှင့်ပတ်သက်သည့် အငြင်းပွါးမှုများ၊ ချေးငွေနှင့် အကြွေး ပြဿနာများအကြောင်းကို လေ့လာ ခဲ့ရပါသည်။ ဤနေရာများတွင် နေထိုင်သူများသည် ပြဿနာများကို မိမိဘာသာဖြေရှင်းလေ့ရှိပြီး၊ အစိုးရအာဏာ ပိုင်များကို မတတ်သာမှသာ အားကိုးပြုကြပါသည်။

## (ခ) လွှတ်တော်ကိုယ်စားလှယ်များနှင့် နိုင်ငံရေးပါတီများ၏ အခန်းကဏ္ဍ

မြေပုံရေးဆွဲခြင်းသုတေသနလုပ်ငန်း၏ အစိတ်အပိုင်းတစ်ခုအဖြစ် သုတေသနအဖွဲ့သည် လွှတ်တော်ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များနှင့် တွေ့ဆုံပြီး၊ အဖွဲ့ဝင်များ၏ တရားမျှတမှုဆိုင်ရာ ပြဿနာများကို ဖော်ထုတ်ဖြေရှင်းရာတွင် ၎င်းတို့၏ ကိုယ်ပိုင်အခန်းကဏ္ဍများကို မည်သို့ရှုမြင်ကြသည်ကို မေးမြန်းခဲ့ပါသည်။ ဤအပိုင်းတွင် လွှတ်တော်ကိုယ်စားလှယ်များနှင့်နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၏ အခန်းကဏ္ဍကို ဦးတည်ထားပြီး၊ အခန်း (၄) (က) ၏ ဒုတိယပုံစံတွင် ဖော်ပြထားသည့် တွေ့ရှိချက်များကို အသေးစိတ်ထပ်မံတင်ပြထားပါသည်။

ယေဘုယျအဆင့်တစ်ခုအနေဖြင့် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များနှင့် လွှတ်တော်ကိုယ်စားလှယ်များက သူတို့ကိုယ်သူတို့ အများပြည်သူများ၏ ပြဿနာအများအပြားကို လက်ခံပေးနေရသူများအဖြစ် ဖော်ပြကြပါသည်။ ယင်းပြဿနာများတွင် မြေယာပဋိပက္ခများ၊ လူမှုစီးပွါးရေးဖွံ့ဖြိုးတိုးတက်မှုအတွက် လက်မှတ်ရေးထိုး တောင်းဆိုချက်များ၊ မူးယစ်ဆေးဝါးမှုများ၊ ဒေသန္တရအာဏာပိုင်များ၏ အဂတိလိုက်စားမှုကို တိုင်ကြားသည့် ကိစ္စများ၊ ပုဂ္ဂိုလ်ရေးနှင့် အကျိုးစီးပွါးတို့ကို အကျိုးသက်ရောက်စေသည့် တိုင်ကြားချက်များ (စီးပွါးရေးပြဿနာများ၊ အမျိုးသမီးများနှင့် ကလေးသူငယ်များတစ်ဦးချင်းကို ကာကွယ်ပေးခြင်း၊ အကြွေး၊ ကွာရှင်းခြင်းနှင့် အမွေဆက်ခံခြင်းဆိုင်ရာ အငြင်းပွါးမှုများ) ပါဝင်ပါသည်။ တိုင်ကြားချက်များကို လက်ခံရရှိ၍ လူများ၏ ပြဿနာများကို ကြားနာပြီးနောက်၊ ထိုပြဿနာများကို ဖော်ထုတ်ဖြေရှင်းခြင်းအတွက် အငြင်းပွါးနေသော အဖွဲ့များအကြားတွင် ပေါင်းကူးအဖြစ် ဆောင်ရွက်ပေးခြင်း၊ သို့မဟုတ် အစိုးရ အဖွဲ့အစည်းများနှင့် ချိတ်ဆက်ပေးခြင်း သို့မဟုတ် အကူအညီအတွက် အခြားရင်းမြစ်များကို ရှာဖွေခြင်းတို့ကို ဆောင်ရွက်ရကြောင်း လွှတ်တော်ကိုယ်စားလှယ်များနှင့် နိုင်ငံရေးပါတီကိုယ်စားလှယ်များက ဖော်ပြခဲ့ကြပါသည်။ ထိုသို့ ပေါင်းကူးပေးခြင်းနှင့် ချိတ်ဆက်ပေးခြင်း အခန်းကဏ္ဍတွင် ပုံမှန်အားဖြင့် နောက်ဆက်တွဲလုပ်ငန်းများစွာကို ဆက်လက်ဆောင်ရွက်ရပါသည်။ ယင်းတို့တွင် (၁) အကြံပေးခြင်း (၂) အစိုးရအဖွဲ့အစည်းများ၊ အရာရှိများနှင့် ပြန်ကြားဆက်သွယ်ခြင်း (၃) နစ်နာသူများအား အကြံပေးနိုင်မည့်၊ကူညီပေးနိုင်သူများနှင့် ချိတ်ဆက်ပေးခြင်း (၄) စေ့စပ်ညှိနှိုင်းပေးခြင်းစသည်တို့ ပါဝင်ပါသည်။

သို့ရာတွင် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ၎င်းတို့၏ ဥပဒေပြုမှုအခန်းကဏ္ဍအရ ၎င်းတို့မဲဆန္ဒနယ်မြေအတွင်းရှိ ဦးစားပေးလိုအပ်ချက်များကို ဖြေရှင်းရာတွင်လည်း ပါဝင်ဆောင်ရွက်ကြရပါသည်။ အခြားတစ်ဖက်တွင်မ နိုင်ငံရေးပါတီများအနေဖြင့် ၎င်းတို့၏ မဲဆန္ဒရှင်များအတွက်လိုအပ်သည် သို့မဟုတ် အရေးကြီးသည်ဟု ယူဆသော စီမံကိန်းများကို အကောင်အထည်ဖော်ရန်လွတ်လပ်စွာ ဆောင်ရွက်နိုင်စွမ်းနှင့် ရင်းမြစ်များကို အသုံးချနိုင်စွမ်းရှိကြပါသည်။ အောက်ပါ ပထမအပိုင်းငယ်တွင် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များနှင့် လွှတ်တော်ကိုယ်စားလှယ်များက ၎င်းတို့ထံသို့ ဖော်ပြလာသော ပြဿနာများကို ဖြေရှင်းသည့် နည်းလမ်းအမျိုးမျိုးတို့ကို အသေးစိတ်တင်ပြ ထားပါသည်။ ဒုတိယအပိုင်းငယ်တွင် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များနှင့် လွှတ်တော်ကိုယ်စားလှယ်များ၏ လွှတ်တော်တွင်းဥပဒေပြုရာတွင် ပါဝင်သည့် အခန်းကဏ္ဍများကို စူးစမ်းဖော်ပြထားပြီး၊ ဆက်လက်၍ နိုင်ငံရေးပါတီများမှ ပုဂ္ဂိုလ်များနှင့် လွှတ်တော်ကိုယ်စားလှယ်များမှ ၎င်းတို့နိုင်ငံရေးပါတီ ပက်သက်မှုအပေါ် မည်သို့ရှုမြင်သည်ကို သုံးသပ်တင်ပြထားပါသည်။

### (ခ-၁) ချိတ်ဆက်ပေးခြင်းနှင့် ပေါင်းကူးပေးခြင်း

ဒေသတစ်ခုတွင် တက်ကြွစွာလှုပ်ရှားသော နိုင်ငံရေးပါတီအများစုတို့တွင် မြို့နယ် ရုံးများ သို့မဟုတ် ရုံးခွဲများရှိကြပြီး၊ တစ်ခါတစ်ရံတွင် ကိုယ်စားပြုမှုကို ကျေးရွာအဆင့်အထိ တိုးချဲ့ထားကြပါသည်။ ပါတီဝင်များသည် ဒေသခံများဖြစ်ကြပြီး၊ ရပ်ရွာနေပြည်သူများကလည်း ၎င်းတို့ကို သိကြပါသည် ထို့ကြောင့် ပါတီများထံမှ သို့မဟုတ် ပါတီကိုယ်စားလှယ်များထံမှ အကူအညီတောင်းခံလိုသူများသည် ၎င်းတို့ထံ တိုက်ရိုက်ချဉ်းကပ်နိုင်စွမ်း

ရှိကြပါသည်။ မိမိတို့ ဒေသအတွင်းမှ ရွေးချယ်လိုက်သော လွှတ်တော်ကိုယ်စားလှယ်နှင့် ထိတွေ့လိုသူ နိုင်ငံသားများကလည်း ထိုကိုယ်စားလှယ်က သွားရောက်တွဲဖက်ရုံးထိုင်နေသည့် နိုင်ငံရေးပါတီများသို့ တစ်ခါတစ်ရံ ချဉ်းကပ်တတ်ကြပါသည်။ အခြားအချိန်များတွင်မူ လွှတ်တော်ကိုယ်စားလှယ်များသည် တိုင်ကြားချက်စာများကို လက်ခံခြင်း သို့မဟုတ် အပြန်အလှန်ဆက်သွယ်မှုမှတစ်ဆင့် အကူအညီတောင်းခံလိုသူများအား မိတ်ဆက်ပေးခြင်း တို့ကို ဆောင်ရွက်ကြပါသည်။

ပြည်သူများ၏ ပြဿနာများအား ထုတ်ဖော်ဖြေရှင်းရန် ကြိုးစားမှုတစ်ခုအဖြစ်၊ နိုင်ငံရေးပါတီ actors များနှင့် လွှတ်တော်ကိုယ်စားလှယ်များသည် ၎င်းတို့ထံ လာရောက်၍ လိုအပ်ချက်များနှင့် ပြဿနာများအကြောင်း တိုင်ကြားကြသူများအား ဥပဒေနှင့် အုပ်ချုပ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်ပတ်သက်၍ အကြံဉာဏ်များ ပေးတတ်ကြပါသည်။ ထိုသို့ အကြံဉာဏ်ပေးခြင်း၏ အဓိက အစိတ်အပိုင်းတစ်ခုတွင် ပြည်သူများအား တရားဝင် တိုင်ကြားစာများရေးတတ်စေရန် သင်ကြားပေးခြင်းလည်း ပါဝင်ပါသည်။ မည်သည့်၏ အကြောင်းဆိုပါက၊ မည်သည့် နေရာသို့ လိပ်မူသင့်သည်၊ တိုင်ကြားရာတွင် စုဆောင်းထားရမည့်သက်သေအမျိုးအစားများစသည်တို့ ပါဝင်ပါ သည်။ လူများက သူတို့၏ တိုင်ကြားစာကို မူကြမ်းပင်မရေးတတ်သည့် အခါမျိုးတွင် လွှတ်တော်ကိုယ်စားလှယ်များ ကိုယ်တိုင် သို့မဟုတ် ပါတီ၏ ဝန်ထမ်းများက တိုင်စာရေးခြင်းကို ကူညီရပါသည်။ တိုင်စာများကို ရေးပြီးသည်နှင့် နစ်နာသူအားလုံး၏ လက်မှတ်များကို စုဆောင်းရပါသည်။ ထို့နောက် လွှတ်တော်ကိုယ်စားလှယ်များနှင့် နိုင်ငံရေးပါတီ actorsများက ထိုတိုင်ကြားစာများကို သက်ဆိုင်ရာ အစိုးရဌာနများ သို့မဟုတ် လွှတ်တော် ကော်မတီများသို့ တင်ပြရပါသည်။ သို့မဟုတ် လွှတ်တော်တွင် မေးခွန်းများမေးရန်အတွက် အခြေခံတစ်ခု အနေဖြင့် ပြင်ဆင်ကြရပါသည်။

တိုင်ကြားစာများကို တင်ပြခြင်းအပြင်၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များနှင့် လွှတ်တော်ကိုယ် စားလှယ်များသည် ပြည်သူများ၏ တိုင်ကြားချက်များအားပံ့ပိုးကူညီပေးသည့် အစိတ်အပိုင်းတစ်ခုအဖြစ် (အထူးသဖြင့် နစ်နာသူများ အစိုးရနှင့်တိုက်ရိုက်ဆက်ဆံရန် ယုံကြည်မှုမရှိသည့်အချိန်တွင်) အစိုးရ အဖွဲ့အစည်း များနှင့် လွှတ်တော်ကော်မတီများ (လွှတ်တော် သိမ်းဆည်းမြေများ စုံစမ်းစစ်ဆေးရေး ကော်မတီ၊ လူ့အခွင့်အရေး ကော်မတီ၊ လူ့အခွင့်အရေးကော်မရှင်စသည့်ဖြင့်) တိုက်ရိုက်တွေ့ဆုံ ဆက်သွယ်ရပါ သည်။ အခြားသောဖြစ်ရပ်များတွင်၊ ထိခိုက်ခံရသူများကိုယ်စား သင့်တော်သော အရေးယူမှုနှင့်အစိုးရ ဝန်ဆောင်မှုများကို တောင်းဆိုရန်အတွက် ရဲစခန်းများနှင့် အုပ်ချုပ်ရေးအရာရှိများထံသို့ ချဉ်းကပ်ရပါသည်။ ယင်းတို့တွင် စော်ကားခံရခြင်းများအတွက် ရာဇဝတ်မှုဖြင့် အမှုစတင်ဖွင့်ခြင်း၊ (Box - ၁၇ တွင်ကြည့်ပါ။)၊ လယ်မြေများအတွင်း ရေပိုလွှဲမြောင်းများ ပြုပြင်ခြင်း၊ ကျောင်းများအား မွမ်းမံ အဆင့်မြှင့်ခြင်း၊ သောက်သုံးရေ ရရှိရေးလုပ်ငန်းများ၊ လမ်းများဖောက် ခြင်း သို့မဟုတ် ပြင်ဆင်ခြင်း၊ အသိမ်းခံမြေယာများကို ပြန်လည်တောင်းဆိုခြင်းစသည်တို့ ပါဝင်ပါသည်။ ဒေသတစ်ခုတွင် actor အမျိုးမျိုးတို့က သိမ်းယူထားသော မြေနကျွန်းမြေများ ပြန်လည်ရရှိရေးကို ကူညီရာတွင် ပါဝင်ခဲ့သည့် နိုင်ငံရေးပါတီတစ်ခုမှ ကိုယ်စားလှယ်တစ်ဦးက အောက်ပါအတိုင်း ရှင်းပြခဲ့ပါသည်။

> မြေနကျွန်းမြေတွေက ပင်လယ်နားမှာ ပေါ်လာကြတယ်။ မြို့နယ် ရဲတပ်ဖွဲ့မှူးရယ်၊ လက်နက်ကိုင်အဖွဲ့တွေရယ်၊ တပ်မတော်ရယ် ပေါင်းပြီး၊ ဒီမြေတွေကို ယူထားတယ်။ ပြီးတော့ လုပ်ငန်းရှင်တွေကို ပြန်ရောင်းကြတယ်။ ဒီရွာသားတွေက ဒီမြေတွေကို အသုံးချခွင့်မရှိဘူး။ ကျွန်တော်တို့က မြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနနဲ့ တိုက်ရိုက်တွေ့ပြီး၊ ဒီအမှုကို စုံစမ်းတယ်။ မြို့နယ်အထွေထွေအုပ်ချုပ်ရေးက အရေးမယူတော့ ကျွန်တော်တို့က ပြည်နယ်အစိုးရကို တိုင်စာရေးပြီးတင်ပြတယ်။ နောက်ဆုံးမှာ မြို့နယ် အထွေထွေအုပ်ချုပ်ရေးက ဒီပြဿနာကို စုံစမ်းစစ်ဆေးပြီး၊ မြေတွေရောင်းဖို့ ကူညီပေးခဲ့တဲ့ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးကို ဖယ်ရှားလိုက်တယ်။

Box – (၁၇)

မြစ်ကြောင်းတစ်လျှောက်ရှိ မြေနကျွန်းများအတွက် ခွင့်ပြုမိန့်ရရှိထားသည့် ကုမ္ပဏီက လယ်သမားများ၏ မြေများကို ယူထားသည့်အတွက် ထိုကုမ္ပဏီကို လယ်သမားများက ဆန္ဒပြခဲ့ကြရာ ကုမ္ပဏီ၏ ကိုယ်စား လှယ်များက ထိုလယ်သမားများအားတိုက်ခိုက်ခဲ့ကြပါသည်။ ထိုအခါ လယ်သမားများက မြို့နယ်ရဲတပ်ဖွဲ့သို့ တိုင်ကြားခဲ့သော်လည်း ရဲတပ်ဖွဲ့က အမှုဖွင့်ပေးရန် ငြင်းဆန်ခဲ့ပါသည်။ ခရိုင်ရဲတပ်ဖွဲ့သို့ သွားရောက်တိုင်ကြားသောအခါတွင် ခရိုင်ရဲတပ်ဖွဲ့မှူးက ကျူးကျော်နေထိုင်သူများနှင့်ပတ်သက်သည့် ပြဿနာများနှင့် အလုပ်ရှုပ်နေသည့်အတွက် ထိုကိစ္စကို အရေးယူဆောင်ရွက်ရန် မဖြစ်နိုင်သေးကြောင်း ပြန်ပြောခဲ့ပါသည်။ ထိုအခါတွင် လယ်သမားများက နိုင်ငံရေးပါတီတစ်ခုကို အကူအညီတောင်းခံခဲ့ပြီး၊ ထိုပါတီကလည်း မြို့နယ်နှင့် ခရိုင်ရဲအရာရှိများနှင့် တွေ့ဆုံခဲ့ပါသည်။ ထို့နောက်တွင်မှ ရဲများက လယ်သမားများအား အမှုဖွင့်ပေးခဲ့ပြီး၊ လယ်သမားများအား တိုက်ခိုက်ရန် အမိန့်ပေးခဲ့သည့် မန်နေဂျာအပါအဝင် ကုမ္ပဏီမှ လူ (၄)ဦးကို ဖမ်းဆီးခဲ့ပါသည်။

လွှတ်တော်ကိုယ်စားလှယ်များနှင့် နိုင်ငံရေးပါတီများမှ actors များက တိုင်ကြားချက်များပြုလုပ်ရာတွင် ကူညီပေးသော တတိယနည်းလမ်းတစ်ခုမှာ ပြည်သူများအား ရင်းမြစ်များ၊ အထူးသဖြင့် ရှေ့နေများကဲ့သို့သော ဥပဒေအသိပညာရှိသည့် ပုဂ္ဂိုလ်များနှင့် ချိတ်ဆက်ပေးခြင်းဖြစ်ပါသည်။ အချို့က တိုင်ကြားသူများအား ရှေ့နေများနှင့် တိုက်ရိုက်တွေ့ဆုံပေးပြီး၊ အခြားသူများကမူ အကူအညီတောင်းခံလာသူများအား အကြံဉာဏ်များမပေးမီတွင် ရင်းမြစ်ပုဂ္ဂိုလ်များနှင့် ပထမဆုံးအကြံယူဆွေးနွေးကြပါသည်။ ဖြစ်ရပ်တစ်ခုတွင် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးသည် သူတို့ထံရောက်လာသော အမှုများကို ဖြေရှင်းရန်အတွက် အပတ်စဉ်သောကြာနေ့တိုင်း `ဥပဒေအကူအညီပေးရေးအဖွဲ့´နှင့် အစည်းအဝေးများပြုလုပ်ရကြောင်း ဖော်ပြခဲ့ပါသည်။ အမှုများတွင် အိမ်ဂုဏ်ပြောင်း၊ အမွေဆက်ခံခြင်း၊ ကွာရှင်းခြင်း၊ စက်ရုံကိစ္စရပ်များ၊ တိုက်ခိုက်ခံရခြင်း၊ လူသတ်မှု၊ ဆိုက္ကားများလိုင်စင်လုပ်ခြင်း၊ အထွေထွေအိမ်ခြံမြေအကျိုးဆောင်လုပ်ငန်းများစသည်တို့ ပါဝင်ပါသည်။ ထိုအစည်းအဝေးများပြုလုပ်ပြီးနောက်တွင်၊ လွှတ်တော်ကိုယ်စားလှယ်သည် (ဥပဒေအရ တိုင်ချက်ဖွင့်ရန်အတွက် ရှေ့နေများသို့ အမှုလွှဲပြောင်းပေးခြင်းများအပါအဝင်) ရရှိနိုင်သော ရွေးချယ်စရာနည်းလမ်းများကို အကူအညီတောင်းခံလာသူများနှင့် ဆွေးနွေးရပါသည်။ နောက်ထပ်ဖြစ်ရပ်တစ်ခုတွင် လွှတ်တော်ကိုယ်စားလှယ်နောက်တစ်ဦးက ရဲတပ်ဖွဲ့နှင့် တရားသူကြီးများထံမှ အကူအညီတောင်းခံရကြောင်းကို အောက်ပါအတိုင်းဖော်ပြခဲ့ပါသည်။

> ရဲစခန်းတွေ၊ တရားရုံးတွေမှာ အမှုတွေ ရင်ဆိုင်နေရတဲ့ လူတွေလဲ ကျွန်တော့်ဆီကို လာကြတယ်။ နောက်ပိုင်းမှာ ကျွန်တော်က မိတ်ဆွေရှေ့နေတွေဆီက အကူအညီတောင်းရတယ်။ တစ်ခါတစ်လေမှာ ရဲအရာရှိတွေ၊ တရားသူကြီးတွေဆီ ဖုန်းဆက်ပြီး၊ သူတို့ဆီက အကူအညီကို တောင်းရတယ်။

အခြားဥပမာတစ်ခုတွင် နိုင်ငံရေးပါတီတစ်ခုမှ actor တစ်ဦးက ငွေကြေးရင်းမြစ်များ ထည့်ဝင်ကူညီပေးမည့် ပုဂ္ဂိုလ်နှင့် မည်သို့ ချိတ်ဆက်ပေးရကြောင်းကို အောက်ပါအတိုင်း အသေးစိတ်ပြောကြားခဲ့ပါသည်။

> ကျောင်းအုပ်ကြီးက မြို့နယ်အဆင့်မှာ ရှိတဲ့ နိုင်ငံရေးပါတီ actor နဲ့ ညီအစ်ကိုတော်တော့၊ ကျောင်းမှာ အဆောက်အဦးတွေလိုနေတယ်လို့ ပြောတယ်။ ဒီတော့ ပါတီဝင်တွေက NSAGs အဖွဲ့တစ်ဖွဲ့ရဲ့ ရုံးဖွင့်ပွဲမှာ Max Myanmar က ဦးဇော်ဇော်နဲ့တွေ့တော့ ကျောင်းအုပ်ကြီးပြောထားတဲ့ အဆောက်အဦးလိုအပ်ချက်တွေကို ပြောပြလိုက်တယ်။ ချက်ချင်းပဲ ဦးဇော်ဇော်က ကျောင်း အဆောက်အဦးအတွက် ငွေသိန်း (၄၀၀) လှူလိုက်တယ်။

လွှတ်တော်ကိုယ်စားလှယ်များနှင့် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များပါဝင်ကြရသည့် အရေးကြီးသော အခန်းကဏ္ဍ စတုတ္ထတစ်ခုမှာ စေ့စပ်ဖြန်ဖြေသူများအဖြစ် ဆောင်ရွက်ရခြင်းဖြစ်ပါသည်။ မြေပုံရေးဆွဲခြင်းလုပ်ငန်း

အတွင်းတွင် သုတေသအဖွဲ့သည် နိုင်ငံရေး actors များက အငြင်းပွါးနေသော အဖွဲ့/ပုဂ္ဂိုလ်များအကြားတွင် ကြားဝင်ဖြန်ဖြေ၍ ဆွေးနွေးညှိနှိုင်းပေးနေရကြောင်း လေ့လာတွေ့ရှိရပါသည်။ ထိုအငြင်းပွါးမှုများတွင် စက်ရုံကိစ္စရပ်များ၊ မြေအရောင်းအဝယ်လုပ်ငန်းများ၊ လယ်သမားများနှင့် လုပ်ငန်းရှင်များအကြား မြေယာအငြင်းပွါးမှုများ (Box - ၁၈ ကိုကြည့်ပါ။)၊ ရွှေသတ္တု တူးသူများအား အခွန်ကောက်ခံခြင်းစသည်တို့ ပါဝင်ပါသည်။ အလုပ်ရှင်နှင့် အလုပ်သမားများအကြားအငြင်းပွါးမှုကို ကြားဝင်ဖြန်ဖြေပေးရာတွင် ပါဝင်သည့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက အတွေ့အကြုံများကို အောက်ပါအတိုင်း ဖော်ပြခဲ့ပါသည်။

> တစ်နေ့မှာ လှိုင်သာယာစက်ရုံတွေက အလုပ်သမား ၆ဝဝ လောက်က မရမ်းကုန်းလမ်းဆုံမှာ ဆန္ဒပြနေကြတယ်။ ကားလမ်းတွေလဲ ဆိုးဆိုးရွားရွားပိတ်ကုန်တယ်။ အလုပ်သမားတွေက သူတို့ ဆန္ဒပြတဲ့အကြောင်း ကျွန်တော့်ကို ပြောတော့ ကျွန်တော် အဲဒီနေရာကို  လိုက်သွားတယ်။ ကုမ္ပဏီက ကိုယ်စားလှယ်တွေကိုတော့ မတွေ့ရတော့ဘူး။ နောက်ဆုံး ကျွန်တော် လူအုပ်ထဲဝင်ပြီး ဆန္ဒပြတဲ့ အလုပ် သမားတွေနဲ့ စကားပြောတယ်။ သူတို့ကို ပြန်ခိုင်းပြီး၊ အလုပ်ရှင်တွေနဲ့ ညှိနှိုင်းပေးမယ်လို့ ပြောလိုက်တယ်။ နောက်ထပ် ပါတီ (ထိုကိုယ်စားလှယ်၏ မိခင့်ပါတီ) က အလုပ်သမားတွေကို ပြန်ပို့ဖို့ ဘတ်စ်ကားနှစ်စီးငှားပေးလိုက်သေးတယ်။ အဲဒီကစပြီး၊ ကုမ္ပဏီတွေနဲ့ အလုပ်သမားတွေကြားမှာ ညှိနှိုင်းဆွေးနွေးရာမှာ ပါခဲ့ တယ်။ အလုပ်သမားတွေက စက်ရုံလုပ်ငန်းများအငြင်းပွါးမှုဖြေရှင်းရေး ကော်မတီ[50]ကို မယုံကြည်ကြဘူး။ သူတို့ပြောတာက ဒီအဖွဲ့က အလုပ်သမားတွေကို ကိုယ်စားမပြုဘူး အလုပ်ရှင်တွေဖက်ကို ဘက်လိုက် တယ်ပေါ့။ ကုမ္ပဏီတွေက ကျွန်တော်တို့လို လွှတ်တော်ကိုယ်စားလှယ်တွေ ညှိနှိုင်းပေးတာ မကြိုက်ကြဘူး။ ဒါပေမဲ့ ကျွန်တော်တို့ကတော့ ဘာဖြစ်ဖြစ် လုပ်မှာဘဲ။

**Box – (၁၈)**

လယ်သမားအုပ်စုတစ်စုသည် လုပ်ငန်းရှင်ကုမ္ပဏီများက တရားဝင်ပိုင်ဆိုင်ထားသော မြေယာများကို အသုံးပြုနေကြပါသည်။ ထိုမြေများကို တပ်မတော်အစိုးရလက်ထက်က စက်မှုဇုန်ဖွံ့ဖြိုးရေးအတွက် သိမ်းယူခဲ့ခြင်းဖြစ်ပြီး၊ အသုံးပြုခွင့် လျှောက်ထားခဲ့သော လုပ်ငန်းရှင်များအား အမည်ပေါက် ပိုင်ဆိုင်ခွင့်များပေးခဲ့ပါသည်။ ကုမ္ပဏီများက ထိုမြေကို နှစ်ပေါင်းများစွာကြာသည်အထိ အသုံးမပြုဘဲ ပစ်ထားခဲ့ပြီး၊ လယ်သမားများက ထိုမြေအတွင်းသို့ ပြန်လည် ဝင်ရောက်လာခဲ့ပါသည်။ ကုမ္ပဏီက ထိုမြေကို အသုံးပြုလိုသောအခါတွင် လယ်သမားများအား အတင်းအကျပ် ရွှေ့ပြောင်းစေခဲ့သဖြင့် ထိုကုမ္ပဏီကို ဆန္ဒပြခဲ့ခြင်းဖြစ်ပါသည်။

လယ်သမားများကို ထိုကိစ္စကို လွှတ်တော်ကိုယ်စားလှယ်သို့ အစီရင်ခံခဲ့ရာ၊ လွှတ်တော်ကိုယ်စားလှယ်ကလည်း ကုမ္ပဏီနှင့်အပြန်အလှန်ဆက်သွယ်ခဲ့ပါသည်။ လွှတ်တော်ကိုယ်စားလှယ်က ကုမ္ပဏီအတွက် ငွေကျပ်သန်းအနည်းငယ်သည် မသိသာကြောင်းနှင့် အချိန်ကုန်သက်သာစေရန်အတွက် ငွေအနည်းငယ်ပေးသင့်ကြောင်း ပြောခဲ့ပါသည်။ အခြားတစ်ဖက်တွင်လည်း၊ လယ်သမားများနှင့် တွေ့ဆုံပြီး၊ ကုမ္ပဏီမှပေးမည့် ငွေကြေးပမာဏ အနည်းငယ်ကို လက်ခံကြရန် အကြံပြုခဲ့ပါသည်။ ထိုသို့မဟုတ်ဘဲ ဆက်လက်ဆန္ဒပြနေပါက အစိုးရက ကြားဝင်ဖြေရှင်းလာခဲ့လျှင် လယ်သမားများအနေဖြင့် မြေကို ပြန်ရမည်၊ မရမည်၊ လျော်ကြေးငွေရမည်၊ မရမည်၊ မသေချာကြောင်း ပြောကြားခဲ့ပါသည်။ နောက်ဆုံးတွင် နှစ်ဖက်လုံးက သဘောတူညီချက်ရရှိခဲ့ပြီး၊ လယ်သမားများက လျော်ကြေးငွေကို လက်ခံကာ မြေယာအတွင်းမှ ပြန်လည် ထွက်ခွါပေးခဲ့ပါသည်။

[50]ထိုအဖွဲ့တွင် ဥက္ကဌအဖြစ် မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး၊ အတွင်းရေးမှူးအဖြစ် အလုပ်သမားရုံးနှင့် အလုပ်သမားသမဂ္ဂမှ အဖွဲ့ဝင် (၃)ဦးတို့ ပါဝင်ပါသည်။

ပြည်သူ့လွှတ်တော်၊ သတ္တုနှင့် သဘာဝသယံဇာတကော်မတီတွင် အဖွဲ့ဝင်အဖြစ်ပါဝင်နေသော လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက သူ၏ အတွေ့အကြုံများကို အောက်ပါအတိုင်း မျှဝေခဲ့ပါသည်။

> ကော်မတီကို အဖွဲ့ဝင် (၁၅) ဦးနဲ့ ဖွဲ့ထားတယ်။ တကယ်တော့ ကော်မတီဆိုတာ လွှတ်တော်အသေးစားဘဲ။ ကော်မတီက ဆုံးဖြတ်ချက်မချနိုင်ပေမဲ့ ဘယ်ပုဂ္ဂိုလ်၊ ဘယ်အဖွဲ့ကို မဆို စုံစမ်းစစ်ဆေးဖို့ လုပ်ပိုင်ခွင့်ပေးထားတယ်။ အခုလက်ရှိမှာ ရွှေတူးတဲ့အဖွဲ့တွေကို အခွန်ကောက်တာနဲ့ ပတ်သက်ပြီး၊ သတ္တုတွင်းဝန်ကြီးဌာနကို စုံစမ်းမှုတွေ လုပ်နေတယ်။ ဘာဖြစ်ခဲ့တာလဲဆိုရင်၊ တစ်ချို့ ပုဂ္ဂလိကရွှေတူးသူတွေကို အခွန်ကြွေးကျန်တွေ ပေးကြဖို့ သတိပေးလိုက်တော့၊ သူတို့က ကော်မတီကို စာဒကတက်လာတယ်။ အခွန်ကောက်တာကို စံနှုန်းနှစ်ခုနဲ့ ကောက်တယ်၊ တစ်ချို့က တစ်ခြားလူတွေထက် ပိုပေးရတယ်။ အခွန်တွေကို ၂၀၁၂ - ၂၀၁၃ ခုနှစ်ကို အခြေခံပြီး ကောက်ခဲ့တာထင်တယ်။ ဒီအမှုက ကော်မတီဆီကို ရောက်လာတော့၊အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက သတ္တုတွင်းဝန်ကြီးဌာနက ညွှန်ကြားရေးမှူးချုပ်တွေ ကို ခေါ်လိုက်တယ်။ ပြီးတော့ ဆက်စပ်ပတ်သက်သူတွေအားလုံးပါဝင်ပြီးတော့ အစည်းအဝေးတစ်ခုလုပ်တယ်။ စာဒကတက်တဲ့လူတွေ၊ ဝန်ကြီးဌာနက ညွှန်ကြားရေးမှူးချုပ်တွေ၊ လွှတ်တော်ကော်မတီဝင်တွေအားလုံး လွှတ်တော်ရုံးမှာ အစည်းအဝေးတွေလုပ်ကြတယ်။ နောက်ဆုံးတော့ ပြဿနာတွေကို ဖြေရှင်းပေးနိုင်ခဲ့တယ်။

## ( ခ-၂) လွှတ်တော်ကိုယ်စားလှယ်များနှင့် နိုင်ငံရေးပါတီများ၏ ဥပဒေပြုမှုအခန်းကဏ္ဍ

အထက်တွင်ဖော်ပြခဲ့သည့် လုပ်ငန်း (၄)ခုအပြင်၊ လွှတ်တော်ကိုယ်စားလှယ်များသည် ၎င်းတို့ မဲဆန္ဒနယ်များ၏ ပြဿနာများကို ဖော်ထုတ်ဖြေရှင်းရာတွင်လည်း နောက်ထပ် ဥပဒေပြုရေးဆိုင်ရာ အဖွဲ့များတွင် ပါဝင်ကြရပါသည်။ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် လွှတ်တော်အစည်းအဝေးကျင်းပချိန်များတွင် သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ဦးစီးဌာနများအား မေးခွန်းများမေးရန် အခွင့်အရေးရှိပါသည်။ ထိုသို့မေးမြန်းခြင်းသည် ၎င်းတို့ မဲဆန္ဒနယ်မြေများ၏ ပြဿနာများကို ထုတ်ဖော်ပြောကြားပြီး၊ အစိုးရ၏ တုန့်ပြန်မှုနှင့် ဝန်ဆောင်မှုများကို တောင်းဆိုသည့် နည်းလမ်းတစ်ခုဖြစ်ပါသည်။ ဥပမာတစ်ခုတွင် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက သူ၏ မဲဆန္ဒနယ်မြေအတွက် သန့်ရှင်းသော သောက်သုံးရေရရှိနိုင်မှုအစီအစဉ်ရှိမရှိကို ပြည်သူ့လွှတ်တော်တွင် မေးခွန်းမေးမြန်းခဲ့ရာ ရန်ကုန်မြို့တော်ဝန်ထံမှ ထိုပြဿနာကို မြူနီစီပါယ်အဖွဲ့များက ဂရုစိုက်၍ ဆောင်ရွက် ပေးမည်ဖြစ်ကြောင်းအာမခံထားသည့် ပြန်ကြားစာကိုရရှိခဲ့ပါသည်။ နောက်ထပ်ဥပမာတစ်ခုတွင် ရေကာတာတစ်ခု ပြုပြင်ထိန်းသိမ်းရေးနှင့်ပတ်သက်၍ ပြည်သူ့လွှတ်တော်အစည်းအဝေးတွင် စိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအား မေးခွန်းများမေးခဲ့ခြင်းအကြောင်းကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ဖော်ပြခဲ့ပါသည်။ (Box -၁၉ တွင်ကြည့်ပါ။)

**Box – (၁၉)**

မြို့နယ်တစ်ခုရှိ ရေကာတာတစ်ခုသည် နှစ်ပေါင်းများစွာကြာ နန်းပို့ချမှုကြောင့် ပတ်ဝန်းကျင်လယ်မြေများမှ လျှံထွက် စီးဆင်းလာသော ရေများကို ဖမ်းယူထားနိုင်ခြင်းမရှိတော့ပါ။ ထိုရေကာတာကို ဆိုရှယ်လစ်ခေတ်ကတည်းကပင် နှစ်စဉ် လူအားဖြင့် ပြုပြင်ခဲ့ကြသော်လည်း၊ လုံးဝကောင်းမွန်အောင်ပြင်ဆင်နိုင်ခြင်း မရှိခဲ့ပါ။

နှစ်စဉ် အဆက်မပြတ်ရေကြီးမှုများကို တွေ့ကြုံနေရသည့် ကျေးရွာသားများအနက် ပါတီစည်းရုံးရေးမှူးတစ်ဦးက ထိုပြဿနာကို ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်သို့ အစီရင်ခံခဲ့ပါသည်။ လွှတ်တော်ကိုယ်စားလှယ်က ပါတီစည်းရုံးရေးမှူးအား စာတစ်စောင်ရေးသားရန်နှင့် ထိခိုက်ခံနေရသည့် လယ်သမားများအားလုံး၏ လက်မှတ်များကို စုဆောင်းခိုင်းခဲ့ပါသည်။ ထို့နောက် ထိုကိုယ်စားလှယ်က ၂၀၁၂ ခုနှစ်အတွင်း လွှတ်တော်အစည်းအဝေးတွင်

မေးခွန်းများမေးခဲ့ရာ၊ စိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ထိုကိစ္စကို ပြည်နယ်စိုက်ပျိုးရေးဌာန၊ ဆည်မြောင်းဌာနတို့နှင့် ပေါင်းစပ်ညှိနှိုင်း၍ ဖြေရှင်းပေးမည်ဖြစ်ကြောင်း ဖြေကြားခဲ့ပါသည်။

ထို့နောက် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ဒုတိယဝန်ကြီးအား ရေကြီးမှုကြောင့် ထိခိုက်ရသည့် လယ်မြေဧရိယာကို မေးမြန်းခဲ့ရာ ဒုတိယဝန်ကြီးက ဧက (၃၀၀၀) ကျော် ထိခိုက်နိုင်ကြောင်း ဖြေကြားခဲ့ပါသည်။ ထိုအခါ ဥက္ကဋ္ဌက ပြည်နယ်အဆင့်ဌာနများတွင် လုံလောက်သော နည်းပညာနှင့် ရန်ပုံငွေမရှိနိုင်သည့်အတွက် ထိုပြဿနာကို ပြည်ထောင်စုအဆင့် စိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ ခိုင်မာသော ထောက်ပံ့မှုဖြင့် တတ်နိုင်သမျှမြန်မြန် ဖြေရှင်းပေးသင့်ကြောင်း အကြံပြုခဲ့ပါသည်။ တစ်ဖန် လွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်စိုက်ပျိုးရေးနှင့် မွေးမြူရေးဖွံ့ဖြိုးတိုးတက်ရေးကော်မတီသို့လည်း ထိုပြဿနာနှင့် ပတ်သက်သည့်နောက်ဆက်တွဲလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ခိုင်းခဲ့ပါသည်။

ထို့နောက်တွင် ဝန်ကြီးဌာနက ပေ ၃၅၀၀၀ ရှည်လျားသည့် ရေကာတာပြုပြင်ရေးအတွက် သိန်းပေါင်း (၆၅၀) ထောက်ပံ့ပေးခဲ့ပါသည်။ ပြုပြင်ရေးလုပ်ငန်းများကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် စတင်ခဲ့ပြီး၊ ယခုနှစ်တွင် ပြီးစီးမည်ဟု မျှော်မှန်းထားပါသည်။

အချို့သော လွှတ်တော်ကိုယ်စားလှယ်များသည် မူဝါဒချမှတ်ခြင်းအခန်းကဏ္ဍတွင် ပါဝင်နေကြကြောင်း ဖော်ပြခဲ့ပါသည်။ သို့ရာတွင် ထိုအခန်းကဏ္ဍမှာ သုတေသနအဖွဲ့ လေ့လာခဲ့သည့် အခြားသော လုပ်ငန်းများနှင့် နှိုင်းယှဉ်ပါက လွန်စွာနည်းပါးပါသည်။ ဥပမာတစ်ခုတွင် လွှတ်တော်ဘဏ္ဍာရေးကော်မတီတွင် ပါဝင်သူ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက နိုင်ငံအတွင်းရှိ တိုင်းတာမှုစနစ်များကို တစ်ပြေးညီစံနှုန်းသတ်မှတ်ခြင်းနှင့်သက်ဆိုင်သည့် ဥပဒေကြမ်းများမှာ စားပွဲပေါ်တွင်သာရှိနေကြောင်း ဖော်ပြခဲ့ပါသည်။ နောက်ထပ်ဖြစ်ရပ်တစ်ခုမှာ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ပြည်နယ်အတွင်း သိသာသော မူးယစ်ဆေးဝါးပြဿနာဟု ရှုမြင်ကြခြင်းကို ဖြေရှင်းရန်အတွက် ဘိန်းစာရွက်ကို တရားမဝင်မူးယစ်ဆေးဝါးအမျိုးအစားတွင် ထည့်သွင်းရန် မွန်ပြည်နယ်လွှတ်တော် အစည်းအဝေးတွင် အဆိုပြုခဲ့ပါသည်။ နောက်ထပ်ဥပမာတစ်ခုမှာ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက တစ်နိုင်ငံလုံးရှိ ခရိုင်နှင့် မြို့နယ်ဆေးရုံများအားအဆင့်မြှင့်တင်ရန် အဆိုပြုခဲ့ပါသည်။

မြေသိမ်းမှုများစုံစမ်းစစ်ဆေးရေးကော်မတီကဲ့သို့သော လွှတ်တော်ကော်မတီများသို့ တိုင်ကြားစာများကို လူကိုယ်တိုင်တင်ပြနိုင်ရန်အတွက် လွှတ်တော်တွင်း ရောက်ရှိနေသည့် အခွင့်အလမ်းကို အသုံးပြုခဲ့ကြောင်း လွှတ်တော်ကိုယ်စားလှယ်များက ဖော်ပြခဲ့ပါသည်။ ထိုသို့ လူကိုယ်တိုင် တင်ပြချက်များသည် သိသာခဲ့ပါသည်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက အောက်ပါအတိုင်းဖော်ပြခဲ့ပါသည်။

> ပြည်သူတွေက ပြဿနာတွေကို ကျွန်တော်ဆီ ယူလာကြတယ်။ အဲဒီတော့ သူတို့ကို တရားဝင်စာရေးဖို့နဲ့ သက်သေတွေ စုဆောင်းဖို့ ပြောလိုက်တယ်။ ပြီးတော့ အဲဒီစာကို ဦးတင်ထွဋ်ရဲ့ ဥက္ကဋ္ဌလုပ်တဲ့ မြေယာကော်မတီကို တင်ပြလိုက်တယ်။ အခု တပ်ရင်းနှစ်ရင်းက သိမ်းထားတဲ့ မြေတွေကို ပြည်သူတွေကို ပြန်ပေးလိုက်ပြီလို့ ကြားတယ်။

မြေပုံရေးဆွဲသည့် လုပ်ငန်းစဉ်အတွင်းတွင် သုတေသနအဖွဲ့သည် နိုင်ငံရေးပါတီများ၏ ဥပဒေပြုမှုဆိုင်ရာ အခန်းကဏ္ဍများ၊ အထူးသဖြင့် ပါတီအတွက် အစီအစဉ်များနှင့် မူဝါဒများအကြောင်းကို အနည်းငယ်မျှသာ လေ့လာခဲ့ရပါသည်။ မြန်မာနိုင်ငံတွင် နိုင်ငံရေးပါတီများ အကန့်အသတ်ဖြင့်သာ တည်ရှိနေခြင်းကြောင့် ဤအချက်သည် အံ့သြစရာမဟုတ်ပါ။ သို့ရာတွင် မြေပုံရေးဆွဲခြင်းသုတေသနပြုလုပ်ခဲ့သည့် နယ်မြေများရှိ အကြီး

ဆုံးပါတီကြီး (၃)ခုတို့ကမူ ပါတီများက ဥပဒေပြုအဖွဲ့အစည်းများအဖြစ် ဆောင်ရွက်နေကြသော လုပ်ငန်းအချို့ကို ဖော်ပြခဲ့ကြပါသည်။

သုတေသနပြုလုပ်ခဲ့သည့် နယ်မြေများအနက် အချို့နေရာများတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး ပါတီသည် လူသားချင်းစာနာရေးအကူအညီ (မျက်စိခွဲစိတ်ပေးခြင်းလုပ်ငန်းများ)ကို ထောက်ပံ့ပေးနေပြီး၊ အခြေခံအဆောက်အဦးဖွံ့ဖြိုးရေးအတွက် ဘိလပ်မြေများ ထည့်ဝင်ကူညီနေကြောင်း လေ့လာခဲ့ရပါသည်။ မြို့နယ်တစ်မြို့နယ်ရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီဝင် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက လမ်းဖောက်ခြင်း၊ ဗုဒ္ဓဘာသာအခမ်းအနားကျင်းပသည့် နေရာ (ဓမ္မာရုံ) ဆောက်လုပ်ခြင်း၊ မူလတန်းကျောင်းတည်ဆောက်ခြင်း၊ ကျောင်းအိမ်သာများတည်ဆောက်ခြင်းတို့အတွက် ဘိလပ်မြေအိတ်များ လှူဒါန်းမည်ဖြစ်ကြောင်း ရှင်းပြခဲ့ပါသည်။

တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီမှ ကိုယ်စားလှယ်တစ်ဦးက မော်တော်ဆိုင်ကယ်တက္ကစီစီမံကိန်းတစ်ခုကို ဆောင်ရွက်နေကြောင်းဖော်ပြခဲ့ရာ၊ မွန်ပြည်နယ်ရှိ မြို့နယ်များတွင် လူငယ် (၁၀၀)ဦးခန့်က `ပါတီ၏ ပုံရိပ်ကောင်းမွန်ရေး၊ အလုပ်အကိုင်များဖန်တီးပေးရေး´အတွက် စုစည်းလှုပ်ရှားနေကြောင်း သုတေသနအဖွဲ့က လေ့လာခဲ့ရပါသည်။ ထိုလူငယ်များတွင် ယာဉ်မောင်းလိုင်စင်များ ရှိထားကြပြီး၊ မြို့နယ်အလုပ်သမားရုံးများတွင် မှတ်ပုံတင်ထားကြပါသည်။ ရဲတပ်ဖွဲ့နှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့ကလည်း ထိုလူငယ်များကို အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးထားပါသည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် ဥပဒေဆိုင်ရာ အကူအညီများပေးနိုင်ရေးအတွက် ပါတီ၏ ဖွဲ့စည်းပုံအတွင်းတွင် ဥပဒေအထောက်အကူပြုကော်မတီတစ်ခုကို ဖွဲ့စည်းထားပါသည်။ ကော်မတီကို မြို့နယ်၊ ပြည်နယ်/တိုင်းဒေသကြီး၊ ပြည်ထောင်စုအဆင့်များတွင် တည်ရှိနေပြီဖြစ်ပါသည်။ ပါတီဝင်တစ်ဦးက အောက်ပါအတိုင်း အသေးစိတ်ရှင်းပြခဲ့ပါသည်။

> ကျွန်တော်တို့က အကူအညီတောင်းတဲ့လူတွေကို စိစစ်တယ်။ ငွေကြေးလိုတဲ့လူတွေနဲ့ မှန်တာလုပ်ခဲ့တဲ့ (စိတ်ဓါတ်ပိုင်းအရမှန်တဲ့) လူတွေကို အကြံဉာဏ်ပေးတယ်။ ကျွန်တော်တို့က မှားနေတဲ့ (စိတ်ဓါတ်ပိုင်းနဲ့ ဥပဒေအရမှားနေတဲ့) လူတွေကိုလည်း အကြံဉာဏ်တွေ ပေးချင်ပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ မတတ်နိုင်သေးဘူး။

အချို့သော လွှတ်တော်ကိုယ်စားလှယ်များနှင့် ပါတီကိုယ်စားလှယ်များက သူတို့ပါဝင်နေသော နိုင်ငံရေးပါတီများနှင့် ပုံစံတကျ တွဲဖက်ဆောင်ရွက်ခြင်းထက် တစ်ဦးချင်းစွမ်းရည်များဖြင့် အလုပ်လုပ်ရခြင်းက ပိုမိုလွယ်ကူကြောင်း ပြောကြားခဲ့ပါသည်။ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီမှ ကိုယ်စားလှယ်တစ်ဦးက အောက်ပါအတိုင်း မှတ်ချက်ပေးခဲ့ပါသည်။

> ဒေသခံပြည်သူတွေရဲ့ ဖွံ့ဖြိုးတိုးတက်ရေးမှာ ပူးပေါင်းပါဝင်ဖို့ဆိုရင်၊ ကျွန်တော်တို့က ပါတီဝင်တွေဆိုတာထက်၊ တစ်ဦးချင်းအနေနဲ့ အလုပ်လုပ်ကြတယ်။ ပြည်သူတွေက ပါတီတွေကြောင့် ပူးပေါင်းဆောင်ရွက်ဖို့ စိတ်မပါကြဘူး။ အဲဒီတော့ ကျွန်တော်တို့က ပါတီရဲ့ အလံအောက်မှာ ပူးပေါင်းပြီးမလုပ်တော့ဘူး။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးကလည်း ထိုကဲ့သို့ပင် အလားတူစွာ အသေးစိတ် ပြောကြားခဲ့ပါသည်။

> ကျွန်တော်တို့က လွှတ်တော်ကိုယ်စားလှယ်တွေအနေနဲ့ ပြဿနာတွေကို ဖြေရှင်းပေးနေတယ်။ ပါတီက အဖွဲ့အစည်းတစ်ခုအနေနဲ့ တစ်ချို့ပြဿနာတွေ၊ အထူးသဖြင့် မြေယာနဲ့ပတ်သက်တဲ့ ပြဿနာတွေကို ဖြေရှင်းဖို့ ကြိုးစားတဲ့အခါမှာ ပိုရှုပ်ထွေးလာတာတွေ ဖြစ်လာတယ်။ ဒီနေရာမှာ ပါတီက လက်ရှိအာဏာကို သုံးပြီး ကြားဝင်ရှုပ်နေတယ်လို့ မှားပြီးတော့ မြင်တတ်ကြတယ်။ --- ရလာဒ်ကတော့မကျေနပ်ချက်တွေကို

ပါတီကို တိုက်ရိုက်လိပ်မူလိုက်ရင်တောင် ပါတီခေါင်းဆောင်တွေက အဲဒီပြဿနာကို ဖြေရှင်းဖို့အတွက် သက်ဆိုင်ရာ မဲဆန္ဒနယ်က လွှတ်တော်ကိုယ်စားလှယ်ကိုပဲ ပြန်ပြီးညွှန်ကြားလိုက်ရတယ်။

## (ဂ) တွေ့ရှိချက်များ၏ အကျဉ်းချုပ်

ဤအခန်းတွင် တင်ပြထားသည့် တွေ့ရှိချက်များမှ အရေးကြီးသော အချက် (၃)ချက် ပေါ်ထွက်လာပါသည်။ ပထမ အချက်မှာ ဒေသခံများက ၎င်းတို့ ရင်ဆိုင်နေရသည့် တရားမျှတမှုဆိုင်ရာပြဿနာများအတွက် အကူအညီ ရှာဖွေခြင်းနှင့် ပတ်သက်သည့် ပထမပုံစံနှင့် ဒုတိယပုံစံတို့တွင် အမျိုးမျိုးပြောင်းလဲနေမှုများသည် ဒီမိုကရေစီဖြစ်စဉ် နနယ်နေသေးကြောင်း ဖော်ပြနေပါသည်။ နောက်ဆက်တွဲမေးခွန်းများဖြစ်သည့် ထိုဖော်ပြချက်များသည် မည်သည့်အတိုင်းအတာအထိ ကိုယ်စားပြုနိုင်သည်၊ ဒေသခံပြည်သူများက ၎င်းတို့ရွေးကောက်ထားသည့် ကိုယ်စားလှယ်များ၏ တာဝန်ခံမှုကို မည်သည့်အတိုင်းအတာအထိ ထိန်းထားနိုင်မည် (ရွေးကောက်ပွဲဆိုသည့် အဟန့်ဖြင့် ဖြစ်စေ အုပ်ချုပ်ရေးဆိုင်ရာဥပဒေနှင့် သို့မဟုတ် တရားလွှတ်တော်၏ စာချွန်တော်အမိန့်များအရ ချမှတ်သော ဥပဒေကြောင်းအရ ဖြစ်စေထိန်းချုပ်ခြင်း [51] )နှင့် ရွေးကောက်ခံရသူများသည် မြို့နယ်အဆင့်ရှိ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၏ ကော်မတီများတွင် ခန့်အပ်ခံရသူများနှင့် မည်ကဲ့သို့ အပြန်အလှန်ဆက်သွယ်ဆောင်ရွက်မည် စသည်တို့မှာ ယခုလေ့လာမှု၏ တွေ့ရှိချက်များကို အခြေခံ၍ ဖြေကြားနိုင်ခြင်းမရှိသေးဘဲ၊ နောက်ထပ်သုတေသနနှင့် လေ့လာမှုများ ဆက်လက် ပြုလုပ်ရမည့် နယ်ပယ်များဖြစ်ကြပါသည်။

ဒုတိယအချက်မှာ အရပ်ဖက်နှင့် နိုင်ငံရေးအဖွဲ့အစည်းများထွက်ပေါ်လာမှုသည် (အထူးသဖြင့် မြေယာဆိုင်ရာ ပြဿနာများနှင့် ကလေးသူငယ်များအား လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများနှင့်ပတ်သက်သည့်) တိုင်ကြားချက်များကို ပံ့ပိုးကူညီပေးခြင်းနှင့် တစ်ဦးချင်းနှင့် အစုအဖွဲ့များ၏ အကျိုးစီးပွါးများအတွက် အားပေးထောက်ခံပေးခြင်းလုပ်ငန်းများတွင် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်နေပါသည်။ ၎င်းတို့၏အခန်းကဏ္ဍကို (အမျိုးသမီးများအား လိင်ပိုင်းဆိုင်ရာအကြမ်းဖက်ခြင်းကဲ့သို့သော) အခြားနယ်ပယ်များသို့ ပိုမိုချဲ့ထွင်နိုင်စွမ်းရှိမရှိနှင့် မည်သည့် အတိုင်း အတာအထိ ချဲ့ထွင်နိုင်မည်ဆိုခြင်းသည် နောက်ထပ် စောင့်ကြည့်စစ်ဆေးခြင်းနှင့် အကဲဖြတ်ခြင်းပြုလုပ်၍ ဖြေကြားရမည့် မေးခွန်းတစ်ခုဖြစ်ပါသည်။

တတိယအချက်မှာ ပုဂ္ဂလိကရေး အစိတ်အပိုင်းသည် ယခုမြေပုံရေးဆွဲခြင်းသုတေသနလုပ်ငန်း ဆောင်ရွက်ခဲ့သည့် နယ်မြေများတွင် အငြင်းပွါးမှုများကို ဖြေရှင်းရာ၌ နေရာတိုင်းတွင်တွေ့နိုင်၍ သိသာထင်ရှားသော သွင်ပြင် လက္ခဏာတစ်ခုဖြစ်ပါသည်။ (နိုင်ငံရေးပါတီကိုယ်စားလှယ်များ၊လွှတ်တော်ကိုယ်စားလှယ်များ၊ NSAGs အဖွဲ့ဝင် များစသည်ဖြင့်) လုပ်ပိုင်ခွင့်ရှိသည့်နေရာများရှိ ပုဂ္ဂိုလ်များနေရာများတွင်ရှိသည့် ပုဂ္ဂိုလ်များ သို့မဟုတ် ဩဇာလွှမ်းမိုးနိုင်စွမ်းရှိသူများနှင့် ပုဂ္ဂိုလ်ရေးဆက်သွယ်မှုရှိသူများထံ ဝင်ထွက်သွားလာနိုင်ခြင်းသည် အငြင်းပွါးမှုဖြေရှင်းနေသူများအတွက် ပုံမှန် လမ်းကြောင်းတစ်ခုဖြစ်ပါသည်။

## အခန်း (၅) - ပြန်လှန်သုံးသပ်ချက်နှင့် အကြံပြုချက်များ

မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးရေးနှင့် ဒီမိုကရေစီရရှိရေးတို့အတွက် ဥပဒေစိုးမိုးရေးလိုအပ်ကြောင်း အငြင်းပွါး ဖွယ်မရှိပါ။ သို့ရာတွင် မြန်မာနိုင်ငံ၏ အကြောင်းအရာ၌ `ဥပဒေစိုးမိုးမှု´သည် မည်သည်ကို ဆိုလိုကြောင်းနှင့်

---

[51]မြန်မာနိုင်ငံ၊ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)၊ အပိုဒ် ၂၉၆။

အထူးသဖြင့် ဤအကူးအပြောင်းကာလအတွင်းတွင် ဥပဒေစိုးမိုးမှုကို မည်သို့ ရရှိစေမည်ဆိုသည်တို့မှာ အငြင်းပွါးဖွယ်ဖြစ်ပါသည်။

ဤအခန်း၏ ပထမပိုင်း (၅-က)တွင် ဤအစီရင်ခံစာ၏ အစောပိုင်းအခန်းများမှ တွေ့ရှိချက်များအပေါ် တုန့်ပြန်မှုအချို့ကို ပေးထားပြီး၊ မြန်မာနိုင်ငံ၏ ဥပဒေစိုးမိုးရေးနှင့် တရားမျှတမှုလက်လှမ်းမီရေး ခိုင်မာစေရန် ရည်မှန်းထားသည့် အားထုတ်မှုများအတွက် ဖော်ပြချက်အမျိုးမျိုးတို့ကို စဉ်းစားထားပါသည်။ ဒုတိယပိုင်း (၅-ခ) တွင် အကြံပြုချက်များဖော်ပြ၍ နိဂုံးချုပ်ထားပါသည်။

## (၅-က) ပြန်လှန်သုံးသပ်ချက်များ

ယခင်အခန်း (၃)ခန်းတို့တွင် ဖော်ပြထားသော တွေ့ရှိချက်များကို စုပေါင်းလိုက်ပါက အပြန်အလှန် ဆက်သွယ်နေသော ကျယ်ပြန့်သည့် ခေါင်းစဉ် (၂)ခု လွှမ်းခြုံပါဝင်နေပါသည်။ ပထမခေါင်းစဉ်မှာ လုပ်ပိုင်ခွင့်နှင့်အာဏာကို မည်သို့ မှာယေဘုယျအားဖြင့် မည်သို့သက်ဆင်းလာသည်နှင့် ပတ်သက်ပြီး၊ ဒုတိယခေါင်းစဉ်မှာ ကျယ်ပြန့်သော လူမှုဆိုင်ရာဆက်သွယ်မှုများကို မည်သည့်အယူအဆနှင့် စံနှုန်းများက လွှမ်းမိုးနေသည် ဆိုသည်နှင့်ပတ်သက်သည်။ အုပ်ချုပ်နေသော စံနှုန်းများနှင့် ပတ်သက်နေပါသည်။ နိုင်ငံတော်၊ ခေါင်းဆောင်မှု၊ အုပ်ချုပ်သူမှုနှင့် အုပ်ချုပ်ခံရ သူများအကြားဆက်သွယ်မှု၊ ရပ်ရွာအတွင်းရှိလူအချင်းချင်းကြား ကျယ်ပြန့်သော ဆက်သွယ်ချက်များ စသည်တို့အတွက် ရိုးရာခံယူချက်များသည် အမြစ်တမ်းအသက်ဝင်နေပြီး၊ လက်ရှိမြန်မာနိုင်ငံ၏ ဖွံ့ဖြိုး တိုးတက်မှုများအပေါ်နက်ရှိုင်းသော သက်ရောက်မှုရှိနေပါသည်။ မြန်မာ့အရေးကျွမ်းကျင်သူဖြစ်သည့် David Steinberg က `သမိုင်းက စကားပြောသည်။ ယဉ်ကျေးမှုက အရေးပါသည်။ ၎င်းတို့သည် ဆန်းစစ်ရာတွင် ကျန်ရှိနေရမည့် အမျိုးအစားများမဟုတ်ပါ။ --- သို့သော် လူမှုအသိုက်အဝန်းများကို နားလည်ရန်အတွက် ဗဟိုချက်များဖြစ်ကြပါသည်။´ဟု ဖော်ညွှန်းထားပါသည်။ [52]

အဆိုပါအကြောင်းအရာများကို ဆက်လက်လေ့လာဆန်းစစ်မှုပြုလုပ်ခြင်းက လူ့အဖွဲ့အစည်းတခု၏ အချို့သော အယူအစွဲများနှင့် လွှမ်းမိုးသက်ရောက်မှုများကို နားလည်စေမည်ဖြစ်သည်။ သို့သော်အဆိုပါအယူအစွဲနှင့် အမြင်များမှာ အဆုံးအဖြတ်ပေးနိုင်သော သို့မဟုတ် တရားသေတည်ရှိနေနိုင်သောအရာများမဟုတ်ကြပါ။ အဘယ့်ကြောင့်ဆိုသော် လူ့အဖွဲ့အစည်းတစ်ခုအတွင်းရှိ လူတစ်ဦးချင်းစီသော်လည်းကောင်း အစုအဖွဲ့များသည်သော်လည်းကောင်း ၎င်းတို့အချင်းချင်းပတ်သက်ဆက်နွယ်မှုကို (၎င်းတို့အသိုက်အဝန်းအတွင်းနှင့် အသိုက်အဝန်းပြင်ပ ဝန်းကျင်နှင့် ပတ်သက်ဆက်နွယ်မှု) အမြဲတစေပြန်လည်သုံးသပ် ဆန်းစစ်နေကြသောကြောင့်ဖြစ်သည်။

အောက်တွင် ဖော်ပြထားသည့် ဒုတိယပိုင်း (၅-ခ)သည် ဒေသတွင်းနှင့် နိုင်ငံအဆင့်တို့တွင် တရားမျှတမှုနှင့် တန်းတူညီမျှခြင်းဆိုင်ရာ ဦးတည်ချက်များကို ဂန်ဆောင်မှုပေးရာတွင် အထောက်အကူပြုနိုင်မည့် အစပျိုးလုပ်ငန်းအချို့ကို အကြံပြုထားပါသည်။

မှတ်သားရမည့် သီးခြားအချက်တစ်ချက်မှာ အောက်တွင်ဖော်ပြထားသော တုန့်ပြန်ချက်များသည် မြန်မာနိုင်ငံ၏ ခြွင်းချက်ဖြစ်နေမှု (Exceptionalism) ကို သက်သေပြရန် ရည်ရွယ်ထားခြင်း မရှိကြောင်းပင်ဖြစ်ပါသည်။ နိုင်ငံတိုင်း၊ လူ့အဖွဲ့အစည်းတိုင်းတွင် ကိုယ်ပိုင်ထူးခြားသော သမိုင်းကြောင်းရှိကြသော်လည်း၊ လူသားတစ်ရပ်လုံးကို လွှမ်းမိုးပုံဖော်ပေးနေသော ကျယ်ပြန့်သည့် ရေစီးကြောင်းများလည်း ရှိပါသေးသည်။ ဤနေရာတွင် ရည်ရွယ်ထားသည်မှာ အပြန်အလှန်ဆက်သွယ်နေသော ခေါင်းစဉ်နှစ်ခုကို ရိုးရှင်းစွာဖြင့် မီးမောင်းထိုးပြရန်ဖြစ်ပါသည်။ ၎င်းတို့သည် မြေပုံရေးဆွဲခြင်းသုတေသနတွေ့ရှိချက်များမှ ထွက်ပေါ်လာပြီး၊ ဥပဒေစိုးမိုးရေးနှင့် တရားမျှတမှုလက်လှမ်းမီရေးဆိုင်ရာ မဟာဗျူဟာများရေးဆွဲရာတွင် အထောက်အကူဖြစ်စေရန်အတွက် ပိုမိုရှည်

[52] Steinberg, Burma/Myanmar – What everyone needs to know (2010), p – 149.

လျားသော သမိုင်းတစ်လျှောက် အမြင်များကို ထောက်ပံ့ပေးထားပါသည်။ ပိုမိုကျယ်ပြန့်သော ဒေသဆိုင်ရာ ရှုထောင့်မှကြည့်ပါက၊ အောက်တွင် ရှင်းလင်းတင်ပြမည့် ခေါင်းစဉ်နှစ်ခုတို့သည် မြန်မာနိုင်ငံ၏ ကြာမြင့်ပြီဖြစ်သော ဆွေးနွေးငြင်းခုံမှုများကို အာရှဒေသ၏ ဒီမိုကရေစီ၊ အုပ်ချုပ်မှု (Governance) နှင့် လူ့အခွင့်အရေးများပုံစံများနှင့် ချိတ်ဆက်ပေးပါသည်။ ထိုပုံစံများအားလုံးတို့သည် အမျိုးသားတွေ့ဆုံဆွေးနွေးရေးလုပ်ငန်းစဉ်၏ အစိတ်အပိုင်း တစ်ခုအနေဖြင့် ပတ်သက်ဆက်နွယ်နေကြသော စဉ်းစားချက်များဖြစ်ကြပါသည်။

## (၅-က-၁) လုပ်ပိုင်ခွင့်နှင့်အာဏာဆိုင်ရာ သဘောတရားများ

ပဒေသရာဇ်ခေတ်နှင့် ကိုလိုနီခေတ်ကြိုကာလများတွင် ဘုရင်ကို `အတိတ်က မရေတွက်နိုင်သော ဘဝများတွင် ဆည်းပူးထားသော ကောင်းကျိုးများ၏ အကျိုးဆက်အဖြစ် ကမ္ဘာမြေပေါ်တွင် အမြင့်ဆုံးအုပ်စိုးနိုင်သူ´ [53] ဟု အသိ အမှတ်ပြုကြပါသည်။ ထို့ကြောင့် အုပ်စိုးရမည့် သဘာဝသည် လက်ရှိအချိန်ပေါ်တွင် မူမတည်ဘဲ၊ (ဥပဒေနှင့် ညီညွတ်ခြင်းထက်) အုပ်စိုးသူ၏ အမွေဆက်ခံရရှိသည့် ပစ္စည်းနှင့် ပါရမီအရည်အသွေးများပေါ်တွင် မူတည်နေပါ သည်။ ထိုကဲ့သို့သော `အာဏာ၏ အဆုံးမရှိသော သဘာဝ´၏ အကျိုးသက်ရောက်မှုကြောင့် ပဒေသရာဇ်စနစ်၏ နိုင်ငံရေးသဘောတရားကိုမပတ်ဘဲ၊ ဘုရင်ဖြစ်သူအား ပုဂ္ဂိုလ်ရေးအရ သစ္စာခံမှုကို ဖြစ်လာစေပါသည်။ [54]

ကမ္ဘာ့အမြင်ဖြင့်ကြည့်ပါက `ပြည်သူများသည် ဘုရင်၏ ကိုယ်ကျင့်တရားကောင်းမွန်မှုတွင် ပါဝင်နေသည့်အတွက် ဘုရင်နှင့် ပြည်သူများ၏ ကောင်းကျိုးသည် အပြန်အလှန်ယှက်နွယ်နေပါသည်။ ---ဆန့်ကျင်သူတစ်ဦးသည်ပင် အုပ်စိုးသူနှင့် ပူးပေါင်းဆောင်ရွက်ရပါမည်။ အာဏာလုခြင်းမဖြစ်စေရပါ။´ [55] အစိုးရအား ဆန့်ကျင်သူသည် သူပုန်နှင့် အဓိပ္ပါယ်တူညီ´ပြီး၊ ဘုရင့်အာဏာကို အာခံသူနှင့် နိုင်ငံတော်၏ စည်းလုံးမှုကို ဖျက်ဆီးသူဖြစ်ပါသည်။ [56]ဤနည်းအားဖြင့် သဟဇာတဖြစ်မှုဆိုသည်ကို ခွင်းချက်မရှိညီညွတ်မှုဟူသော သဘောတရားဖြင့် သတ်မှတ်ခဲ့ပြီး၊ သဘောကွဲလွဲမှုအားလုံးကို ထိန်းချုပ်ခြင်းဖြင့် ယင်းသဟဇာတဖြစ်မှု ကိုရရှိနိုင်သည်ဟု ယူဆထားခြင်းဖြစ်သည်။[57] ဘုရင်၏ အာဏာသည် အကြွင်းမဲ့ သက်ဦးဆံပိုင်ဖြစ်သည့်အတွက် အာဏာလွှဲပေးခြင်း သို့မဟုတ် အာဏာခွဲဝေ ပေးခြင်းတို့ကို အာဏာဆုံးရှုံးသည်ဟု မှတ်ယူကြပါသည်။

ထိုသို့ ပုဂ္ဂိုလ်ရေးကို အခြေပြုထားသော အာဏာနှင့် လုပ်ပိုင်ခွင့်သဘောတရားတွင် `နောက်ထပ်အာဏာရှိသော နေရာတစ်နေရာကို မည်သူမျှအကျိုးမရှိသော အခြေအနေ (Zero-sum game) တွင် မတည်ငြိမ်မှုကို ဖြစ်ပေါ် စေနိုင်သည့် လွှမ်းမိုးမှုအသစ်တစ်ခုအဖြစ်ရှုမြင်ကြပြီး၊ သံသယဖြင့် ကြည့်တတ်ကြပါသည်။´[58]အချို့သော သမိုင်းပညာရှင်များက ထိုသို့သော အလားအလာပုံစံများသည် ဆယ်စုနှစ်များစွာကြာသော စစ်အုပ်ချုပ်မှုအတွင်း လုံခြုံရေးနှင့် စီမံခန့်ခွဲရေးကော်မတီများ (၁၉၆၂ မှ ၁၉၇၄ ခုနှစ်)[59] ဗမာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ (၁၉၆၂ မှ ၁၉၈၈

---

[53]မောင်မောင်ကြီး၊ ဗမာလူမျိုးတို့၏ နိုင်ငံရေးတန်ဖိုးများ - အာဏာရှင်စနစ်၏ လူမှု-နိုင်ငံရေးရေသောက်မြစ်များ (၁၉၈၃ ခုနှစ်). စာ -၁၄။

[54]Engelkamp, Moral Authority in Burmese Politics 109 ASIEN (October 2008), p – 42.

[55]အထက်ပါရည်ညွှန်း။ စာ -၄၄။

[56]မောင်မောင်ကြီး၊ စာ -၄၆။

[57]အထက်ပါရည်ညွှန်း။

[58]Steinberg, p – 46.

[59]၁၉၆၂ ခုနှစ်တွင် စစ်တပ်မှအာဏာသိမ်း၍ တော်လှန်ရေးကောင်စီဖွဲ့စည်းခဲ့ပြီးနောက်ပိုင်းတွင်၊ စီမံအုပ်ချုပ်မှုအာဏာကို လုံခြုံရေးနှင့် စီမံခန့်ခွဲရေးကော်မတီများ (SACs) ဖြင့် အဆင့်ဆင့် တာဝန်ယူခဲ့ကြရာ ၄င်းတို့ကို စစ်တပ်အရာရှိများကဦးဆောင်ကြပြီး၊ နိုင်ငံ အဆင့်တွင် လုံခြုံရေးနှင့်အုပ်ချုပ်ရေးကောင်စီဗဟိုကော်မတီက ထိန်းချုပ်ထားပါသည်။ တစ်ဖန်ထိုကော်မတီသည်လည်း ဗိုလ်ချုပ်ကြီး နေဝင်းဦးဆောင်သည့် တော်လှန်ရေးကော်စီသို့ အစီရင်ခံရပါသည်။ ၁၉၇၄ ခုနှစ်တွင် ဖွဲ့စည်းပုံ အခြေခံဥပဒေကို ပြဋ္ဌာန်းပြီးနောက်၊ SACsများကို ပြည်သူ့ကောင်စီများဖြင့် အစားထိုးခဲ့ပါသည်။ ထိုကော်စီအဖွဲ့ဝင်များကို မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီမှ ရွေးကောက် ခန့်အပ်ပေးပါသည်။ ပြည်သူ့ကောင်စီများသည် သီအိုရီအရ အဆင့်တိုင်းရှိ အုပ်ချုပ်ရေးကိစ္စများအတွက် တာဝန်ရှိသော်လည်း၊ လက်တွေ့တွင်မူ စစ်တပ်မှ အရာရှိများ၏ လွှမ်းမိုးမှုကြောင့် လွတ်လပ်မှုအနည်းငယ်သာရှိခဲ့ပါသည်။ Donald Seekins, HistoricalDictionary of Burma (Myanmar) (2006) p – 54-55 တွင်ကြည့်ပါ။

ခုနှစ်)[60]၊ ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ (၁၉၈၈ မှ ၁၉၉၇ ခုနှစ်)၊ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကော်စီ (၁၉၉၇ မှ ၂၀၁၀ ခုနှစ်)[61] တို့မှတစ်ဆင့် အာဏာရှင်စနစ်များတိုးတက်လာစေကြောင်း (အခန်း ၂ တွင် အတတ်ကာလက ချိတ်ဆက်မှုများနှင့် ပတ်သက်သည့် တွေ့ရှိချက်များက ညွှန်းဆိုသည့်အတိုင်း) ဖော်ပြခဲ့ကြပါသည်။

တိကျစွာပြောဆိုထောက်ပြရန်ခက်ခဲသော်လည်း၊ လေ့လာသူများက ပါတီစုံစနစ်နှင့် အာဏာခွဲဝေအုပ်ချုပ်သော ဒီမိုကရက်တစ်စနစ်သို့ကူပြောင်းရာတွင် ဤသို့သော သမိုင်းကြောင်းရှိသည့် နိုင်ငံရေး ယဉ်ကျေးမှုကို လစ်လျူမရှုသင့်ကြောင်း အကြံပြုကြပါသည်။ ဤသမိုင်းကြောင်းသည် အခန်း (၂)တွင် တင်ပြထားသော (အုပ်ချုပ်မှုတွင် အမိန့်ပေးစနစ်နှင့် ထိန်းချုပ်မှုရှိနေသေးကြောင်း သုတေသနတွင် ပူးပေါင်းပါဝင်သူများက ရှုမြင်ခြင်း) တွေ့ရှိချက်များအား ပိုမိုနက်ရှိုင်းစွာ နားလည်စေပါသည်။ ဤအခြေအနေတွင် တရားစီရင်ရေးသည် အရေးအကြီးဆုံးသော အဖွဲ့အစည်းဖြစ်ပါသည်။ ထိုအဖွဲ့အစည်း၏ တာဝန်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးကဏ္ဍများကို အပြန်အလှန်ထိန်းကျောင်းရန်ဖြစ်ပါသည်။ တချိန်တည်းတွင် တစ်ဦးချင်းနှင့် အစုအဖွဲ့များ၏ အခွင့်အရေးများကို ကာကွယ်ပေး၍ ခိုင်မာစေရန်ဖြစ်ပါသည်။ သို့ဖြစ်၍ တုန့်ပြန်ဖြေဆိုသူများစွာ တို့က တရားစီရင်ရေးသည် အုပ်ချုပ်ရေးမှ ကြားဝင်မှုများနှင့် အဂတိလိုက်စားမှုတို့ကြောင့် ပျက်ဆီးနေကြောင်းနှင့် ဆင်းရဲသူများ၊ လုပ်ပိုင်ခွင့်မရှိသူများနှင့် အပယ်ခံအုပ်စုများအတွက် ကြီးမားသော ဂန်ထုပ်ဂန်ပိုးဖြစ်စေသည့် ပြဿနာတစ်ခုဖြစ်ကြောင်း ဖော်ပြခဲ့ကြပါသည်။ ထိုပြဿနာသည်တရားစီရင်ရေးကို ကျော်လွန်၍ အစိုးရ အုပ်ချုပ်ရေးအထိ ကျယ်ပြန့်နေပြီး၊ မျှတမှုနှင့် တန်းတူညီမျှမှုကိစ္စရပ်များမှာ အမှီအခိုကင်းသော ဆောင်ရွက်ချက်များ၏ ပြင်ပတွင် ရောက်နေပြီး၊ အခန်း (၃)တွင် ဖော်ပြခဲ့သည့်အတိုင်း တိုင်ကြားချက်များနှင့်သာ ပြည့်နေပါသည်။

ဤသမိုင်းအမွေသည် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်၏ အခြားသော ရှုထောင့်များအတွက်လည်း စိန်ခေါ်မှုများဖြစ်စေပါသည်။ ယင်းတို့တွင် နိုင်ငံရေးအာဏာကို ပြည်နယ်/တိုင်းဒေသကြီးအစိုးရများသို့ ခွဲဝေပေးရေး၊ အစိုးရဆုံးဖြတ်ချက်များကို မေးခွန်းများမေးမြန်း၍ ဝေဖန်နိုင်စွမ်းရှိသော လွတ်လပ်သည့် မီဒီယာပေါ်ထွက်စေရေး၊ ပြည်သူများ၏ တောင်းဆိုချက်များကို အဓိပ္ပါယ်ဖွင့်ဆို၍ မှုဘောင်ချပေးပြီး၊ အချို့သော လိုလားချက်များကို ဖြည့်ဆည်းပေးရန် ကူညီနေသည့် အရပ်ဖက်လူမှုအဖွဲ့အစည်းများ၏ လုပ်ပိုင်ခွင့်ရှိစေရေး စသည်တို့ ပါဝင်ပါသည်။ [62]

လက်ရှိ အမြင်များနှင့် အလေ့အထများကို နားလည်ရန် ကူညီပေးနိုင်သည့် အခြားသော သမိုင်းကြောင်းတစ်လျှောက်ရှိ အာဏာအသုံးပြုမှု ပုံစံများလည်း ရှိပါသေးသည်။ ဥပမာအားဖြင့် ဘုရင်သည် အကြွင်းမရှိ အာဏာ၏ မဏ္ဍိုင်ဖြစ်ပြီး၊ ၎င်းကို ဗဟိုပြု၍ အစိုးရနှင့် အုပ်ချုပ်ရေးစနစ်များ ဖြစ်ပေါ်လာရသည့်အတွက်၊ ဘုရင်သည် `စက်ဝိုင်းပုံ အချုပ်အခြာအာဏာစနစ်´ကို ကျင့်သုံးပါသည်။ ယင်းစနစ်တွင် အာဏာသည် ဘုရင့်ထံမှ ဖြာထွက်လာပြီး၊ ဗဟိုတူစက်ဝိုင်းများစွာသည် အဆုံးမရှိသော ဝေးလံသည့် ဒေသများအထိ ဖြန့်ထွက်သွားပါသည်။[63] ဘုရင်၏ အုပ်ချုပ်မှုသည် သစ္စာရှိပါမည်ဟု ကျမ်းကျိန်ကတိပြုထားသော ဝန်မင်းများ (Governors) နှင့် ဒေသန္တရမြို့ရွာများတွင် အခြေပြုထားသည့် ဗဟိုအစိုးရ၏ အရာရှိများဖြစ်သည့် မြို့ဝန်များ (Provincial

---

[60]၁၉၆၂ ခုနှစ်မှ ၁၉၈၈ ခုနှစ်အတွင်းတွင် ဗိုလ်ချုပ်ကြီးနေဝင်းသည် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ၏ ခေါင်းဆောင်နှင့် ဥက္ကဋ္ဌဖြစ်ပြီး၊ ပါတီခေါင်းဆောင်အများစုမှာ စစ်တပ်မှ အရာရှိများဖြစ်ပါသည်။ ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် `နိုင်ငံတော်ကို ဦးဆောင်နေသည့် တစ်ခုတည်းသောနိုင်ငံရေးပါတီ´အဖြစ် ကြေငြာထားပါသည်။ Seekins, p- 127-128 တွင်ကြည့်ပါ။

[61]ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့နှင့် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကော်စီနှစ်ခုလုံးကို တပ်မတော်အရာရှိများဖြင့် ဖွဲ့စည်းထားပြီး၊ အစိုးရ၏ လုပ်ငန်းများကို ညွှန်ကြားရန်နှင့် အကောင်အထည်ဖော်ရန် ဖွဲ့စည်းထားခြင်းဖြစ်ပါသည်။ Seekins, p- 55 တွင်ကြည့်ပါ။

[62]Steinberg, p – 153 တွင်ကြည့်ပါ။

[63]Steinberg, p – 18 တွင်ကြည့်ပါ။

Governors) များမှတစ်ဆင့် အာဏာသက်ရောက်ပြီး၊[64] ထိုအရာရှိအားလုံးတို့သည် `ဘုရင်၏ တည်ငြိမ်မှုကို ထိန်းသိမ်းရန်နှင့် ဘုရင့်အမိန့်များကို ဆောင်ရွက်ရန်အတွက် အဓိကတာဝန် ထမ်းဆောင်ကြပါသည်။´[65]

ဝန်ကြီးများနှင့် အရာရှိများက ဘုရင်အား ၎င်းတို့၏ ကျေးဇူးရှင်၊ အားပေးသူ၊ ကာကွယ်ပေးသူအဖြစ် မှတ်ယူထားကြပါသည်။[66] ဝန်ကြီးများ၏ အဆင့်အတန်းနှင့် လူမှုဆိုင်ရာ အနေအထားတို့မှာ ဘုရင်၏ ကိုယ်စားလှယ်များ အနေနှင့် ဘုရင့်တရားရုံးနှင့်တွဲဖက်၍ မြင့်တက်လာကြပြီး၊[67] ပုဂ္ဂိုလ်ရေးချိတ်ဆက်မှုများ၊ မျက်နှာသာပေးခြင်းများ ကို အခြေခံ၍ ရှုပ်ထွေးသော လူမှုဘာဝအဆင့်ဆင့်ကို ဖြစ်ပေါ်စေပါသည်။ လုပ်ပိုင်ခွင့်၊ အာဏာနှင့် ဂုဏ်ရှိမှုသည် ဥပဒေထက် (ဘုရင်က ထိပ်ဆုံးတွင်ရှိနေသော) လူပုဂ္ဂိုလ်ပေါ် ပိုမို မူတည်နေပါသည်။ [68]

အချို့သော လေ့လာသူများက ဤကဲ့သို့သော လူပုဂ္ဂိုလ်အခြေခံသည့် လူမှုရေးနှင့် နိုင်ငံရေးဖွဲ့စည်းမှုအမွေသည် ဆက်သွယ်မှုများနှင့် ကွန်ယက်များကို အခြေခံထားပြီး၊ ယနေ့မြန်မာနိုင်ငံ၏ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုကို နားလည်စေကြောင်း စဉ်းစားကြပါသည်။ စည်းမျဉ်းနှင့်ညီညွတ်ပြီး၊ ဥပဒေအခြေခံသည့် အဖွဲ့အစည်းများ တည်ထောင်ရန်အတွက် လည်းကောင်း၊ အစိုးရ၏ ဗျူရိုကရေစီယန္တရားကို တာဝန်ခံမှုရှိသော၊ တရားမျှတ၍ တန်းတူ ညီမျှသော ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းအဖြစ် ပြန်လည် ခင်းကျင်းရန်အတွက်လည်းကောင်း၊ စိန်ခေါ်မှု များကို ထည့်သွင်းစဉ်းစားရပါမည်။

မြန်မာနိုင်ငံ၏ လက်ရှိ အုပ်ချုပ်မှု (Governance) စနစ်သည် လက်တွေ့တွင် တပ်မတော်၏ အမိန့်နှင့် ထိန်းချုပ်ခြင်းစနစ်များက ဆယ်စုနှစ်များစွာ အားဖြည့်ထားသည့် အပေါ်စီး (top-heavy) အုပ်ချုပ်မှုများ ကျန်ရှိ နေပါသေးသည်။ ဤစနစ်သည် လုပ်ပိုင်ခွင့်နှင့်အာဏာများပေးထားခြင်းဖြင့် အဆင့်မြင့်ရာထူးရထားသူများအား အလေးအနက်ထားပါသည်။ ထိုကဲ့သို့သော ဖွဲ့စည်းတည်ဆောက်မှုအတွင်းတွင် ကျွမ်းကျင်မှုအဆင့်နိမ့်သူများ သို့မဟုတ် ဆက်သွယ်မှုကွန်ယက်၏ အပြင်ပိုင်းတွင် ရှိနေသူများသည် ကျွမ်းကျင်မှုအဆင့်မြင့်သူများ၊ ဆက်သွယ်မှု ၏ အတွင်းစည်းပိုင်းတွင် ရှိနေသူများထံမှ အကူအညီတောင်းခံခြင်း သို့မဟုတ် ၎င်းတို့ကို ထောက်ခံခြင်း များပြုလုပ်နေရပါသည်။ ဥပဒေလမ်းကြောင်းအတိုင်း သွားရန်ထက် (အာဏာနှင့် လွှမ်းမိုးမှုရှိသော လူပုဂ္ဂိုလ်တစ်ဦး ထံ ချဉ်းကပ်ရန်နှင့် အငြင်းပွါးမှုများတွင် အခွင့်ထူးမျှော်လင့်ရန်အတွက်) ပုံစံတကျမဟုတ်သော လူမှုဆိုင်ရာ ကွန်ယက်များ (အထူးသဖြင့် လွှတ်တော်ကိုယ်စားလှယ်များ၏ အသစ်ထွက်ပေါ်လာသည့် အခန်းကဏ္ဍ များ) ကို အသုံးချရန်ကြံရွယ်ခြင်းများကို အခန်း (၂)နှင့် (၄)ရှိ တွေ့ရှိချက်များတွင် မြင်တွေ့နိုင်ပါသည်။

တစ်ချိန်တည်းမှာပင် အာဏာကို ကိုင်တွယ်သုံးစွဲရသည့်နေရာတွင် ရှိနေသူများအား သက်ဆိုင်ရာ ထိန်းကျောင်း စစ်ဆေးမှုများလည်း မရှိကြသဖြင့် အဂတိလိုက်စားမှုအတွက် အခွင့်အလမ်းများပွင့်စေပါသည်။ ဥပမာအားဖြင့် လွှတ်တော်ကိုယ်စားလှယ်များကို အသုံးပြုခြင်းသည် top-down နည်းလမ်းဖြင့် အုပ်ချုပ်မှုကို ထိရောက်စွာ စိန်ခေါ်နိုင်သော နည်းလမ်းအသစ်တစ်ခုဖြစ်ပါသည်။ သို့ရာတွင် ထိုကဲ့သို့ကြားဝင်ဆောင်ရွက်သော တစ်ခါသုံးနည်းလမ်းများ က(ad-hoc) တပည့်မွေး ဆရာမွေး စနစ်သက်ဆိုးရှည်စေရန် အထောက်အပံ့ သဘောသာဖြစ်စေပါသည်။ သုတေသနပူးပေါင်းပါဝင်သူတစ်ဦး၏ ဖော်ပြခဲ့သည့်အတိုင်းဆိုပါက၊ အာဏာနှင့် လုပ်ပိုင်ခွင့်ရှိသူများက ထိန်းသိမ်းနိုင်သော်လည်း၊ ကျန်အသိုက်အဝန်းက အဂတိလိုက်စားနေခြင်း (မင်းပင် ကောင်းလျက် မင်းမှြောင်ဖျက်ခြင်း) လည်း ရှိနိုင်ပါသည်။ အခန်း (၂) နှင့် (၃) တို့တွင် ဖော်ပြထားသော တွေ့ရှိ ချက်များအရ သုတေသနပူးပေါင်းပါဝင်သူတစ်ဦးက ရှုမြင်သကဲ့သို့ အဂတိလိုက်စားမှုသည် အမြစ်တွယ်နေပြီး

[64]မောင်မောင်ကြီး၊ စာ - ၁၈၊ ၂၇၊ ၃၅ နှင့် ၄၅ တွင်ကြည့်ပါ။
[65]အထက်ညွှန်းစာအတိုင်း၊ စာ - ၄၅။
[66]အထက်ညွှန်းစာအတိုင်း။
[67]အထက်ညွှန်းစာအတိုင်း၊စာ -၂၀။
[68]အထက်ညွှန်းစာအတိုင်း၊စာ -၁၇၄။

ကျယ်ပြန့်စွာ ပြန့်နှံ့နေသော ပြဿနာတစ်ခု ဖြစ်ပါသည်။ အချို့သော ဖြစ်ရပ်များတွင် အာဏာနှင့် လုပ်ပိုင်ခွင့်ရှိသော နေရာများ၌ ရောက်နေသူများသည် ပုဂ္ဂိုလ်ရေးအကျိုးအမြတ်အတွက် ထိခိုက်လွယ်သော နေရာများ၌ ရှိနေသူများအား ခွဲခြားဆက်ဆံကြပါသည်။ အခြားသော ပါဝင် ဖြေဆိုသူများကလည်း ထိုသို့ ပြန့်နှံ့နေသော ပြဿနာများအားဖြေရှင်းရန်ထိုကဲ့သို့အမြစ်တွယ်နေသည့် (အဂတိလိုက်စားမှု) ပြဿနာများကိုဖြေရှင်းရန်နှင့် အစိုးရ တာဝန်ရှိပုဂ္ဂိုလ်များကို တာဝန်ခံတတ်သော ပြည်သူ့ဝန်ထမ်းများ အဖြစ်သို့ရောက်ရှိစေရန် တွန်းအားပေးရန်ကိုမဝှံမရဲဖြစ်ကြကြောင်း ထုတ်ဖော်ပြောကြားခဲ့ပါသည်။

ဤခေါင်းစဉ်အောက်တွင် တင်ပြခဲ့သည့် (မြန်မာနိုင်ငံတွင် အာဏာနှင့် လုပ်ပိုင်ခွင့်များကို မည်သို့နားလည်ကြောင်းနှင့်ပတ်သက်သည့်) တုန့်ပြန်ချက်များသည် အာရှဒေသတွင် ကာလရှည်ကြာကတည်းက ဆွေးနွေးငြင်းခုံလာခဲ့သည့် ဒီမိုကရေစီ၊ အုပ်ချုပ်မှု (Governance) နှင့် လူ့အခွင့်အရေးပုံစံများနှင့် သက်ဆိုင်မှုရှိနေပါသည်။ နိုင်ငံရေးတွင် အာဏာရှင်ဆန်သော စည်းမျဉ်းများဆက်လက် ကျင့်သုံးနေပါက၊ အုပ်ချုပ်ရေးအာဏာက ဂန်းရံပေးထားသည့် ဥပဒေစိုးမိုးရေးနှင့် တရားရေးလွတ်လပ်မှုသည်သာ ရလာဒ်များဖြစ်လာပါလိမ့်မည်။ ဥပဒေစိုးမိုးရေးနှင့် တရားမျှတမှုရရှိစေရေးကို ခိုင်မာစေမည့် မည်သည့် အားထုတ်မှုမဆိုကို ဤအရွေ့များအား ရှင်းလင်းစွာကြည့်ပြီးမှသာ ဒီဇိုင်းရေးဆွဲရပါမည်။ အထူးသဖြင့်၊ အခွင့်အရေးကာကွယ်ပေးခြင်းနှင့် ပတ်သက်သည့် အစီအစဉ်ရေးဆွဲရာတွင် ဆန့်ကျင်မှုနှင့် အကန့်အသတ်များကို မျှော်မှန်းထားရပါမည်။

### (၅-က-၂) လူမှုဆိုင်ရာ ဆက်သွယ်ချက်များ

ယေဘုယျအားဖြင့်၊ ကိုလိုနီခေတ်ကြိုကာလမြန်မာနိုင်ငံ၏ လူမှုရေးနှင့် စီးပွါးရေးဆက်သွယ်ချက်များကို အုပ်ချုပ်ခဲ့သည့် ရိုးရာစံနှုန်းများနှင့် အလေ့အထများသည် `တစ်ဦးချင်း၏ အခွင့်အရေးများကို အခြားသူများက မချိုးဖေါက်စေရေးအတွက် ကာကွယ်ပေးရုံသာမက၊ လူ့အဖွဲ့အစည်း၏ အကျိုးစီးပွါးများကို တစ်ဦးချင်းစီက အနှောင့်အယှက်ပေးမှုမှလည်း လုံခြုံဘေးကင်းစေ´ ပြီး၊ ထိုအလေ့အထများသည် `ပြည်သူများ၏ အခန်းကဏ္ဍအသီးသီးရှိ ပြည်သူများ၏ ဟန်ချက်ညီမှုကို ဖန်တီးပေး´ပါသည်။ [69]

ဤအချက်က `ဓမ္မဓိဌာန်ကျသော သဘောတရားစံနှုန်းများဖြင့် နေထိုင်ခြင်းကို မည်သည့်အခါမှ နားမလည်နိုင်ကြောင်း´နှင့် ပြဿနာများကို `ဓမ္မဓိဌာန်ကျသော ဥပဒေဆိုင်ရာ သဘောတရားများ၊ စည်းမျဉ်းများဖြင့် ဖြေရှင်း၍ မရနိုင်ဘဲ၊ နှစ်ဖက်စလုံးက နောက်ထပ်အငြင်းပွါးမှုများ သို့မဟုတ် အမျိုးမျိုးသော ထင်မြင်ချက်များကို ထပ်မံတင်သွင်းလာနိုင်ကြောင်း´[70]ကို ဆိုလိုပါသည်။ သို့ဖြစ်၍ အငြင်းပွါးမှုဖြေရှင်းခြင်းအတွက် အခြေခံစရိုက်မှာ အငြင်းပွါးနေသော အဖွဲ့များ၏ ပုဂ္ဂိုလ်ရေးအခြေအနေများနှင့် တောင်းဆိုချက်များကို ကျေနပ်မှုရစေသော စေ့စပ်ဆွေးနွေးမှုတစ်ခုဖြင့် အဖြေရှာရန်ဖြစ်ပါသည်။[71] ထို့အပြင် `ဖြေရှင်းချက်များကို ပုံမှန်ပြည်သူများက ယုံကြည်ကြပြီး၊ စာရိတ္တနှင့် လေးစားခံရမှုမြင့်မားသည့် ပုဂ္ဂိုလ်များက ပြုလုပ်ရပါမည်။´ [72]

ဆွေးနွေးညှိနှိုင်းခြင်း၊ ကြားဝင်စေ့စပ်ပေးခြင်း သို့မဟုတ် အခြား စေ့စပ်ပြေငြိမ်းခြင်းများအား အငြင်းပွါးမှု ဖြေရှင်းရေးအတွက် အဓိကနည်းလမ်းအဖြစ် ဖောင်းပေးခြင်းကို အခန်း (၃) နှင့် (၄)တို့ရှိ တွေ့ရှိချက်များက ဖော်ညွှန်းနေပြီး၊ တရားရုံးဆုံးဖြတ်ချက်များကို မကျေနပ်သူများက ပြဿနာများကို ဖြေရှင်းရန်အခြား နိုင်ငံရေး နည်းလမ်းများကို အဘယ်ကြောင့် ရှာလာကြောင်းကိုလည်း တစ်စိတ်တစ်ပိုင်းရှင်းပြနိုင်ပါသည်။

[69] Khin Maung Gyi, et.al., A Vision and A strategy: Economic Development of Burma (2000), p – 187.
[70] မောင်မောင်ကြီး၊ စာ - ၄၇။
[71] အထက်ပါ ညွှန်းစာ။ စာ - ၄၈ နှင့် Khin Maung Gyi, et al., p. 187
[72] Khin Maung Gyi, et al., p. 187

ဘုရင့်အစိုးရ၏ ပုဂ္ဂိုလ်ရေးနှင့် အဆင့်အမျိုးမျိုးရှိသည့် နိုင်ငံရေးဖွဲ့စည်းတည်ဆောက်မှုသည် ပိုမိုကျယ်ပြန့်သော လူမှုရေးဆက်ဆံမှုများကို ရောင်ပြန်ဟပ်စေပါသည်။ ဆိုလိုသည်မှာ လူတစ်ဦး၏ အဆင့်အတန်းကို အခြားသူတစ်ဦးနှင့် အမြဲတမ်းနှိုင်းယှဉ်တိုင်းတာလေ့ရှိကြပါသည်။ လူတစ်ယောက်ကို `လူ့အခွင့်အရေးနှင့် အခွင့်ထူးများ ပိုင်ဆိုင်ထားသည့် ဘက်မလိုက်သော လူ့အဖွဲ့အစည်းဝင်တစ်ဦးဟု မည်သည့်အခါမှ မမြင်ကြပါ´[73]။ သို့သော် `လူတစ်ယောက်သည် မိသားစုဖွဲ့စည်းပုံ သို့မဟုတ် လူမှုဆိုင်ရာမူဘောင်အတွင်းတွင် ချိတ်ဆက်တစ်ခုဖြစ်ပြီး၊ ထိုလူ၏ အသက်၊ ကျား/မ၊ မျိုးဆက်နှင့် အလုပ်အကိုင်နှင့် လျော်ညီသော အဆင့်အတန်းတစ်ခုကို ရရှိသည်၊ သို့ဖြစ်၍ လေးစားခံရမှုကို လူမှုရေးဟူသည့် ချိန်ခွင်ဖြင့် သတ်မှတ်ပါသည်´[74]။ အခန်း (၂)နှင့် အခန်း (၃)တို့တွင် တင်ပြထားသည့် တွေ့ရှိချက်များက သရုပ်ဖော်ထားသည့်အတိုင်းပင်၊ တိုင်းရင်းသားလူမျိုးနှင့် ဘာသာရေးတို့မှာ မြန်မာနိုင်ငံတွင် လူတစ်ယောက်ကို မည်သို့ ဆက်ဆံကြောင်း ဆုံးဖြတ်ပေးသည့် အခြားသော အချက် (၂)ချက် ဖြစ်ပါသည်။

ထိုကဲ့သို့ လူမှုဆိုင်ရာဆက်သွယ်မှုများကို အဆင့်ခွဲထားခြင်း (အထက်အရာရှိနှင့် အောက်လက်ငန်ထမ်းအကြား၊ အသက်ကြီးသူနှင့် အသက်ငယ်သူအကြား၊ ချမ်းသာသူနှင့် စီးပွါးရေးနည်းလမ်းနည်းပါးသူများအကြား၊ အမျိုးသားနှင့် အမျိုးသမီးများအကြား၊စသည်ဖြင့်) ကို `လူမှုအသိုက်အဝန်းအတွင်းတွင် တန်းတူညီမျှစွာ ဆက်ဆံမှုသဘောတရား မရှိခြင်း´ [75]ဟု ဘာသာပြန်ဆိုနိုင်ပြီး၊ လွှမ်းမိုးနေသော အုပ်စုများနှင့် ထိခိုက်လွယ်သူများ၊ လူနည်းစု အုပ်စု များအကြားတွင် အပြန်အလှန်ဆက်သွယ်ဆောင်ရွက်မှုများကို ပုံဖော်ပေးနေသည့် အမြစ်တွယ်နေသော လူမှု-ယဉ်ကျေးမှုဆိုင်ရာ စံနှုန်းများနှင့် တန်ဖိုးများကို ထင်ဟပ်ပေါ်လွင်စေပါသည်။

ဤကဲ့သို့သော ရိုးရာလူမှုဆိုင်ရာဆက်သွယ်မှုများက အထူးသဖြင့် ကျေးလက်ဒေသများတွင် ရှေ့နောက် ညီညွတ်မှုနှင့် အမွေကို ထိန်းသိမ်းထားနိုင်ပါသည်။ သို့ဖြစ်ရာ ပြည်သူများက ခေတ်မီစီးပွါးရေးစနစ်များနှင့် ပိုမိုဆက်ဆံလာပြီး၊ နိုင်ငံရေးအသိနိုးကြား၍ ပူးပေါင်းပါဝင်မှုရှိလာကာ၊ စံနှုန်းနှင့် တန်ဖိုးစနစ်အမျိုးမျိုးတို့ကို မြင်တွေ့လာသည်နှင့်အမျှ ယင်းတို့ကို ဆက်လက်ထိန်းသိမ်းနိုင်စွမ်းရှိတော့မည်မဟုတ်ပါ။ တွေ့ရှိချက်များက အကြံပြုထားသည့်အတိုင်းပင်၊ ထိခိုက်လွယ်သူများနှင့် လူနည်းစုအုပ်စုများအား တန်းတူညီမျှစွာ ဆက်ဆံမှု မရှိခြင်းကို ရိုးရာစနစ်များဖြင့် အကြောင်းပြဖြေရှင်း၍ မရပါ။ သို့ရာတွင် ဥပဒေ၏ ရှေ့မှောက်တွင် တန်းတူညီမျှစွာ ဆက်ဆံမှုကို အာမခံနိုင်သည့် ပြုပြင်ပြောင်းလဲမှုများကို တောင်းဆိုနေပါသည်။

အစောပိုင်းအခန်းများရှိ တွေ့ရှိချက်များသည် မကုန်ဆုံးသေးဘဲ စာရင်းအင်း ပညာအရ ကိုယ်စားပြုနိုင်သည်ထက် သရုပ်ဖော်ပြသည့် အချက်များဖြစ်ကြပါသည်။ ဆက်လက်တင်ပြမည့် အချက်များမှာ တုန့်ပြန်မှုများကို အတွဲလိုက်ဖော်ပြထားခြင်းဖြစ်ပါသည်။ ဒေသန္တရအဆင့်၊ ဒေသတွင်းအဆင့်နှင့် နိုင်ငံအဆင့်တို့တွင် အပြည့်အဝနားလည်စေရန်မှာ ဤမြေပုံရေးဆွဲခြင်းသုတေသနလုပ်ငန်း၏ နယ်ပယ်ပြင်ပတွင် ရောက်ရှိနေပါသည်။ သို့ရာတွင် တွေ့ရှိချက်များသည် လက်ရှိဆောင်ရွက်နေသော ပြုပြင်ပြောင်းလဲရေးအားထုတ်မှုများ(အထူးသဖြင့် ဥပဒေရှေ့မှောက်တွင် တန်းတူညီမျှမှုကို ရရှိစေခြင်းနှင့်ပတ်သက်သည့် လုပ်ငန်းများ) ကို အထောက်အကူပြုရန် ဖြစ်နိုင်သော နေရာများကို အကြံပြုရန်အတွက် လုံလောက်ပါသည်။

အစိုးရနှင့် အရပ်ဖက်မှ ခေတ်မီသော အဖွဲ့အစည်းများစည်းမျဉ်းစည်းကမ်းနှင့်မူဘောင်များသည် နိုင်ငံရေးအားပြိုင်မှု၏ ထုတ်ကုန်များဖြစ်ကြောင်း ပြန်လည် သတိပေးလိုပါသည်။ ထိုအဖွဲ့အစည်းများသည် ကျယ်ပြန့်သော လူမှုရေး၊ နိုင်ငံရေးနှင့် စီးပွါးရေး အကြောင်းအရာများအတွက် ကာလကြာရှည်စွာကပင် ယှဉ်ပြိုင်ခဲ့ကြပြီး၊ အပြန်အလှန်အားဖြင့် တရားရေး ကဏ္ဍ အဖွဲ့အစည်းများ၏ တရားဝင်မှု၊ အာဏာနှင့်

---

[73]Maung Maung Gyi, p. 171

[74]အထက်ပါ ညွှန်းစာ။

[75]အထက်ပါ ညွှန်းစာ။

တာဝန်ခံမှုတို့ကို အကျိုးသက်ရောက်စေပါသည်။ ထိုသို့ သော နိုင်ငံရေးပြိုင်ဆိုင်မှုများက ဖော်ပြနေသည်မှာ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်သည် အမြဲမပြတ်အငြင်းပွါးမှုများဖြင့် မောင်းနှင်နေပြီး၊ အခွင့်အရေးများ၊ တာဝန်ယူမှုများ၊ ရင်းမြစ်များကို ပြန်လည်ခွဲဝေပေး၍ ဆက်သွယ်မှုများကိုလည်း ပြန်လည် ချိန်ညှိပေးနေကြောင်းပင်ဖြစ်ပါသည်။ ဤဖွံ့ဖြိုးရေး၏ အစိတ်အပိုင်းတစ်ခုဖြစ်သည့် ပြုပြင်ပြောင်းလဲရေး ဖြစ်စဉ်သည်လည်း အခွင့်ထူးခံအုပ်စုများမှ ကျော်လွှန်၍ ထိခိုက်လွယ်သူ/အပယ်ခံအုပ်စုများ (၄င်းတို့တွင်လည်း ၄င်းတို့ဘဝ တိုးတက်ရေးအတွက် တူညီသော တောင်းဆိုချက်များရှိကြပါသည်။) ဆီသို့ ကျယ်ပြန့်သွားစေမည့် နိုင်ငံရေးဆိုင်ရာ ဖြေရှင်းမှုများကို မျှော်မှန်းထား ရပါမည်။ ထိုဖွံ့ဖြိုးရေးနှင့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များသည် တစ်ဖြောင့်တည်းသွားခြင်းမဟုတ်ဘဲ ကြိုတင်သတ်မှတ်ထား၍လည်း မရသဖြင့် ထိုသို့ ဖြစ်စေရန်လည်း မျှော်လင့်၍ မရပါ။

ကမ္ဘာပေါ်ရှိ ဥပဒေစိုးမိုးရေးနှင့် တရားစီရင်ရေးကဏ္ဍပြုပြင်ပြောင်းလဲမှုလုပ်ငန်းများ၏ ဆယ်စုနှစ်များစွာ အတွေ့ အကြုံများမှ သင်ခန်းစာများအရ နိုင်ငံရေးဆိုင်ရာ အုပ်ချုပ်မှုနှင့် လူမှုဆိုင်ရာ စံနှုန်းများကို ကျယ်ပြန့်သောမူဘောင် များဖြင့် ထည့်သွင်းစဉ်းစားရန်ပျက်ကွက်ပါက အကောင်းဆုံးချမှတ်ထားသော စီမံချက်များနှင့် ပြုပြင်ပြောင်းလဲရေး အစီစဉ်များပင် အလဟဿဖြစ်နိုင်ပါသည်။ [76]

မြေပုံရေးဆွဲခြင်းသုတေသနလုပ်ငန်းစဉ်အတွင်း ထုတ်နုတ်ရရှိခဲ့ပြီး၊ ဤအစီရင်ခံစာတွင် တင်ပြထားသည့် (ဒေသခံ ပြည်သူများ၊ အရပ်ဖက်လူမှုအဖွဲ့ အစည်းများနှင့် နိုင်ငံရေး actor များ၏) အမြင်များနှင့် အတွေ့အကြုံများက မြန်မာနိုင်ငံ၏ အခြေအနေတွင် သမိုင်းကြောင်း၊ နိုင်ငံရေးအခြေအနေနှင့် လူမှုစီးပွါးဆိုင်ရာ စံနှုန်းများ၊ တန်ဖိုးများ (နိုင်ငံလွှမ်းခြုံအဆင့်နှင့် ဒေသဆိုင်ရာအဆင့်တို့တွင်) နှင့် ချိတ်ဆက်ဆောင်ရွက်ခြင်းသည် မည်သည့်ပြုပြင် ပြောင်းလဲရေးလုပ်ငန်းအတွက်မဆို၏ ဗဟိုချက်ဖြစ်ကြောင်း ဖော်ပြချက်အချို့ကို ထောက်ပံ့ပေးထားပါသည်။

## (ခ) အကြံပြုချက်များ

ဆက်လက်ဖော်ပြမည့် အကြံပြုချက်များသည် မြန်မာနိုင်ငံ၏ လက်ရှိ အကူးအပြောင်းကာလအတွင်းတွင် ဥပဒေ၏ရှေ့မှောက်၌ အားလုံးသာတူညီမျှမှုကို ပိုမိုခံစားရရှိစေရန် ဦးတည်ထားပြီး အမြဲပြောင်းလဲ တိုးတက်နေသော အခြေအနေတွင် ရှိနေသည့် `ကြားကာလစည်းမျဉ်းစည်းကမ်းနှင့် မူဘောင်တည်ဆောက်မှုကို စဉ်ဆက်မပြတ်ရှေ့ဆက်သွားနိုင်ရေးကို အလေးထားရန် အကြံပြုထားပါသည်။[77]တစ်နည်း အားဖြင့် ပြီးပြည့်စုံသော ဒီဇိုင်းပုံစံ (Blueprint) သို့မဟုတ် စံပြပုံစံ (Model) တစ်ခုကို မျှော်မှန်းနေခြင်း ထက်၊ အကြံပြုချက်များတွင် သတင်းအချက်အလက် အခြေခံသည့် မဟာဗျူဟာများ[78]ကို အဆိုပြုထားပြီး၊ ထိုမဟာဗျူဟာများကို အကောင်အထည်ဖော်ဆောင်ရွက်ရန် လိုအပ်မည့် ဆက်စပ်စွမ်းဆောင်ရည်များကို ဖော်ထုတ်ရန် လည်းလိုအပ်ပါသည်။ အဆိုပါမဟာဗျူဟာနှင့် စွမ်းရည်များကို အကူးအပြောင်းကာလ ပြဿနာများကို ဖြေရှင်းပေးနိုင်မည့်ကြားကာလ စည်းမျဉ်းမူဘောင် ပေါ်ထွန်းစေရေးအတွက် ဦးတည်ကာဖော်ထုတ်ရမည်ဖြစ်သည်။ ယခုမြေပုံရေးဆွဲသည့်လုပ်ငန်းစဉ်မှ တွေ့ရှိချက်များကို အခြေခံထားသော

---

[76]Desai & Woolcock, The Politics of Rule of Law Syatems in Developmental States: 'Political Settlements as a Basis for Promoting Effective Justice Institutions for Marginalized Groups (July, 2012) ESID Working Paper No. 8 တွင်လည်းကောင်း၊ Desai, Isser and Woolcock, rethinking Justice Reform in Fragile and Conflict – Affected States – The Capacity of Development Agencies and Lessons from Liberia and Afghanistan (2012) The World Bank Legal Review Vol.3 တွင်လည်းကောင်း၊ Decker, Sage & Stefanova, Law or Justice; Building Equitable Legal Institutions (n.d)တွင်လည်းကောင်း ကြည့်နိုင်ပါသည်။

[77]Adler, Sage & Woolcock, Internal Institutioins and the Development Process: Opening Spcae for Reform In Cambodia and Indonesia (March 2009) Brooks World Poverty Institute Working Paper 86.

[78]ဤမဟာဗျူဟာများကို Adler, Sage and Woolcock တို့ သတ်မှတ်ဖော်ထုတ်ထားသည့် မဟာဗျူဟာများမှ ထုတ်နုတ်မွမ်းမံထားခြင်း ဖြစ်ပါ သည်။

ထိုအချက်များသည် ဖော်ထုတ်ဆောင်ရွက်မည့် သီးခြားအစီအစဉ်များအတွက် ယေဘုယျ လမ်းညွှန်ချက်များ ဖြစ်စေရန် ရည်ရွယ်ထားပါ သည်။

**(ခ-၁) `အက်ကွဲကြောင်းများ´သို့မဟုတ်အခွင့်အလမ်းများကိုရှာပါ။**

ကြားကာလစည်းမျဉ်းမူဘောင်ပေါ်ထွန်းရေးဆိုရာတွင် တရားဝင်နှင့် ၊ သို့မဟုတ် ထုံးတမ်းစဉ်လာ မူဘောင်များချိတ်ဆက်ပါဝင်နိုင်ရေးနှင့် ၎င်းတို့တည်ရှိနေသော လူမှုရေးနှင့် နိုင်ငံရေးဘောဂဗေဒ ဝန်းကျင်ကို ပြောင်းလဲပစ်နိုင်ရေး အတွက် အခွင့်အလမ်းများ ဖော်ထုတ်ရန်မှာ စိန်ခေါ်မှုတရပ်ဖြစ်သည်။ ထို့ကြောင့် ရည်ရွယ်ချက်မှာ နိုင်ငံတော်နှင့် အရပ်ဖက်အဖွဲ့ကအစည်းများကို ပိုမိုသာတူညီမျှရှိစေမည့် `ကောင်းမွန်သော ကြိုးပမ်းမှုများ´ကို တိုးမြှင့်ပေးရန်ဖြစ်ပါသည်။ ဆိုလိုသည်မှာ `စည်းမျဉ်းမူဘောင်များ၏ အကြောင်းအရာ၊ တရားဝင်မှု၊ ကြာရှည်ခံမှု၊ လိုက်လျောညီထွေရှိမှု၊ တို့ကို အလွှာအသီးသီးမှ သက်ဆိုင်သူအဖွဲ့အစည်းနှင့် ပုဂ္ဂိုလ်အသီးသီး၏စီစစ်ကြပ်မတ်မှုကို ခံယူစေရမည်ဖြစ်ပြီး အဆိုပါလုပ်ငန်းစဉ်နှင့် ပတ်သက်၍ မလွဲမသွေနောက်ဆက်တွဲရင်ဆိုင်ကြုံတွေ့ရမည့် အရှုပ်အရှင်းများ စိတ်ပျက်စရာများ၊ ပေးဆက်အနစ်နာခံရမှုများ ကိုပါ လက်သင့်ခံ၍ဆောင်ရွက်ရမည်ဆိုသည်ပင်ဖြစ်သည်။[79]

မြေပုံရေးဆွဲခြင်းလုပ်ငန်းမှ တွေ့ရှိချက်များအရ ကြားကာလအဖွဲ့အစည်းများတည်ထောင်ခြင်းအတွက် အခွင့်အလမ်းများကို စမ်းသပ်သင့်သော `အက်ကွဲကြောင်း´ အချို့ကို အကြံပြုထားပါသည်။ ၎င်းတို့တွင် (၁) ရပ်ကွက်နှင့်အုပ်စုကျေးရွာအဆင့် ရွေးကောက်ပွဲများ၏ ရလာဒ်အနေဖြင့် ပေါ်ထွက်လာသည့် နနယ်သော ဒီမိုကရေစီဖြစ်ထွန်းလာမှုတွင် ရပ်ရွာပြည်သူများက ၎င်းတို့၏ တရားမျှတမှုဆိုင်ရာပြဿနာများဖြေရှင်းရာတွင် အသုံးပြုသော နည်းလမ်းများပြောင်းလာခြင်းမှ တိုသို့သိမြင်လာ စေသည်။ (၂) (ဥပဒေကြောင်းအရ အကြံပေးခြင်း အပါအဝင်) ပြည်သူတစ်ဦးခြင်းနှင့် ရပ်ရွာအလိုက် အကျိုးစီးပွား များအတွက် အရေးဆိုခြင်းနှင့် အကြံပြုခြင်းကိစ္စရပ်များတွင် အရေးပါသော အခန်းကဏ္ဍကိုရယူလာသည့် အရပ်ဖက်လူအဖွဲ့အစည်းနှင့် နိုင်ငံရေးဇာတ်ကောင်များ နှင့် (၃) လွှတ်တော်ကိုယ်စားလှယ်များ၏ ဥပဒေပြုအခန်းကဏ္ဍ တို့ ပါဝင်ပါသည်။

**(ခ-၂) ပဋိပက္ခကို စီမံခန့်ခွဲပါ။**

ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ကိုယ်တိုင်သည် ပဋိပက္ခများဖြစ်စေနိုင်သည့် ရင်းမြစ်တစ်ခုဖြစ်သည်။ အကြောင်းမှာ အစဉ်အဆက် ထိခိုက်လွယ် အုပ်စုများဖြစ်လာခဲ့သူတို့အား စီမံကိန်းလုပ်ငန်းစဉ်တိုင်းမှ ကောင်းသော အကျိုးဆက်များ ရရှိခံစားစေရန်အတွက် အဓိကကျသောပဋိပက္ခများကိုင်တွယ်ဖြေရှင်းနိုင်သည့် အစွမ်းအစများကို ပေးရန်ရည်ရွယ်သည့် အရင်းအမြစ်နှင့်မူဘောင်သစ်များနှင့် မိတ်ဆက်ခြင်းသည် လက်ရှိစီးပွားရေးနှင့် နိုင်ငံရေး အခွင့်ထူးခံများအတွက် အကျိုးဖြစ်ထွန်းစေသည့်လက်ရှိ ပိုနေမြဲ ကျားနေမြဲ အခင်းအကျင်း ကို ပြောင်းလဲသွားစေ နိုင်သောကြောင့် ဖြစ်သည်။

မျှော်လင့်ချက်များ မြင့်တက်လာမှု၏ အကျိုးဆက်အဖြစ် စိတ်ပျက်မှုများလည်း ရှိလာနိုင်ပါသည်။ အလားတူအရေးကြီးသည့်အချက်မှာ မျှော်လင့်ချက်များထားရှိလျှင် စိတ်ပျက်မှုများ ရှိလာနိုင်စမြဲဖြစ်၍ မျှော်လင့်ချက်များကို ကိုင်တွယ်ဖြေရှင်းနိုင်ရန်အရေးကြီးသည် ဆိုသည့်အချက် ပင်ဖြစ်သည်။ အဆိုပါအချက်နှင့် စပ်လျှင်း၍ ဖြစ်လာနိုင်ခြေရှိသော ပဋိပက္ခများသို့ လက်တွေ့ဖြစ် နေသော ပဋိပက္ခများကို ပွင့်လင်းမြင်သာ၍ တရားနည်းလမ်းကျသည့် ပြည်သူနှင့် အလှမ်း မဝေးသော နည်းလမ်းများဖြင့် ဖြေရှင်းရန်မှာ အရေးကြီးပေသည်။

[79] Adler, Sage & Woolcock, p – 16.

### (ခ-၃) မျှတသော `ကစားပွဲစည်းကမ်း (Rule of game)´ များကို ချမှတ်ကျင့်သုံးပါ။

အမြဲမပြတ်ပြောင်းလဲနေသော ကြားကာလ စည်းမျဉ်းမူဘောင်များနှင့်အတူ လုပ်ငန်းစဉ်များကို ဦးတည်ဆောင်ရွက်ရာ တွင် အဆင့်တိုင်း၌ စည်းမျဉ်းအခြေခံ၍ ပွင့်လင်းမြင်သာပြီး၊ တာဝန်ခံမှုရှိသောဆုံး ဖြတ်ချက်ချမှတ်ခြင်းကို တိုးမြှင့်ပေးရန်အရေးကြီးပါသည်။ (ခရီးအကွာအဝေးကို လျှော့ချခြင်း သို့မဟုတ် ငွေကြေးကုန်ကျစရိတ်ကို လျှော့ချခြင်းကဲ့သို့သော နည်းလမ်းများဖြင့်) တရားမျှတမှုအား ရုပ်ပိုင်းဆိုင်ရာ လက်လှမ်းမီစေခြင်းကို တိုးမြှင့်နေ စဉ်တွင်၊ (ဆုံးဖြတ်ချက်ချမှတ်ရာတွင် လွတ်လပ်ခြင်း၊ ပွင့်လင်းမြင်သာမှုရှိခြင်း၊ ထိရောက်သော ပူးပေါင်းပါဝင်ခြင်း၊ လုပ်ငန်းအဆင့်ဆင့်ကိုလေးစားခြင်း၊ ခွဲခြားဆက်ဆံမှုမရှိခြင်းစသည့်) စည်းမျဉ်းများကို ဖော်ထုတ်သဘောတူ ထားခြင်းဖြင့် ထိခိုက်လွယ်သော အုပ်စုများအနေဖြင့် `အခွင့်အရေးများအတွက် ဆွေးနွေးညှိနှိုင်းဖြစ်စဉ်´ တွင် စတင်ပူးပေါင်းပါဝင်လာပါလိမ့်မည်။ [80]

### (ခ-၄) စုပေါင်းလှုပ်ရှားမှုနှင့် ကွဲပြားသော အမြင်ရှုထောင့်များကို ဖော်ထုတ်အသုံးပြုပါ။

မြေပုံရေးဆွဲခြင်းသုတေသနလုပ်ငန်းစဉ်အတွင်းတွင် ပူးပေါင်းပါဝင်သူများက ဖော်ပြခဲ့ကြသည့် တရားမျှတမှု ပြဿနာများကို ဖြေရှင်းရာတွင် စိတ်ဝင်စားမှုများ၊ ရင်းမြစ်များနှင့် မျှော်လင့်ချက်များဂိရောဓိဖြစ်နေနိုင်သည့် actor အမျိုးမျိုးတို့၏ ပူးပေါင်းပါဝင်မှုလိုအပ်ပါသည်။ ထောင်လိုက် (အထက်သို့တက်ပါက ဥပဒေနှင့်မူဝါဒအဆင့်၊ အောက်သို့ဆင်းပါက ထိခိုက်ခံရသည့် လူများ) နှင့် အလျားလိုက် (ဥပမာ- ဥပဒေအဝန်းအဝိုင်းမှ အပြင်ဖက်ရှိ ကျန်းမာရေးနှင့် ပညာရေးကဏ္ဍများသို့ မျှော်ကြည့်ခြင်း) နှစ်မျိုးလုံးတွင် မိတ်ဖက်များတည်ထောင်ထားခြင်းသည် ညွန့်ပေါင်းအဖွဲ့များဖွဲ့စည်းခြင်း၊ တီထွင်ဆန်းသစ်၍ လိုက်လျော ညီထွေပြောင်းလဲနိုင်သော မဟာဗျူဟာများ ဖော်ထုတ်ခြင်းနှင့် ပြောင်းလဲမှုအဟုန်ကို ရေရှည်ထိန်းထားခြင်းအတွက် အဓိကအချက်ဖြစ်ပါသည်။

တူညီစွာပင်၊ (ပူးပေါင်းပါဝင်၍ အားလုံးပါဝင်သော နည်းလမ်းများဖြင့် ဖြေရှင်းရမည့် ပြဿနာများအတွက်) ပူးပေါင်းဆောင်ရွက်သောဦးဆောင်မှုနှင့် ဆွေးနွေးမှုဆိုင်ရာ ကျွမ်းကျင်မှုများတည်ဆောက်ထားခြင်းဖြင့် သက်ဆိုင် ရာဆက်စပ်ပတ်သက်သူအားလုံးတို့ကို လုပ်ငန်းစဉ်အတွင်း (ရှုံးနိမ့်သွားလျှင်ပင် ဆက်လက်ပူးပေါင်း ဆောင်ရွက်လို စိတ်ဖြစ်ပေါ်စေလျှက်) ဆက်လက်ချိတ်ဆက်ပါဝင်နေစေရန် တိုက်တွန်း အားပေးနိုင်ပါသည်။ မတူညီသည့် အမြင်များကို ဖော်ထုတ်အသုံးပြုခြင်းသည်လည်း လုပ်ငန်းစဉကိုပိုမို၍တရားနည်းလမ်းတကျ ဖြစ်စေပါ သည်။

### (ခ-၅) ဒေသတွင်းတွင် သုတေသနစွမ်းဆောင်ရည် တည်ဆောက်ပါ။

အထက်ဖော်ပြပါနည်းလမ်းများအထိရောက်ဆုံးဖြစ်စေရန်မှာ ၄င်းတို့ကို ဒေသတွင်း လှုပ်ရှားမှုအရွေ့များနှင့် အမှန်တကယ်အခြေအနေတို့ကို လေးနက်သိမ်မွေ့စွာ နားလည်မှုဖြင့် အသုံးချတတ်ရပါမည်။ တရားဝင်ချမှတ်ထားသည်ဖြစ်စေ၊ မိရိုးဖလာလက်ခံထားခြင်းအရဖြစ်စေ တည်ရှိနေသော အုပ်ချုပ်မှုစနစ်များ သည် ဒေသဆိုင်ရာ တန်ဖိုးနှင့် စံအယူအဆများကို ထင်ဟတ်သည်ဖြစ်၍၄င်းတို့အစပြုရာမူလဌာနေတွင် ၄င်းတို့၏တည်ရှိမှုသည် တရားနည်းလမ်းကျသည်ဟုဆိုနိုင်ပေသည်။ ၊ [81] သို့ဖြစ်ရာ တရားရေးကဏ္ဍကို အသုံးပြုသူများ၏ အမြင်နှင့် အတွေ့အကြုံများကို နားလည်ရန်လည်းကောင်း၊ မူဝါဒချမှတ်သူများကို သတင်းအချက်အလက်ပေးနိုင်ရန်အတွက်သော် လည်းကောင်း၊ ဒေသဆိုင်ရာ သုတေသန စွမ်းရည်ကို မြှင့်တင်တည်ဆောက်ရန်လိုအပ်ပါသည်။ ဤလုပ်ငန်းသည် မြန်မာနိုင်ငံသားများအား အစိုးရ မူဝါဒချမှတ်ခြင်းကို အကျိုးသက်ရောက်စေ၍ အစိုးရနှင့် တိုက်ရိုက်ဆက်သွယ်နိုင်သည့် ကိစ္စရပ်များတွင် သုတေသနဆောင်ရွက်နိုင်ရန်

---

[80] အထက်ပါ ညွှန်းစာ။ စာ - ၂၀။

[81] Sage, Menzies & Woolcock, Taking the Rules of the Game Seriously; Mainstreaming Justice in Development – The World Bank's Justice for the Poor Program (2009), p – 17.

လုပ်ပိုင်ခွင့် အပြည့်အဝပေးပါလိမ့်မည်။မြေပုံရေးဆွဲခြင်းသုတေသနလုပ်ငန်းမ တွေ့ရှိချက်များက တရားဥပဒေစိုးမိုးရေးနှင့် တရားမျှတမှုလက်လှမ်းမီရေး ဆိုင်ရာစီမံကိန်းများရေးဆွဲရာတွင်ဖြစ်စေ စောင့်ကြည့်စစ်ဆေးခြင်းနှင့် အကဲဖြတ်ခြင်းအတွက် သင့်တော်သော အခြေပြုအချက်အလက်များ စုဆောင်းရယူခြင်း(Baselines for monitoring and evaluation) အတွက်ဖြစ်စေ မည်သည့် ကိစ္စရပ်များတွင် ဒေသဆိုင်ရာ အခင်းအကျင်းနှင့် ပြဿနာများအပေါ် ပိုမိုနားလည်ရန် လိုအပ်သည် ဆိုသည်ကို အကြံပြုတင်ပြထားပါသည်။ ထိုအကြောင်းအရာများတွင် ချေးငွေနှင့် အကြွေး၊ နိုင်ငံသားဖြစ်ခွင့်မရခြင်း၊ လိင်ပိုင်းဆိုင်ရာနှင့် ကျား/မခွဲခြား သည့် အကြမ်းဖက်မှုများ (ကလေးသူငယ်များအား ထိုခိုက်ခြင်းအပါအဝင်)၊ အိမ်တွင်းအကြမ်းဖက်မှု၊ အုပ်ချုပ်ရေး ကဏ္ဍတွင် တရားရုံးကဲ့သို့သော ဆုံးဖြတ်ချက်များ ချမှတ်ရာတွင် တရားမျှတမှုနှင့် လွတ်လပ်မှု မရှိခြင်း (အထူး သဖြင့် မြေယာနှင့် နိုင်ငံသားမှတ်ပုံတင်ထုတ်ပေးခြင်း)၊နှင့် မြန်မာနိုင်ငံ၏ ဒီမိုကရေစီဖော်ဆောင်ရေးအတွက် ပြရုပ်တစ်ခုဖြစ်သည့် ရပ်ကွက်နှင့် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများရွေးချယ်တင်မြှောက်သည့် ဒေသန္တရ ရွေးကောက်ပွဲများ၏ သက်ရောက်မှုများ စသည်တို့ ပါဝင်ပါသည်။

**နောက်ဆက်တွဲ (၁) - UNDP မှဆောင်ရွက်သော မြေပုံရေးဆွဲခြင်းလုပ်ငန်းနည်းစနစ်နှင့် နှိုင်းယှဉ်ဖော်ပြခြင်း**

ဤမြေပုံရေးဆွဲခြင်းသုတေသနလုပ်ငန်းနှင့် UNDP ၏ မြေပုံရေးဆွဲခြင်းလုပ်ငန်းတို့၏ နည်းစနစ်ပိုင်းဆိုင်ရာ အဓိကကွာခြားချက်မှာ မြန်မာနိုင်ငံအစိုးရနှင့် ပုံစံတကျဆက်ဆံရေးလမ်းကြောင်းရှိနေသည့် UNDP အဖွဲ့က ပြည်ထောင်စု အဆင့် တရားသူကြီးချုပ်ရုံး၊ ရှေ့နေချုပ်ရုံး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ပြည်ထဲရေးဝန်ကြီးဌာနလက်အောက်ရှိ ပြည်နယ်/တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်အဆင့် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနများတို့မှ တာဝန်ရှိသူများနှင့်လည်းကောင်း၊မှတ်ပုံတင်ထားသော အရပ်ဖက်လူမှုအဖွဲ့အစည်းများနှင့်လည်းကောင်း formal အစည်းအဝေးများကို ပြုလုပ်နိုင်ခဲ့ခြင်းဖြစ်ပါသည်။ ထိုခြားနားချက်ကို သုတေသနလုပ်ငန်းအစတွင် မျှော်မှန်းထားခဲ့သော်လည်း၊ ယခုမြေပုံရေးဆွဲခြင်း လုပ်ငန်းအတွက် သိသာသော အကန့်အသတ်တစ်ခုအဖြစ် မမြင်ပါ။ အကြောင်းမှာ UNDP ၏ မြေပုံရေးဆွဲခြင်းလုပ်ငန်းစဉ်တွင် ပြည်နယ်/တိုင် ဒေသကြီး(၃)ခု၏ ၊ မြို့နယ် (၆) ခုတွင် (အထက်ဖော်ပြပါ အစိုးရဌာနအဖွဲ့အစည်းများနှင့် တရားဝင် တွေ့ဆုံးမေးမြန်းခွင့်ရရှိခဲ့သော်လည်း) ၊ တရားရေးဌာနများ၏ တစ်ပုံစံတည်း သမရိုးကျဖြေကြားမှုများကို ယေဘုယျအားဖြင့်ကြုံတွေ့ခဲ့ရသောကြောင့် ဖြစ်သည်။ ။ ဤမြေပုံရေးဆွဲခြင်း သုတေ သနလုပ်ငန်းတွင် ပိုမိုစုံလင်သော အမြင် ရှုထောင့်မျိုးစုံကို ရရှိနိုင်စေရန်အတွက် မြို့နယ်အဆင့်နှင့် ပြည်နယ်/ တိုင်းဒေသကြီးအဆင့်တို့ရှိ ဘာသာရေးခေါင်းဆောင်များ၊ နိုင်ငံရေး ပါတီများမှ ကိုယ်စားလှယ်များ၊ လွှတ်တော် ကိုယ်စားလှယ်များနှင့် တွေ့ဆုံဆွေးနွေးခြင်းဖြင့် ထပ်မံအား ဖြည့်ထားပါသည်။

အောက်ပါဇယားတွင် UNDP မှ ပြုလုပ်သည့် မြေပုံရေးဆွဲခြင်းလုပ်ငန်းမှ နည်းစနစ်နှင့် ပျိုးပင်အစီအစဉ်မှ ပြုလုပ်သည့် မြေပုံရေးဆွဲခြင်းလုပ်ငန်းနည်းစနစ်များကို အကျဉ်းချုပ်နှိုင်းယှဉ်တင်ပြထားပါသည်။

| | | ပျိုးပင်အစီအစဉ်၏ Mapping | UNDP အဖွဲ့၏ Mapping |
|---|---|---|---|
| **နေရာဒေသ** | | ရန်ကုန်တိုင်းဒေသကြီး၊ မွန်ပြည်နယ် (၈ မြို့နယ်) | မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ် (၆ မြို့နယ်) |
| **သုတေသနမေးခွန်းများ** | ဒေသခံအစုအဖွဲ့များ (ရပ်ကွက်/ကျေးရွာ အဆင့်) | ၁။ ဒေသတွင်း တရားမျှတမှုဆိုင်ရာ ဦးစားပေး ပြဿနာများသည် ဘာဖြစ်ပါသလဲ။<br>၂။ ထိုပြဿနာများကို မည်သို့ ဖော်ထုတ်ဖြေရှင်းပါသလဲ။<br>၃။ တရား မျှတမှုကို ရရှိစေရန် မည်သည့်အတားအဆီးများ ရှိပါသလဲ။ | |
| | အစိုးရဌာနများ (ပြည်နယ်/ တိုင်းဒေသကြီး၊ခရိုင်၊ မြို့နယ်အဆင့်များ) | | ၁။ အဖွဲ့အစည်းသည် မည်သည့် အမှုများနှင့် ပြဿနာများကို ဦးတည်ဖြေရှင်းပါသလဲ။<br>၂။ အထူးသဖြင့် နိုင်ငံအဆင့်ပြုပြင်ပြောင်း လဲရေး လုပ်ငန်းစဉ်နှင့်ပတ်သက်၍ လုပ်ငန်း များဆောင် ရွက်ရာတွင် အဖွဲ့အစည်းဆိုင်ရာ စိန်ခေါ်မှုများသည် ဘာဖြစ်ပါသလဲ။<br>၃။ ထိုစိန်ခေါ်မှုများကို ဖော်ထုတ်ဖြေရှင်းရန် အတွက် အဖွဲ့အစည်းတွင် လိုအပ်ချက်များ ရှိပါသလား။ |
| | အရပ်ဖက်လူမှု အဖွဲ့အစည်း actors များ (ပြည်နယ်/တိုင်း ဒေသကြီးနှင့် မြို့နယ်အဆင့်များ) | ၁။ အဖွဲ့အစည်း၏ ရှုထောင့်မှကြည့်ပါက ဒေသတွင်း တရားမျှတမှုဆိုင်ရာ ဦးစားပေး ပြဿနာများသည် ဘာဖြစ်ပါသလဲ။<br>၂။ ပြည်သူများက ထိုပြဿနာများကို မည်သို့ ဖော်ထုတ်ဖြေရှင်းပါသလဲ။<br>၃။ ဤပြဿနာများကို ဖော်ထုတ်ဖြေရှင်းရာတွင် အဖွဲ့အစည်း၏ အခန်းကဏ္ဍသည် ဘာဖြစ်ပါသလဲ။ | |
| **ကွင်းဆင်းလုပ်ငန်းများ** | ဒေသခံပြည်သူများ | (၂၄) ရပ်ကွက် /ကျေးရွာ | (၁၈) ရပ်ကွက် /ကျေးရွာ |
| | အစိုးရ ဌာနများ | | တရားရေး၊ ရှေ့နေချုပ်ရုံး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ပြည်နယ်/တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများ။ |
| | အရပ်ဖက်လူမှု အဖွဲ့အစည်း actors များ | အရပ်ဖက်လူမှုအဖွဲ့အစည်း actor များ၊ ဘာသာရေးခေါင်းဆောင်များ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ် များ၊ မြို့နယ်နှင့် ပြည်နယ်/တိုင်း ဒေသကြီးအဆင့်များရှိ လွှတ်တော် ကိုယ်စားလှယ်များ | အရပ်ဖက်လူမှုအဖွဲ့အစည်း actor များနှင့် ကန့်သတ်အစည်းအဝေးများသာ ပြုလုပ်သည်။ |

# ကြောက်ရွံ့မှုနှင့် မျှော်လင့်ချက်တို့ ကြားကာလ

မြန်မာနိုင်ငံတွင် တရားဥပဒေစိုးမိုးရေးနှင့် တရားမျှတမှုကို
လက်လှမ်းမီစေရေးအတွက် စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများ